"စာအုပ်ရှာ" pageမှစာပေဒါနပြုပါသည်



# ဖေဖေ့ထံမှ အိပ်မက်များ

အမေရိကန်သမ္မတ

ဘားရက်အိုဘားမား၏

ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ

## ဟိန်းလတ်

အမှတ် - ၄၇၊ ၁၀၈ - လမ်း၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်၊ ဖုန်း - ၇၂၀၀၀၁

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ်
၃၁၀၀၀၁၀၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၁၀၀၀၃၀၁၀၉

ပုံနှိပ်ခြင်း
ပထမအကြိမ်
ဇန်နဝါရီလ၊ ၂၀၀၉

အုပ်ရေ
၁၀၀၀

ထုတ်ဝေသူ
ဦးမောင်မောင်ဦး(ဟိန်းလတ်)(မြဲ-၀၃၇၇၈)
သြကာသစာပေ
အမှတ်-၄၇၊ ၁၀၈-လမ်း။ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။ ဖုန်း-၇၂၀၈၈၁၊ ၀၉၅၁ ၅၈၅၁၂

ပုံနှိပ်သူ
ဒေါ်နန်းကလျာဝင်း(မြဲ-၀၆၃၆၁)
ငွေကဲ့ကော်ပုံနှိပ်တိုက်

ဖြန့်ချိရေး
သြကာသစာပေ
အမှတ်-၄၇၊ ၁၀၈-လမ်း။ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။ ဖုန်း-၇၂၀၈၈၁၊ ၀၉၅၁ ၅၈၅၁၂

စာအုပ်ချုပ်
စွယ်တော်

တန်ဖိုး
၃၀၀၀-ကျပ်




















CHANGE
CHANGE













## ဘားရက်အိုဘားမား၏ အမှာစာ

ကျွန်တော် မူလက ရည်ရွယ်ထားသည်မှာ အလွန်ကွဲပြားခြားနားသော စာအုပ် ရေးရန် ဖြစ်၏။ ကျွန်တော် ဥပဒေကျောင်းတက်နေစဉ်တွင် ဤစာအုပ် ရေးရန် အခွင့်အလမ်းက ပထမဆုံး ပေါ်လာ၏။ "ဟားဗတ် ဥပဒေရီဗျူး" အတွက် ပထမဆုံးသော လူမည်းဥက္ကဋ္ဌအဖြစ် အရွေးခံရပြီးနောက် ပေါ်လာသောစိတ်ကူး ဖြစ်သည်။ ဤဥပဒေရီဗျူးမှာ ဥပဒေစာစောင်ဖြစ်ပြီး ဥပဒေပညာပြင်ပမှပုဂ္ဂိုလ် အများစု မသိကြပါ။ သို့သော် ထိုသို့ရွေးကောက်ခံရပြီး ကျွန်တော် ပို၍ လူသိ များလာပါသည်။ သတင်းစာတော်တော်များများကလည်း ကျွန်တော့်သတင်း ရေး ကြပါသည်။ လူမျိုးရေးအနေဖြင့် အမေရိကာ၏ အပြုသဘောလက္ခဏာဆောင်မှု တစ်ရပ်ပင် ဖြစ်၏။ ထုတ်ဝေသူအချို့က တောင်းဆိုကြသဖြင့် လူမျိုးရေးဆက် နွယ်မှုနှင့်ပတ်သက်၍ လောလောဆယ်အခြေအနေကို ရေးသားပေးရန် တောင်းဆို ကြ၏။ ဘွဲ့ရပြီး တစ်နှစ်တွင် ကျွန်တော့်အတွေးများကို ပေထက် အကွက်ချတင်နိုင် ခဲ့ပါသည်။

ဥပဒေကျောင်းတွင် နောက်ဆုံးနှစ် တက်နေစဉ် ကျွန်တော့်စိတ်ကူးများ ကို စတင်စုစည်းခဲ့၏။ ကိုယ့်ဘာသာကိုယ်ကား ယုံကြည်စိတ်လျှော့နည်းနေ၏။ စာအုပ်ဖြစ်အောင် မည်သို့ ဆက်ရေးမလဲ။ သို့သော် စာစ ရေးရန် ထိုင်လိုက်သော အခါ ကျွန်တော့်စိတ်များသည် ကျောက်ဆောင်ထူပြောသောကမ်းခြေသို့ ရောက် သွား၏။ အဝေးမှအသံများ ကြားလာရ၏။ ထိုနောက် ပျောက်သွား၏။ ထိုနောက် ပြန်ပေါ်လာပြန်သည်။ ကျွန်တော့်အမေနှင့်အဘိုးအဘွားများ ကျွန်တော် ကလေး ဘဝက ပြောခဲ့သော ပုံပြင်များကို ပြန်သတိရလာ၏။ မိသားစုစာတ်လမ်းများ၊ ရှိကာ ဂိုတွင် လူမှုရေးစည်းရုံးရေးမှူးလုပ်ခဲ့စဉ် ပထမနှစ်ကိုပြန်သတိရမိ၏။ ထိုမှ လူ



လားမြောက်လာပုံ။ သရက်ပင်အောက်တွင် ထိုင်ရင်း၊ ကျွန်တော့်ညီမ၏ဆံပင်ကို ကျစ်ဆံမြီးကျစ်ပေးရင်း ကျွန်တော့်အဖေအကြောင်း ပြောပြသော အဘွား၏လေ သံကို နားထောင်မိ၏။ ကျွန်တော့်အဖေကို ကျွန်တော် တစ်ခါမှ အစစ်အမှန်မသိ နားမလည်ခဲ့ဖူးပါ။

ဤစာအုပ်သည် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ တစ်ပိုင်းတစ်စဖြစ်၏။ ဤ နိုင်ငံတွင် နေထိုင်သော သို့မဟုတ် အာဖရိကတွင် နေထိုင်သော ကျွန်တော်၏ လူမည်း ညီညီမများ၏အကြောင်းလည်းဖြစ်၏။ ကျွန်တော်တို့အားလုံး၏ အမျိုး မျိုးအဖုံဖုံသောရှုန်းကန်မှုများသည် ဤစာအုပ်၏အစိတ်အပိုင်းဖြစ်၏။ ကလေးတစ် ယောက်၏ ဖခင်ရှာပုံတော်၊ လူမည်းအမေရိကန်အဖြစ် မိမိကိုယ်မိမိ ရှာပုံတော်။

ကျွန်တော့်မိဘနှစ်ပါး၏ တိုတောင်းလှသောပေါင်းစည်းမှု။ လူမည်းအမျိုး သားနှင့်လူဖြူအမျိုးသမီး။ အာဖရိကန်နှင့်အမေရိကန်။ တချို့လူများက ကျွန်တော့် ကို အပေါ်ယံကြောကြည့်၍ တန်ဖိုးဖြတ်ကြသည်။ ကျွန်တော့်ကို ကောင်းစွာမသိ ခဲ့ကြသူများက အဖြူလား အမည်းလား မကွဲပြားသူများက ကျွန်တော်၏နောက်ခံ သမိုင်းကို ရှာတွေ့သွားကြ၏။ (တကယ်လည်း ရှာမှတွေ့ရှိမှုဟုခေါ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် ကျွန်တော့်မိခင်၏ မျိုးနွယ်စုကို ကျွန် တော် အသက် ၁၂နှစ် ၁၃နှစ်လောက်တွင် မကြေညာတော့ပါ။ ထိုသို့ကြေညာ လျှင် ကျွန်တော်က လူဖြူဟု မျက်နှာလိုမျက်နှာရ အတင်းပြောချင်သည်ဟုထင် မှာစိုး၍ဖြစ်ပါသည်။) ကျွန်တော်သည် သွေးနှောသူဖြစ်ပါသည်။ ကွဲပြားခြားနား သော ဝိညာဉ်နှစ်ခု ပေါင်းစုမှု ဖြစ်ပါသည်။ ကမ္ဘာနှစ်ခုကြားမှ ကြေကွဲစွာပုံရိပ် ထင်သည့် လူဖြူနှင့်လူမည်းကပြားဖြစ်ပါသည်။ ကြေကွဲစရာတို့သည် ကျွန်တော့် အတွက် ကျွန်တော်တစ်ဦးတည်းအတွက်သာ မဟုတ်။သင်တို့အတွက်လည်း ဖြစ် ၏။ သင်တို့အတွက် ဖြစ်၏။ အာဖရိကက သားသမီးများတွက်လည်း ဖြစ်၏။ ကျွန်တော့်ဇနီးသည်၏ ၆နှစ်သားမောင်ဝမ်းကွဲလေးနှင့် သူ၏ပထမတန်းက သူ ငယ်ချင်း လူဖြူလေးတို့အတွက်လည်းဖြစ်၏။ထို့ကြောင့် ကျွန်တော်သည် ကျွန် တော့်ကိုယ်ကျွန်တော် ဖုံးကွယ်ရန် မကြိုးစားလိုပါ။

လူများ၏သံသယကို ကျွန်တော် အပြစ်မတင်လိုပါ။ ကျွန်တော်၏ငယ် ဘဝကို မယုံခဲ့ကြောင်း သိနားလည်ခဲ့သည်မှာ ကြာပါပြီ။ ၎င်းကို ပုံဖော်သော



ဇာတ်လမ်းများကိုလည်း မယုံကြည်လိုပါ။ သို့သော် နှစ်ပေါင်းများစွာ ကြာမှသာ ကျွန်တော်သည် ကျွန်တော့်အဖေ၏မြေပုံရှေ့တွင်ထိုင်ကာ အာဖရိက၏မြေနီမှတစ် ဆင့် သူ့ကို စကားပြောခဲ့၏။ ကျွန်တော် အတိတ်ကိုပြန်ပြောင်းတွေးကာ ကနဦး ဇာတ်လမ်းများကို ကျွန်တော့်ဘာသာကျွန်တော် ဆန်းစစ်ပုံဖော်ခဲ့ပါသည်။ ဤသို့ ဖြင့် ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးဖြစ်ပါသည်။

ဤစာအုပ်ကို ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ ပြန်လည်တမ်းတအမှတ်ရစရာများ၊ မိသားစုရာဇဝင် စသဖြင့် မည်သည့်ခေါင်းစဉ်မဆို တပ်၍ရပါသည်။အဓိကအနေ ဖြင့်မူ ကျွန်တော်၏ဘဝတစ်စိတ်တစ်ပိုင်းကို ရိုးသားစွာမှတ်တမ်းတင်ရန် ကြိုးပမ်း မှုတစ်ရပ်သာ ဖြစ်သည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီသူ များစွာကို ကျေးဇူးတင်ပါသည်။ ကျွန်တော်၏ဇနီးသည် မီရှဲလ်၏ အားပေးကူညီမှုများလည်း များစွာပါဝင်ပါသည်။

ဤစာအုပ်သည် ကျွန်တော်၏ မိသားစု၊ ကျွန်တော့်အမေ၊ ကျွန်တော့် အဘိုး၊ အဘွားများ၊ ကျွန်တော့် ညီအစ်ကို မောင်နှမများအတွက် ဖြစ်ပါသည်။ သမုဒ္ဒရာတွေခြား၊ တိုက်ကြီးတွေခြားနေကြသူများအတွက် ဖြစ်ပါသည်။ သူတို့ အတွက်ရည်ညွှန်းသော ဤစာအုပ်အတွက် သူတို့ကို အထူးနက်ရှိုင်းစွာ ကျေးဇူး တင်ပါသည်။ သူတို့၏ အစဉ်မပြတ်ကူညီအားပေးမှုများသာ မရှိပါက ဤစာအုပ် ဖြစ်မလာနိုင်ပါ။ ကျွန်တော် ဤစာအုပ်ကို အဆုံးသတ်ရေးနိုင်ဖို့ မမျှော်လင့်နိုင်ပါ။ ကျွန်တော်၏ သူတို့အပေါ် ချစ်ခင်လေးစားမှုများသည်သာ စာမျက်နှာတိုင်းတွင် တောက်ပနေလိမ့်မည်ဟုသာ မျှော်လင့်ထားပါသည်။

ဘားရက်အိုဘားမား

## ၂၀၀၄ ခုနှစ် ဒုတိယအကြိမ်ပုံနှိပ်ခြင်းအတွက် အမှာစာ

ဤစာအုပ် ပထမအကြိမ် ပုံနှိပ်သည်မှ စ၍ ရေတွက်လျှင် ဆယ်စုနှစ်တစ်စုနီးပါး ကြာခဲ့ပါပြီ။ မူလအမှာစာတွင် ဖော်ပြထားသည့်အတိုင်း ဤစာအုပ်ကို ရေးရန် အခွင့်အရေးရသည်မှာ ကျွန်တော် ဥပဒေကျောင်းတက်စဉ်က ဖြစ်ပါသည်။ ဟားဗတ်ဥပဒေရီဗျူးအတွက် ပထမဆုံး အာဖရိကန်-အမေရိကန်ဥက္ကဋ္ဌအနေဖြင့်ရွေးချယ်ခြင်းခံရစဉ်က ဖြစ်ပါသည်။ ကျွန်တော့်ကို လူသိများလာသည်နှင့်အမျှ ထုတ်ဝေသူတစ်ဦးက ကျွန်တော့်မိသားစုဇာတ်လမ်းကို ရေးနိုင်းပါသည်။

ပထမဦးဆုံးစာရေးသော စာရေးသူတို့ ဖြစ်ရိုးဖြစ်စဉ်အတိုင်း မျှော်လင့်ချက်လည်း အပြည့် စိတ်ဓာတ်ပျက်ပြားမှုလည်းအပြည့်ပင် ဖြစ်၏။မျှော်လင့်ထားသည်မှာ စာအုပ် အတိုင်းထက်အလွန်အောင်မြင်ရေး ဖြစ်၏။ စိတ်ဓာတ်ကျသည်မှာ ကျွန်တော့်ရေးသားမှုများ မထိရောက်မှာကို စိုးခြင်းဖြစ်သည်။ တကယ့်တကယ်တော့မူ ထိုနှစ်ခုအလယ်တွင် ဖြစ်လာပါသည်။ ဝေဖန်မှုများကလည်း မှုမှုတတတုန့်ပြန်ကြသည်။ ပရိသတ်အတော်တန်လည်း အားပေးမှုရ၏။ အရောင်းရလည်းအတော်သွက်ခဲ့သည်။ လအနည်းငယ်အကြာတွင် ကျွန်တော့်ဘဝအတွက် လုပ်ငန်းခွင်ဝင်ရသည်။စာရေးဆရာအဖြစ်နှင့် ကျွန်တော့်ဘဝသက်တမ်းမှာ တိုတောင်းလှ၏။

၁၉၉၂တွင် ကျွန်တော်သည် ရွေးကောက်ပွဲသံသရာတွင် ဝင်ပါခဲ့သည်။ လူမှုအခွင့်အရေးလက်တွေ့လုပ်ငန်းခွင် ဝင်၏။ ရှီကာဂိုတက္ကသိုလ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဘာသာရပ် သင်ကြားသည်။ ကျွန်တော်နှင့်ကျွန်တော့်ဇနီးတို့ အိမ်တစ်လုံး ဝယ်သည်။ သမီးလေးနှစ်ယောက် ရခဲ့၏။ ကုန်ကျစရိတ်များကာမိအောင် မနည်းရုန်းကန်ခဲ့ရ၏။ ၁၉၉၆ တွင် ဥပဒေပြုရေးနေရာတွင် ဝင်



အရွေးခံသည်။ သူငယ်ချင်းများက အရွေးခံနိုင်း၍ အရွေးခံရာ အနိုင်ရရှိခဲ့သည်။ နိုင်ငံရေးလောကဝင်ခဲ့ပြီး ကောင်းမှုများ လုပ်နိုင်ခဲ့သည်။ ဆင်းရဲသောကလေးများအတွက် အာမခံတိုးမြှင့်ခြင်း၊ အပြစ်ကင်းမဲ့သူများကို သေဒဏ်ချမည့်ဥပဒေများကို ပြင်ဆင်ခြင်း စသည်တို့ကို အချိန်အကာန့်အသတ်ကာလအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လွန်ခဲ့သော လအနည်းငယ်က ကျွန်တော်သည် အီလီနွိုက်ပြည်နယ်မှ အမေရိကန်အထက်လွှတ်တော်အမတ်အတွက် ဒီမိုကရက်တစ်ပါတီ၏ ကိုယ်စားလှယ်လောင်းစာရင်း ဝင်ခဲ့၏။ ဤပြိုင်ပွဲမှာ အတော်ခက်ခဲသည်။ ထင်ရှားသောပုဂ္ဂိုလ်များကြားတွင် ကျွန်တော်သည် အဖွဲ့အစည်းနောက်ခံလည်းမရှိ။ ကိုယ်ပိုင်ငွေကြေးကြွယ်ဝမှုလည်း မရှိဘဲနှင့် ရယ်စရာနာမည်ရှိသော လူမည်းတစ်ယောက်ဝင်အရွေးခံခဲ့ခြင်း ဖြစ်သည် ။ ဒီမိုကရက်တစ်အခြေခံတွင် ကျွန်တော် မဲအများစုရခဲ့၏။ လူမည်းရပ်ကွက်များရော လူဖြူရပ်ကွက်များတွင်ပါ ကျွန်တော် အနိုင်ရခဲ့သည်။ ဆင်ခြေဖုံးအရပ်များရော ရှီကာဂိုမြို့တွင်ပါ ကျွန်တော် မဲအသာရခဲ့သည်။ ဥပဒေရီဗျူးတုန်းက အရွေးခံရမှု၏တုန့်ပြန်မှု ပုံတင်သံများပင်ဖြစ်သည်။ ကျွန်တော်၏အောင်ပွဲသည် ကျွန်တော်တို့၏ လူမျိုးရေး နိုင်ငံရေးတွင် ကျယ်ပြန့်သောအပြောင်းအလဲ၏သင်္ကေတဖြစ်သည်ဟု ဆိုကြ၏။ လူမည်းအသိုင်းအဝိုင်းအတွင်း၌ ကျွန်တော်၏အောင်မြင်မှုကြောင့် ဂုဏ်သိက္ခာတက်ခဲ့ရ၏။

ကျွန်တော်သည် ဤစာအုပ် ဒုတိယအကြိမ်ပုံနှိပ်ခြင်းပြုရာတွင် စာအုပ်၏အခန်းတိုင်းကို သေသေချာချာပြန်ဖတ်ကြည့်မိသည်။ ကျွန်တော်၏ စိတ်ကူးအတွေးအခေါ်များ မည်မျှပြောင်းလဲသွားသည်ကို လေ့လာကြည့်မိသည်။ အချို့စာပိုဒ်များတွင် စကားလုံး ရွေးချယ်မှု အားနည်းခဲ့သည်ကို တွေ့ရ၏။ အချို့ဝါကျများက အနည်းငယ်ရှုပ်ချင်သလိုလိုဖြစ်နေ၏။ သို့သော် အခြင်းအရာများ အတွေးအခေါ်များကား ယခင်သဘောအတိုင်းပင် ထပ်တူထပ်မျှရှိနေပါသည်။

၂၀၀၁ခုနှစ် စက်တင်ဘာလ ၁၁ရက်ကိစ္စတွင် ကမ္ဘာကြီးသည် အက်ကြောင်းထင်သွားသည်။ ထိုနေ့အဖြစ်အပျက်ကို စာရေးသားဖော်ပြနိုင်ခြင်းမှာ ကျွန်တော် စာရေးဆရာတစ်ဦးအနေဖြင့် ရေးဖွဲ့ခြင်းမှာ မစွမ်းသာပါ။ သံမဏိတွေ၊ မှန်ကွဲစတွေ၊ မျှော်စင်ကြီး စလိုးမိုးရှင်းနှင့်ပြိုလဲပုံတွေ။ ပြာပုံကြားမှ ရုပ်အလောင်း



တွေ ထိတ်လန့်တုန်လှုပ်ဖွယ်မြင်ကွင်းတွေ။ ထိုနေ့က အကြမ်းဖက်သမားတို့၏ လုပ်ရပ်ကား အံ့ဩ၍မကုန်နိုင်ပါလေ။

ဤစာအုပ်ထုတ်ဝေပြီး လအနည်းငယ်အကြာတွင် ကျွန်တော့်မိခင်ကြီးကွယ်လွန်ခဲ့ပါသည်။ လွန်ခဲ့သောဆယ်နှစ်အတွင်း သူသည် သူလုပ်ချင်သည်များကို လုပ်သွားနိုင်ခဲ့သည်။ သူ ကမ္ဘာလှည့်ခဲ့၏။ အာရှနှင့် အာဖရိကဝေးလံသော ရွာငယ်လေးများတွင် အလုပ်လုပ်ခဲ့သည်။ အပ်ချုပ်စက်ကို အမျိုးသမီးများအတွက် ဝယ်ပေးရာတွင် ကူညီခဲ့၏။နို့ထွက်နွားမ ဝယ်ပေးရာတွင် ကူညီခဲ့သည်။ ပညာရေးတစ်နိုင်တစ်ပိုင် ကူညီခဲ့သည်။ အနိမ့်အမြင့် မိတ်ဆွေများစွာကို စည်းရုံးကာ ခရီးဝေးလမ်းလျှောက်ထွက်၏။ လကို စိုက်ကြည့်ကြ၏။ဒေလီ သို့မဟုတ် မာရာကက်ရှ်ရှိ ရပ်ကွက်ဈေးများသို့လှည့်လည်ကာ အသေးအဖွဲ့အမှတ်တရပစ္စည်းများ၊ လည်စည်းပုဝါ သို့မဟုတ် ကျောက်မျက်များရွေးချယ်ကာ မျှော်ရွှင်စရာ သို့မဟုတ် မျက်စိအေးစရာ ဝယ်ယူခဲ့ကြသည်။ အစီရင်ခံစာများရေး၊ ဝတ္ထုများဖတ်၊ ကလေးများကိုပွဲသွင်း၊ မြေးလေးများအတွက် စိတ်ကူးအိပ်မက်များဖန်တီးခဲ့၏။

ကျွန်တော့်နှင့်အမေ ကြိမ်ဖန်များစွာတွေ့ဆုံပါသည်။ ကျွန်တော်တို့ သံယောဇဉ်နှောင်ကြိုး မပြတ်ကြပါ။ ဤစာအုပ်ရေးနေစဉ်အတွင်း အမေက စာမူကြမ်းများ ဖတ်ပေး၏။ ကျွန်တော်နားလည်မှုလွဲနေသောဇာတ်လမ်းများကို ပြုပြင်ပေး၏။ သူ့မအပေါ် အမေ့အပေါ် စရိုက်လက္ခဏာ ရေးဖွဲ့ရာတွင် အလွန်အကျွံမဖြစ်စေရန် ထိန်းကွပ်ပေး၏။ သူ၏ရောဂါဝေဒနာကို ကျက်သရေရှိစွာ မျှော်မျှော်ရွှင်ရွှင်ဖြင့် ဖြတ်သန်းခဲ့၏။

အမေသည် ဤဝေဒနာတောင်ကို မကျော်နိုင်ပါဟု ကျွန်တော် တစ်ခါတစ်ရံတွေးမိလျှင် ဤစာအုပ်မျိုးရေးမိမည်မဟုတ်ပါ။ အခြားစာအုပ်မျိုးသာ ရေးမိပါမည်။ ကျွန်တော့်သမီးများကိုကြည့်ပြီး အမေ့ကိုပဲ နေ့တိုင်းမြင်နေမိသည်။ အမေကွယ်လွန်သည့်အတွက် မည်မျှပူဆွေးသောကရောက်ခဲ့သည်ကို ကျွန်တော်ဖော်ပြနိုင်ရန် မကြိုးစားခဲ့ပါ။ ကျွန်တော်သိသမျှပုဂ္ဂိုလ်ထဲတွင် သူသည် အကြင်နာတတ်ဆုံး၊ သဘောထားအပြည့်ဝဆုံးသူပင် ဖြစ်ပါသည်။ ကျွန်တော့်တွင်ရှိသမျှ ကောင်းကွက်မှန်သမျှမှာ အမေ့ထံမှ ကျွန်တော်ရသောအမွေပင် ဖြစ်ပါသည်။

ဘားရက်အိုဘားမား

## မြန်မာဘာသာပြန်သူ၏အမှာစာ

လွန်ခဲ့သော နှစ် ၃၀၊ ၁၉၇၇ခုနှစ်က ကျွန်တော် ငမဲဆိုသော စာအုပ်ကို မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့သည်။ "ခစ်ဂရော့ရီ"၏ "Nigger"ဆိုသော စာအုပ်ကို ဘာသာပြန်ခြင်းဖြစ်သည်။ "Nigger"ဟူသည် တိတိပပ ဘာသာပြန်ရလျှင် "ကပ္ပလီစုတ်"ဟု အဓိပ္ပာယ်ရ၏။ ဤစာအုပ်သည် အမေရိကန်နိုင်ငံတွင် အရောင်းရအကောင်းဆုံးစာအုပ်တစ်အုပ်ဖြစ်ခဲ့ကာ ရုပ်ရှင်ပင် ရိုက်ကူးပြီး အောင်မြင်ခဲ့သောစာအုပ်ဖြစ်၏။ လူမည်းကျောင်းသားထုက တက္ကသိုလ်များ၏နာယကအဖြစ် ရွေးချယ်ခြင်းခံရသော လူမည်းတစ်ဦးက နိုင်ငံရေးခေါင်းဆောင်ဖြစ်လာကာ သမ္မတရွေးကောက်ပွဲဝင်ရန်အထိ မှန်းခဲ့သူတစ်ဦး၏ တကယ့်ဖြစ်ရပ်မှန်ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်း(၃၀)က ခစ်ဂရော့ရီ ဟူသော လူမည်းတစ်ဦး၏အိပ်မက်သည် ယခု "ဘားရက်အိုဘားမား" အမေရိကန်သမ္မတအဖြစ် အရွေးခံလိုက်ရသောအခါ ကမ္ဘာတစ်ဝှမ်းလုံးမှ အံ့သြဝမ်းသာလှိုက်လှဲတုန့်ပြန်မှုများ ရှိခဲ့ကြသည်။

၁၉၇၈ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးက "နိုင်ငံတကာအသားအရောင်ခွဲခြားမှုနှစ်"ဟု သတ်မှတ်ခဲ့သည်။ ထိုနှစ်တွင် ကျွန်တော် "အဖြူကိုချစ်သောအမည်း၊ အမည်းကိုချစ်သော အဖြူ"ဟူသောစာအုပ်ကို ဘာသာပြန်ထုတ်ဝေခဲ့သေး၏။ အမေရိကန်တက္ကသိုလ်တက်နေသော ဗြဟ္မဏမျိုးနွယ် အိန္ဒိယကျောင်းသားလေးတစ်ဦးနှင့် အမေရိကန်လူမည်းကျောင်းသူတစ်ဦးတို့၏အချစ်ဇာတ်လမ်းဖြစ်သည်။ သာမန်အချစ်ဇာတ်လမ်းကား မဟုတ်။ အသားမည်းသူခြင်းအတူတူ အိန္ဒိယအမျိုးသားနှင့် ကပ္ပလီအမျိုးသမီးတို့၏မိဘများက အသားအရောင်ခွဲခြားကြပုံကို ရေးသားထားသောစာအုပ် ဖြစ်၏။



၂၀၀၆ ခုနှစ်တွင် ဟီလာရီကလင်တန်၏ရှင်သန်နေသောသမိုင်းကြောင်း (Living History)စာအုပ်ကို ကျွန်တော် မြန်မာပြန်သောအခါတွင်လည်း အမေရိကန်နိုင်ငံရေးနောက်ကြောင်း အရှုပ်တော်ပုံများနှင့် အသားအရောင်ခွဲခြားမှုပုံရိပ်များကို ကျွန်တော် ဖတ်ရှုနားလည်ခွင့် ရခဲ့ပါသည်။

၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင်ကျင်းပသော ၅၆နှစ်မြောက် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကိုယ်စားပြုသမ္မတလောင်း"ဘားရက်အိုဘားမား" အနိုင်ရခဲ့ကာ အမေရိကန်ပြည်ထောင်စု၏ ၄၄ ဦးမြောက် သမ္မတ ဖြစ်ခဲ့ပါပြီ။ ပထမဆုံး လူမည်းသမ္မတအဖြစ် သမိုင်းသစ် ရေးထိုးလိုက်ခြင်းလည်း ဖြစ်ပါသည်။ သူသည် "မျှော်လင့်ချက်ပေါင်းစည်းမှု အပြောင်းအလဲ"ဟူသော ကြွေးကြော်သံများနှင့် တိုက်ပွဲဝင်ခဲ့သူ ဖြစ်၏။ ကမ္ဘာ့အလယ်တွင် အမေရိကန်နိုင်ငံ၏ပုံရိပ်ကို ပြန်လည်ဖော်ကျူးနိုင်ရေး၌ ၁၉၃၀ ခုနှစ်နောက်ပိုင်း အဆိုးဆုံးဘဏ္ဍာရေးအကြပ်အတည်းကို ဖြေရှင်းရေးတို့အတွက် "We Believe In Change"(အပြောင်းအလဲတွင် ကျွန်တော်တို့ ယုံကြည်သည်) ဟူသော ကြွေးကြော်သံဖြင့် ရွေးကောက်ပွဲဝင်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့်လည်း အမေရိကန်သမိုင်း၏ အပြောင်းအလဲမှတ်တိုင်တစ်ရပ်အနေဖြင့် အမေရိကန်ပြည်သူများက သူ့ကို တစ်ခဲနက်ရွေးချယ်လိုက်ကြခြင်း ဖြစ်သည်။

၁၈၆၁ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ဗာဂျီးနီးယားပြည်နယ် ဘူးလ်ရမ်း၌ စတင်ဖြစ်ပွားခဲ့သော အမေရိကန်ပြည်တွင်းစစ်ကြီးသည် ယခု နှစ်ပေါင်း ၁၄၇နှစ် အကြာတွင် ထိုပြည်နယ်၏မဲရုံတစ်ခုတွင် အမှန်တကယ် ပြီးဆုံးသွားပြီ ဖြစ်၏။ လူမည်းတစ်ဦးကို အမေရိကန်သမ္မတအဖြစ် ရွေးချယ်လိုက်ခြင်းသည် အမေရိကန်ပြည်တွင်းစစ်ကြီး ပြီးဆုံးသွားပြီဟု တင်စားရန် အကောင်းဆုံးပင်ဖြစ်ပါသည်။

အိုဘားမား သမ္မတဖြစ်လာခြင်းကို ကမ္ဘာ့နိုင်ငံအသီးသီးမှခေါင်းဆောင်များသာမက ကမ္ဘာ့ဒေသအသီးသီးမှပြည်သူများကပါ မျှော်လင့်ချက်ကြီးစွာ ဝမ်းသာအားရကြိုဆိုခဲ့ကြ၏။ အိုဘားမား၏ဖခင်မွေးဖွားရာ ကင်ညာနိုင်ငံတွင် ရွေးကောက်ပွဲရလဒ်များပေါ်ထွက်လာချိန်၌ ကင်ညာအစိုးရက နိုဝင်ဘာလ၆ ရက်နေ့ကို အများပြည်သူအားလပ်ရက်အဖြစ် သတ်မှတ်ခဲ့ကြသည်။



"ဒါဟာ ကမ္ဘာ့သစ်တစ်ခုရဲ့ အစလို့ ဆိုနိုင်ပါတယ်။ လူ့မလိုင်ကြီးတွေရဲ့နိဂုံးဖြစ်သလို ကမ္ဘာတစ်ဝှမ်းချဉ်းကပ်မှုအသစ်တွေအတွက် တံခါးဖွင့်ပေးလိုက်တာပဲ ဖြစ်ပါတယ်"ဟုဆိုကြသည်။ အာရပ်နိုင်ငံများတွင်လည်း အိုဘားမားရွေးကောက်ကြောင်းသိရသောအခါ သူတို့နိုင်ငံအတွက် သမ္မတရမည့်အလား အောင်ပွဲခံကြသည်ကိုလည်း တွေ့ရသည်။

ဆီးနိတ်လွှတ်တော်အမတ် သက်တမ်း နှစ်ကြိမ်သာ ရှိသေး၍ နိုင်ငံရေးအတွေ့အကြုံနုနယ်သည်ဆိုသော်လည်း မဲဆွယ်ပွဲတစ်လျှောက်လုံးတွင် အိုဘားမား၏အရည်အသွေးများကို ပြသခွင့်ကြုံခဲ့၏။ အမေရိကန်သမ္မတလောင်း ရွေးကောက်ပွဲတိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ပုဂ္ဂိုလ်အပုပ်ချစရာများကို တူးဆွရှာဖွေကာ ပုဂ္ဂိုလ်ရေးလုပ်ကြံမှုများလုပ်တတ်ကြစမြဲဖြစ်၏။ အိုဘားမားကမူ တစ်ဘက်သားကို ဤသို့ပြောတတ်သည့်အကျင့်မရှိသည့်အပြင် သူ့အဖွဲ့သားများကိုပါ ဤသို့ လုံးဝမပြောကြရန် တင်းတင်းကြပ်ကြပ်တားမြစ်ထားသည်ဟု သိရသည်။ ထို့ကြောင့် အမေရိကန်ရွေးကောက်ပွဲသမိုင်းတွင် အပုပ်နံ့ မထွက်ဆုံးက ရွေးကောက်ပွဲအဖြစ် မှတ်တမ်းတင်ခြင်းခံရ၏။

စီဘီအက်စ်သတင်းဌာနမှပြုလုပ်သည့် ပထမဆုံးအင်တာဗျူးတွင် အိုဘားမားက "အမေရိကဟာ သူတစ်ပါးကိုအနိုင်မကျင့်ပါဘူး။ အဲဒီလို အနိုင်မကျင့်ဘူးဆိုတာ သေချာအောင် သက်သေပြလိုပါတယ်။ ဒါဟာ အမေရိကန်ရဲ့ဂုဏ်သိက္ခာပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်တဲ့အစိတ်အပိုင်းတစ်ခုပါပဲ"ဟု ပြောကြားခဲ့သည်။

အိုဘားမားသည် အစွမ်းအစရှိသော ဟောပြောရေးသမားလည်းဖြစ်၏။ တစ်နိုင်ငံလုံး သောကများ၊ သံသယများ ပူးဝင်နေချိန်တွင် လူထု၏သဘောထားကို အခါအားလျော်စွာ ဖမ်းစားနိုင် ပုံသွင်းနိုင် မြှင့်တင်နိုင်စွမ်းရှိသော ဟောပြောမှုများ သူ ပြုလုပ်နိုင်ခဲ့သည်။ သူက အာဝဇ္ဇန်းလည်း ကောင်းသည်။ လူအသိုင်းအဝန်းကို ရင်ကြားစေ့ရေးနှင့် ပတ်သက်ပြီး မဲဆွယ်ကာလတွင် ပြောဟောနိုင်ခဲ့၏။

အိုဘားမားသည် သူ၏မဲဆွယ်ကတိများကို ပေးနိုင်သည်ဖြစ်စေ မပေးနိုင်သည်ဖြစ်စေ သူ၏ပြောဆိုဆက်ဆံမှုများတွင် ဘုရားသခင်ကပေးသော အစွမ်း

အစများပမာ ယုံကြည်အားထားနေသူဖြစ်၍ သူ၏ရာထူးသက်တမ်းတွင် ထူးခြားသောဝိသေသများကို ပြသနိုင်မည်ဟု အများက ယုံကြည်ကြ၏။ အိုဘားမား၏ တည်ငြိမ်သောအမူအရာ၊ မာန်ပါသော ခပ်သွက်သွက်စကားပြောဟန်၊ မည်သူ့ကိုမှမခြိမ်းခြောက်သော အပြုသဘောဆန်ဆန် ပြုပြင်ပြောင်းလဲရေး အဆိုများက သူ့ကို သမ္မတအဖြစ် တွန်းပို့လိုက်ခြင်း ဖြစ်၏။

အိုဘားမားသည် ဆီးနိတ်လွှတ်တော်သို့ ရှားရှားပါးပါးတင်မြှောက်ခံရသည့် လူမည်း သုံးဦးထဲမှတစ်ဦး ဖြစ်၏။ သမ္မတရွေးကောက်ပွဲတွင် သူသည် သူ့မိခင်ထက် အသက်ငါးနှစ်သာ ငယ်သူ၊ လူဖြူတို့ အလွန်နှစ်သက်ကြသည့် "ဟီလာရီကလင်တန်"အားလည်းကောင်း၊သူ့ဘိုးအေအရွယ် ဝါရင့်နိုင်ငံရေးသမားကြီး "ဂျွန်မက်ကိန်း"အားလည်းကောင်း အနိုင်ရခဲ့၏။

သမ္မတရွေးကောက်ပွဲတွင် ပြည်သူ့ကိုယ်စားလှယ်အရေအတွက် ၂၇၀ ရလျှင် ပြီးပြီ။ "အိုဘားမား"ကမူ ၃၄၉ မဲ ရခဲ့၏။ သူ့အား လူမည်းတို့သာမက လူဖြူများ၊ စပိန်နွယ်ဘွားတို့ကပါ အားပေးခဲ့ကြခြင်း ဖြစ်၏။

လက်ရှိမျိုးဆက်သည် မျိုးဆက်သစ်သားသမီးတို့၏ကိုးစားယုံကြည်ခြင်းခံရသူ "အိုဘားမား" သမ္မတဖြစ်ရေးကိုမျှော်လင့်ကြကြောင်း သိကြ၏။ ထိုမျှော်လင့်ချက်ကို မကန့်ကွက်ရုံသာမက သူတို့ကပါ မျိုးဆက်သစ်၏ဆန္ဒကို အားပေးကြခြင်းကြောင့် အိုဘားမား အနိုင်ရခြင်းဖြစ်၏။ ယခုသမ္မတရွေးကောက်ပွဲသည် မျိုးဆက်ဟောင်းဆီမှ မျိုးဆက်သစ်ဆီသို့ ဆိုးမွေကောင်းမွေကို လက်ဆင့်ကမ်းလိုက်ခြင်းဖြစ်၏။

အိုဘားမားသည် သူ၏အဓိကအကြိတ်အနယ်ပြိုင်ဘက်ဖြစ်ခဲ့သော ဒီမိုကရက်တစ်ပါတီသမ္မတလောင်း "ဟီလာရီကလင်တန်"ကို နိုင်ငံခြားရေးဝန်ကြီး (Secretary of State)ခန့်အပ်လိုက်ခြင်းကလည်း သူ၏သဘောထားကြီးခြင်းကို ပြသသည့်အပြင် သူ၏ရှုံ့ယွင်းချက်ကို "ဟီလာရီ"၏အားသာချက်များနှင့် ပေါင်းစည်းကာ ညီညွတ်သောအင်အားတစ်ခုဖန်တီးလိုက်ခြင်းလည်း ဖြစ်သည်။ အိုဘားမား၏နိုင်ငံရေးအမြော်အမြင်ရှိမှုခေါင်းဆောင်မှုစွမ်းရည်ကို ချီးကျူးရသည်။ ဒီမိုကရက်တစ်ပါတီဝင်များကြားတွင်ရှိနေခဲ့သည့် အကြိတ်အခဲများကို ယခုအပြုအမူက ချေဖျက်လိုက်နိုင်ခြင်းလည်း ဖြစ်သည်။



ယခု ကျွန်တော် မြန်မာပြန်ဆိုသော အိုဘားမား ရေးသားသည့် "ဖေဖေ့ထံမှအိပ်မက်များ"(Dreams From My Father) စာအုပ်သည် ဘားရက်အိုဘားမား ၁၉၉၄ ခုနှစ်က ရေးသော စာအုပ်ဖြစ်၏။ ဤစာအုပ်သည် သူ၏ပထမဆုံးရေးသားသောစာအုပ်လည်းဖြစ်သည်။ သို့သော် စာအရေးအသားအဖွဲ့အနွဲ့ စီစဉ်တင်ပြပုံတို့မှာ ကျွမ်းကျင်နိုင်သော ဝါရင့်စာရေးဆရာကြီးတစ်ဦး ရေးသားသည့်အလား ပြေပြစ်ချောမောလှသည်။ စဖတ်ကတည်းက အဆုံးအထိ လက်ကမချချင်လောက်အောင် အကွက်အကွင်း အချိတ်အဆက် မိလှသည်။ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဟု ဆိုစေကာမူ ရသဝတ္ထုကောင်းတစ်ပုဒ် ဖတ်နေရသည့်အလား ဆွဲဆောင်မှုရှိလှ၏။ ၄၄ ဦးမြောက် အမေရိကန်သမ္မတ မဖြစ်မီ ၁၄နှစ်က ရေးသားသောစာအုပ်ဖြစ်သော်လည်း ဘားရက်အိုဘားမားကို အမေရိကန်သမ္မတ အဖြစ်ဘာကြောင့်ရွေးချယ်သလဲဟူသည့်အဖြေကို ဤစာအုပ်တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။ အသက် ၃၃ နှစ် အရွယ် အာဖရိကန်အမေရိကန်ကပြား လူမည်းဥပဒေကျောင်းသားတစ်ဦးရေးသော ဤစာအုပ်ကိုဖတ်ပြီး တောက်မည့်မီးခဲ တရဲရဲကို ကြိုတင်ရှုမြင် သုံးသပ်ခံစားနိုင်ကြပါသည်။

လူမည်းခေါင်းဆောင်တစ်ဦးဖြစ်သော မာတင်လူသာကင်း မက်ခဲ့သည့် တစ်ခါတုန်းက အိပ်မက် (I Have A Dream)၊ ယခု "ဘားရက်အိုဘားမား"၏ ဖခင်ထံမှအိပ်မက်များ ဆက်စပ်နီးနွယ်မှုမှသည် အိမ်ဖြူတော်၏ပထမဆုံးလူမည်းသမ္မတဖြစ်လာခြင်းသည် အိပ်မက်မဟုတ်သော တကယ့်သမိုင်းဖြစ်ရပ် အကျိုးဆက်တို့ကို ဤစာအုပ်ဖတ်ရှုရင်းဖြင့် ဆင်ခြင်သုံးသပ်နိုင်ကြပါစေသောဝ်။

ဟိန်းလတ်

# အခန်း တစ်

ကျွန်တော်၏ ၂၁နှစ်မြောက်မွေးနေ့အကျော် လအနည်းငယ်အကြာတွင် သူစိမ်းတစ်ဦးက ကျွန်တော့်ကို သတင်းပေးသည်။ ထိုအချိန်တွင် ကျွန်တော်သည် နယူးယောက်မြို့၊ ဒုတိယနှင့် ပထမလမ်းကြား ၉၄ လမ်းတွင် နေထိုင်နေ၏။ ဤရပ်ကွက်သည် အမည်မရှိ။ ဟာလင်အရှေ့ပိုင်းနှင့် မင်ဟတ်တန်ရပ်ကွက် အကြွင်းအကျန်တို့ကြား ရွှေ့ပြောင်းနေထိုင်ကြသော နယ်နိမိတ်ပင် ဖြစ်သည်။ နေချင့်စဖွယ် သိပ်မကောင်းသော၊ သစ်ရိပ်ဝါးရိပ်မရှိရပ်ကွက် ဖြစ်သည်။ တိုက်ခန်းများက ကျဉ်း၏။ ကြမ်းခင်းတွေက စွေစွေစောင်းစောင်း၊ အိုက်အိုက်လှောင်လှောင်။ အောက်ထပ်ခန်းများကလည်း လူသံသူသံတွေ ဆူညံသည်။ အခန်းထဲရှိ တယ်လီဖုန်းမှာ ဆက်၍မရ။ ထို့ကြောင့် လမ်းထောင့်တစ်ဆိုင်က အခပေးဖုန်းနှင့်ဆက်မှရ၏။ ထိုနေရာတွင် ဝံပုလွေအငယ်စားတမျှထွားကျိုင်းသော အနက်ရောင် ဒိုဘာမင်ခွေးကြီးတစ်ကောင်ကလည်း ညဘက်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေတတ်၏။ ကျွန်တော်တို့ထံ ဖုန်းဆက်သူများက ထိုနေရာသို့ ဖုံးလှမ်းဆက်တတ်ကြ၏။

ကျွန်တော့်အတွက်ကား ဖုံးအဆက်အသွယ်လုပ်လှု သိပ်မရှိ၍ ပြဿနာ မပေါ်လှပါ။ ထိုစဉ်က ကျွန်တော်သည် အလုပ်တွေ ပိနေသဖြင့် စိတ်မရှည်ဖြစ်နေသောကာလ ဖြစ်၏။ လူတွေသူတွေနှင့်တွေ့ရသည်ကိုပင် အာရုံနောက်သလိုဖြစ်နေ၏။ ဤသည်မှာ ကျွန်တော့်အနေနှင့် အပေါင်းအသင်း အသိုက်အဝန်းကို မမင်၍ကား မဟုတ်။ ကျွန်တော်၏အိမ်နီးချင်းများမှာ ပေါ်တိုရီကန်လူမျိုးများ

ကျွန်တော့်အဖေအကြောင်း ကျွန်တော် လူပြောသူပြောနှင့်သိရသမျှမှာ ဤသို့သာဖြစ်၏။ ပြဿနာတစ်ခုသာ ရှိ၏။ ကျွန်တော့်အဖေ ပျောက်ဆုံးသွားခြင်းသာဖြစ်၏။ သူ ကောင်းကင်ဘုံသို့သွားပြီ။ အဖေ ကျွန်တော်တို့မိသားစုထံမှ ဘာကြောင့် ခွဲခွာသွားသလဲဟူသည်ကိုမူ အဘိုးရော အမေပါ မပြောခဲ့ကြ။ ထို့အတွက် အဘိုးကိုရော အမေကိုရော ကျွန်တော် အပြစ်မတင်လိုပါ။

"ဟိုနိုလူလူစတား"သတင်းလွှာတွင် ဆောင်းပါးတစ်ပုဒ်၌ အဖေ ဘွဲ့ရသည့်ဓာတ်ပုံကို ဖော်ပြထားသည်ကို ဖတ်ရ၏။ အဖေသည် စံပြကျောင်းသား။ သူ့တိုင်းပြည်အတွက် သံတမန်။

ဤဆောင်းပါးကို ကျွန်တော်၏မွေးစာရင်းလက်မှတ်၊ ဆေးထိုးပုံစံယောင်းတချို့နှင့်အတူ ခေါက်ထားသည်ကို ကျွန်တော် အထက်တန်းကျောင်းသားဘဝတွင် ရှာဖွေတွေ့ရှိခဲ့သည်။ ဆောင်းပါးမှာ တိုတိုလေး။အဖေ၏ဓာတ်ပုံကို ဖော်ပြထားသည်။ အမေ့အကြောင်း ကျွန်တော့်အကြောင်း တစ်လုံးတစ်ပါဒမျှ မပါ။ ဤသို့ထိန်ချန်ထားခြင်းသည် အဖေ၏ ရည်ရွယ်ချက်ပဲလား။ အခြားသူတစ်ဦးဦးက ချန်ထားခဲ့သလား ကျွန်တော်မပြောတတ်။ ဤသို့ ဇနီးအမည် သားအမည် မဖော်ပြခဲ့ခြင်းကြောင့် ကျွန်တော့်မိဘများ ရန်ပွဲပွားစေသလားမသိ။

ထိုစဉ်က ကျွန်တော်သည် ငယ်လွန်းသေးသဖြင့် ကျိုးကြောင်းရင်းမြစ်ကို မသိနိုင်ခဲ့။

■

## အခန်း နှစ်

သံရုံးသို့သွားသောလမ်းသည် ယာဉ်ကြောများ ကြပ်ညပ်ပိတ်ဆို့နေ၏။ ကားတွေ၊ မော်တော်ဆိုင်ကယ်တွေ၊ ဆိုက်ကားတွေ၊ ဘတ်စ်ကားတွေ အပြည့်။ မွန်းလွဲပိုင်း အပူရှိန်အောက်တွင် ယာဉ်မျိုးစုံ ဒလစပ် သွားလာနေကြ၏။ ကားကို နည်းနည်း မောင်းလိုက်၊ ရပ်လိုက်၊ ပြန်မောင်းလိုက် လုပ်နေရသည်။ ကျွန်တော်တို့၏အငှားယာဉ်မောင်းသမားက ဝီကေဝါးနေကြ စီးကရက်မဲနေကြသောကောင်လေးတွေကို အတော်မောင်းထုတ်ပြီး လမ်းရှင်းနေရသည်။ အဖေရော အမေရော သားရော သမီးရော ဆိုင်ကယ်တစ်စီးထဲ စုပြုံစီးရင်း နှုတ်ခမ်းနှင့် ပါးစပ်တွင် ဖုန်တွေဝင်မှာစိုး၍ လက်ကိုင်ပုဝါများစည်းထားကြသောမိသားစုကို ကြည့်ရသည်မှာ ဓားပြမိသားစုနှင့်ပင် တူနေသေးရော့။ လမ်းဘေးတစ်လျှောက်လုံးတွင် ထဘီအညိုရောင်မှိန်မှိန် အသားညိုညိုနှင့် မိန်းမကြီးများသည် ကောက်ရိုးခြင်းတောင်းထဲတွင် အသီးမှည့်တွေထည့်ပြီး ထမ်းရောင်းနေကြသည်။လေဟာပြင်တွင် စက်ပြင်ဆရာတစ်ယောက် ဆောင့်ကြောင့်ထိုင် အင်ဂျင်တစ်လုံးကို ပြင်ရင်း ဝီခေါ်နေသော ယင်ကောင်များကို အားသည့်လက်ဖြင့်မောင်းနေကြရ၏။ ကလေးတွေက ပြောင်းဖူးရိုးတွေ ငှက်ပျောရွက်တွေ ပုံကြနေသော ရွှံ့နွံထဲတွင် ခြေချော်လဲကြ ပြေးကြလွှားကြရင်း ဟိုးအဝေးက ဖုန်ထူသောလမ်းတွင် ပျောက်ကွယ်သွားကြ၏။

သံရုံးရှေ့ ရောက်တော့ အငှားကားက ရပ်ပေးလိုက်သည်။ ယူနီဖောင်းဖေတ်ကျကျဝတ်ထားသော ကမ်းတက်တပ်သားနှစ်ဦးက ခေါင်းညိတ်ပြီး ခရီးဦးကြို ပြုကြ၏။ ခြံဝင်းထဲတွင်ကား ဥယျာဉ်မှူးများ၏ ခြံစည်းရိုးပင်ညှပ်သံက စည်းချက်ကျကျ ကြားနေရ၏။

ကျွန်တော့်အမေ၏အလုပ်ရှင်သည် ဆံပင်ကတုံးဆံတောက်နှင့် လူမည်း



တစ်ဦးပင် ဖြစ်သည်။ သူ၏ စားပွဲဘေးတွင် အမေရိကန်အလံကို ထူထားသည်။ သူက ကျွန်တော့်ကိုလက်ကမ်းပေးကာ နှုတ်ဆက်၏။

"နေကောင်းလား လူကလေး"

ကျွန်တော်က သတိအနေအထားဖြင့်မတ်တတ်ရပ်ကာ သူမေးသော ကျွန်တော်၏ပညာရေးနှင့်ပတ်သက်သော မေးခွန်းများကို ဖြေနေသည်။ ရုံးခန်းထဲမှ လေက အေးမြနေ၏။ တောင်ထိပ်ပေါ်တွင် ရှူရှိုက်ရသောလေကဲ့သို့ သန့်ရှင်းပြီး အေးချမ်းလှ၏။

ကျွန်တော့်အမေက စာကြည့်တိုက်ထဲတွင် ကျွန်တော့်ကို ထားခဲ့ကာ သူလုပ်စရာရှိတာ သွားလုပ်၏။ ကျွန်တော်က ကာတွန်းစာအုပ်နှင့် အမေလုပ်ခိုင်းထားသောအိမ်စာများကို လုပ်သည်။ ပြီးတော့ စာကြည့်တိုက်ထဲမှ စာအုပ်များကို လျှောက်ကြည့်၏။ ကျွန်တော်ကဲ့သို့သော ၉နှစ်သားလေးအဖို့ ကမ္ဘာ့ဘဏ်အစီရင်ခံစာ၊ ဘူမိဗေဒလေ့လာရေး၊ ငါးနှစ်စီမံကိန်း စသောစာအုပ်များကို မည်သို့မျှ စိတ်မဝင်စားနိုင်ပါ။သို့သော် ထောင့်တစ်နေရာတွင် လိုက်ဖ်မဂ္ဂဇင်းများကို သေသေသပ်သပ်ပုံထားသည်ကို တွေ့လိုက်ရ၏။ ထိုမဂ္ဂဇင်းများကို ကျွန်တော်ဖတ်မိသည်။

ဓာတ်ပုံဆောင်းပါးတစ်ပုဒ်ကို ကျွန်တော် ယနေ့တိုင်မှတ်မိနေဆဲ။ ဆံပင်တောက်တောက် နှုတ်ခမ်းထူထူ နှာခေါင်းပြားပြား အသားမည်းမည်းပုဂ္ဂိုလ်တစ်ဦးက ဓာတုဗေဒစမ်းသပ်မှုပြုလုပ်ပြီး အသားဖြူအောင်ကြိုးစားမှု။ ငွေကုန်သော်လည်း ဘာမှမထိရောက်၍ ထိုပုဂ္ဂိုလ်က နောင်တရနေ၏။

သူကဲ့သို့ပင် အမေရိကမှ လူမည်းအမျိုးသားအမျိုးသမီးပေါင်း များစွာတို့သည် "အသားဖြူအောင် လုပ်ပေးမည်"ဟူသော ကြော်ငြာများကို ယုံစားပြီး အလိမ်ခံနေကြရ၏။

ကျွန်တော်၏ မျက်နှာနှင့် လည်ပင်းတို့သည် ပူထူသွားသည်။ ဗိုက်ကလည်း သရိုးသီရီပင် ဖြစ်လာ၏။ ဓာတ်မျက်နှာများကိုဖတ်ရင်း မျက်စိက ဝေဝါးလာသည်။ ဒီအကြောင်းကို အမေသိပါစ။သူ့အလုပ်ကရော ဘယ်လိုလဲ။ သူကတော့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပါလား။ ထိုအချိန်တွင် အမေရောက်လာပြီး ကျွန်တော့်ကို လာခေါ်၏။ ကျွန်တော့်မျက်နှာတွင် အပြုံးရိပ်ပြန်



သန်းလာ၏။ မဂ္ဂဇင်းထဲမှအကြောင်းအရာများလည်း သူ့နေရာသူပြန်ရောက်သွားပြီ။ အခန်း၊ လေ။ ယခင်ကအတိုင်း အေးအေးသက်သာငြိမ်းငြိမ်းချမ်းချမ်း။

*

ထိုအချိန်က ကျွန်တော်တို့သည် အင်ဒိုနီးရှားတွင် သုံးနှစ်ကျော်နေထိုင်ခဲ့ကြသည်။ ကျွန်တော့်အမေသည် "လိုလို"ဟု အမည်ရသော အင်ဒိုနီးရှားလူမျိုးတစ်ဦးနှင့် အိမ်ထောင်ကျခဲ့၏။ ထိုသူကို ဟာဝိုင်ယီတက္ကသိုလ်တွင် အမေတွေ့ခဲ့ခြင်း ဖြစ်၏။ သူ့အမည်မှာ ဟာဝေယံဘာသာစကားနှင့်မူ "အရူး"ဟု အဓိပ္ပာယ်ရ၏။ သို့သော် လိုလိုနှင့် လူနှင့်နာမည် မလိုက်ပါ။ သူက ယဉ်ကျေးသိမ်မွေ့သူ လူကောင်းသူကောင်းတစ်ဦး ဖြစ်ပါသည်။ သူက အရပ်ခပ်ပုပု၊ အသားညိုညို၊ ရုပ်က ခန့်ညား၏။ ဆံပင်နက်နက်ပိုင်ရှင်လည်း ဖြစ်၏။ သူ့ကို မက်ဆီကိုလူမျိုးဟုထင်စရာ မျက်နှာအနေအထားရှိ၏။ သူက တင်းနစ်ကစားတာတော်၏။ သူ့အပြုံးက အသက်ပါ၏။ စိတ်ကလည်း ရှည်သည်။ ကျွန်တော့်အသက် လေးနှစ်မှ ခြောက်နှစ်အထိ နှစ်နှစ်တာကာလတွင် သူသည် အဘိုးနှင့်အတူ စစ်တုရင် သဲကြီးမဲကြီးကစားသည်ကို တွေ့ခဲ့ရ၏။တစ်နေ့တွင် အမေက ကျွန်တော့်ကို "လိုလို"က သူ့ကိုချစ်ရေးဆိုကြောင်း၊ အဝေးတစ်နေရာသို့သွားကြမည်ဖြစ်ကြောင်း ပြော၏။ ကျွန်တော်က မအံ့ဩပါ။ ကန့်လည်း မကန့်ကွက်ပါ။ သူ့ကို အမေချစ်ရဲ့လား ဟူသော မေးခွန်းတစ်ခုသာ မေးခဲ့သည်။ အချစ်သည် အရေးကြီးကြောင်း ထိုအရွယ်ကပင် ကျွန်တော် သိနေပါပြီ။ အမေ၏မေးစေ့များက တုန်ယင်လာ၏။ သူက မျက်ရည်ကို အတင်းထိန်းနေပုံရ၏။ ထို့နောက် ကျွန်တော့်ကို အကြာကြီး ပွေ့ဖက်ထားလိုက်သည်။ ထို အမေ့ပွေ့ဖက်မှုသည် ကျွန်တော့်ကို ကြီးစွာသော သတ္တိများ ဖြစ်စေ၏။ ဘာကြောင့်ရယ်တော့ သေချာပေါက်မပြောနိုင်ပါ။

ထို့နောက် "လိုလို"သည် ဟာဝိုင်ယီမှ ရုတ်တရက် တိတ်တဆိတ်ထွက်ခွာသွား၏။ အမေနှင့်ကျွန်တော်သည် လအနည်းငယ်ကြာ ပတ်စ်ပို့တွေ၊ ဗီဇာတွေ၊ လေယာဉ်လက်မှတ်တွေ၊ ဟိုတယ်ကြိုတင်ငှားရမ်းမှုတွေ တစ်သီတစ်တန်းကြီးလုပ်ကြရ၏။ကျွန်တော်တို့ ဝန်စည်စလယ်များထုပ်ပိုးနေစဉ် အဘိုးက ကမ္ဘာမြေပုံကို ထုတ်ပြ၏။ ဒါက အင်ဒိုနီးရှားရဲ့ကျွန်းတွေလေ။ ဂျာဗား၊ ဘော်နီယို၊ ဆုမတြာ၊ ဘာလီ။

ပြီး ပစ်ပေါက်၏။ ဒါက မတရားဘူးဟု ကျွန်တော်က ပြောသည်။ ကျွန်တော့် အသံက ဒေါသဖြင့် တုန်ရင်နေ၏။

"လိုလို"က ကျွန်တော့်ဆံပင်ကို သူ့လက်ဖြင့် ငြင်သာစွာ ခွဲပေးရင်းက ကျွန်တော့်ဒဏ်ရာကို စစ်ဆေးသည်။

"သွေးတော့ မထွက်ပါဘူးကွာ"

"လိုလို"က ထိုသို့ ပြောဏ်။ ပွဲက ပြီးသွားပြီထင်သော်လည်း နောက်နေ့တွင် "လိုလို" အလုပ်မှပြန်လာသောအခါ လက်ဖွဲ့ထိုးသော လက်အိတ်နှစ်စုံပါလာ၏။ သားရေသစ်နံ့က ထွက်နေသည်။ အကြီးတစ်စုံက အနက်ရောင်၊ အသေးတစ်စုံက အနီရောင်။ လက်အိတ်နှစ်စုံလုံးကို ကြိုးဖြင့် တွဲချည်ကာ သူ့ပခုံးပေါ်တွင် တွဲလောင်းဆွဲပြီး သယ်လာ၏။

အိမ်ပြန်ရောက်သောအခါ လက်အိတ်တွေကို ကျွန်တော့်ကို စွပ်ပေး၏။ လက်အိတ်အလေးကြီးတွေနှင့် ကျွန်တော့်လက်ပိန်ပိန်လေးတွေက တွဲလောင်းကျနေသည်။ သူက ခေါင်းကို တွင်တွင်ခါရင်း လက်အိတ်တွေကို မျက်နှာပေါ်ပင့်တင်နိုင်းသည်။

"ကဲ မင်းလက်တွေကို မြှောက်လိုက်။ မင်းက လှုပ်ရှားမယ်။ ဒါပေမယ့် ခပ်နိမ့်နိမ့်ပဲနေ။ သူများကို ပစ်မှတ်မပေးနဲ့။ ဘယ်လိုလဲ"

သူက ကျွန်တော့်တံတောင်ဆစ်ကို အနေအထားကျအောင် ပြုပြင်ပေးရင်း သင်ပေးနေသည်။

သည်လိုနှင့်ပင် သူက ကျွန်တော့်ကို လက်ဝှေ့သင်ပေးခဲ့၏။ အင်ဒိုနီးရှားဘာသာစကား၊ မလေးထုံးတမ်းစဉ်လာ၊ ရိုးရာပုံပြင် စသည်တို့ကို ဖလေကြာလေလာ သင်ယူရ၏။ လယ်သမား၊ ကျေးကျွန်၊ အဆင့်နိမ့်ဝန်ထမ်းတို့၏ သားသမီးများနှင့် ကျွန်တော် မိတ်ဆွေဖြစ်ခဲ့၏။ ကျွန်တော်တို့ အတူတကွ နေ့ရော ညပါ လမ်းပေါ်တွင် ကစားနည်းမျိုးစုံကစားခဲ့သည်။ ငှက်လှွတ်သည်။ မှန်စတိုက်ထားသောကြိုးတို့ဖြင့် စွန်ပြတ်ပွဲတွေ လုပ်သည်။ ထမင်းများများ၊ ပြုတ်ကောင်စပ်စပ်ဟင်းတွေနှင့် စားတတ်လာသည်။ မာကျောသော ခွေးသား၊ ပို၍မာကျောသော မြွေသားတွေ စား၏။ နံကောင်ကြော်ကြွပ်ကြွပ်ရှုရှုများ စား၏။ အခြားသောအင်ဒိုနီးရှားလူမျိုးများကဲ့သို့ပင် "လိုလို"သည် အစ္စလာမ်ဘာသာနှင့် အချို့



သော ဟိန္ဒူရှေးဟောင်းအယူဝါဒတို့ကို လိုက်နာ၏။ လူသည် သူစားသောအရာ ပေါ်မူတည်၍ ခွန်အားကိုယူရ၏ဟု သူက ဆိုသည်။ တစ်နေ့တွင် ကျားသားစားဖို့ပြင်ထားဟုပင် ကတိပေးဖူးသည်။

ကျွန်တော့်အတွေ့အကြုံတော်တော်များများကို အတိုးအလျှော့တို့ကို အစုံအစေ့ စာမရေးဖြစ်ခဲ့။ နှာခေါင်းရှိရမည့်နေရာတွင် ပေါင်းလောင်းပေါက်ကြီးဖြစ်နေသောလူကြီးတစ်ဦး တစ္ဆေ့ရှိမြည်သောအသံကြီးဖြင့် အမေ့ထံ အစာလာတောင်းပုံ၊ မကောင်းဆိုးရွားဝင်ပူးပြီး အပမှီကာ သေသွားသော ညီငယ်တစ်ဦးအကြောင်း ပြောပြသော ကျွန်တော့်သူငယ်ချင်း၊ မိုးခေါင်သဖြင့် မြေကြီးတွေ ပက်ကြားအက်ကာ အငတ်ဘေးဆိုက်ရောက်ခဲ့ပုံတွေ။ ရေတွေကြီးပြီး ခါးလည်အထိရောက်ကာ ရေလွှမ်းမိုးပျက်စီးရပုံတွေ။ ထိုအကြောင်းစုံတွေကို မရေးဖြစ်ခဲ့။

ကမ္ဘာကြီးကား ကြမ်းတမ်းလှ၏။ ရက်စက်လှ၏။ ထိုအကြောင်းများကို ကျွန်တော် သင်ယူခွင့်ရခဲ့၏။ ကျွန်တော့်တိုးဘွားများသည် ကျွန်တော့်လောကဏ္ဍအကြောင်းများကို သိမည်မဟုတ်မှာ သေချာ၏။ သူတို့မဖြေဆိုနိုင်သောမေးခွန်းများကို ကျွန်တော်မမေးချင်။ တစ်ခါတစ်ရံ အမေအလုပ်မှပြန်လာလျှင် ကျွန်တော်က မြင်သမျှကြားသမျှတွေကို ပြန်ပြော၏။ ထိုအခါ အမေက ကျွန်တော့်နဖူးကိုပွတ်ပေးကာ သေသေချာချာနားထောင်ပေးသည်။ သူတတ်နိုင်သမျှ ကျွန်တော့်ကို အကောင်းဆုံးရှင်းပြ၏။ အမေ့လေသံ၊ အမေ၏လက်ဖြင့် ပွတ်သပ်ကြင်နာပေးမှုတို့ ကျွန်တော့်အတွက် လုံခြုံစိတ်ချမှုအလုံးစုံကို ပေးနိုင်၏။

"လိုလို"သည် ကျွန်တော့်ကို လမ်းညွှန်မှု၊ သွန်သင်မှုများ ပေး၏။သူက စကားများသူမဟုတ်။ သို့သော် လိုအပ်လျှင်ပြော၏။ သူ့မိသားစု သူ့မိတ်ဆွေများကို မိတ်ဆက်ပေးလျှင် ကျွန်တော့်ကို သူ့သားဟုပင် မိတ်ဆက်ပေးတတ်၏။ သူ၏လောကအမြင်ကလည်း ကျယ်ပြန့်သည်။ ကားဘီးကို ဘယ်လိုလဲရမည်မှအစ စစ်တုရင်နိုင်အောင် ဘယ်လိုထိုးရမည်အဆုံး သူသိ၏။ ကျွန်တော် ခံစားရသည့် စိတ်လှုပ်ရှားမှုများကို ထိန်းသိမ်းရန် နည်းများကို သူသိ၏။ ကံကြမ္မာ၏ဆန်းကျယ်မှုများကို ရှင်းပြတတ်၏။ သူတောင်းစားများနှင့် မည်သို့ဆက်ဆံရမည်မှအစ၊ အငတ်အစားရှတ်တိုရှတ်ပြတ် ဖုန်အလိမ်းလိမ်းနှင့်သူတွေ၊အချို့က လက်ပြတ်၊ အချို့က ခြေပြတ်။ ပိုလီယိုရောဂါဖြင့် ထော့နဲ့ထော့နဲ့ သွားလာနေရသူ



တွေ။ ခြေမရှိတော့၍ လက်ဖြင့်သွားလာနေရသူ ကုဋ္ဌနူနာရှင်တွေ။ လူအုပ်ကြားထဲ ကိုယ်လုံးလှို့၍တောင်းရမ်းသူတွေ။ ပထမတော့ အမေက ထိုသူတွေကိုတွေ့တိုင်း တတ်အားသမျှ လှူတတ်၏။ ကျွန်တော်လည်း ထိုနည်းတူ။ ကျွန်တော် ငွေကြေးစွန့်ကြဲသည်ကိုမြင်လျှင် "လိုလို"သည် မျက်ခုံးကိုပင့်ကာ ကျွန်တော့်ကို တွန်းထိုးပြီး ပြောတတ်၏။

"မင်းမှာ ပိုက်ဆံဘယ်လောက်ရှိလို့လဲ"

"ရှပီးယားသုံးဆယ် ရှိတယ်"

"လမ်းပေါ်က သူတောင်းစားက ဘယ်နှယောက်ရှိလဲ"

ကျွန်တော် စိတ်ထဲ ရေကြည့်သည်ပင် အတော်များနေ၏။

"ကိုယ့်ပိုက်ဆံ ကိုယ်သိမ်းထား။ မင်းပိုက်ဆံနဲ့ သူတို့လုံလောက်အောင် ပေးနိုင်တာ မဟုတ်ဘူး"

"လိုလို"က သဘောကောင်းသော်လည်း စည်းကမ်းကြီးသည်။ အိမ်တွင် လာအလုပ်လုပ်သောသူများကို သူ အခွင့်အရေးပေးတန်သလောက်ပေး၏။ သို့သော် ကယောင်ကမယ်နိုင်သူ၊ မေ့တတ်လျော့တတ်သူ၊ အသုံးအဖြုန်းကြီးသူဆိုလျှင် သူက မညှာတာဘဲ အလုပ်မှထုတ်ပစ်တတ်၏။ အမေ သို့မဟုတ် ကျွန်တော်က ကာဆီးကာဆီးပြောပေးလျှင် သူက ရှင်းပြသည်။

"မင်းအမေက နှလုံးသားနူးညံ့တယ်။ ဒါဟာ မိန်းမတစ်ဦးမှာရှိသင့်တဲ့ အရည်အချင်းပဲ။ ဒါပေမယ့် မင်းဟာ တစ်နေ့ လူကြီးတစ်ယောက်ဖြစ်လာမှာ။ လူကြီးတစ်ယောက်ဟာ အသိဉာဏ်ရှိဖို့ ပိုလိုတယ်"

"လိုလို"နှင့်ကျွန်တော် နေ့တိုင်း လက်ဝှေ့ထိုး လေ့ကျင့်၏။ ကျွန်တော့် လက်မောင်းတွေ အောင့်လှပြီ။ ခေါင်းတွေလည်း အထိုးခံရလွန်း၍ ကိုက်နေပြီ။

"မောသလား"

သူက မေး၏။ ကျွန်တော်က ခေါင်းကို မညိတ်ချင်ညိတ်ချင် ညိတ်ပြ၏။ သူက ဘောင်းဘီကို မ,တင်လိုက်ကာ ခြေသလုံးတွေကို ပြ၏။ အနာရွတ်တွေ ဗလပွ။

"ဒါတွေက ဘာတွေလဲ"

"မျှော့တွယ်တဲ့ဒဏ်ရာတွေပေါ့။ နယူးဂီနီမှာရှိကတည်းက အကိုက်ခံရ



တာ။ စစ်တပ်သုံး ဘွတ်ဖိနပ်ထဲအထိ ဝင်ကိုက်ကြတယ်။ ညဘက်ခြေအိတ်ချွတ်ထားရင်လဲ ကိုက်တာပဲ။ ကျွတ်တွေ မျှော့တွေဆိုရင် သွေးတွေ ဝပြီး သူ့ဘာသာသူ ကျွာကျသွားတတ်တယ်။ ဆားနဲ့ပက်မှ ကျွာကျတာလဲရှိတယ်။ တစ်ခါတလေလဲ မားကို မီးအပူပေးပြီးမှ ခွာချရတာလဲ ရှိတယ်"

"နာသလားဟင်"

ကျွန်တော်က မေးလိုက်သည်။

"နာတာပေါ့ကွာ။ ဒါပေမယ့် တစ်ခါတလေနာတာကို မမှုနဲ့ကွ။ တစ်ခါတလေ မင်းပူရမှာက မင်း ဘယ်လမ်းကိုလျှောက်ရမလဲဆိုတာပဲ"

ကျွန်တော်က သူ့မျက်လုံးထောင့်ကို ကျော်ကြည့်ရင်း စဉ်းစားနေမိ၏။ သူ မည်သို့ခံစားရပုံကို ကျွန်တော်တစ်ခါမှမကြားဖူးခဲ့။ သူဒေါသဖြစ်တာ ဝမ်းနည်းတာလည်း မမြင်ဖူးခဲ့။ ကျွန်တော့်ခေါင်းထဲကို ထူးထူးဆန်းဆန်းအတွေးတစ်ခု ရုတ်တရက်ဝင်လာသည်။

"လူတစ်ယောက် အသတ်ခံရတာ မြင်ဖူးလား"

ကျွန်တော်က သူ့ကိုမေးလိုက်သည်။

သူက ကျွန်တော့်မေးခွန်းကို အံ့ဩသွားပုံရကာ မျက်လုံး အောက်စိုက်နေလိုက်သည်။

"မြင်ဖူးသလား"

ကျွန်တော်က ထပ်မေး၏။

"မြင်ဖူးတယ်"

"သွေးသံရဲရဲလား"

"အေး"

"အဲဒီလူက ဘာဖြစ်လို့ အသတ်ခံရတာလဲ။ ခင်ဗျားမြင်ခဲ့တဲ့လူကိုပြောတာ"

"ဘာဖြစ်လို့လဲဆိုတော့ သူက အားနည်းတာကိုး"

"ဒါပဲလား"

"ဒီလောက်ပဲပေါ့။ လူဆိုတာ အားနည်းချက်ကို အနိုင်ယူတတ်တယ်။ အားကောင်းတဲ့လူတွေက အားနည်းတဲ့သူတွေရဲ့မြေတွေကိုသိမ်းပိုက်တယ်။ အား

က သူ့ကို "လော့စ်အင်ဂျလိစ်"သို့ ဆေးကုရန် ကူညီပို့ပေး၏။ သူ၏ရောဂါက အသည်းရောဂါ။ အသက် ၅၁နှစ် အရွယ်တွင် သူကွယ်လွန်ခဲ့၏။

အမေက ကျွန်တော့်ပညာရေးကို ဂရုစိုက်သည်။ ဂျကာတာရှိ နိုင်ငံခြားသံတမန်များ၏သားသမီးများတက်သော "နိုင်ငံတကာကျောင်း"သို့ ပို့ရန် အမေ့တွင် ငွေမလုံလောက်။ သို့သော် သူက အင်ဒိုနီးရှားကျောင်းတက်စေသည့်အပြင် အမေရိကန်စာပေးစာယူသင်တန်းတစ်ခုနှင့်ဆက်သွယ်ကာ သင်ယူစေ၏။

တစ်ပတ်လျှင် ငါးရက်မျှ အမေသည် ကျွန်တော့်အခန်းထဲသို့ မနက်၄ နာရီဆို ဝင်လာပြီး ကျွန်တော့်ကို မနက်စာ အတင်းကျွေးပြီးလျှင် ကျောင်းမသွားမီ သုံးနာရီ အင်္ဂလိပ်စာသင်ပြီးမှ သူအလုပ်သွား၏။ ကျွန်တော်ကလည်း မုယာမာယာမျိုးစုံ သုံးကာ စာမသင်ချင်ကြောင်း ဆန့်ပြ၏။ ဗိုက်နာလို့ပါ မျက်စိဖွင့်မရလို့ပါ စသဖြင့်။ အမေကတော့ တစ်စက်ကလေးမှ အလျှော့မပေး။

တစ်နေ့ ကျွန်တော် ကျောင်းကပြန်အလာတွင် လက်ကို ရွှံ့ပေနေသော ခြေအိတ်အစို ပတ်ပြီးပြန်လာသော ကျွန်တော့်ကို အမေတွေ့လိုက်ရ၏။

"ဘာဖြစ်လာတာလဲ"

"ဘာကိုပြောတာလဲ အမေ"

"ဟိုဟာပေါ့ လက်မောင်းကို ခြေအိတ်စည်းလာတာ"

"ကျွန်တော် ထိမိခိုက်မိလာလို့ပါ"

"ကဲ ပြစမ်း"

"သိပ်မဆိုးပါဘူး အမေရယ်"

"ဘယ်ရီ ငါ့ကို ပြဆိုပြစမ်း"

ကျွန်တော်က ခြေအိတ်ကို ဖြည်ပြလိုက်သည်။ လက်အောက်ဝတ်မှတစ်တောင်ဆစ်အထိဒဏ်ရာကြီး။ သွေးပြန်ကြောထိဖို့ တစ်လက်မလောက်သာ လို၏။ ကြွက်သားထဲတော့ စူးဝင်သွားသည်။ သူငယ်ချင်းတစ်ဦး၏ လယ်တောသို့ အသွား ရွှံ့ထဲတွင် ခြေချော်လဲပြီး သံဆူးကြိုးခြံစည်းရိုးနှင့်တိုက်မိကြောင်း ပြန်ပြောပြ၏။

အမေက အိမ်နီးနားချင်းတစ်ဦး၏ကားဖြင့် ဆေးရုံသို့အမြန်ပို့၏။ ဆေးရုံ ရောက်တော့ မီးတွေပျက်နေ၏။ ညကြီးမိုးချုပ်တွင်လည်း မသိသမှမရှိ။ နောက်



ဘက်အခန်းတွင် လူငယ်နှစ်ဦး ဘောင်းဘီတိုတွေနှင့်ကျားထိုးနေကြသည်ကိုတွေ့တော့ "ဆရာဝန် ဘယ်မှာလဲ"ဟု မေးကြည့်သည်။ "ကျွန်တော်တို့က ဆရာဝန်တွေပဲ"ဟု ပြောကာ သူတို့က ကစားပွဲကို ပြီးအောင် ကစားလိုက်ကြသေးသည်။ ပြီးမှ ကျွန်တော့်လက်မှဒဏ်ရာကို အချက် ၂၀ ချုပ်ပေးသည်။ သေရာပါအမာရွတ်ကြီးတစ်ခု ထိုနေ့မှစ၍ရခဲ့၏။ အမေက တစ်ခွန်းပဲ သင်ခန်းစာ ပေး၏။

"မင်း လူသားတစ်ယောက်အနေနဲ့ ကြီးပြင်းချင်တယ်ဆိုရင် မင်း တချို့တန်ဖိုးတွေ လိုတော့လိုအပ်ရလိမ့်မယ်"

အမေပြောသော သင်ခန်းစာများမှာ တန်ဖိုးရှိလှ၏။

ရိုးသားဖြောင့်မတ်မှု - "အခွန်ကောက်တဲ့ပုဂ္ဂိုလ်တွေ အိမ်လာတဲ့အခါ "လိုလို"ဟာ ရေခဲသေတ္တာကို စတိုခန်းထဲမှာ ဝှက်မထားသင့်ဘူး။ ဒီလို စစ်ဆေးတဲ့လူတွေ မျှော်လင့်ပြီးသားကို တမင်မဝှက်သင့်ဘူး"

တရားမျှတမှု - "ချမ်းသာတဲ့ကျောင်းသားတွေရဲ့ မိဘတွေအနေနဲ့ ရမ်ဇန်အစ်ကာလမှာ ဆရာ ဆရာမတွေကို ရုပ်မြင်သံကြားစက်မျိုးတွေ လက်ဆောင်မပေးသင့်ဘူး။ ဒါအတွက် အမှတ်ကောင်းကောင်းရလို့ အဲဒီကလေးတွေအနေနဲ့ဂုဏ်မယူသင့်ဘူး"

ပွင့်ပွင့်လင်းလင်းပြော - "မင်းရဲ့မွေးနေ့အတွက် အမေဝယ်ပေးတဲ့ ရှပ်အင်္ကျီကို မင်း မကြိုက်ဘူးဆိုရင် ပွင့်ပွင့်လင်းလင်းပြော။ ဘီဒိုရဲ့အောက်ဆုံးထဲမှာ ချောင်ထိုးမထားနဲ့"

လွတ်လပ်သောဆုံးဖြတ်ချက် - "ဆင်းရဲတဲ့ ကလေးတစ်ယောက်ရဲ့ ဆံပင်ပုံစံကို တခြားကလေးတွေက ဝိုင်းလှောင်တဲ့အခါ မင်းက လိုက်ပြီး ရောယောင်မလုပ်ရဘူး"

အမေက အဖေနှင့်ပတ်သက်ပြီးလည်း ကျွန်တော့်ကို ပညာပေးသည်။ ဆင်းဆင်းရဲရဲမိသားစုမှမွေးဖွားလာပုံ၊ ဆင်းရဲသောနိုင်ငံတွင် အရွယ်ရောက်ခဲ့ရပုံ၊ ဘဝကြမ်းကို ဖြတ်သန်းခဲ့ရပုံ။ သို့သော် သူက လောကဓံကို အနိုင်မခံ အရှုံးမပေးဘဲ ရင်ဆိုင်အံတုဖြတ်သန်းခဲ့သည်။ ကြိုးစားသည်။ ရိုးသားသည်။ ထိုနမူနာများကို ကျွန်တော်ယူသင့်ကြောင်း အမေက ပြော၏။ ကျွန်တော့်တွင် ရွေးချယ်စရာ အခြားမရှိ။ ကျွန်တော်၏မျိုးရိုးဗီဇထဲတွင်ပင် ဒါတွေက ပါနှင့်ပြီးသား။



"မင်းရဲ့မျက်ခုံးမွေးတွေအတွက်တော့ မင်းအမေကို ကျေးဇူးတင်ရလိမ့်မယ်။ မင်းအဖေက မျက်ခုံးမွေးမကောင်းဘူး။ဒါပေမယ့် မင်းရဲ့ဦးနှောက် မင်းရဲ့စရိုက်သဘာဝ။ ဒါတွေတော့ မင်းအဖေဆီက ရတယ်"

အမေသည် လူမည်းတို့ကို အရေးထား၏။ သူ အိမ်ပြန်လာလျှင် လူမှုအခွင့်အရေးလှုပ်ရှားမှု စာအုပ်များ ပါလာတတ်သည်။ မဟာလီယာဂျက်ဆင်၊ ဒေါက်တာကင်းတို့၏ဟောပြောချက်တိတ်ခွေများ ပါလာ၏။ တောင်ပိုင်းအရပ်က ကလေးများသည် လူဖြူတို့၏ အနိမ့်ခံမှုကြားမှနေ၍ ကြိုးစား ရုန်းကန်ကာ ဆရာဝန်တွေ၊ ရှေ့နေတွေ၊ သိပ္ပံပညာရှင်ကြီးတွေဖြစ်လာကြပုံကို အမေက ပြောပြ၏။ သို့ဖြင့် မနက်ပိုင်းစာသင်ရမည်ကို တုန့်ဆိုင်းနေးကွေးလေးလံခဲ့သောကျွန်တော် မဖျင်းရိတော့။ လူမည်းအမျိုးသားအားလုံးဟာ "သာဂွတ်မာရှယ်"တို့၊ "ဆစ်ဒနီပွိုင့်တီးယား"တို့ပဲ၊ လူမည်းအမျိုးသမီးအားလုံးဟာလဲ "ဖယ်နီလူဟားမား"တို့ "လီနာဟွန်း"တို့ပဲ။ အသားမည်းတယ်ဆိုတာ အမွေဆက်ခံမှုတစ်ခုပဲ။ ထူးခြားတဲ့ ကံကြမ္မာပဲ။ ခံနိုင်ရည်အစွမ်းသတ္တိပေးစွမ်းနိုင်တဲ့ အောင်ပွဲဝင် ဝန်ထုပ်ဝန်ပိုးပဲ။

ဒီဝန်ထုပ်ဝန်ပိုးကို ကျွန်တော်တို့ စတိုင်ကျကျနဲ့သယ်ပိုးရမယ်။ တစ်ကြိမ်ထက်ပိုပြီး အမေထောက်ပြသည့် စကားတစ်ခွန်းမှာ -

"ဟယ်ရီဘယ်လာဖွန့်တီဟာ ဒီပြိုပယ်ကမ္ဘာမှာ ကြည့်လို့အကောင်းဆုံး ပုဂ္ဂိုလ်ပဲ"

■

"လိုက်ဖ်"မဂ္ဂဇင်းတွင်ဖတ်ခဲ့ရသော လူမည်းက လူဖြူဖြစ်အောင် အရေပြားများကို ဆွဲခွာပြောင်းရန် ကြိုးစားခဲ့သူကို သွားပြီးအမှတ်ရမိသေး၏။ ဤဆောင်းပါးကို ဖတ်ရသောအခါ ကျွန်တော်တုန်လှုပ်မိခဲ့သည်။ ခြုံခိုအတိုက်ခံရသလို လန့်ဖြန့်သွားသည်။အမေကမူ အစွန်းရောက်မှုများကိုသတိပေး၏။ ၎င်းတို့ကို လျစ်လျူရှုရန် ပြောသည်။ ပညာမဲ့သူများ၏လုပ်ရပ်ကို ရှောင်သင့်ကြောင်း အကြံပေး၏။

အင်ဒိုနီးရှားတွင် ကျွန်ခဲ့သောနှစ်များကို ဤသို့ပင် ကျွန်တော်ကုန်လွန်စေခဲ့၏။ ကျွန်တော်အမြင်များ ပြောင်းခဲ့သည်။

■

## အခန်း သုံး

လူအုပ်ကြားထဲတွင် သူတို့ကို ကျွန်တော်မှတ်မိသွားသည်။ အရပ်မြင့်မြင့် ဆံပင်ဖြူဖြူတစ်ဦးက လူအုပ်ကြားမှပေါ်လာ၏။ သူ့ဘေးမှာက အရပ်ခပ်ပုပု အဘွားကြီးတစ်ဦး။ သူတို့က ကျွန်တော့်ဘက် လှည့်ပြီး လက်ဝှေ့ယမ်းပြနေသည်။ ကျွန်တော်က သူတို့ကိုပြန်လက်ဝှေ့ယမ်းအပြတွင် သူတို့က မှန်နောက်တွင် ပျောက်သွားကြ၏။

ရှေ့ဆုံးတန်းကို ကြည့်လိုက်တော့ တရုတ်မိသားစုတစ်စု အကောက်ခွန်နှင့်ပြဿနာတက်နေသည်ကို တွေ့ရ၏။ သူတို့က ဟောင်ကောင်မှ ယခု ရောက်လာသူတွေ ဖြစ်ကြသည်။ အဖေလုပ်သူက ဖိနပ်တွေ ချွတ်ကာ မင်းလမ်းတစ်လျှောက် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေ၏။ ကလေးတွေက ထိုင်ခုံပေါ် ကုပ်ကပ်တက်နေ၏။ အမေနှင့်အဘွားက ခေါင်းအုံးတွေဖောင်တွေ ပိုက်ကာ စကားတတွတ်တွတ် ပြောနေကြသည်။ အဖေလုပ်သူကိုကြည့်ရင်း "လိုလို" နှင့်တူသည်ဟု ကျွန်တော်ထင်မိသည်။ မကြာမီ ကျွန်တော့်နာမည် အော်ခေါ်သံကြား၍ကြည့်လိုက်သောအခါ အဘိုးအဘွားတို့ကို ပြန်တွေ့ရ၏။ အကောက်ခွန်အရာရှိများက မင်းအမေရိကန်လားဟု မေးသည်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ဆက်ဝင်သွားလိုက်" ဟု ကျွန်တော့်ကို ပြောကာ တရုတ်မိသားစုကိုမူ ဆက်စောင့်ခိုင်းထားသည်။

ထွက်က ကျွန်တော့်ကိုပွေ့ဖက်ကြို၏။ အဘိုးက ပန်းကိုပုတ်ပြီး နှုတ်ဆက်သည်။ သူတို့ဝယ်ထားသော ကားအသစ်ဆီသို့ ခေါ်သွားသည်။ အဘိုးက

ကားထဲမှ လေအေးစက်ဘယ်လိုဖွင့်ရမည်ကို ကျွန်တော့်ကိုပြ၏။အဘိုးက ကျွန်တော်ပြန်အလာကို အထူးညစာဖြင့် ကြိုမည်ဟုပြောသည်။ တွတ်ကမူ ကျောင်းတက်ဖို့အတွက် အဝတ်သစ်တွေလိုသေးသည်ဟု အကြံပေး၏။

အမေနှင့်မာယာက အင်ဒိုနီးရှားတွင်နေခဲ့ကာ တစ်နှစ်ကြာမှ လိုက်လာမည်ဟု ပြော၏။ ကျွန်တော်က အမေရိကတွင် ကျောင်းတက်ရမည်။ အမေနှင့်ကျွန်တော် ထွက်သွားခဲ့ကြပြီးနောက် အဘိုးနှင့်အဘွားသည် တက္ကသိုလ်အနီးက အိမ်ကြီးကိုရောင်းကာ အိပ်ခန်းနှစ်ခန်း ပါသော တိုက်ခန်းကျဉ်းလေးတစ်လုံးကို ငှားနေကြ၏။ အဘိုးသည် ပရိဘောဂအရောင်းအဝယ်ကို စွန့်လွှတ်ကာ အသက်အာမခံကိုယ်စားလှယ် လုပ်နေ၏။ အဘိုးက စိတ်မလျှော့သေး။ သူ စ,ရေးတော့မည့် ကဗျာစာအုပ်အကြောင်း ပြောသည်။ သူ ပုံကြမ်းခြစ်ထားသော ပန်းချီကားမကြာခင် ရှုပ်လုံးပေါ်တော့မည်ဟုဆိုသည်။ သူ၏စံပြအိမ်တစ်လုံး၏ပုံစံကို ပုံဖော်ပြောနေသည်။ ကျွန်တော့်ကို သူငယ်စဉ်က ဘဝဇာတ်လမ်းတွေ ပြောပြ၏။ တစ်ခါတလေလည်း "နီးဒါးစ်ဒိုင်ဂျက်စ်"မဂ္ဂဇင်းထဲက ဟာသသစ်များကို ဖောက်သည်ချတတ်၏။

တွတ်က ကောလိပ်ပညာရေး မသင်ဖူးသော်လည်း ကြိုးစားလုပ်ကိုင်ရင်းနှင့် ပြည်တွင်းဘဏ်တစ်ခု၏ ဒုတိယဥက္ကဋ္ဌပင် ဖြစ်နေပြီ။ တွတ်က အဘိုးထက်ပင် ဝင်ငွေကောင်းနေသေး၏။ အဘိုးက ဒါကိုဘဝင်မကျလှသဖြင့် အဘိုးနှင့်အဘွားသည် စကားနိုင်လုရင်း မကြာခဏရန်ဖြစ်ကြ၏။ဟာဝိုင်ယီကို ဂျပန်တို့က မည်သို့လက်ဝါးကြီးအုပ်ထားပုံ၊တရုတ်တို့က ကျွန်း၏ငွေကြေးကို ထိန်းချုပ်ထားပုံများကို မကျေနပ်သည့်နေရာတွင်တော့ သူတို့နှစ်ဦး သဘောထားတိုက်ဆိုင်ကြ၏။ ညဘက်ဆိုလျှင် အဘိုးက ရုပ်မြင်သံကြား ကြည့်သည်။ အဘွားက လူသတ်မှုလျှို့ဝှက်သည်းဖိုစာအုပ်တွေ ထိုင်ဖတ်၏။

*

နွေရာသီ နီးလာပြီ။ ကျွန်တော်လည်း ကျောင်း စ,တက်ရတော့မည်။ ကျွန်တော်က ရှယ်တူအပေါင်းအသင်းများရှိနိုင်မည့်ကျောင်းတွင် နေချင်သည်။ အဘိုးအဘွားတို့ကမူ ကျွန်တော့်အား "ပန်နာဟုအကယ်ဒမီ"တက်စေချင်သည်။ ဤအကယ်ဒမီသည် ၁၈၄၁က စ၍ သာသနာပြုပုဂ္ဂိုလ်များက ထူထောင်ထားခဲ့ပြီး



ကျွန်းရှိ ကြေးရတက်သားသမီးများ နေခွင့်ရသောကျောင်း ဖြစ်၏။ ဤကျောင်းတက်ဖို့က သိပ်မလွယ်။ ကျောင်းနေခွင့် စာရင်းပေါက်ရန် အချိန် အတော်ကြာစောင့်ရ၏။ ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ အဘိုး၏ သူဌေးက ထောက်ခံပေး၍သာ ကျွန်တော် စာရင်းဖွင့်ခွင့်ရခြင်း ဖြစ်သည်ဟု ဆို၏။ နွေမရောက်မီတစ်ချိန်လုံး ကျွန်တော်သည် "ပန်နာဟု"မှကျောင်းဝင်ခွင့်အရာရှိနှင့် အကြိမ်ကြိမ်တွေ့ဆုံရ၏။ အင်တာဗျူး လုပ်ပြီးနောက် အဘိုးနှင့် ကျွန်တော့်ကို ကျောင်းကိုပတ်ကြည့်ခိုင်း၏။ စိမ်းလန်းသောလယ်ကွင်းများ၊ သစ်ရိပ်ဝါးရိပ်ကောင်းကောင်းအောက်တွင် ဆောက်လုပ်ထားသော ရှေးဟောင်းဘိလပ်မြေအဆောက်အဦများနှင့် ခေတ်သစ်မှန်နှင့်သံမဏိအဆောက်အဦများစွာ။ တင်းနစ်ကွင်း၊ ရေကူးကန်၊ ဓာတ်ပုံစတူဒီယို အစုံရှိ၏။ အဘိုးက ကျွန်တော့်လက်မောင်းကို ဖမ်းဆုပ်ပြီးပြော၏။

"ဟေ့ကောင် ငါ့မြေး။ ဒါက ကျောင်းမှ မဟုတ်တာ။ ကောင်းကင်ဘုံပဲကွ။ ငါတောင် မင်းနဲ့အတူတူ ကျောင်းပြန်တက်ချင်လာပြီ"

ကျောင်းနှင့်ပတ်သက်သော အကြောင်းအရာစာရွက်စာတမ်း တစ်ထပ်ကြီးနှင့်အတူ ကျွန်တော်ကျောင်းဝင်ခွင့် ရလာ၏။

"ပန်နာဟုမိသားစုမှ ကြိုဆိုပါ၏"ဟု စာထဲတွင် ရေးထား၏။ ဝယ်ယူရမည့် ပစ္စည်းစာရင်းလည်း ဖော်ပြထားသည်။ ကာယပညာအတွက် တူညီဝတ်စုံ၊ ကတ်ကြေး၊ ပေတံ၊ ခဲတံ၊ ဂဏန်းပေါင်းစက် စသဖြင့်။

ကျွန်တော်ကျောင်းစတက်ရက်တွင် အဘိုးက လိုက်ပို့ပေး၏။ ငါးတန်းခြောက်တန်းများအတွက် "ရဲတိုက်ဆောင်"သို့ သွားရ၏။ ကျွန်တော်တို့ စောရောက်နေသဖြင့် တံခါးပင် မဖွင့်သေး။ ကျောင်းသားအနည်းငယ်တော့ ရောက်နှင့်နေပြီ။ ကျွန်တော်တို့က တရုတ်ကျောင်းသားလေးတစ်ဦးဘေး ဝင်ထိုင်ကြသည်။

"ဟေ့ သားလေး၊ ဒါက ဘယ်ရီ တဲ့၊ ကျုပ်က ဘယ်ရီရဲ့ အဘိုးပဲ။ ဘယ်ရီက ကျောင်းသားသစ်လေ"ဟု မိတ်ဆက်ကာ လက်ဆွဲနှုတ်ဆက်၏။

"ကျွန်တော့်နာမည်က ဖရက်ဒရစ်ပါ ကျွန်တော်လဲ ကျောင်းသားသစ်ပဲ" ဟု ကောင်လေးက ပြန်ပြောသည်။



ကျွန်တော်တို့ ဆရာမ"မစ်ဟက်ဖ်တီ"အတန်းတွင် တက်ကြရ၏။ ကျွန်တော်တို့နှင့် အခြားကလေး လေးယောက် တစ်စားပွဲတွင်ထိုင်ကြသည်။ "မစ်ဟက်ဖ်တီ"သည် ရှူလတ်ပိုင်းအရွယ် ဆံပင်တိုတိုနှင့် ဖျတ်ဖျတ်လတ်လတ်အမျိုးသမီးဖြစ်၏။ သူက ကျောင်းခေါ်စာရင်းခေါ်သောအခါ "ဖရက်ဒရစ်"က လှမ်းမေး၏။

"မင်းနာမည်က ဘယ်ရီ ဆို"

"ဆရာမတို့က မင်းကို ဘယ်ရီလို့ခေါ်ရင် သဘောကျရဲ့လား။ ဘားရက် ဆိုတာက နာမည်လှလေးပါ။ မင်းအဘိုးကပြောတော့ မင်းအဖေက ကင်ညာပြည်သားတဲ့။ ဆရာမလဲ ကင်ညာမှာနေဖူးတယ်။ မင်းတို့အရွယ် ကလေးတွေကို စာသင်ခဲ့ရတယ်လေ။ တော်တော်ကောင်းတဲ့တိုင်းပြည်ပါပဲ။ မင်းအဖေက ဘာအမျိုးအနွယ်ကလဲဆိုတာရော သိလား"

"လျိုမျိုးနွယ်ပါ"

သဲရောင်ဆံပင်နှင့် နောက်က ကောင်လေးက "လျို"ဟူသောအသံကို မျောက်သံမျိုးနှင့်လိုက်ပြီး တုပအော်ဟစ်သည်။

ဆံပင်အနီရောင်နှင့် ကောင်မလေးတစ်ယောက်က ကျွန်တော့်ဆံပင်ကိုကိုင်ကြည့်ပါရစေဟု ပြောသည်။ ကျွန်တော်က ငြင်းပယ်တော့ သူက စိတ်ဆိုးသွားသည်။ ကောင်လေးတစ်ယောက်က မင်းအဖေက လူသားစားသလားဟုမေးသည်။ ကျွန်တော် အိမ်ပြန်ရောက်တော့ အဘိုးက ညစာပြင်ဆင်နေတုန်း တန်းလန်းဖြစ်၏။

"ဘယ်လိုလဲကွ မစ်ဟက်ဖ်တီက ကင်ညာမှာနေခဲ့တော့ မင်းနဲ့အဆင်ပြေမှာပေါ့"

ကျွန်တော်က အခန်းထဲဝင်ကာ တံခါးပိတ်ပစ်လိုက်၏။

တကယ်တော့ ကျောင်းတက်ရတာ အဆင်မပြေလှ။ အဘိုး ရွေးပေးသောအဝတ်များက ခေတ်ဟောင်းသိပ်ဆန်နေသည်။ ဂျကာတာတွင် စီးခဲ့သော အင်ဒိုနီးရှားညှပ်ဖိနပ်မှာ ယခုတော့ အတော် ဂွတီးဂွကျနိုင်နေ၏။ အတန်းထဲမှ ကလေးအများစုမှာ သူငယ်တန်းကလည်းက အတူတူကျောင်းနေဖက်တွေ။ နေတာကလည်း အနီးအနားအိမ်နားချင်းတွေ။သူတို့တတွေ၏အိမ်အများစုတွင် ရေ



ကူးကန် ရှိကြ၏။ သူတို့အဖေတွေက သူတို့ကို ကစားနည်းတွေ သင်ပေး၏။ အမေတွေက မုန့်ဖုတ်သင်ပေးကြ၏။ မည်သူမျှ ဘောလုံးတို့၊ ကြက်တောင်တို့၊ စစ်တုရင်တို့ မကစားကြ။ ကျွန်တော်ကလည်း ဘောလုံးကို မြွေလိမ်မြွေကောက်မပစ်တတ်၊ စက်ဘီးမစီးတတ်။

ဆယ်နှစ်သားတစ်ဦး၏ အိပ်မက်ဆိုးများ။

ကျွန်တော် သတိထားမိသူတစ်ဦးတော့ ရှိ၏။ သူ့နာမည်က "ကော်ရက်တာ"။ ကျွန်တော်မရောက်ခင်ကဆိုလျှင် သူတစ်ဦးတည်းသာ လူမည်းလေးဖြစ်၏။ သူက ဝဝကစ်ကစ်မည်းမည်းသည်းသည်းလေး။ သူ့မှာ သူငယ်ချင်းများများစားစား ရှိမယ်မထင်ပါ။

ပထမနေ့က စ၍ပင် ကျွန်တော်တို့နှစ်ဦးမှာ ရှောင်ဖယ်ဖယ် နေကြ၏။ သို့သော် ခပ်လှမ်းလှမ်းကမူ တစ်ဦးကိုတစ်ဦး အကဲခတ်နေကြသည်။ တိမ်များကင်းစင်နေသောပူပြင်းသည့်နေ့တစ်နေ့တွင် မုန့်စားဆင်းချိန်၌ သူနှင့်ကျွန်တော် ကစားကွင်းတစ်ခုထောင့်တွင် ဆုံမိ၏။

ကျွန်တော်တို့ တစ်ယောက်နှင့်တစ်ယောက် ဘာတွေပြောမိသလဲတော့ မမှတ်မိတော့ပါ။ သူနှင့်ကျွန်တော် လိုက်တမ်းပြေးတမ်းကစားရင်းဖြင့် မောက်ရက် အတူတူလဲကြ၏။ ပြန်ထမည်လုပ်တော့ ကလေးတစ်စုက စုပြုံကြည့်နေကာ ဝိုင်းအော်ကြသည်။

"ကော်ရက်တာ ရည်းစားရနေပြီဟေ့ ကော်ရက်တာ ရည်းစားရနေပြီ"

သူတို့အော်သံကြောင့် တခြားကလေးတွေက ဝိုင်းအုံလာကြ၏။

"သူက ငါ့ရဲ့ ရည်း‥ရည်းစားမဟုတ်ပါဘူး"

ကော်ရက်တာက ဘာမှမပြောဘဲ ခေါင်းကြီးငိုက်ကျပြီး မြေကြီးကိုသာငုံ့ကြည့်နေ၍ ကျွန်တော်က ကမန်းကတန်းငြင်းနေ၏။

"ကော်ရက်တာက ရည်းစားရနေပြီဟေ့။ ဟေ့ကောင် ရည်းစား မင်းသူ့ကို နမ်းလိုက်ပါလားကွ"

"ငါက သူ့ရည်းစား မဟုတ်ဘူးကွ"

ကျွန်တော်က ပြန်ပြောပြီး "ကော်ရက်တာ" ပြေးသွားသည့်နောက်ကို လိုက်၏။

ကော်ရက်တာကမူ ဘာမှမပြောဘဲ ဆက်ပြေးနေ၏။

အားလုံး၏ ဟားတိုက်သံများက ပွဲတင်ရိုက်ခတ်နေသည်။ မကြာခင် ကျောင်းခေါင်းလောင်းထိုးပြီးကျောင်းပြန်တက်ကြရ၏။ ကျွန်တော်ကတော့ ကော် ရက်တာဘက် လှည့်ပင်မကြည့်ရဲတော့။

*

တစ်နေ့တွင် ထွတ်က ကြေးနန်းတစ်စောင်ကို ဖတ်ပြီး ကျွန်တော့်ကို ပြောသည်။

"မင်းအဖေ မင်းဆီ လာတွေ့မယ်တဲ့ နောက်လပေါ့။ မင်းအမေ ဒီကို ရောက်ပြီး နှစ်ပတ်အကြာလေ။ သူတို့ နှစ်သစ်ကူးကာလတွေမှာ ဒီမှာနေကြမယ်"

ထို့နောက် ထွတ်က သူနေနိုင်မည့်နေရာတစ်ခု ရှာရဦးမယ်ဟုလည်း ပြော၏။

နေ့လည်စာစားအပြီးတွင် ကျောင်းမှ ကောင်လေးအချို့ကို ကျွန်တော့် အဖေက မင်းညီမင်းသားဟု ရှင်းပြခဲ့သည်။

"ငါ့အဘိုးဆိုရင် အကြီးအကဲကွ။ သူတို့မျိုးနွယ်စုမှာတော့ ဘုရင်ပေါ့ ကွာ။ အင်ဒီးယန်းတွေလိုပေါ့။ သိတယ် မဟုတ်လား။ ဒါကြောင့် ငါ့အဖေက မင်းသားဖြစ်တာပေါ့။ အဘိုးသေရင် သူပဲ ဘုရင်ဖြစ်မှာ"

"နောက်တော့ကော ဘာဖြစ်ဦးမှာလဲ။ ငါဆိုလိုတာကကွာ မင်းကော ဟိုကိုပြန်ပြီး မင်းသားလုပ်ဦးမှာလား"

သူငယ်ချင်းများထဲမှ တစ်ဦးက မေး၏။

"အေးလေ ငါသွားချင်လဲ ရတာပေါ့။ ဒါပေမယ့် အတော် ရှုပ်ထွေးပေါ တယ်ကွာ။ လျှိုမျိုးစုဆိုတော့ စစ်သူရဲတွေ များသားကလား။ အိုဘားမားဆိုတာ အဓိပ္ပာယ်ကိုက "မီးတောက်နေတဲ့လှံတံ" တဲ့။ ငါတို့မျိုးစုမှာ လူအားလုံးက အကြီး အကဲဖြစ်ချင်ကြတာ။ ငါမလာခင် ငါ့အဖေက ဒါတွေကို ဖြေရှင်းထားရဦးမယ်"

အဖေမရောက်မီ အမေ အရင်ရောက်လာကာ အခန်းတစ်ခန်းပြင်ဆင် ကြရ၏။ အင်ဒိုနီးရှားတွင်ရှိနေစဉ်ကပင် အမေနှင့် အဖေက စာအဆက်အသွယ် ရှိ၏။ သူက ကျွန်တော့်အကြောင်း အတော်သိနေ၏။ အမေကဲ့သို့ပင် အဖေသည် အိုးအိမ်သစ် ထူထောင်ခဲ့၏။ ယခုအခါ ကင်ညာတွင် ကာန်တော့်၌ ညီ ငါးဦး



ညီမတစ်ဦးတို့ ရှိနေကြပြီ။ အဖေသည် ကားတိုက်မှုတစ်ခုဖြစ်ပြီး အတော်ကြာကု သခဲ့ရသေး၏။ ယခုခရီးမှာ ဆေးရုံတွင် အကြာကြီးတက်ပြီးမှ နလန်ထခရီးဖြစ် ၏။

"သားနဲ့ မင်းအဖေနဲ့က မိတ်ဆွေကြီးတွေ ဖြစ်သွားကြလိမ့်မယ်"ဟု အမေက ပြောသည်။

အဖေပြန်မရောက်မီ အမေက ကင်ညာနှင့်ပတ်သက်သော အကြောင်း အရာများကို ကျွန်တော့်ကို စတင် သွတ်သွင်းပေး၏။ "ဂျိုမိုကင်ညာတာ" ရေးသော ကင်ညာသမိုင်းစာအုပ်ကို ပြောပြ၏။ "ဂျိုမို"သည် ကင်ညာ၏ ပထမဆုံးသမ္မတ ဖြစ်၏။ အဖေတို့မျိုးနွယ် လျှိုမျိုးနွယ်သည် ကျွဲနွားမွေး၏။ ရွှံ့တဲကလေးများနှင့် နေ၏။ ပြောင်းဆန်ကို စား၏။ သူတို့၏ရိုးရာဝတ်စုံမှာ သားရေပတ်ကိုခါးတောင်း ကျိုက်ခြင်းဖြစ်၏။

အဖေ ပြန်ရောက်သည့်နေ့က ဆရာမမစ်ဟက်ဖ်တီက ကျွန်တော့်ကို ကျောင်းစောစောလွှတ်ပေး၏။ အိမ်ရောက်၍ တံခါးခေါင်းလောင်းသံကြားသော အခါ ထွတ်က တံခါးသွားဖွင့်သည်။

"ဪ ရောက်လာပြီကိုး။ သားရေ မင်းအဖေကို လာကြိုဟေ့"

အရပ်မြင့်မြင့် အသားမည်းမည်း လမ်းလျှောက်လျှင် အနည်းငယ်ထော့ နင်းထော့နင်းရှိသောပုဂ္ဂိုလ်တစ်ဦး။ သူက ဆောင့်ကြောင့်ထိုင်ချကာ ကျွန်တော့်ကို သူ့လက်မောင်းများဖြင့် ပွေ့ဖက်၏။ ကျွန်တော်ကတော့ လက်နှစ်ဖက်ကို အောက် ချထား၏။ သူ့နောက်က အမေက ရပ်နေသည်။ သူမ၏မေးစေ့က ထုံးစံအတိုင်း တုန်ရင်နေ၏။

"အေး ဘယ်ရီရေ မတွေ့ရတာကြာပြီ ပြန်တွေ့ရတာ ဝမ်းသာတယ် ကွာ။ သိပ်ကောင်းတယ်"

သူက ကျွန်တော့်လက်ကိုဆွဲ၍ အိမ်ထဲဝင်ခဲ့၏။ ဧည့်ခန်းထဲမှာ ကျွန် တော်တို့အားလုံး ထိုင်လိုက်ကြသည်။

"ဘယ်ရီ မင်းအဘွားကပြောတော့ မင်းက ကျောင်းမှာ စာတော်တော် လိုက်နိုင်တယ်ဆိုပဲ"

ကျွန်တော်က ပခုံးတွန့်ပြလိုက်သည်။



"သူက နည်းနည်းရှက်နေတယ် ထင်တယ်"

ထွတ်က ပြောပြီး ပြုံးပြုံးလေးနှင့် ကျွန်တော့်ခေါင်းကို ပွတ်ပေး၏။

"အေးကွ သားက ဘာ ရှက်စရာလိုလို့လဲ။ မင်းညီတွေ ညီမတွေလဲ ကျောင်းမှာ စာတော်ကြတာပဲ။ အဲဒီတော်တဲ့ဓာတ်က သွေးထဲမှာ ပါနေတယ်"

သူက ရယ်ပြီးပြော၏။

လူကြီးတွေပြောနေတာ ကျွန်တော် သေသေချာချာနားထောင်နေ၏။ အဖေက ကျွန်တော်ထင်တာထက် ပိုပိန်သည်။ ဒူးခေါင်းရိုးတွေက ဘောင်းဘီထဲ မှပင် ငေါ်ထွက်နေ၏။ သူ့ဘေးတွင် ဆင်စွယ်ခေါင်းတပ်ထားသော တုတ်တစ် ချောင်း ထောင်ထားသည်။ သူက အပြာရောင် ဘလေဇာကုတ်အင်္ကျီ၊ အဖြူ ရောင် ရှပ်အင်္ကျီဝတ်ထား၏။ သူ၏ ကျွဲကော်ကိုင်းမျက်မှန်ကြောင့် အသက်ထက် ပိုရင့်ရော်နေ၏။

အဖေက အိတ်ထဲမှ သစ်သားရုပ် သုံးရုပ် ထုတ်ပေး၏။ ခြင်္သေ့ရုပ်တစ် ရုပ်၊ ဆင်ရုပ်တစ်ရုပ်၊ တိုင်းရင်းသားတစ်ဦး ဗုံတီးနေသောရုပ် တစ်ရုပ်။

"သားရေ ကျေးဇူးတင်တယ် ပြောလိုက်လေ"

အမေကပြောမှ ကျွန်တော်က "ကျေးဇူးတင်တယ်"ဟု ပြော၏။

အဖေနှင့် ကျွန်တော်က ရုပ်တုလေးများကို ငုံ့ကြည့်ကြ၏။ ထို့နောက် သူက အဘိုးကို ခေါင်းညိတ်ပြသည်။ ထို့နောက် သူတို့ ဝန်စည်စလယ်များကို စုစည်းကာ အောက်ထပ်ဆင်းသွားကြ၏။

*

တစ်လ။ ကျွန်တော်တို့ ငါးဦး အဘိုးအဘွားဧည့်ခန်းတွင် ညနေတိုင်း ထိုင်မိကြ၏။ ရက်သတ္တပတ်အနည်းငယ်ကြာသောအခါ ပြဿနာတွေ မှည့်မှည့် ကြားရပါသည်။ အဘိုးက သူ့ကုလားထိုင်မှာ အဖေထိုင်တာ မကြိုက်ဟု ဆို၏။ ထွတ်ကလည်း ပန်းကန်တွေဆေးရင်း ငါက ဘယ်သူ့ကျွန်မှ မဟုတ်ဘူးဟု မြည်တွန်တောက်တီးသည်။ ညစာစားလျှင်ပင် ကျွန်တော့်အမေက သူ့မိဘတွေ ကို မကြည့်ရဲ။ တစ်ညနေတွင် ကျွန်တော်က ခရစ်စမတ်အထူးပြသော ကာတွန်း ကားကို ရုပ်မြင်သံကြားမှ ကြည့်နေ၏။

"ဘယ်ရီ မင်း ဒီည ရုပ်မြင်သံကြားကြည့်တာ များနေပြီ။ ကိုယ့်အခန်း



ကိုယ်သွားပြီး စာကျက်တော့။ လူကြီးတွေ သူတို့ဘာသာသူတို့ စကားပြောနေ ပါစေ"

အဖေက ပြောသည်ကို ကြားသည်နှင့် ထွတ်က ရုပ်မြင်သံကြားစက် ကို ပိတ်ပစ်လိုက်ကာ ပြောသည်။

"သားရယ် မင်း ကိုယ့်အခန်းထဲမှာပဲကိုယ် ရုပ်မြင်သံကြားဖွင့်ကြည့်ပေါ့ ကွယ်"

"မဟုတ်သေးဘူး မယ်ဒလင် ကျွန်တော်ဆိုလိုတာက ဒီလိုမဟုတ်ဘူး၊ သူက ရုပ်မြင်သံကြားကို ဆက်တိုက်ကြည့်နေလို့ ဝင်ပြောတာ။ အခုအချိန်က စာကျက်ချိန်ရောက်နေပြီလေ"

အမေက ဝင်ပြောသည်။ အမေကလည်း အခုခရစ်စမတ်အားလပ်ရက် မို့ ခရစ်စမတ်ကာတွန်းကို ကြည့်ပါစေဟုဆိုသည်။

"သိပ်ကြာတာမှ မဟုတ်တာ"

"အင်နာ ဒါက အဓိပ္ပာယ် မရှိဘူး။ စာဆိုတာ ကျက်ချိန်ကျက်ရမှာပဲ"

အဖေကပြောကာ ကျွန်တော့်ဘက်လှည့်ပြီး

"ငါပြောနေတယ်နော် ဘယ်ရီ။ မင်းက စာကို ကြိုးစားသင့်သလောက် မကြိုးစားဘူး။ ငါ ခေါ်သံထွက်မလာခင် အခန်းထဲဝင်တော့"

ကျွန်တော်က အခန်းထဲဝင်ကာ တံခါးကိုကျိုင်းကနဲပိတ်လိုက်၏။ အပြင် တွင်တော့ အသံတွေက ပိုပြီးကျယ်ကျယ်လောင်လောင်ကြားလာရသည်။ အဘိုး က ဒါသူ့အိမ်ဟု ပြောသည်။ ထွတ်က အဖေ့အနေနဲ့ ဒီအိမ်မှာလာပြီး ဗိုလ်ကျ မနေသင့်ကြောင်း ပြောသည်။ အဖေကလည်း သူ့သားကို ဝိုင်းပြီး ဖျက်ဆီးနေကြ သည်ဟုစွပ်စွဲသည်။ ထို့နောက် အဖေထွက်သွားတော့ ထွတ်က ကျွန်တော့်အခန်း ထဲဝင်လာကာ ကာတွန်းကား ငါးမိနစ်ကျန်သေးတာ ဆက်ကြည့်ဖို့ပြော၏။

နောက်နေ့တွင် ထွတ်က ကျွန်တော့်အဖေအခန်းသို့ ကျွန်တော့်ကိုလွှတ် ကာ အဝတ်လျှော်စရာတွေရှိမရှိ ကြည့်ခိုင်းသည်။ ကျွန်တော်က တံခါးခေါက် လိုက်တော့ အဖေလာဖွင့်၏။ အဖေက ရှပ်အင်္ကျီဝတ်မထား။ အထဲတွင် အမေ က အဖေ့အဝတ်တွေကို မီးပူတိုက်ပေးနေသည်။ အဖေ့ကိုကြည့်ရသည်မှာ ငိုထား ဟန်တူ၏။ အဖေက ကျွန်တော့်ကို သူ့ကုတင်ဘေးမှာ ထိုင်ခိုင်းသည်။ ကျွန်တော်

က တွတ်ကို ကူညီစရာရှိသည်ဟုပြောကာ ပြန်ခဲ့သည်။ အပေါ်ထပ်ရောက်ပြီ ကျွန်တော့်အခန်း လာရှင်းနေစဉ် အမေ ဝင်လာသည်။

"ကိုယ့်အမေအပေါ် ကိုယ်စိတ်မဆိုးရဘူးလေ သားရယ်။ သူက မင်းကို တော်တော်ချစ်တာ။ တစ်ခါတလေ မင်းအဖေက ခေါင်းမာချင်တာလေးတစ်ခုပဲ ပြောစရာရှိပါတယ်"

"ဟုတ်ကဲ့"

ဟု ကျွန်တော်က မော့မကြည့်ဘဲ ပြန်ပြောလိုက်၏။

"ဒါနဲ့ စကားမစပ် ပြောရဦးမယ်။ မင်းကို ပြောဖို့ မေ့နေတာတစ်ခုရှိ သေးတယ်။ မင်းဆရာမ မစ်ဟက်ဖ်တီက မင်းအဖေကို ကြာသပတေးနေ့မှာ ကျောင်းလိုက်ဖို့ ဖိတ်ထားသေးတယ်။ မင်းတို့အတန်းမှာ အဖေကို ဟောပြော စေချင်တယ်"

ကျွန်တော်တော့ ထိုအကြောင်းကြား၍ ခေါင်းနားပန်းကြီးသွားသည်။ အဖေ ဘာတွေပြောမှာလဲ။ အတန်းသားတွေက ရွံ့တဲလေးတွေနဲ့နေတဲ့အကြောင်း တွေ ကြားရရင် ရယ်လိုက်ကြမှာလား။

ကြာသပတေးနေ့။ ကျွန်တော်တို့သင်္ချာဆရာမစ္စတာအဲလ်ဒရက်ချ် ဦး ဆောင်ကာ ဟိုဘက်အတန်းမှ ကျောင်းသား ၃၀ ဝင်လာ၏။

"မင်းတို့အတွက် အထူးအစီအစဉ် ရှိတယ်။ ဘယ်နီဒိုဘားမားရဲ့အဖေ ဒီကို ရောက်နေတယ်။ သူက အာဖရိကတိုက် ကင်ညာနိုင်ငံကနေ လာတာ။ အခု သူ့နိုင်ငံအကြောင်း ပြောပြလိမ့်မယ်"

အဖေ မတ်တပ်ရပ်လိုက်သောအခါ ကလေးတွေအားလုံး ကျွန်တော့်ကို လှည့်ကြည့်ကြ၏။ အဖေက လူသားတွေ စ,ပေါ်လာသည့်မြေနေရာကို ပြော၏။ တောရိုင်းတိရိစ္ဆာန်များအကြောင်း ပြောသည်။ ခြင်္သေ့တစ်ကောင်ကို သတ်နိုင်ခဲ့ သော လူငယ်လေး၏ လူလားမြောက်မှုကို မြင်ချင်သော မျိုးနွယ်စုအကြောင်း ပြော၏။ "လျို"မျိုးနွယ်စု၏ ဓလေ့ထုံးစံကို ပြော၏။ လူကြီးသူမများကို ရိုသေ တတ်ပုံကို ပြော၏။ ထိုနောက် ကင်ညာနိုင်ငံလွတ်မြောက်ရေးကြိုးပမ်းမှု၊ ဗြိတိ သျှတို့က မတရားဖိနှိပ်မှု။ အသားအရောင်ခွဲခြားနှိပ်စက်ကျွန်ပြုမှုတို့ကိုပြော၏ ဤအခန်းထဲမှ လူအားလုံးတို့ကဲ့သို့ပင် ကင်ညာလူမျိုးတို့သည်လည်း လွတ်လပ်



မှုမြတ်နိုးကာ ကြိုးစားရုန်းလွတ်အနစ်နာခံကြရင်းနှင့် ကိုယ့်ဘာသာကိုယ် တိုး တက်အောင် လုပ်ချင်ကြကြောင်းပြောကာ နိဂုံးချုပ်ခဲ့၏။

သူ စကားပြောပြီးသောအခါ မစ်ဟက်ဖ်တီ၏မျက်နှာသည် ဂုဏ်ယူမှု ဖြင့် ဝင်းပနေ၏။ အတန်းသူအတန်းသား အားလုံးပင် စိတ်ပါလက်ပါ လက်ခုပ် သြဘာတီးလိုက်ကြသည်။ အနည်းငယ်သောကလေးများက မေးခွန်းအချို့ မေး ၏။ အဖေက ရေလည်စွာ အဖြေပေးသည်။ နေ့လည်စာစားချိန် ကျောင်းခေါင်း လောင်းတီးတော့ မစ္စတာအဲလ်ရက်ချ်က ကျွန်တော့်ဆီ လာပြောသည်။

"မင်းက အတော်ဂုဏ်ယူစရာအဖေကို ရထားတာပဲကွာ"

လူသားစားလူရိုင်းများအကြောင်းပြောသော ကလေးက "မင်းအဖေက တည်ငြိမ်တယ်ကွာ"ဟု လာချီးကျူးသည်။

"ကော်ရက်တာ"ကို လှမ်းကြည့်လိုက်တော့ သူလည်း အဖေကို ကျေနပ် နေပုံ အထင်းသားပေါ်နေသည်။

နောက်နှစ်ပတ်အကြာ အဖေပြန်သွားသည်။ ခရစ်စမတ်သစ်ပင်ရှေ့တွင် ကျွန်တော်တို့အားလုံး စုပြီး ဓာတ်ပုံရိုက်ကြသည်။

ထွက်ခွာမည့်နေ့တွင် ကျွန်တော့်အမေနှင့် ကျွန်တော်သည် သူ့အထုပ် အပိုးတွေကို ကူညီပြင်ဆင်ပေး၏။

"ဘယ်ရီရေ ဟောဒီမှာ မင်းကိုပေးဖို့မေ့နေတဲ့ ဥစ္စာတွေ။ မင်းရဲ့အာဖရိ ကတိုက်ကြီးရဲ့အသံတွေလေ"

အဖေက ဓာတ်ပြားတစ်ချပ် ထုတ်ပေးသည်။ ခရာသံတွေ၊ စုံသံတွေ စည်ညံနေသော တိုင်းရင်းတေးများ။

အဖေက စည်းချက်နှင့်အညီ ကပြ၏။ ကျွန်တော်ကလည်း လိုက်တုပ ကြည့်သည်။ အမေက ပြုံးကြည့်နေသည်။ အဘိုးအဘွားတွေဝင်လာပြီး ကြည့် ကြ၏။ ရယ်သံတွေ ပျော်ရွှင်မှုတွေ ညံစည်လာ၏။

■

# အခန်း လေး

"ဒီပန်နာဟုပါတီတွေကို ငါ ထပ်မတက်ချင်တော့ဘူးကွာ"

"အေး မင်းအရင်ကလဲ ဒါမျိုးပြောဖူးသေးတာပဲ"

"ရေး"နှင့်ကျွန်တော်သည် စားပွဲပေါ်မှဟမ်ဘာဂါအထုပ်တွေကို ဖွင့်ရင်း ပြောနေကြ၏။ "ရေး"သည် ကျွန်တော့်ထက် နှစ်နှစ် ပိုကြီးသည်။ သူ့ဖခင်က တပ်မတော်အရာရှိ။ သူက လော့စ်အင်ဂျလိစ်မှ မနှစ်ကပြောင်းလာခြင်း ဖြစ်၏။ သူနှင့်ကျွန်တော် အသက်ကွာသော်လည်း အလွယ်တကူ မိတ်ဆွေဖြစ်ခဲ့ကြ၏။ "ရေး"မှတစ်ဆင့် တဏ္ဍသိုလ်(သို့)စစ်တပ်တွင် ကျင်းပသော လူမည်းပါတီများ အကြောင်း သိရ၏။

အမေသည် "လိုလို"နှင့်ကွာရှင်းခဲ့ပြီးနောက် ဟာဝိုင်ယီသို့ ပြန်လာကာ မနုဿဗေဒဘာသာရပ် မဟာဝိဇ္ဇာဆက်တက်၏။ သုံးနှစ်တိုင်တိုင် ကျွန်တော် သည် အမေရယ်၊ မာယာရယ်နှင့်အတူ ပန်နာဟုအနီးရှိ တိုက်ခန်းကျဉ်းတွင်နေ ထိုင်ကြ၏။ ကျွန်တော့်အမေရသော ပညာသင်ထောက်ပံ့ကြေးနှင့်ပင် ကျွန်တော် တို့သုံးယောက် စားသောက်ကြရ၏။ တစ်ခါတစ်ခါ ကျွန်တော် ကျောင်းမှအပြန် သူငယ်ချင်းတွေခေါ်လာတတ်သည်။ သို့သော် အိမ်တွင် မုန့်ပဲသရေစာက မလုံ မလောက်။ အမေက နောက်တော့ ကျွန်တော့်ကို ရှင်းပြသည်။

"အမေကလဲ ခု အလုပ်မရှိဘူး ကျောင်းတက်နေရတဲ့အဆင့်ပဲ။ ကျောင်း ထောက်ပံ့ကြေးနဲ့ ကလေးနှစ်ယောက်ကိုမွေးကျွေးနေရတာ။ ဒါကြောင့် မုန့်တွေ ဘာတွေ အိမ်မှာ မဖုတ်နိုင်ဘူး"

ကျွန်တော်က အမေ့ကို တတ်အားသမျှ အကူအညီပေးသည်။ ဈေးဝယ် ပေး၊ အဝတ်ကူလျှော်ပေး၊ ညီမလေးကိုကူထိန်းပေး။ အမေက လက်တွေ့လုပ်

နေ်းအတွက် အင်ဒိုနီးရှားကိုပြန်ရမည်ဆိုသောအခါ ကျွန်တော်က ဒီမှာပဲ နေခဲ့သည်။ ကျွန်တော့်ဘာသာကျွန်တော် ကြိုးစားပြီး အမေရိကတွင် လူမည်းတစ်ဦးအနေနှင့် ရပ်တည်နိုင်အောင်လုပ်တော့မည်ဟု သံန္နိဋ္ဌာန်ချလိုက်၏။

အမေကတော့ စာတွေမပြတ်ရေးပါသည်။ ကျွန်တော့်ပညာရေး၊ အမေ့အခြေအနေ၊ ညီမလေးမာယာအကြောင်း၊ သူ အမြဲစိတ်ဝင်စားနေ၏။ လိုအပ်သည့်အကြံဉာဏ်တွေ ပေး၏။ ကျွန်တော်က အမေ့စာတွေကို သေသေချာချာ သိမ်းထားသည်။

အဘိုးတွင် လူမည်းမိတ်ဆွေ တော်တော်များများရှိသည်။ အများစုမှာ သူနှင့်ဖဲရိုက်ဖက်တွေ။ သူတို့အားလုံး သပ်သပ်ယပ်ယပ်ဝတ်စားတာတ်၏။ သူတို့အကျီတွေမှာတော့ ဆေးပြင်းလိပ်နံ့စွဲနေသည်။ သူတို့က ကျွန်တော့်ကိုမြင်လျှင် ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျောကိုပုတ်တာတ်၏။ မင်းအမေ နေကောင်းရဲ့လား၊ အခြေအနေဘယ်လိုလဲဟု မေးတာတ်၏။

ဝိုင်ကီကီတွင် "ဖရင့်"ဆိုသော ကဗျာဆရာတစ်ဦး နေထိုင်၏။ သူက လူမည်းကဗျာအကြောင်းပြောတာတ်၏။ ကျွန်တော် "ဖရင့်"နှင့်တွေ့ချိန်တွင် သူက အသက်ရှစ်ဆယ် နီးနေပြီ။ သူ့ကိုကြည့်ရသည်မှာ ခြင်္သေ့အိုကြီးနှင့်တူ၏။ ကျွန်တော်တို့ သူ့အိမ် ရောက်တိုင်း ကဗျာရွတ်ပြတာတ်၏။ အဘိုးနှင့်အတူ ဝီစကီ သောက်၏။ ညဘက်ရောက်လျှင် သူတို့နှစ်ယောက် ညစ်တီးညစ်ပတ်ကဗျာတွေ စပ်ကြ၏။ တဖြည်းဖြည်းနှင့် သူတို့၏ စကားလမ်းကြောင်းက အမျိုးသမီးတွေအကြောင်း ရောက်သွားတတ်သည်။ တစ်ခါတစ်ခါ အဘိုးသည် ကျွန်တော့်ကို ဟိုနိုလူလူမိန်းမများရှိရာ သူထိုင်နေကျအရက်ဆိုင်သို့ ခေါ်သွားတာတ်၏။ "မင်းအဘွားကို ပြန်မပြောနဲ့နော်"ဟုလည်း ထပ်တလဲလဲမှာတာတ်၏။

ကျွန်တော်က ကျောင်းတွင် ဘတ်စကက်ဘော ကစား၏။ တစ်ခါတလေ တက္ကသိုလ်ကွင်းတွင် သွားကစားသည်။ ကစားသမားများထဲတွင် လူမည်းလက်တစ်ဆုပ်စာ ရှိသည်။ သူတို့ထဲမှ အားကစားနှင့်မဆိုင်သော ဗဟုသုတများလည်း ရပါသည်။

"ရေး"နှင့်အတူ ပါတီများသို့ တစ်ခါတလေတက်၏။ "ရေး"က ပါတီမှမိတ်ဆွေများနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးတာတ်၏။ ...



နှင့်လည်း ရောရောနှောနှောဆက်ဆံရသည်။ သို့သော် သူတို့က ကျွန်တော်တို့ကို သိပ်မခင်မင်လိုလှ။ သူတို့အုပ်စုနှင့်သူတို့သာ ပေါးလားဝါးလား နေတတ်၏။ ကျွန်တော်ကတော့ သဘောပေါက်ထားပါသည်။ ကျွန်တော်တို့သည် လူဖြူတို့၏တရားရုံး၊ လူဖြူတို့၏ဥပဒေများအောက်တွင် နေကြရ၏။ ကျောင်းအုပ်ကြီးသို့မဟုတ် အားကစားနည်းပြဆရာ သို့မဟုတ် ကျောင်းဆရာတစ်ဦးဦးက သင့်မျက်နှာကို တံတွေးနှင့်ထွေးချင်သည် ဆိုပါစို့။ သူတို့အနေဖြင့် လုပ်ပိုင်ခွင့်ရှိ၏။ အဘယ်ကြောင့်ဆိုသော် သူတို့တွင် အာဏာရှိ၏။ သင့်တွင် မရှိ။

ကျွန်တော် စာကြည့်တိုက်မှ စာအုပ်များငှား၏။ ဘောလ်ဒွင်၊ အဲလီဆင်၊ ဟျူးစ်၊ ဝရိုက်၊ ဒူဘွိုက်စ်။ ညဘက်တွင် ထိုစာအုပ်များကိုသည်းသည်းမည်းမည်း ဖတ်၏။ မာလ်ကွန်အိပ်စ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ဖတ်၏။

"ရေး"ကမူ စာဖတ်စရာမလိုဟု ပြော၏။

"ဘယ်စာအုပ်မှာမှ လူမည်းအနေနဲ့ ဘယ်လိုနေရမယ်ဆိုတာမပါဘူးကွ"

ကျွန်တော်က မွတ်စလင်လေး "မာလစ်"ကို မေးကြည့်၏။ မွတ်စလင်လေးက ဘာမှမပြော။ အဝေးကိုငေးကြည့်ပြီး ပြုံး၍သာနေ၏။

*

မီးဖိုထဲမှ ဆူသံပွသံများကြားရ၍ ဘာဖြစ်တာလဲဟု အဘွားကို လှမ်းမေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူးကွာ မင်းအဘိုးက ဒီမနက် ငါ့ကို ရုံးလိုက်ပြီးကားမောင်းမပို့ချင်ဘူးတဲ့။ ဒါပါပဲ"

အဘိုးမပို့ရင် ကျွန်တော် လိုက်ပို့ပေးမယ်ဟု အဘိုးကို သွားပြောလိုက်၏။

"ဒါက အဓိကအချက်မဟုတ်ဘူးကွ။ မင်းအဘွားက ငါ့ကို စိတ်ဆင်းရဲအောင် တမင်လုပ်နေတာ။ အရင်တုန်းက ပြောတော့ တစ်မျိုး၊ ဘတ်စ်ကားနဲ့ပဲ ရုံးသွားရတာ သက်တောင့်သက်သာရှိတယ်တဲ့။ အခု တစ်မျိုးဖောက်လာပြန်ပြီ"

"စတင်လီရေ မဟုတ်တာတွေ လျှောက်မပြောနဲ့နော်"

ကျွန်တော်က ရန်ဖြစ်တော့မည့်အရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် အဘွားကို တစ်ဘက်ခန်းသို့ ခေါ်သွားလိုက်သည်။



"မနေ့က အဘွား ဘတ်စ်ကားစောင့်နေတုန်း လူတစ်ယောက်က ပိုက်ဆံတောင်းတယ်"

"ဒါပဲလား"

"သူက လောဘကြီးတယ်ကွ။ အဘွားက တစ်ဒေါ်လာ ထုတ်ပေးလိုက်တာကို သူက ထပ်တောင်းနေသေးရဲ့ ဘတ်စ်ကားလဲ ပေါ်မလာသေးတော့ ကြာရင် သူက အဘွားကို ရိုက်လုတော့မယ့်ပုံပဲ"

ကျွန်တော်က အဘိုးဆီ ပြန်သွားပြီး

"ကျွန်တော်လိုက်ပို့ခွင့် ဘာဖြစ်လို့မပြုတာလဲ။ အဘွားက အတော်စိတ်ဒုက္ခရောက်နေပြီ"

"မင်းက ဘာသိလို့လဲ မင်းအဘွားကို ဒုက္ခ လာပေးတဲ့သူက လူမည်းမို့လို့ သူက ဒီလောက်စိုးရိမ်နေတာ"

ထိုစကားလုံးများသည် ကျွန်တော့်ဝမ်းဗိုက်ကို လက်သီးပြင်းပြင်းတစ်ချက် ထိုးလွှတ်လိုက်သကဲ့သို့ ခံပြင်းနာကျင်လှ၏။ ကျွန်တော် စိတ်မကောင်းဖြစ်သွားတာကြည့်ပြီး အဘိုးက သူ့စကားကို သူရုတ်သိမ်းကြောင်းပြန်တောင်းပန်၏။ ကျွန်တော်က အဘိုးကိုပင် ပြန်နှစ်သိမ့်လိုက်ရ၏။ နောက်ဆုံးမှ သူအဝတ်ကောက်လဲကာ အဘွားကို ကားမောင်းပို့ပေး၏။ သူတို့ထွက်သွားတော့ ကျွန်တော်သည် ကုတင်စွန်းမှာ ထိုင်ရင်း ကျွန်တော့်အဘိုးအဘွားတို့အကြောင်း စဉ်းစားနေမိ၏၊ သူတို့သည် ကျွန်တော့်အတွက် တစ်ကြိမ်ပြီးတစ်ကြိမ် အနစ်နာခံခဲ့ကြ၏။ သူတို့က မျှော်လင့်ချက်တွေရှုံးကာ ကျွန်တော့်အောင်မြင်ရေးအတွက် ပံ့ပိုးပေးကြသည်။

*

ထိုညက ကျွန်တော် ဝိုင်ကီကီသို့ကားမောင်းထွက်ခဲ့သည်။ ကဗျာဆရာ ဖရင့်အိမ်ကို သွားခြင်းဖြစ်၏။ ဖရင့်၏စာကြည့်မျက်မှန်က နှာခေါင်းပေါ် လျှောကျနေ၏။ သူ့ပေါင်ပေါ်မှာတော့ ကဗျာစာအုပ်တစ်အုပ်။ သူနှင့်ကျွန်တော် မတွေ့တာ သုံးနှစ်ကြာပြီ။

သူက ကျွန်တော့်ကို ဝီစကီ သောက်မလားဟု မေးရာ ကျွန်တော်က ခေါင်းညိတ်ပြလိုက်၏။ မီးဖိုချောင် ကြောင်အိမ်ပေါ်မှ ပလပ်စတစ်ခွက်နှစ်ခွက် သွားယူကာ ဝီစကီငှဲ့ပေး၏။



"မင်းအဘိုးရော နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"မင်း ဒီကို ဘာလာလုပ်တာလဲ"

ကျွန်တော်က အဖြစ်အပျက်အချို့ကို ပြောပြ၏။

"ငါတို့နှစ်ယောက်စလုံးက မိုင်၅၀အကွာမှာ နေကြတယ်။ ဒါပေမယ့် အရင်တုန်းက တစ်ယောက်နဲ့တစ်ယောက် မသိခဲ့ကြဘူး။ နောက်ကျမှ ရင်းနှီးလာကြတာ။ သူက မင်းအမေကို အလုပ်အကျွေးပြုဖို့ငှားထားတဲ့ လူမည်းမကလေးတစ်ယောက်အကြောင်း တစ်ခါက ပြောဖူးတယ်။ မွေးဆရာရဲ့သမီးလား မသိဘူး။ ငါထင်တယ်။ သူက နောက်ပိုင်းမှာ မိသားစုဝင်လိုဖြစ်လာပုံလဲပြောတယ်။ အခြားလူတစ်ယောက်ယောက်ရဲ့ ကလေးကို လာထိန်းရတဲ့သူ။ သူ့အမေကလဲ တခြားသူတစ်ယောက်ယောက်ရဲ့အဝတ်တွေလျှော်ပေးရတဲ့သူ။ သူတို့ဟာ မိသားစုဝင်တွေ ဖြစ်လာတယ်"

ကျွန်တော်က ဝှလင်းကို လှမ်းယူကာ ကိုယ့်ဘာသာကိုယ် အရက်ငှဲ့သောက်လိုက်သည်။ ဖရင့်က ကျွန်တော့်ကိုကြည့်မနေ။ သူ့မျက်လုံးတွေကိုပိတ်ထား၏။ ကုလားထိုင် နောက်ကျောကို ခေါင်းမှီထား၏။ သူ၏ အတွန့်အတွန့်မျက်နှာကြီးမှာ ကျောက်ဆစ်ရုပ်ကြီးလိုဖြစ်နေ၏။

"မင်းအဘိုးကို အပြစ်မတင်နဲ့ကွာ။ သူက အခြေခံအနေနဲ့လူကောင်းပါ။ ဒါပေမယ့် သူက ငါ့ကိုမသိဘူး။ သူသိတာဆိုလို့ အဲဒီကောင်မလေးက မင်းအမေကို ထိန်းတာလောက်ပဲ သိတယ်။ ငါ သူ့ကိုသိသလို သူ ငါ့ကို မသိဘူး။ ဟာဝေယံလူမျိုးတွေရော အိန္ဒိယလူမျိုးတွေရော သူတို့အဖေတွေ အနှိမ်ခံနေရတာကို မြင်ကြမယ်။ သူတို့ရဲ့အမေတွေဟာ ကျွန်လို ရှုံးနေကြရတယ်။ ဒါတွေ ဒီလိုခံစားရတာကို မင်းအဖေက မသိဘူး။ သူမခံစားနိုင်ဘူး။ ဒါကြောင့် သူက ဒီကိုလာပြီး ငါ့ဝီစကီကိုလာသောက်နိုင် အခုမင်းထိုင်နေတဲ့ကုလားထိုင်မှာ အိပ်ပျော်နေနိုင်တာပေါ့။ သူအိပ်တာမှ ကလေးငယ်ကလေး ကျနေတာပဲ။ ငါတောင် ဒီမှာ သူ့လောက် အိပ်မပျော်ဘူး။ ငါဘာသာငါ စောင့်ကြည့်နေရသေးတယ်။ ငါ့အသက်ရှင်ရေးကို ငါလုံးပမ်းနေရသေးတယ်"

ဖရင့်က မျက်လုံးကို ဖွင့်လိုက်သည်။

"ငါပြောနေတာက မင်းအသွား ကြောက်စရာရှိတာ ကြောက်တယ်ဆိုတာ မှန်တဲ့အကြောင်းပဲ။ သူလဲ စတင်လီလိုပဲပေါ့။ သူလဲ လူမည်းတွေ ဆိုတာ မုန်းစရာကောင်းတယ် ဆိုတာ နားလည်နေတယ်လေ။ မင်းကျတော့ တစ်မျိုးပေါ့။ မင်းလဲ ကြာရင် ဒါတွေ ရိုးသွားမှာပါကွာ"

ဖရင့်က မျက်လုံးတွေကို ပြန်ပိတ်လိုက်ပြန်သည်။ သူ့အသက်ရှူသံက တဖြည်းဖြည်းနေးသွားသည်။ နောက်ဆုံး သူအိပ်ပျော်သွားပုံရ၏။ ကျွန်တော်က သူ့ကို နှိုးဖို့ကြံသေး၏။ နောက်မှ မနှိုးတော့ဘဲ ကားဆီသို့ ပြန်လျှောက်ခဲ့သည်။ ကျွန်တော့်ခြေထောက်အောက်မှမြေကြီးက တုန်ခါနေသည်။ အချိန်မရွေး ကွဲအက်သွားတော့မယောင်။ ကျွန်တော် လမ်းလျှောက်တာ ရပ်လိုက်၏။ ကိုယ့်ဘာသာကိုယ် တည်ငြိမ်အောင် ကြိုးစားလိုက်၏။ ပထမဆုံးအကြိမ် ခံစားလိုက်ရသည်က ကျွန်တော်သည် လုံးဝဥဿုံအထီးကျန်ဖြစ်သည် ဆိုသည်ကိုပင်။

■

## အခန်း ငါး

နံနက် သုံးနာရီ။ လရောင်ဆမ်းထားသော လမ်းက ရှင်းလင်းနေသည်။ ဟိုးအဝေးဆီမှ ကားတစ်စီးက အရှိန်ပြင်းပြင်းမောင်းထွက်သွားသံ ကြားရသည်။ "ဘီလီဟောလီးဒေး"နှင့်ကျွန်တော်က နေအထွက်ကိုစောင့်နေကြ၏။ သူမ၏အသံက အမှောင်ထုကို ထွင်းဖောက်ပြီးထွက်နေသည်။

"မင်းကိုလိုချင်တဲ့အတွက်.....ငါ ရူးနေပြီ၊
ရူးနေပါပြီ.....မင်းကို လိုချင်လို့ပါ"

ကျွန်တော်က အရက်တစ်ခွက် သောက်လိုက်ကာ အခန်းကို မျက်စိကစားလိုက်၏။ ကဏန်းလက်မဟင်းခွက်များ၊ ပြာတွေပြည့်နေသော ဆေးလိပ်ခွက်၊ ပုလင်းလွတ်တွေ။ ပါတီက တော်တော်လှသည်။ ဘယ်ရီနှင့် ဟာဆန်တို့ တော်တော်ပျော်လိုက်တဲ့ပွဲပဲဟု သူငယ်ချင်းတွေက ပြော၏။ "ရက်ဂ်ီနာ"ကတော့ မပျော်။ သူက ကျွန်တော့်ကိုမသိ။ ကျွန်တော် ဘယ်ကလာသည်ကို သူ မသိ။

ကျွန်တော်က ထိုင်ခုံရှည်တွင်လှဲချလိုက်ကာ စီးကရက်တစ်လိပ်ကိုမီးညှိလိုက်၏။ မီးခြစ်ဆံ မီးလောင်ပြာကျသွားသည်အထိ ကျွန်တော် စောင့်ကြည့်နေ၏။ မီးခြစ်ဆံမီးအကြွင်းအကျန်က ကျွန်တော့်လက်ချောင်းကိုပင် လာလောင်၏။ ကျွန်တော်က လက်ချောင်းလေးများနှင့် မီးကိုငြိမ်းပစ်လိုက်သည်။

ကျွန်တော်က အမေ့ဆီ စာမရေးဖြစ်။ အမေကလည်း ကျွန်တော့်ကို စာပြန်မရေး။

ကျွန်တော်က ဆေးလိပ်မီးခိုးများကို အကွင်း အကွင်း မှုတ်ထုတ်လိုက်သည်။ "မီကီ"က ချွေးပြန်နေသဖြင့် သူ့မျက်နှာက ပြောင်လက်နေ၏။ သူ့ဘေးမှာက ဆလာဒ်နှင့်အမဲကင်ပုံကြီး ရှိနေသည်။ သူက ဆေးထိုးအပ်ကို တပြင်ပြင်။



အမေပြောသောစကားများကို ဆုံးအောင် နားမထောင်ဘဲ ကျွန်တော် အပြင်ထွက်ခဲ့၏။

*

ဘီလီက သီချင်းဆိုတာ ရပ်လိုက်၏။ တိတ်ဆိတ်မှုကို ကျွန်တော်မခံနိုင်။ ရုတ်တရက် အထီးကျန်သလို ခံစားမိ၏။ ကျွန်တော် ထိုင်ခုံပေါ်မှ ထ၍ကာ ဓာတ်ပြား ဖွင့်လိုက်သည်။ ဖန်ခွက်ထဲမှလက်ကျန်ကို မော့ချလိုက်ကာ နောက်တစ်ခွက် ထပ်ထည့်၏။ အပေါ်ထပ်တွင် ရေအိမ်ဆွဲသံကိုကြားလိုက်ရ၏။ နားထဲတွင်တော့ အမေ့ပြောစကားတွေ ကြားယောင်လာ၏။

ကျွန်တော် အထက်တန်းကျောင်းပညာရေး ပြီးခဲ့ပြီ။ လော့စ်အင်ဂျလိစ်ရှိ "အောက်ဆီဒင်တယ်ကောလိပ်"တွင် တက်ရန် စီစဉ်ထား၏။ ဟာဝိုင်ယီသို့ မိသားစုနှင့်အတူလာလည်သော မိန်းကလေးတစ်ဦးကို ကျွန်တော်တွေ့မိပြီး သူနေထိုင်ရာ"ဘရင့်ဝုဒ်"နှင့် နီးနီးနားနားတွင် ကျောင်းတက်ချင်သည်။ "ဖရင့်"ကမူ ကျွန်တော့်အကြံအစည်ကို သဘောမကျ။

"ဖရင့်"က ကောလိပ်ကို ဤသို့ အဓိပ္ပာယ်ဖွင့်သည်။ ညီညီနှိုင်းနှိုင်းနဲ့ရမယ့် အဆင့်မြင့်ဒီဂရီပေါ့။ ဟာဝိုင်ယီကမထွက်ခွာမီ ရက်အနည်းငယ်က ကျွန်တော် ကဗျာဆရာအိုကြီးကို သွားတွေ့သေး၏။ ဥရောပမိနှပ်ထဲသို့ အတင်းသွတ်သွင်းစီးရန် ကြိုးစားနေသော အမေရိကန်ခြေထောက်အကြောင်း ပြောခဲ့ကြ၏။ ကောလိပ်က ဆင်းလျှင် မင်း ဘာလုပ်မလဲဟု သူက ကျွန်တော့်ကို မေးသည်။ ကျွန်တော်က မသိဘူးဟုဖြေလိုက်တော့ သူက ဟက်ဟက်ပက်ပက်ရယ်လိုက်၏။

"အေး ဒါမှပြဿနာပဲဟေ့။ မင်းက ဘာလုပ်ရမယ်တောင် မသိတဲ့သူပဲ။ မင်းလဲ တခြားကောင်တွေနဲ့ဘာထူးလို့လဲ၊ အချိန်တန် ကောလိပ်တက်ပြီးရင်ပြီးရော လူမျိုးတွေပဲ။ မင်းတို့ ကောလိပ်တက်နိုင်ဖို့ တစ်ချိန်လုံးတိုက်ပွဲဝင်ခဲ့သူတွေကို သတိရဦးမှပေါ့"

"ဘာကို ဆိုလိုတာလဲ"

"မင်းတို့မျိုးရိုးကို တံခါးဝမှာ ထားခဲ့တာ၊ မင်းတို့လူတွေကို နောက်မှာ ချန်ခဲ့တာပြောတာ။ တစ်ခုခုနားလည်ထားပါ ကလေးရယ်။ မင်း ကောလိပ်သွားတာ ပညာသင်ရုံသက်သက် မဟုတ်ဘူး။ ကောလိပ်ဆိုတာ လေ့ကျင့်တဲ့နေရာပဲ။



ဤကာလပ်သို့ သူ့နည်းသူ့ဟန်နှင့်သူ မကျေမနပ်ဖြစ်ကြသူများ လာကြ၏။ ပတ်ဗလို၊ ဘရုစ်၊ ချူတို့လည်း သည်အတိုင်းပင်။

ကျွန်တော်ကမူ အမေ့ကို တစ်ခါက မေးဖူး၏။ ကမ္ဘာပေါ်က ကံကြမ္မာ၏အခန်းကဏ္ဍ။ ကျွန်တော်၏ အထက်တန်းကျောင်းအစပိုင်းနှစ်များတွင် ကံကို ပိုသိလာ၏။ အမေက ဟာဝိုင်ယီသို့ပြန်ရောက်နေပြီ။ သူမ၏ လက်တွေ့သင်တန်းများက ပြီးသွားပြီ။ တစ်နေ့တွင် သူက ကျွန်တော့်အခန်းထဲကိုဝင်လာသည်၊ ပတ်ဗလိုအဖမ်းခံရပုံကို လာမေး၏။ကျွန်တော်က အမေရယ် မပူပါနဲ့ဟု အေးအေးသက်သာ ပြန်ပြောလိုက်၏။ ပတ်ဗလိုသည် ယာဉ်မောင်းလိုင်စင် မပါဘဲ ကားမောင်းသည်။ ရဲက ကားကိုရှာတော့ မူးယစ်ဆေးအချို့ တွေ့သည်။ ဒါပါပဲ၊ ကျွန်တော်က ဒီလိုမမိုက်မဲပါဟု ပြန်ပြောလိုက်၏။ အမေကတော့ မကျေနပ်၊

"မင်းအနာဂတ်ကို မင်း မစဉ်းစားမိဘူးလား"

"ဘာဆိုလိုတာလဲ အမေ"

"မင်းက အမေဘာပြောသလဲဆိုတာ အတိအကျမှမသိတာ၊ မင်းသူငယ်ချင်းတစ်ယောက်က မူးယစ်ဆေးဝါးလက်ဝယ်ပိုင်ဆိုင်မှုနဲ့အဖမ်းခံရပြီလေ၊ အခု မင်းရဲ့အမှတ်တွေက ကျနေတယ်၊ ကောလိပ်လျှောက်လွှာလဲ စ,တောင် မတင်ရသေးဘူး၊ အမေပြောတာကို မင်း သေသေချာချာဂရုစိုက်နားထောင်ပါကွာ"

ကျွန်တော်က အမေပြောတာတွေ နားမထောင်ချင်ပါ။

"သားက အခု တော်တော်ပေါ့နေတယ်၊ ကံအခွင့်အလမ်းကို ငုတ်တုတ်ထိုင်စောင့်နေတဲ့သူနဲ့ တူနေတယ်"

သား၏ရှေ့ရေးကို အမေ ပူပန်နေပုံရ၏။

"အဘိုးကို ကြည့်။ သူက ကောလိပ်မရောက်ဘူး။ ဒါပေမယ့် သူ့သားသမီး လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကြိုးစားခဲ့တယ်၊ အဲဒါလဲ ကြည့်ဦးလေ အမေရယ်"

ကျွန်တော့်နှိုင်းယှဉ်ချက်ကို ကြားရသောအခါ အမေက အံ့သြသွား၏။ သူ မျက်နှာပျက်သွားသည်။ မျက်လုံးတွေက ဂဏှာမငြိမ်တော့။

"အမေ ဘာမှမပူပါနဲ့။ အဘိုးလို ဖြစ်အောင် ကျွန်တော် လုပ်ပါမယ်"

"မင်းက မင်းအဘိုးထက်ပိုပြီး ...... သင်နေရတဲ့သူ

သူတို့က မင်းကို လေ့ကျင့်ပေးလိမ့်မယ်၊ အမေရိကန်နဲ့မင်းတို့နဲ့ အခွင့်အရေးတူတူပဲဆိုတာတွေ ခေါင်းထဲသွင်းပေးလိမ့်မယ်၊ မင်းတို့လူမျိုးထဲမှာ မင်းဟာ ဂုဏ်ရှိတဲ့သူဆိုတာ သင်ပေးလိမ့်မယ်။ နောက်ဆုံးမှာ မင်းဟာ လစာကောင်းကောင်း ရတဲ့ မြေညီးစုတ်ဖြစ်လာမှာပဲ။ ဒါပေမယ့် မြေညီးစုတ်ကတော့ မြေညီးစုတ်ပါပဲကွာ"

"ခင်ဗျား ဆိုလိုချင်တာက ကျွန်တော် ကောလိပ် မတက်သင့်ဘူးပေါ့၊ ဟုတ်လား"

"ငါပြောတာ ဒီလိုမဟုတ်ဘူး၊ မင်း သွားတက်ရမယ်။ ကျောင်းတက်ရင်းနဲ့ မျက်လုံးကိုဖွင့်ထားရမယ်။ နိုးကြားနေရမယ်လို့ ဆိုလိုတာ"

"ဖရင့်"က သက်ပြင်းတစ်ချက်ချပြီး ကုလားထိုင်ပေါ် ထိုင်ချလိုက်၏။ မျက်လုံးကိုဖွင့်ထားဟု သူက သတိပေးခဲ့၏။ပြောသလောက် မလွယ်လှပါ။

လော့စ်အင်ဂျလိစ်သည် ဟာဝိုင်ယီနှင့် လုံးဝဥဿုံ ခြားနား၏။ သင်မြင်သမျှအပိုင်းလေးလောက်ဖြင့် အကဲဖြတ်၍မရ။ သင်မြင်ရသမျှထက် ပိုကြီးသည်။ သင့်ဆံပင်ကို မည်သို့ညှပ်ရမည်ကိုနားလည်သော ဆံပင်ညှပ်သမားကိုပင် ပိုပြီး လွယ်လွယ်ကူကူရှာ၍ ရနိုင်သည်။ ကောလိပ်ရှိ ကျောင်းသားများမှာ ခင်တတ်မင်တတ်၏။ ဆရာတွေကလည်း တော်၏။

ကောလိပ်ရှိ လူမည်းကျောင်းသားအများစုသည် ညှိနှိုင်းမှုနှင့်ပတ်သက်၍ ပူပင်သောကရှိကြပုံ မရ။ မောင်မယ်သစ်လွင်အနေနှင့် ကျွန်တော် အဆောင်တွင် နေရသည်။ လူမည်းကျောင်းသားအများစုသည် ပုန်ကန်ချင်စိတ် မရှိကြ။ ကိုယ့်လူမျိုးကို ကိုယ်မေ့ထားကြပုံပေါ်၏။ ကျွန်တော်ကကော ရောယိမ်းလိုက်ဘာသားယိမ်းလိုက်နေလို့ မဖြစ်ပေဘူးလား။

ဖျိုက်စ်ကတော့ ပြောစရာရှိတာ ပြောချင်သည်။ သူက ရုပ်ချောသည်။ မျက်လုံးစိမ်းနှင့် ပျားညိုရောင်အသားအရေနှင့် နှုတ်ခမ်းဖူးဖူးလေးနှင့်။ ကျွန်တော်တို့ ပထမနှစ်ကျောင်းသားအားလုံး သူ့ကို သဘောကျကြ၏။ တစ်နေ့ ကျွန်တော်က သူ့ကို မေး၏။ လူမည်းကျောင်းသားများအသင်းအစည်းအဝေးကို မတက်ဘူးလား။ သူက ကျွန်တော့်ကို ရယ်စရာလို ထင်နေ၏။ ကလေးတစ်ယောက်လို သူက ခေါင်းခါနေ၏။



"ကျွန်မက လူမည်းမှ မဟုတ်တာ။ ကျွန်မက လူမျိုးပေါင်းစုံ စပ်ထားတဲ့သူပဲ"

သူက သူ့အမေအကြောင်းပြော၏။ သူ့အမေက အီတလီလူမျိုး။ သူ့အဖေက အာဖရိကတစ်ဝက် ပြင်သစ်တစ်ဝက် အမေရိကန်တစ်ဝက် သွေးမျိုးစုံနှောသူ။

"ဒါကြောင့် ကျွန်မက လူမည်းတွေထဲ ဘာဖြစ်လို့ဝင်ပါရမှာလဲ။ လူဖြူတွေက ဘာမှ သိပ်မပြောကြပါဘူး။ လူမည်းတွေကသာ လူမျိုးရေးတွေ ပြောနေတတ်ကြတာ"

ဤသည်မှာ ဖျိုက်စ်ကဲ့သို့သူမျိုး၏အသံ။ သူတို့က သူတို့၏သွေးမျိုးစုံနှောနေသောလူအဖြစ်ကို ဂုဏ်ယူတတ်ကြ၏။ သူတို့ကပင် လူမည်းတွေကိုရှောင်ဖယ်ရှောင်ဖယ် လုပ်တတ်ကြသေးသည်။

ကျွန်တော်ကကော ဘယ်လိုလူမျိုးလဲ သင် မသိဘူးလား။ ကျွန်တော်က တစ်သီးပုဂ္ဂလ။

*

ကျွန်တော်က ထိုင်ချလိုက်သည်။ စီးကရက်နောက်တစ်လိပ်ကို သောက်၏။ ဖန်ခွက်ထဲမှလက်ကျန်ကို မော့လိုက်သည်။ ဖျိုက်စ်စကားတွေကို ကျွန်တော် နာ၏။ သူ့ကဲ့သို့ပင် အခြားသောလူမည်းတစ်စုကလည်း သူ့လိုသဘောထားမျိုးတွေရှိကြ၏။ ကျွန်တော်က သူငယ်ချင်းတွေကို ရွေးပေါင်းတော့မည်။ နိုင်ငံရေးအရ တက်ကြွသူလူမည်းကျောင်းသားများကိုသာ ရွေးပေါင်း၏။ နိုင်ငံခြားကျောင်းသားများနှင့် ပေါင်း၏။ မာက်စ်ဝါဒီပါမောက္ခများ၊ အမျိုးသမီးရေးလှုပ်ရှားသူများ၊ ပန့်ခ်ရှေ့ခ်ကဗျာဆရာများ။ ကျွန်တော်တို့ စီးကရက်သောက်၏။ သားရေဂျာကင်ဝတ်၏။ ညဘက်တွင် အဆောင်များ၌ ကိုလိုနီလက်သစ်ဝါဒအကြောင်း၊ ဥရောပဗဟိုပြုဝါဒအကြောင်း၊ဖရန့်စ်ဖန်နွန်အကြောင်း၊မဟာမိုဝါဒအကြောင်းများ ဆွေးနွေးကြ၏။ စီးကရက်တိုတွေကို ကော်ဇောအောက်များသို့ထိုးသိပ်ပစ်၏။ စတီရီယိုစက်တွေအသံကုန်ဖွင့်သည်မှာ နံရံများပင် ယိမ်းထိုးနိုင်သည်အထိ။ ဘူဇွာလူမှုအသိုင်းအဝန်းကို ဆန့်ကျင်ရန် ကြိုးစားကြ၏။ အခြားသူများနှင့် ကျွန်တော်တို့ တစ်သီးတခြားနေကြ၏။



သို့သော် ဤနည်းဤဟန်သည် ကျွန်တော်ဖြစ်စေချင်သောဆန္ဒကို မဖြည့်ဆည်းပေးနိုင်ပါ။ ကျောင်းတွင် လူမျိုးစုံသဘောထားမျိုးစုံရှိကြ၏။မိမိက မည်သည့်ဘက်ပါမလဲဆိုသည်သာ အရေးကြီး၏။

ရယ်ဂျီ မားကပ်စ်နှင့်ကျွန်တော်တို့သုံးဦးသား ဘီယာသောက်ရင်း စကားပြောမိကြ၏။

"ကျွန်တော် လူဖြူရပ်ကွက်တစ်ခုထဲ လျှောက်အသွား လူဖြူတစ်စုက ကျွန်တော့်ကို လူမည်းဆိုပြီး ရှိုင်းရှိုင်းပြပြ စော်ကားမော်ကားလုပ်ကြတယ်ဗျာ"

မားကပ်စ်ပြောတာ ကျွန်တော်တို့ နားထောင်နေကြသည်။ သူ့မိသားစုအကြောင်းလည်း သူက ပြောပြ၏။ သူ့အမေက သူနာပြုလုပ်ပြီး သူ့ကိုထိန်းကျောင်းခဲ့ရပုံ၊ သူ့အစ်မက မြို့နယ်ပင်သာပါတီထူထောင်သူတစ်ဦးဖြစ်ပုံ။ သူက လူမည်းတစ်ဦးအဖြစ် အနှိမ်ခံခဲ့ရပုံတွေကိုပြောပြနေစဉ် တင်မ်က အခန်းထဲဝင်လာ၏။

"ဟေ့ကောင် ဘယ်ရီ၊ မင်း ဘောဂဗေဒလေ့ကျင့်ခန်းတွေ တင်ပြီးပြီလား"

တင်မ်က လူမည်းပင် ဖြစ်၏။ သို့သော် ကျွန်တော်တို့အုပ်စုနှင့်မတူ။ သူ့ချစ်သူကတော့ လူဖြူမလေး။ ယခု သူ့ချစ်သူက ကျေးလက်သီချင်းတစ်ပုဒ်ကို နားထောင်ရင်း အပြင်မှစောင့်နေ၏။ ကျွန်တော်က တင်မ်ကို အခန်းထဲဝင်မလာစေချင်။ ထို့ကြောင့် သူလိုချင်သော လေ့ကျင့်ခန်းစာရွက်ကို အပြင်ထွက်ပေးပြီး ရယ်ဂျီ၏အခန်းထဲသို့ ပြန်ဝင်ခဲ့၏။

ထိုသို့ ခွဲခြားခွဲခြားဆက်ဆံမှုကို မားကပ်စ်က မကျေနပ်သဖြင့် ကျွန်တော့်ကို ဝေဖန်ခဲ့၏။

"ရယ်ဂျီနဲ့ကျတော့တစ်မျိုး"

မားကပ်စ်က ကျွန်တော်ဖတ်သောစာအုပ်များကို ဝေဖန်နေစဉ် ကော်ဖီဆိုင်ထဲသို့ ရယ်ဂျီနာ ဝင်လာ၏။ မားကပ်စ်က သူ့ကို ကျွန်တော်တို့စားပွဲတွင် ဝင်ထိုင်ခိုင်းသည်။

"အစ်မရယ်ဂျီနာ၊ ဒါက ဘားရက်လေ။ ဘားရက်ဖတ်တဲ့စာအုပ်တွေကို ဝေဖန်နေတုန်း အစ်မရောက်လာတာ အတော်ပဲ"



"မားကပ်စ်ကတော့ ဒီလိုပဲ သူ မှန်တယ်ထင်တာကို ဇွတ်ပြောတတ်တယ်"

ရယ်ဂျီနာက ဝင်ပြောသည်။

"သူပြောတာ တကယ်တော့ မှန်ပါတယ်။ ဒီ ဂျိုးဇက်ကွန်ရဒ်ရဲ့ အမှောင်ထဲက နှလုံးသား စာအုပ်ဟာ လူမျိုးရေးစာအုပ်ပါ။ လူမည်းတွေကို နှိမ်ထားတဲ့ စာအုပ်ပါ"

"ဒါကို သိရက်နဲ့ မင်းက ဘာဖြစ်လို့ဖတ်နေတာလဲ"

ရယ်ဂျီနာက ကော်ဖီကို တစ်ကျိုက်လောက် သောက်ရင်းနှင့် မေး၏။

"ဒါဖတ်ရမယ် ပြောလို့ ဖတ်တာပါ။ ဘာဖြစ်လို့လဲဆိုတော့.."

"ဘာဖြစ်လို့..."

"ဘာဖြစ်လို့ ဆိုတော့ ဒီစာအုပ်ဟာ ကျွန်တော့်ကို သင်ပေးတယ်လေ၊ လူဖြူတွေအကြောင်းကိုပေါ့။ ဒီစာအုပ်ဟာ တကယ်တော့ အာဖရိကအကြောင်း မဟုတ်ဘူး၊ လူမည်းတွေအကြောင်း မဟုတ်ဘူး၊ ဒါက စာရေးသူအကြောင်းပဲ။ ဥရောပတိုက်သားအမေရိကန်အကြောင်းပဲ။ လောကကြီးကို ရှုမြင် သုံးသပ်ပုံကို ရေးထားတာ။ ဒီစာအုပ်ဖတ်တော့မှ လူဖြူတွေ ဘာကို သိပ်ကြောက်သလဲဆိုတာ ကျွန်တော် နားလည်လာတယ်။ ဘယ်သူတွေ ဘာကိုမုန်းကြတယ်ဆိုတာ ဒီစာအုပ်ကနေ ကျွန်တော် သိလာတယ်"

"ဒါက မင်းအတွက် အရေးကြီးတာပေါ့နော်"

"ရောဂါကို ဒီလိုနဲ့ပဲ ကုသနိုင်တာပေါ့။ ရောဂါဇစ်မြစ်ကို ရှာဖွေနိုင်တာပေါ့"

ရယ်ဂျီနာက ပြုံးပြီး ကော်ဖီကို ဆက်သောက်နေ၏။

သူ့ကို ကျွန်တော် ယခင်ကတည်းက မြင်ဖူးသည်။ စာကြည့်တိုက်တွင် စာအုပ်တစ်အုပ် ကိုင်ပြီး ထိုင်ထိုင်နေတတ်သူ။ ခန္ဓာကိုယ် ထွားထွားကျိုင်းကျိုင်း လူမည်းမလေး။ မျက်နှာထက်ကြီးသောမျက်မှန်ကိုတပ်၊ ခေါင်းမှာ အမြဲပုဝါစည်းထားသူ။

သူက ကျွန်တော့်ထက် အတန်းငယ်သည်။ သို့သော် လူမည်းကျောင်းသားလှုပ်ရှားမှုများကို စည်းရုံးတတ်၏။

"မားကာပ်စ်က မင့်နာမည်ကို ဘယ်လို ခေါ်လိုက်သလဲ။ အာဖရိကနာမည်တစ်ခုပဲ"

"ဘားရက်ပါ"

"မင်းနာမည်က ဘယ်ရီ ဆို"

"ကျွန်တော့်နာမည်က ဘားရက်။ အဖေ့နာမည်ပေါ့။ အဖေက ကင်ညာလူမျိုးလေ"

"အမေ့ဘယ်က ဘယ်လိုလဲ"

"ကောင်းရိုးဩဘာပါ။ ကျွန်တော့်အဘိုးက မွတ်စလင်ပါ"

ရယ်ဂျီနာက ကျွန်တော့်နာမည်ကို ထပ်တဲလဲလဲခေါ်ကြည့်နေ၏။

"ဘားရက် တဲ့ တယ်လှတဲ့နာမည်ပဲ။ ဒါပေမယ့် မင်းကို လူတကာက ဘာဖြစ်လို့ ဘယ်ရီလို့ ခေါ်နေကြတာလဲ"

"အကျွင့်ပါသွားကြတယ်လို့ထင်တာပါပဲ အဖေက အမေရိကကိုရောက်ကတည်းက ဒီလိုခေါ်နေကျပါ။ ဒီလိုခေါ်တာ သူကပဲ စ,ခေါ်တာလား၊ အခြားဘယ်သူက စ,ခေါ်သလဲတော့ ကျွန်တော်လဲ မသိဘူး။ ဘယ်ရီလို့ ခေါ်တာက အသံထွက်ရတာ ပိုလွယ်လို့ အဖေက ခေါ်တာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒီလိုနဲ့ ဒီနာမည်တွင်လာတာပါ"

"မင်းကို ငါက ဘားရက်လို့ ခေါ်ရင်ကော ရမလား"

"ရပါတယ်"

သူရော ကျွန်တော်ပါ ရယ်လိုက်ကြ၏။ ထိုနေ့လည်ပိုင်းကို ကျွန်တော်တို့ စကားမပြည်ပြောရင်း ကော်ဖီသောက်ရင်းနှင့် ကုန်လွန်ခဲ့ကြသည်။ သူမက သူ ဂိုကာဂိုတွင် နေခဲ့ရသော ကလေးဘဝကို ပြန်ပြောပြ၏။ အဖေမဲ့သမီးအဖြစ် အမေက ရုန်းကန်ကျွေးမွေးခဲ့ပုံ။ တောင်ဘက်ခြမ်းရပ်ကွက်ခြောက်လွှာတွင် နေထိုင်ခဲ့ရစဉ် ဆောင်းရာသီတွင် အချမ်းမလုံခဲ့ပုံ။ နွေရာသီတွင် အိုက်လွန်းသဖြင့် ရေကန်နားသွားအိပ်ကြရပုံ။ မီးဖိုချောင်ထဲတွင် ဦးလေးတွေ မောင်နှမဝမ်းကွဲတွေ အဘိုးအဘွားတွေ အားလုံးကြည်ညပ်ပြီး ချက်ကြပြုတ်ကြ ရယ်ကြမောကြနေထိုင်ရပုံများ၊ လူမည်းတို့၏ ပျော်သလိုမနေတော်သလိုနေရပုံအကြောင်းများ။

ဖြန့်ကာနီးတွင် ကျွန်တော်က သူ့ကို ပြောဖြစ်အောင်ပြောလိုက်သေးသည်။



"ကျွန်တော် ခင်ဗျားကို မနာလိုဘူးဗျာ"

"ဘာဖြစ်လို့"

"ဘာမှန်းတော့ မသိဘူး။ ခင်ဗျားရဲ့ မှတ်မိသမျှတွေကို ကြားရလို့ပဲ"

ရယ်ဂျီနာက ကျွန်တော့်ကို ကြည့်ကာ စ,ရယ်၏။ သူ အူလှိုက်သည်းလှိုက်ရယ်လွန်း၍ ဗိုက်တွေပင် လှုပ်ခါနေသည်။

"ဘာတွေ ဒီလောက်သဘောကျနေတာလဲ"

"ဘားရက်ရယ်၊ ဘဝဆိုတာ တစ်ခုခု မဟုတ်ဘူးပေါ့။ ငါတော့ ဟာဝိုင်ယီမှာပဲ ကြီးပြင်းလာပါစေလို့ ဆုတောင်းတာပဲ"

*

ဤတွေ့ဆုံခန်းလေးကပင် သင့်ကို မည်သို့ပြောင်းလဲစေသလဲဆိုသည်မှာ ထူးတော့ ထူးဆန်းသားကလား။ တစ်နှစ်ကြာသွားသည်။ ကိုယ့်ဘာသာကိုယ် မသိမသာပြောင်းသွား၏။ မည်သို့ပြောင်းသည် ဘာကြောင့်ပြောင်းသည်ကိုတော့ သေချာပေါက်မသိ။ ကျွန်တော်က ကျောင်းတွင် တရားပွဲတွေဘာတွေပင် တက်ယောနေပြီ။ နေ့လည်စာစားချိန် ကျောင်းသူကျောင်းသားအချို့နားနေကြစဉ် ကျွန်တော်က စာကြည့်တိုက်ရှေ့ရှိ စင်မြင့်ပေါ်မှစကားပြောခွက်ဆီ သွားလိုက်၏။

"တိုက်ပွဲတစ်ခုဖြစ်နေပါတယ်"

ကျွန်တော်က စ,ပြောကာ လူအုပ်စုကြီး ငြိမ်အသွားကို စောင့်ကြည့်လိုက်၏။

"ဟုတ်ကဲ့ တိုက်ပွဲတစ်ခု ဆက်ဖြစ်နေပါတယ်"

ကစားနေကြသူအချို့ပင် ကစားပွဲရပ်သွား၏။

"လူတိုင်းအတွက် တိုက်ပွဲပါ။ ကျွန်တော်တို့ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ကြိုက်သည်ဖြစ်စေ မကြိုက်သည် ဖြစ်စေ ဒီတိုက်ပွဲမှာ ကျွန်တော်တို့ ဘက်ရွေးကြရမယ်။ အဖြူနဲ့အမည်းကြားထဲကတိုက်ပွဲတော့ မဟုတ်ဘူး။ ချမ်းသာသူနဲ့ဆင်းရဲသူကြားကတိုက်ပွဲ မဟုတ်ဘူး။ သိက္ခာနဲ့ အလုပ်အကျွေးကြားက တိုက်ပွဲပဲ။ တရားမျှတမှုနဲ့မတရားမှုကြားက တိုက်ပွဲပဲ။ အမှားနဲ့ အမှန်ကြားက တိုက်ပွဲပဲ"

ကျွန်တော်က စကားပြောရပ်သွား၏။ လူအုပ်ကြီးက ငြိမ်ကျသွား၏။



ကျွန်တော့်ကို စောင့်ကြည့်ကြသည်။ အချို့ စ,ပြီး လက်ခုပ်တီးကြ၏။

"ဘားရက်ရေ ဆက်ပြောဟေ့။ ဒါမျိုးတွေ ဆက်ပြောကွ"

တခြားလူတွေကပါ စပြီး လက်ခုပ်တီးကြ၏။ ဩဘာသံတွေထွက်လာ၏။ ကျွန်တော်က မိုက်ခွက်ကို ဆုပ်ကိုင်လိုက်သည်။ ထိုစဉ် တစ်စုံတစ်ယောက်က ကျွန်တော့်လက်ကို နောက်မှဖမ်းဆုပ်လိုက်၏။ ဒါက ကျွန်တော်တို့ ဇာတ်ကွက် ကျွန်တော့်လက်ကို နောက်မှဖမ်းဆုပ်လိုက်၏။ ဒါက ကျွန်တော်တို့ ဇာတ်ကတိုက်စီစဉ်ထားတာပါ။ "အင်ဒီ"နှင့်"ဂျိုနသန်"တို့က မျက်မှန်မည်းတွေတပ်လျက် မှုန်မှုန်သုန်သုန်။ ကျွန်တော်က ရုန်းကန်ဖို့ ကြိုးစား၏။ သူတို့က အတင်းဆွဲ၏။ ပရိသတ်က လက်ခုပ်တီးကြ၏။သို့သော် ကျွန်တော့်အပိုင်းက ပြီးသွားပြီ။ မားကပ်စ်က မိုက်ခွက်ကိုလှမ်းယူလိုက်၏။ သူကလည်း ပြောစရာရှိတာတွေ ဆက်ပြောသည်။

ညဘက်တွင် ကျွန်တော်တို့ ပါတီပေးသည်။ ရယ်ဂျီနာက ကျွန်တော့်ထံလာပြီး ချီးကျူးစကားပြော၏။ ဘာအတွက်ချီးကျူးတာလဲဟု ကျွန်တော်ကမေးလိုက်၏။

"မင်းပြောတဲ့မိန့်ခွန်းက သိပ်ကောင်းလို့"

ကျွန်တော်က ဘီယာဗူးကိုဖောက်ပြီး ပြန်ပြောလိုက်သည်။

"ပြောတာက တိုတိုလေးပါ"

"တိုလို့ကို ထိရောက်တာပဲ။ မင်းက ရင်ထဲကစကားကို ပြောနေတာပဲ ဘားရက်။ ဒါကြောင့်လဲ လူတွေက ပိုပြီးကြားချင်ကြတာ"

"ဒီမှာ ရယ်ဂျီနာ။ ခင်ဗျားက တော်တော်ကို ခင်စရာကောင်းတဲ့ အမျိုးသမီးပဲ။ ဒီနေ့ ကျွန်တော်လုပ်ရှားမှုအသေးလေးကို ခင်ဗျားသဘောကျတယ်ပြောလို့ ကျွန်တော် ဝမ်းသာပါတယ်။ ဒါပေမယ့် ဒီစကားမျိုးကို ခင်ဗျား ကြားရတာ နောက်ဆုံးပဲ ဖြစ်မယ်။ ခင်ဗျားတို့ကို မားကပ်စ်တို့ကို တရားဟောတာ လက်လွှဲပေးလိုက်တော့မယ်။ လူမည်းတွေအတွက် ကျွန်တော် ပြောစရာအကြောင်းမရှိတော့ဘူးလို့ ဆုံးဖြတ်ပြီးပြီ"

"ဘာဖြစ်တာလဲဟ"

ကျွန်တော်က ဘီယာကို အရသာခံသောက်ရင်း ကချေသည်များ ကနေသည်ကို လျှောက်ကြည့်နေမိ၏။



"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ ပြောစရာမရှိတော့လို့ဘဲ ရယ်ဂျီနာ။ ကျွန်တော်တို့ ဒီနေ့လုပ်ခဲ့တာဟာ ဘာမှထူးခြားမယ်မထင်ဘူး။ ဆိုဝက်တိုက ကလေးတစ်ယောက်အနေနဲ့ ကျွန်တော်တို့ပြောလို့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ စကားလှလှတွေက အရာမရောက်ပါဘူး။ ဒါကြောင့် ကျွန်တော်ဟန်ဆောင်ပန်ဆောင်မလုပ်ချင်တော့ဘူး။ ကျွန်တော်ဘာကြောင့်ဆိုတာ ပြောပြမယ်၊ ကျွန်တော်က ဩဘာလက်ခုပ်သံကိုကြိုက်တယ်၊ ဒါကြောင့် ဒါမျိုးလုပ်တာပဲ ဒါပါပဲ"

"ဒါဆို မင်းက တကယ်ယုံကြည်တာ မဟုတ်ဘူးပေါ့"

"ကျွန်တော်ယုံကြည်တာက ဒါပဲလေ"

သူက ကျွန်တော့်ကို ငေးကြည့်နေသည်။ ဦးနှောက်ခြောက်သွားပုံလည်းပေါ်၏။

"အေးလေ မင်းက ငါ့ကို အရူးလုပ်ချင်လဲလုပ်ပေါ့၊ ငါကတော့ သူယုံကြည်တာကို သူ တကယ်ပဲပြောနေတယ်ထင်တာ။ ကိုယ့်လူမျိုးကို ကိုယ်ဂရုထားတဲ့ လူမည်းတစ်ယောက်လို့ထင်နေတာ၊ အေးလေ ငါကိုကလဲ ရူးပါတယ်ဟာ"

"ရူးတာမဟုတ်ဘူးဟ တုံးတာကွ တုံးတာ"

တံခါးဝမှဝင်လာသူတစ်ဦးကို လက်ဝှေ့ရမ်းပြရင်း ကျွန်တော်က ပြော၏။

"ဘာကွ ငါ့ကိုတုံးတယ်လို့ပြောတယ် ဟုတ်လား။ ငါတော့ ဒီလိုမထင်ဘူး။ ငါမတုံးဘူး။ နင်သာတုံးတာဟ။ ကိုယ့်ဘာသာကိုယ် ထွက်ပြေးဖို့ကြိုးစားသူက နင်ပဲ။ ကိုယ့်ခံစားမှုတွေကနေ ရှောင်ပြေးသူက နင်ပဲ။ မင်းရဲ့ ပြဿနာအစစ်အမှန်က ဘာလဲဆိုတာ နင်သိချင်တယ် မဟုတ်လား။ နင်က နင့်အတွက်ပဲ အရာရာ အမြဲတန်းစဉ်းစားတဲ့သူပဲ။ နင်နဲ့ရယ်ဂျီတို့ မားကပ်စ်တို့ ဇတိပ်တို့တွေ အတူတူပဲ။ ဒီမှာ မစ္စတာဆိုဘားမား၊ ငါ တစ်ခုပြောပါရစေ။ ဒါက နင့်အကြောင်း မဟုတ်ဘူးဟဲ့။ နင့်အကြောင်း ဘယ်တော့မှမဟုတ်ဘူး။ နာကျင်စရာဆိုတာ အမြဲတမ်းနာကျင်မှာပဲ၊ ဒါက နင့်အကူအညီကိုလိုတဲ့ လူတွေအကြောင်းပြောတာ။ ကလေးတွေဟာ နင့်အပေါ်မှီခိုနေကြတယ်။ နင့်အတွက် မှန်းပုံသွားတာတွေဘာတွေကို သူတို့က စိတ်မဝင်စားဘူး။ ငါလဲ စိတ်မဝင်စားဘူး"

သူက စကားအဆုံးသတ်ကာနီးတွင် ရယ်ဂျီက မီးဖိုချောင်ထဲမှ ထွက်

လာ၏။ သူက ကျွန်တော့်ထက်ပင် ပိုသောက်ထားသေးသည်။ သူက ကျွန်တော့် ပခုံးပေါ် သူ့လက် တင်ကာ ပြော၏။

"အိုဘားမားရယ် တော်တယ်ကွာ။ ဒီမှာ ရယ်ဂျီနာ၊ အိုဘားမားနဲ့ ကျွန်တော်နဲ့ တစ်ပတ်လုံး ပင်ပန်းခဲ့ကြတယ်။ စနေမနက်က စ ခဲ့တာ။ တနင်္လာနေ့ အထိ မပြီးသေးဘူး"

ကျွန်တော် အကြောင်းအရာကို ပြောင်းဖို့ ကြိုးစားသော်လည်း ရယ်ဂျီက အရှိန်ရနေ၏။

"ဒီမှာ ကျွန်တော်ပြောမယ် ရယ်ဂျီနာ၊ တနင်္လာနေ့မနက် အခန်းရှင်းဖို့ လာတဲ့ကောင်မလေးတွေက ဘာတွေတွေ့ရသလဲဆိုရင် အခန်းထဲမှာ ပုလင်းတွေ စီးကရက်တိုတွေ သတင်းစာတွေ ရှုပ်ပွနေတာပဲ"

ဤနေရာတွင် ရယ်ဂျီနာက ပြန်ပြောသည်။

"ဒါ အပြောင်အပျက်ပြောစရာမဟုတ်ဘူးဟဲ့။ ဒီမှာ ဘားရက် နင်တို့ ရှုပ်ရှင်သလောက်ရှုပ်ပြီး တစ်နုံတစ်ယောက်လာပြီး ရှင်းပေးကိုစောင့်ကြသတဲ့ လား၊ လာရှင်းတဲ့သူတွေက ငါ့အဘွားလိုလူမျိုးတွေဟဲ့။ နင် သိရဲ့လား။ သူဟာ သူများတွေအမှိုက်ရှုပ်ခဲ့သမျှ သူ့ခေါ်မှာ တစ်သက်လုံး ရှင်းခဲ့ရရှာတယ်"

သူက ကော်ဖီစားပွဲပေါ်မှသူ့ပိုက်ဆံအိတ်ကို ကောက်ကိုင်ကာ တံခါး မဆီသို့ထွက်သွား၏။ ကျွန်တော်က သူ့ထံ လိုက်တားမလို့ပြင်သေး၏။ သို့သော် အခြားသူများက ကြည့်နေ၍ ကျွန်တော် မလုပ်ဖြစ်။ ရယ်ဂျီက ကျွန်တော့်လက် မောင်းကို ဖမ်းဆွဲ၏။

"သူ့ပြဿနာက ဘာလဲ"

"ဘာမှမဟုတ်ပါဘူးကွာ။ သူ တကယ်မရှိတာတွေကို ယုံကြည်နေတာ" ကျွန်တော်က ပြန်ပြောလိုက်၏။

*

ကျွန်တော် ထိုင်ခုံပေါ်မှထကာ တံခါးမကြီးကို ဖွင့်လိုက်၏။

ကောင်းကင်တွင် လမင်းပင် ဝင်သွားပြီ။ လရောင်မှုန်ပျပျကား ကျန်ရစ်ခဲ့၏။ ကောင်းကင်ပြင်က စတင် လင်းချင်းစ ပြုလာပြီ။ လေထဲတွင် နှင်းငွေ့များ ပါလာ၏။



ကိုယ့်ရဲ့အမှိုက်သရိုက်တွေကို တခြားသူကိုရှင်းမခိုင်းနဲ့။ ဒါဟာ နှင့် အကြောင်း မဟုတ်ဘူး။

စကားသံတွေက ပုံတင်ထပ်ကြားယောင်နေမိ၏။

ရိုးဖြောင့်ခြင်းဟူသည် အဖြူရောင်ဖြစ်ပါသလား။

စာရိတ္တပိုင်းဆိုင်ရာတွင် အရောင်ရှိပါသလား။

ရယ်ဂျီနာ ပြောတာတွေက မှန်သည်။

သူ ပြောတာတွေက ကျွန်တော့်အကြောင်းတွေ။

ကျွန်တော်၏ ထိတ်လန့်မှုစိုးရိမ်မှုများ။ ကျွန်တော်၏ လိုအပ်ချက်များ။

ယခုတော့၊ ကျွန်တော်သည် ရယ်ဂျီနာ၏ အဘွားကို တစ်နေရာရာတွင် ခါးကိုင်းလျက်၊ လက်မောင်းသားကြီးများ တွဲရရွဲကျလျက်၊ အဆုံးမရှိနိုင်သော ကြမ်းပြင်များကိုတိုက်နေသည်ကို မြင်ယောင်မိ၏။ တဖြည်းဖြည်းနှင့် အဘွားကြီး က သူ့ခေါင်းကိုမတ်ကာ ကျွန်တော့်ကို တည့်တည့်ကြီးကြည့်၏။ သူ့အကြည့် ထဲတွင် ဒေါသပါ၏။ စိတ်ပျက်အားငယ်မှုပါ၏။ သနားကြင်နာမှုပါ၏။

သူ ကျွန်တော့်ဆီက ဘာကို တောင်းဆိုနေတာလဲ။ ဆုံးဖြတ်ချက်က အဓိက ဖြစ်ပါလိမ့်မည်။

သူ ခါးမတ်မတ်ရပ်နိုင်အောင် ကွန်းအားပေးနိုင်သည့် ဆုံးဖြတ်ချက်ကို သူ လိုအပ်နေသည်။ ထိုအတွက် သင့်မှာ တာဝန်ရှိနေပါသည်။

အဘွားကြီး၏မျက်နှာသွင်ပြင်က ကျွန်တော့်စိတ်ထဲက တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ ထိုမျက်နှာပြင်အစား အခြားရုပ်သွင်များက ဆက်တိုက် ပေါ်လာ၏။

ကြေးနီရောင်မျက်နှာနှင့် မက်ဆီကန်အိမ်ဖော်မလေး။ အမှိုက်ပုံးတွေကို မနိုင်မနင်း သယ်ပိုးလျက်။ ဒတ်ချ်လူမျိုးတွေက သူတို့အိမ်ကို မီးရှို့နေသည်ကို လက်ပိုက်ကြည့်နေရသော လိုလို၏မိခင်မျက်နှာ။

မနက်ဖြန်ရှိခြဲ ဘတ်စ်ကားကို အပြေးအလွှားအမီလိုက်ရန် ကြိုးစားနေသော ထွတ်၏မြေဖြူရောင်မျက်နှာ။

သူတို့အားလုံးက ကျွန်တော့်ကို တစ်ခုတည်းသောတောင်းဆိုမှုကို ပြု နေကြ၏။ သူတို့တွေအားလုံးသည် ကျွန်တော့်အဘွားတွေ။



ကျွန်တော်၏လူမျိုးက ဤနေရာတွင် အဆုံးအဖြတ်ပေးသည်။

နေဝင်သွားသည်ကို ကျွန်တော် တံခါးဝက ထိုင်ကြည့်နေ၏။ ရယ်ဂျီနာ ကို သတိရနေသည်။ ကျွန်တော့်နောက်မှာ ဘီလီသည် သူမ၏ နောက်ဆုံးသီချင်း ကို ဆိုနေ၏။ သူ့အသံက ခုတော့ တစ်မျိုးဖြစ်နေသည်။ နာကျင်မှု၏အလွှာများ အောက်တွင်၊ ခပ်ကြမ်းကြမ်းရယ်မောသံများအောက်တွင် ကျွန်တော် ခံနိုင်ရည်ရှိ မှုအသံကို ကြားလိုက်ရ၏။

ခံနိုင်ရည်ရှိမှု - ယခင်က မရှိခဲ့သော ဂီတသံ ယခုပေါ်လာပေပြီ။

■

## အခန်း ခြောက်

ကျွန်တော် မင်ဟက်တန်၏ရပ်ကွက်တစ်ခုတွင် ပထမညကို ကုန်လွန်ခဲ့သည်။ လော့စ်အင်ဂျလိစ်တွင် ရှိနေစဉ် ကျွန်တော့်သူငယ်ချင်း၏သူငယ်ချင်းက ပြောသည်။ ကိုလံဘီယာအနီးရှိ စပင်းနစ်ဟာလင်တွင် အခန်းလွတ်တစ်ခုရှိသည် ဟု ဆို၏။ နယူးယောက်၏ အိမ်ခြံမြေဈေးကွက်ကို ကျွန်တော် လေ့လာခွင့်ရခဲ့ သည်။ ဩဂုတ်လတွင် ကျွန်တော် လာအခြေချမည်ကို အကြောင်းပြန်လိုက်၏။ ကျွန်တော်သည် ဝန်စည်စလည်များကိုသယ်ကာ ဘဝဂလမ်းကိုဖြတ်ပြီး ဘရော့ဒ် ဝေးမှ အင်စတာဒမ်သို့ သွား၏။ အချိန်က ညဉ့်ဝနာရီကျော်ကျော် ရှိပြီ။ လမ်းက လူရှင်းနေ၏။

"နယူးယောက်"တဲ့လား။ ကျွန်တော်မှန်းထားတဲ့ပုံစံအတိုင်းပါပဲ။ ကျွန် တော့်တွင် မိုတယ်တည်းနိုင်လောက်အောင် ပိုက်ဆံက မရှိ။

ကျွန်တော် နယူးယောက်တွင် သိသူ တစ်ဦးသာ ရှိသည်။ လော့စ်အိန်ဂျ လိစ်တွင် ကျွန်တော်ဆုံခဲ့ဖူးသော "ဆာဒစ်"ဆိုသူပင်။ သို့သော် သူက တစ်ညလုံး အရက်ဆိုင်တစ်ခုတွင် လုပ်သည်ဟုသာ ပြောထား၏။ ကျွန်တော်က အိတ်ကပ် ထဲတွင်ပါလာသော စာတစ်စောင်ကို ထုတ်လိုက်၏။ ကျွန်တော် လော့စ်အင်ဂျ လိစ်မှထွက်လာကတည်းက ယူလာသောစာ။

ချစ်တဲ့ သားရေ

*စာမရေးတာ ကြာပြီ။ အခုမှ ရေးတော့ အံ့ဩသွားသလား။ အမေလဲ နေကောင်းပါတယ်။ အစိုးရက်ရှုတစ်ခုနဲ့ အစည်းအဝေး တက်ပြီး ခုပဲ လန်ဒန်က ပြန်လာတယ်။ ဘဝဟာရေးညှိနှိုင်းတဲ့ကိစ္စပါ။ အမေလဲ အလုပ်တွေများပြီး ခရီးပဲ သွားနေရလို့ သားဆီ စာမရေးဖြစ်ဘူး။ အခုတော့ နည်းနည်းလေး အားလာပါပြီ။*

*မင်းရဲ့ညီတွေညီမတွေ အားလုံးလဲ နေကောင်းကြလို့ မင်းဝမ်းသာမှာပါ။ သူတို့လဲ မင်းကို ဆုမွန်ကောင်းတွေ ပေးပြီး နှုတ်ဆက်လိုက်ကြတယ်။ မင်း ဘွဲ့ရရင် ဒီကိုပြန်လာဖို့ အားလုံးက မျှော်နေကြတယ်။ ဒီကိုလာရင် ဘယ်လောက်ကြာကြာ နေချင်သလဲဆိုတာ ဆုံးဖြတ်ထားပါ။ ဘယ်ရီရေ ဒီမှာခဏလေးပဲဖြစ်ဖြစ် နေလိုက်ရင် အရေးကြီးတာက မင်းရဲ့ပြည်သူတွေ၊ မင်းဘယ်နေရာမှာနေရမယ်ဆိုတာတွေ၊ မင်းသိသွားမှာပဲ။*

*နေကောင်းအောင်နေကွာ။ မင်းအမေ့ကိုလဲ နှုတ်ဆက်လိုက်ပါ။ မင်းဆီက ပြန်စာကို စောင့်နေမယ်။*

ချစ်တဲ့

ဖေဖေ

စာကို အိတ်ထဲ ပြန်ထည့်လိုက်၏။ သူ့ဆီ စာရေးရတာ မလွယ်ပါ။ လွန်ခဲ့သောလေးနှစ်ကပင် စာအဆက်အသွယ်ပြတ်ခဲ့ပြီ။ အဖေ့ထံ စာရေးဖို့ စာကြမ်းတွေ အကြိမ်ကြိမ်ရေးရ၏။

'ချစ်သောအဖေ' 'ချစ်ဖေဖေ' 'ချစ်သောဒေါက်တာအိုဘားမား'

စာကို ဘယ်လို စ,ရမှန်းပင် မသိ။ မင်းက ဘယ်သူဆိုတာ သိကွ ဆိုသော သူ့စကားကိုလည်း ကြားယောင်မိ၏။

ကျွန်တော့်အဖေအကြောင်း စိတ်ကူးကြည့်မိ၏။ သူသည် နိုင်ရိုဘီတွင် ရုံးထိုင်နေ၏။ အစိုးရဌာနတစ်ခုမှ အရာရှိကြီးတစ်ဦး။ သူ့မှာ အတွင်းရေးမှူးတွေ စာရေးစာချီတွေ များစွာ။ လက်မှတ်ထိုးစရာတွေက တစ်ပုံတစ်ပင်။ ဝန်ကြီးတစ်ပါးက သူ့ထံမှအကြံလာတောင်း၏။ ချစ်ဇနီးနှင့်သားသမီးများက အိမ်က စောင့်နေကြသည်။ သူ့အဖေနေသောရွာက ကားမောင်းသွားလျှင် တစ်နေ့ခရီးသာဝေးသည်။ ထိုမြင်ကွင်းများကို စဉ်းစားကြည့်တော့ ကျွန်တော် ဒေါသ ထွက်လာ၏။

ကျွန်တော် ဘယ်နေရာက မွေးလာပါသလဲ။ တရားဟောပွဲအပြီးညက ရယ်ဂျီနာပြောခဲ့သောစကားများသည် ကျွန်တော့်အတွက်အပြောင်းအလဲကို သေနတ်မောင်းတင်ပေးလိုက်၏။ ကောင်းမွန်သော ရည်ရွယ်ချက်များနှင့် ကျွန်တော် နွေးနွေးထွေးထွေး ကျန်ခဲ့၏။ ကျောင်းပြီး၍နှစ်နှစ်အကြာတွင် ကျွန်တော် ဘာဆက်လုပ်ရမည်ကို မသိသေး။ ဟာဝိုင်ယီသည် ကလေးတစ်ဦး၏အိပ်မက်အသွင်



ရှိခဲ့၏။ ထိုဒေသတွင် အခြေချရန်စိတ်မကူးမိ။ အဖေက ဘာပဲပြောပြော အာဖရိကသည် ကျွန်တော့်နေရပ်အဖြစ် လက်ခံရလည်း သိပ်နောက်ကျသွားပြီ။ ကျွန်တော့်ဘာသာကျွန်တော် အမေရိကန်လူမည်းအဖြစ် ကျွန်တော်ခံယူရပ်တည်မည်ဆိုလျှင် ကျွန်တော် နားလည်သဘောပေါက်မှုရှိနေရမည်။ ကျွန်တော် လိုအပ်သည်မှာ အသိုင်းအဝိုင်းအဖွဲ့အစည်း ဖြစ်၏။ ထို့ကြောင့် 'အောက်ဆီဒင်တယ်' ကောလိပ်က ကိုလံဘီယာတက္ကသိုလ်နှင့် ပြောင်းလွဲသင်ယူခွင့်အစီအစဉ် ကြားသောအခါ ကျွန်တော်က ချက်ချင်းလျှောက်ထားခဲ့ခြင်း ဖြစ်၏။ အောက်ဆီကောလိပ်လောက် ကိုလံဘီယာတွင် လူမည်းအရေအတွက်မများသည်ကို ကျွန်တော်တွက်မိ၏။ မြို့ပြအစစ်အမှန်၏အလယ်ခေါင်တွင် လူမည်းအိမ်နီးနားချင်းများနှင့်ကား နေရမည်။ ကျွန်တော့်သူငယ်ချင်းများစု ဤနှစ်တွင် ကျောင်းပြီးကြမည်။ ဟာဆန်က သူ့မိသားစုနှင့်အတူ လန်ဒန်တွင် အလုပ်သွားလုပ်၏။ ရယ်ဂျီနာကလည်း အန်ဒါလူးရှားသို့သွားပြီး စပိန်လူမျိုးဂျစ်ပစီတို့အကြောင်း သွားလေ့လာမည်။

မားကပ်စ်ကရော။ သူက တစ်နှစ်ကျော် နေစရာ ရှိနေသေး၏။ သူက ကျောင်းဆက်မတက်ဟု မဆုံးဖြတ်မီ တစ်ညနေ၌ သူနှင့် ကျွန်တော် စာကြည့်တိုက်တွင် ဆုံခဲ့ကြ၏။ ကျွန်တော်တို့နှင့်မလှမ်းကမ်းတွင် အီရန်ကျောင်းသားကြီး တစ်ဦး ထိုင်နေ၏။ သူက မားကပ်စ်ဖတ်နေသော 'ကျေးကျွန်ပဝါဒ၏ဘောဂဗေဒ' စာအုပ်ကို သတိပြုမိ၏။ သူက မကြာခင် အနားရောက်လာပြီး စာအုပ်အကြောင်း မေး၏။

'ကျေးဇူးပြုပြီး ပြောစမ်းပါဦး။ ကျေးကျွန်စနစ်က နှစ်ပေါင်းများစွာလက်ခံကြတာနဲ့ပတ်သက်လို့ ဘယ်လိုသဘောရသလဲ'

'လူဖြူတွေက ကျွန်တော်တို့ကို လူရယ်လို့မမြင်ကြဘူး။ အဲဒီလိုသဘောပဲပေါ့'

'ဟုတ်ပါတယ်။ ကျုပ် နားလည်ပါတယ်။ ဒါပေမယ့် လူမည်းတွေက ဒါကို ဘာဖြစ်လို့ ပြန်မတိုက်ကြတာလဲ'

'တိုက်ကြတာပေါ့ဗျာ။ နတ်တာနာတို့ ဒင်းမတ်ဗက်ဘီတို့ကို ကြည့်ပါလား'

'ကျွန်စနစ်တော်လှန်ရေးပဲ ကျွန်တော် စာတွေကိုဖတ်ဖူးပါတယ်။ သူတို့



က သိပ်သတ္တိကောင်းတဲ့သူတွေပဲ။ ဒါပေမယ့် ဒါမျိုးလူတွေက သိပ်နည်းနေတယ်လေ။ ကျွန်တော်သာဆိုရင် ကျွန်တော့်ဇနီးတို့သားသမီးတို့ကျွန်အဖြစ်ခံရရင် ကျွန်တော် သေတာကို ပိုကြိုက်ဦးမယ်။ အဲဒီလိုလူများစုက ဘာဖြစ်လို့ မတိုက်ကြသေးတာလဲ။ အသေခံပြီး လူများစုဟာ ဘာဖြစ်လို့ပြန်မတိုက်ကြတာလဲ။ အဲဒါကို ကျွန်တော် နားမလည်နိုင်အောင်ဖြစ်နေတယ်'

ကျွန်တော် မားကပ်စ်ကို ကြည့်လိုက်၏။ သူ ဘာဖြေမလဲ နားထောင်၏။ သို့သော် သူက ငြိမ်ချက်သားကောင်းနေ၏။ ဒေါသထွက်ပုံလည်း မပေါ်၊ သူ ဘာမှမပြော၍ မနေနိုင်မထိုင်နိုင် ကျွန်တော်က ဝင်ဖြေလိုက်၏။ အမေရိကန်ဆိပ်ကမ်းကိုမရောက်ခင် ထောင်သင်္ဘောပေါ်ကနေရုန်းထွက်ပြီး ငါးမန်းတွေပေါတဲ့ရေထဲမှာ သေဆုံးသွားကြတဲ့ ထောင်ပေါင်းများစွာသောလူတွေရဲ့ နာမည်ကို ခင်ဗျားသိသလားဟု အီရန်မိတ်ဆွေကို မေးလိုက်၏။ သင်္ဘောတွေ ကမ်းကပ်ပြီးအသက်သေတာကမှ ပိုကောင်းတယ်လို့ခံယူပေမယ့် ဒီပုန်ကန်မှုကြောင့် အမျိုးသမီးတွေ ကလေးတွေ သေကုန်ကြမှာစိုးလို့ အသာငြိမ်ကုပ်နေရတဲ့သူတွေလည်း ရှိသေးသည်။ ဒီလိုကျွန်တွေမျိုးနဲ့ အလားတူ ဆဗတ်တွေ သတ်လို့ နှိပ်စက်လို့ ရှားဘုရင်ကိုဆန့်ကျင်လို့ ဒုက္ခရောက်ကြတဲ့ အီရန်လူမျိုးတွေကလည်း ဘာဖြစ်လို့ ငြိမ်နေကြတာလဲ။ ဒီလိုငြိမ်နေတာကို အလကားလူတွေလို့ ဆုံးဖြတ်ရင် မှန်ပါ့မလား'

ခုမှ မားကပ်စ်ကလည်း ဝင်ပြော၏။ အိမ်မှာနေတဲ့ နီဂရိုးတွေနဲ့ လယ်ကွင်းထဲက နီဂရိုးတွေရဲ့ကွာခြားမှုကို မာလ်ကွန်အိပ်စ်က ပြောခဲ့ပုံကို တိုးကားပြော၏။ မိနစ်အနည်းငယ်ပြောပြီး အပြင်ထွက်သွားသည်။

ကျွန်တော်ရော မားကပ်စ်ပါ ဒီစကားတွေ ဘယ်တော့မှမပြောပါ။ ရှင်းပြလို့မရနိုင်တာကြောင့်လည်း ဖြစ်မည်။

မားကပ်စ်၏ပုံက နောက်ပိုင်းတွင် အတော်ပြောင်းသွားသည်။ အတန်းတွေ ဘာတွေလည်း မှန်မှန်မတက်တော့။ မုတ်ဆိတ်မွေးရှည်ရှည်၊ ဆံပင်ရှည်ရှည် ထားလာ၏။ နောက်ဆုံးတွင် သူက ကျွန်တော့်ကို ပြောသည်။ ကျောင်းမှ ခွင့်ရက်ရှည်ယူမည်ဟု။ သို့သော် မားကပ်စ်သည် ကျွန်တော့်အကူအညီ လိုသကဲ့သို့ ကျွန်တော်လည်း မားကပ်အကူအညီလိုသည်မှာ သေချာ၏။



ကျွန်တော်က နယူးယောက်၏လမ်းကို ကြည့်နေ၏။ မားကပ်စ်လည်း ဘယ်ကလာသူ ဖြစ်ပါသလဲ။ ကျွန်တော်တို့ကရော။ ကျွန်တော်တို့ကို ကူသဖြေ ဖျောက်ပေးမည့်သူတွေကရော ဘယ်မှာလဲ။

*

မနက်မိုးလင်းပြီး အပြင်ထွက်လာသောအခါ အမှိုက်ပုံတွင် အစာရှာနေသော ကြက်တစ်ကောင်ကို တွေ့ရသည်။ အိမ်ခြေမဲ့ယာခြေမဲ့တစ်ဦးက လမ်းဘေးဘုံဘိုင်ကိုဖွင့်ပြီး ကိုယ်လက်သန့်စင်နေ၏။ ကျွန်တော်က ဆာဒစ်ကို ဖုန်းဆက်လိုက်သည်။ သူက သူ့နေရာကိုလာခဲ့ရန် ကျွန်တော့်ကို ပြော၏။

ဆာဒစ်က ခပ်ပုပု ကိုယ်လုံးကိုယ်ပေါက်ခပ်တောင့်တောင့် ပါကစ္စတန်လူမျိုးဖြစ်၏။ သူက နယူးယောက်သို့ လန်ဒန်မှရောက်နေသည်မှာ နှစ်နှစ်ကြာပြီ။ သူ၏ကမ္ဘာလှည့်ခရီးသည်ဗီဇာသက်တမ်း ကုန်နေ၍ သူသည် တရားမဝင် အလုပ်သမားအနေဖြင့် အလုပ်လုပ်နေရ၏။ ကျွန်တော် သူ့အခန်း ရောက်သွားသောအခါ နောက်ဖေးခန်းတွင် အမျိုးသမီးတစ်ဦးကို တွေ့ရ၏။

'သူ့နာမည်က ဆိုဖီလေ။ ဒါက ဘယ်ရီ'

'ဘားရက်ပါ'

ကျွန်တော်က ပြင်ပြောလိုက်သည်။ ထို့နောက် ကျွန်တော့်အိတ်တွေကို ကြမ်းပေါ် ချလိုက်၏။ အမျိုးသမီးက ကျွန်တော့်ကို လက်ဝှေ့ယမ်းနှုတ်ဆက်ရင်း ဆာဒစ်ပြန်လာချိန်မှာ သူထွက်သွားတော့မည်ဟု ပြော၏။ ကျွန်တော်က ဆာဒစ်နှင့်အတူ အောက်ထပ်ဆင်းကာ လမ်းတစ်ဖက်ရှိ ဂရိကော်ဖီဆိုင်သို့ သွားကြ၏။ မနက်စောစောစီးစီးလာရတဲ့အတွက် တောင်းပန်ပါတယ်ဟု ကျွန်တော်က သူ့ကို ပြော၏။

'ဘားရက်ရေ မင်းက ဘာဖြစ်လို့ ဒီမြို့ရောက်လာတာလဲ'

သူက မေးသည်။

ကျွန်တော်က ကမ္ဘာ့အခြေအနေနှင့် ကျွန်တော့်စိတ်အခြေအနေကို ပြောပြ၏။

'ကိုယ့်ဘာသာကိုယ် အသုံးဝင်တဲ့သူဖြစ်အောင် လုပ်မလို့'

'ကမ္ဘာကြီးကို ကယ်တင်ဖို့တွေဘာတွေ ပြောနိုင်ပါတယ်။ ဒါပေမယ့်

…သည်မှာ သေချာ၏။



ဒီမြို့ကတော့ ဒီလို မြင့်မြတ်တဲ့ခံစားမှုတွေကို ဝါးမြိုသွားလိမ့်မယ်။ ဒီမှာကြည့်လေ'ဟု သူကပြောကာ ပထမရိပ်သာတစ်ခိုက်က လူအုပ်စုကို လက်ဖြင့်ပြ၏။

'လူတိုင်းဟာ ရှင်သန်ရေးအတွက် ရပ်တည်နေကြတယ်။ ဒါက နယူးယောက်ပဲ။ ဒါပေမယ့် ဘယ်သူသိတာမှတ်လို့။ မင်းကတော့ ရှုံးချက် ဖြစ်ချင်ဖြစ်မှာပေါ့လေ'

သူက ကျွန်တော့်ကို နေစရာအခန်းတစ်ခန်း ရှာပေး၏။

*

အမေနှင့်ညီမက နယူးယောက်သို့လိုက်လာပြီး ကျွန်တော်ကိုတွေ့တော့ အံ့သြသွားကြ၏။

'သိပ်ပိန်သွားပါကလား'

မာယာက အမေ့ကို ပြော၏။

'သူ့မှာက မျက်နှာသုတ်ပုဝါကလဲ နှစ်ထည်ပဲ ရှိတယ်။ ပန်းကန်ပြားကလဲ သုံးချပ်ပဲ ရှိတယ်'

အမေက အိမ်ကိုလှည့်ပတ်ကြည့်ပြီး တအံ့တသြပြောနေ၏။

သူတို့က ဆာဒစ်နှင့် ကျွန်တော်နေထိုင်ရာတွင် ရက်အနည်းငယ်အတူနေပြီး ပတ်ရိပ်သာရှိ ကွန်ဒိုတစ်လုံးတွင် သွားနေ၏။ ထိုကွန်ဒိုမှာ အမေ့မိတ်ဆွေ၏အခန်းဖြစ်ပြီး သူက တခြားသွားနေစဉ် အမေ့ကို နေခိုင်း၏။ ထိုနေ့ရာသီတွင် ကျွန်တော်က ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတွင် အလုပ်ရ၏။ထို့ကြောင့် အမေနှင့်ညီမသည် တစ်နေ့လုံး သူတို့ဘာသာသူတို့ လျှောက်သွားကြရ၏။ ညစာစားချိန်ကျမှ မိသားစု ပြန်ဆုံ၏။ ကျွန်တော်က မာယာကို ကျွန်တော်ယူလာသော စာအုပ်များ မဖတ်ဘဲ ရုပ်မြင်သံကြားချည်း ကြည့်နေ၍ ဆူပူမိ၏။

အမေ ကျွန်တော်နှင့် အတူနေစဉ်တွင် တစ်နေ့၌ အဖေ့အကြောင်းကို ပြောသည်။ သူပြောပုံက သူ့ဘာသာသူ တစ်ယောက်တည်းပြောနေပုံမျိုး။

'မင်းအဖေထွက်သွားတာက သူ့အပြစ်တစ်ခုတည်းလို့ ပြောလို့မရဘူး၊ အမေက သူ့ကို ကွာရှင်းပြတ်စဲလိုက်တာ။ အမေတို့နှစ်ယောက် လက်ထပ်လိုက်ကြတော့ မင်းအဘိုးအဘွားတွေက သဘောမတူကြဘူး။ ဒါပေမယ့် သူတို့က တော့ အိုကေလို့ ပြောကြတယ်။ နောက်တော့ ဘားရက်ရဲ့အဖေ မင်းတို့အဘိုး



ဟူစိန်က အဘိုးဆီ စာရေးတယ်။ သူ့အနေနဲ့ လက်ထပ်တာကို သဘောမတူဘူးလေ။ သူက အိုဘားမားရဲ့သွေးကို လူဖြူမတစ်ယောက်ရဲ့သွေးနဲ့ မနှောချင်ဘူးတဲ့။ မင်းတို့ပဲ စဉ်းစားကြည့်လေ။ အဘိုးက ဘယ်လိုများ တုန့်ပြန်ကြမလဲလို့။ အဲဒီလိုနေတုန်း မင်းအဖေရဲ့ပထမဇနီးက တစ်နိုင်တစ်မောင်းကပြန်တယ်။ သူက ပြောတော့ ကွာရှင်းပြတ်စဲပြီးပါပြီတဲ့။ ဒါပေမယ့် ဒါက ကျေးရွာလက်ထပ်ပွဲလေ။ ဒါကြောင့် သူတို့မှာက ကွာရှင်းပြတ်စဲခဲ့တဲ့စာရွက်စာတမ်းလဲ ရှိတာမှမဟုတ်တာ'

အမေ၏မေးစေ့က စတင်ပြီး တုန်ရင်လာ၏။ သူက သူ့နှုတ်ခမ်းကိုသူ ကိုက်လိုက်သည်။ သူ့ဘာသာသူ တည်ငြိမ်အောင် ကြိုးစားနေ၏။

'မင်းအဖေက စာပြန်ရေးတယ်။ လုပ်စရာရှိတာ ဆက်လုပ်မယ် တဲ့။ ဒီလိုနဲ့ မင်းကို မွေးလာတယ်။ အမေတို့သုံးယောက်စလုံး ကင်ညာပြန်ကြမယ်လို့ သဘောတူလိုက်ကြတယ်။ မင်းအဖေ ကျောင်းပြီးရင်ပေါ့။ ဒါပေမယ့် မင်းအဘိုးဟူစိန်က မင်းအဖေဆီ စာရေးနေဆဲပဲ။ ကျောင်းသားဗီဇာ ပြန်သိမ်းမယ် စသဖြင့် ခြိမ်းခြောက်တာပေါ့။ ဒီမှာတင် တွတ်က စိတ်အရမ်းပူတော့တာပဲ။သူက ကင်ညာက မော်မော်ပုန်ကန်မှုတွေကိုပါဖတ်ဖူးတာကိုး။ မော်မော်သူပုန်တွေက အမေ့ခေါင်းကိုဖြတ် သတ်ပစ်မှာစိုးတာပေါ့'

'ဒီလိုနဲ့ မင်းအဖေဘွဲ့ရတော့ ပညာသင်ဆု နှစ်ဆုတောင်ရတယ်။ တစ်ခုက နယူးယောက်က နယူးစကူးမှာ။ နောက်တစ်ခုက ဟားဗတ်မှာ။ နယူးစကူးကဆိုရင် အိမ်လခလဲ ပေးဦးမယ်။တက္ကသိုလ်ဝင်းထဲမှာ အလုပ်တစ်ခုလဲ ပေးဦးမယ်။ အမေတို့ သုံးဦးသား စားလောက်သောက်လောက်ပေါ့။ ဟားဗတ်ကတော့ ကျောင်းလခပဲ လွတ်ငြိမ်းခွင့်ပြုမယ်တဲ့။ ဒါပေမယ့် ဘားရက်က ခေါင်းမာတဲ့သူဆိုတော့ သူက ဟားဗတ်ကိုပဲ ရွေးခဲ့တယ်။ အမေကလဲ သူ့အတွက်အကောင်းဆုံး ပညာရေးဆိုတော့ ဘယ်ငြင်းလို့ရမလဲ'

အမေက သက်ပြင်းတစ်ချက်ချကာ သူ့ဆံပင်များထဲသို့ လက်ထိုးသွင်းနေသည်။

'အမေတို့က သိပ်ငယ်ကြသေးတယ်။အမေ့အသက်က ၈ သားအသက်ထက်တောင် ငယ်သေးတယ်။ မင်းအဖေကလဲ အမေ့ထက် နည်းနည်းလေးပဲ ပိုကြီးတာ။နောက်ပိုင်း သူ ဟာဝိုင်ယီကိုလာတဲ့အခါ သူက အမေတို့ကို သူနဲ့



အတူလိုက်နေခိုင်းတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ အမေက လိုလိုနဲ့လက်ထပ်ပြီးနေပြီ။ သူ့ရဲ့တတိယဇနီးကလဲ သူ့ကို ချန်ခဲ့ပြီလေ။ ဒါနဲ့ အမေလဲ ဘာမှမစဉ်းစားတော့ဘူး'

အမေက စကားပြောရပ်ကာ သူ့ဘာသာသူ ရယ်နေ၏။

'သားကို ပြောဖူးသလား မသိဘူး။ အမေနဲ့ သူနဲ့ ပထမဆုံးအကြိမ် ချိန်းတွေ့ကြတဲ့နေ့က သူက နောက်ကျဖြစ်အောင် နောက်ကျခဲ့သေးတယ်လေ၊ သူက နေ့လည်တစ်နာရီမှာ တက္ကသိုလ်စာကြည့်တိုက်ရှေ့မှာတွေ့မယ်လို့ ချိန်းခဲ့တယ်။ အမေ ရောက်သွားတော့ သူက မရောက်သေးဘူး။ အမေလဲ နည်းနည်းစောင့်လိုက်ပါသေးတယ်။ အရိပ်အာဝါသကောင်းတဲ့သစ်ပင်လေးအောက်က ခုံတန်းရှည်မှာ အမေလဲ လှဲနေမိတယ်။ မကြာခင်မှာ အမေလဲ အိပ်ပျော်သွားတယ်၊ တစ်နာရီလောက်ကြာတော့ အမေလန့်နိုးလာတယ်။သူက သူငယ်ချင်းနှစ်ယောက်နဲ့အတူ ရောက်လာတယ်။ သူတို့သုံးယောက်က အမေ့ကို အပေါ်စီးကနေငုံ့ကြည့်နေကြတယ်။ အဲဒီမှာ အဖေက ပြောတယ်။ သူငယ်ချင်းတို့ရေ ငါ ချစ်သူက ငါ့ကို ဘယ်လောက်ချစ်သလဲဆိုရင် အိပ်ပြီးတော့တောင် စောင့်နေတာသာကြည့်တဲ့'

အမေက နောက်တစ်ချီ ထပ်ရယ်ပြန်သည်။ အမေက ရယ်လိုက်တော့ ကလေးလေးတစ်ယောက်လို ပြန်ဖြစ်သွားသည်။ အမေ ထိုသို့ပြောပြီး လအနည်းငယ်အကြာတွင် အဖေ့ထံ ကျွန်တော် ဖုန်းဆက်သည်။ အဖေဆုံးသွားပြီ။ အဖေဆီမှ အဖေ့ရိုက်သံသုံ့သုံ့ကို အတိုင်းသားကြားလိုက်ရသည်။

*

အမေနှင့်စကားပြောပြီးနောက် ဘော်စတွန်ရှိ အဖေ့အစ်ကိုထံ ဖုန်းဆက်၏။ အဖေ့အသုဘကို ကျွန်တော်မသွားဖြစ်ခဲ့။ နိုင်ရိုဘီရှိအဖေ့မိသားစုထံ ဝမ်းနည်းကြောင်းစာလွှာ ပို့၏။ သူတို့ကို စာပြန်ရေးရန်လည်း ပြော၏။

ကျွန်တော် အိပ်မက်တစ်ခုမက်ခဲ့၏။ အဖေက ခါးတွင် ပိတ်စလေးတစ်ခုသာ ပတ်ထား၏။ အဖေက သိပ်ပိန်နေသည်။ ခေါင်းကြီးကြီး အရိုးအဆစ်သန်သန်မာမာနှင့်အဖေက ပိန်တော့ သိပ်ကြည့်မကောင်း။ သူ၏လက်မောင်းနှင့်ရင်ဘတ်တွင် အမွေးအမျှင်တွေ မရှိ။ သူက ဖျော့တော့တော့ အားနည်းနေပုံရ၏။ သို့သော် သူ့မျက်နှာက ပြုံးနေ၏။



'မင်းကိုယ်မင်းလဲ ပြန်ကြည့်လေ။ သိပ်ကို အရုပ်မြင့်ပြီး သိပ်ပိန်နေပါလား'

ကျွန်တော်က အဖေ့ကို ပြေးဖက်၏။ ထိုနောက် စပြီးငိုမိ၏။ ငိုမိတာကို ရှက်သလိုဖြစ်သွားသည်။ သို့သော် အငိုက မရပ်နိုင်။

'ဘားရက်ရေ အဖေက မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ အမြဲပဲ ပြောပြချင်တယ်ကွယ်'

သူက ကျွန်တော့်ကို ပြောပြောဆိုဆိုဖက်ထားသည်။ သူ့ခန္ဓာကိုယ်မှာ ကျွန်တော့်လက်မောင်းထဲတွင် သေးသေးလေးဖြစ်နေ၏။ ကလေးတစ်ဦးအရွယ်။

သူက အခန်းထောင့် ကွပ်ပျစ်လေးပေါ်တွင် ထိုင်နေ၏။ လက်နှစ်ဘက်ကြားထဲ ခေါင်းကိုညှပ်ကာ ကျွန်တော့်ကိုမကြည့်ဘဲ မျက်နှာလွှဲနှင့် နံရံကိုစိုက်ကြည့်နေ၏။ သူ့မျက်နှာပြင်တွင် ကြေကွဲမှုများက ထင်ဟပ်နေ၏။ ကျွန်တော်က အဖေ့ကို လှမ်းနောက်၏။ ကျွန်တော်ပိန်တာက အဖေ့ကိုတူလို့ပေါ့ဗျာ။ ကျွန်တော်တို့ တူတူသွားကြမယ်ပြောသောအခါ သူက ခေါင်းခါ၏။ ကျွန်တော်သွားတာပဲ အကောင်းဆုံးပါဟု သူက ပြော၏။

ကျွန်တော်နိုးလာတော့ မျက်ရည်တွေနှင့်။ ကျွန်တော်ဆက်ငို၏။ သူ့အတွက် ပထမဆုံးကျမိသောမျက်ရည်များ။ကျွန်တော် မီးဖွင့်ကာ အဖေ့စာဟောင်းတွေ ရှာ၏။ သူ တစ်ခါတည်းလာလည်ပုံ။ သူပေးသော ဘတ်စကက်ဘောဘောလုံးလေး။ သူက အကသင်ပေးခဲ့ပုံ။

ကျွန်တော် ပြူတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်၏။ နံနက်ခင်း၏ ပထမဆုံးအသံကို နားထောင်နေမိ၏။ အမှိုက်သိမ်းကားတွေ၏ တဝေါဝေါမောင်းသွားသံ။ တစ်ဘက်ခန်းမှ ခြေသံများ။ ကျွန်တော် သူ့ကို ရှာရန် လိုသေးသည်။ ကျွန်တော့်ဘာသာ ကျွန်တော်ပြောနေမိ၏။ သူနှင့်လည်း နောက်တစ်ခါ စကားပြောရဦးမည်။

■

သူ့မျက်နှာက ပြုံးနေ၏။

## အခန်း ခုနစ်

၁၉၈၃ တွင် ကျွန်တော် မြို့နယ်စည်းရုံးရေးမှူးဖြစ်ဖို့ ဆုံးဖြတ်ခဲ့၏။

တကယ်တော့ ဤလုပ်ငန်းအကြောင်း သိ၍ ရွေးချယ်ခြင်း မဟုတ်။ အပြောင်းအလဲလုပ်ချင်၍လုပ်မိခြင်းဖြစ်သည်။ အိမ်ဖြူတော်အပြောင်းအလဲ။ ကွန်ဂရက် အပြောင်းအလဲ။ အပြောင်းအလဲသည် ထိပ်ဆုံးမှလာမည်မဟုတ်။ အခြေခံကအစ ပြောင်းလဲမှုဖြစ်လာမည်။

ဒါတွေ ကျွန်တော် လုပ်မည်။ ကျွန်တော်လူမည်းတွေကို စည်းရုံးမည်။ အခြေခံမှစ၍ ကျွန်တော် ပြောင်းလဲမည်။

ကျွန်တော့်မိတ်ဆွေများ၊ အဖြူရောအမည်းတွေပါ ကျွန်တော့်ကိုထောက်ခံကြသည်။

ကျွန်တော့်အမေနှင့် သူ့မတိုင်မီက သူ့အမေတွေ၊ ကျွန်တော့်အမေနှင့် သူမ၏မိဘများ။ အင်ဒိုနီးရှားတွင်တွေ့ခဲ့ရသော သူတောင်းစားများ၊ လယ်သမားများ၊ လိုလိုအာဏာကျခြင်း၊ ရေးနှင့်ဖရင့်၊ မားကပ်စ်နှင့်ရယ်ဂျီမှာ၊ နယူးယောက်ကို ကျွန်တော် ပြောင်းလာပုံ၊ အမေကွယ်လွန်ခြင်း....၎င်းတို့မှစ၍ ကျွန်တော် အပြောင်းအလဲတွေကို လုပ်မည်။

ကျွန်တော် တက္ကသိုလ်မှဘွဲ့ရကာနီးမှစ၍ လှုပ်ရှားမှုများကို စ၍လုပ်၏။ ဘွဲ့ရဖို့ နီးကပ်လာသောအခါ ကျွန်တော်သည် လူမှုအခွင့်အရေးအဖွဲ့အစည်းတိုင်းသို့ လှမ်းစာရေး၏။ နိုင်ငံတစ်ဝှန်းမှ အရွေးချယ်ခံထားရသူ လူမည်းများထံရေး၏။ အနီးအနားမှကောင်စီများထံ စာရေး၏။ မည်သူ့ထံမှ ပြန်စာမရသော်လည်း ကျွန်တော် စိတ်ဓာတ်မကျ။ အလုပ်ကိုတော့ ရအောင် ရှာ၏။ ဒါမှ ကျောင်းလခ



ကြွေးတွေ ပေးနိုင်မှာ။ နည်းနည်းပါးပါးလည်း စုနိုင်ဆောင်းနိုင်မှာ။ စည်းရုံးရေးမှူးလုပ်ငန်းသည် ပိုက်ဆံရမည့်အလုပ်မဟုတ်။ ထို့ကြောင့် ပိုက်ဆံလို၏။

နောက်ဆုံးတွင် လူမျိုးပေါင်းစုံကော်ပိုရေးရှင်းတစ်ခု၏ အကြံပေးရုံးက ကျွန်တော့်အား သုတေသနလက်ထောက်အဖြစ်ငှားရမ်းခဲ့၏။ ရန်သူနောက်တန်းမှ သူလျှိုတစ်ဦးကဲ့သို့ပင် ကျွန်တော်သည် မင်ဟတ်တန်မြို့လယ်ရှိ ရုံးသို့ နေ့တိုင်းသွားရကာ ကွန်ပျူတာရှေ့တွင်ထိုင်ပြီး ရိုက်တာစက်များကို စစ်ဆေးကာ တစ်ကမ္ဘာလုံးမှသတင်းများကို စစ်ဆေးရသည်။ ကျွန်တော်သည် ကုမ္ပဏီ၏တစ်ဦးတည်းသောလူမည်းအမျိုးသားဖြစ်၏။ သို့သော် ဌာနက ကျွန်တော့်အပေါ် သားတစ်ဦးအနေဖြင့် ဆက်ဆံပါသည်။ လူမည်းအမျိုးသမီးများကလည်း ကျွန်တော်သည် တစ်နေ့တွင် ကုမ္ပဏီတစ်ခုထူထောင်နိုင်မည့်သူဖြစ်သည်ဟု မျှော်လင့်ကြကြောင်း ပြောသည်။ နေ့လည်စာစားချိန်များတွင် ကျွန်တော်ကလည်း ကျွန်တော်၏စည်းရုံးမှုအစီအစဉ်များကို ချပြတတ်၏။ သူတို့က ပြုံးပြီး "ကောင်းတယ်ဟေ့ဘားရက်" ဟု အားပေးတတ်ကြ၏။

ကျွန်တော်က ကျွန်တော့်နိုင်ငံရေးအမြင်များကိုပြောပြ၏။ ဆင်းရဲသားများ၏အကျိုးဆောင်ရွက်ရမည့် နည်းလမ်းများကို ပြော၏။

လူမည်းလုံခြုံရေးဝန်ထမ်း "အိုက်" ကမူ ကျွန်တော့်ကို ပြန်လှန်ပြောတတ်၏။

"မစ္စတာဘားရက်ရေ၊ ကျွန်တော် တစ်ခု အကြံကောင်းပေးချင်တယ်။ စည်းရုံးရေးလုပ်ငန်းထက် ငွေရှာတဲ့လုပ်ငန်းကို အခုအရင်လုပ်ပါလား။ လောဘသိပ်ကြီးဖို့တော့ မလိုပါဘူး။ တော်ရုံတန်ရုံပေါ့။ ကျွန်တော် ဒါကို ဘာဖြစ်လို့ ပြောသလဲဆိုရင် ကျွန်တော် ခင်ဗျားဆီမှာ အရည်အသွေးတွေကို မြင်နေရလို့ပဲ။ ခင်ဗျားလို လူငယ်လေးတစ်ဦးဟာ အသံကြည်ကြည်လင်လင် ခပ်ရှိရှိနဲ့ဆိုတော့ ရုပ်မြင်သံကြားမှာ ကြေညာသူတစ်ဦးဦးဖြစ်နိုင်တာပဲ။ ကျွန်တော့်မှာ ခင်ဗျားအရွယ်တူတစ်ယောက် ရှိတယ်။ သူ ပိုက်ဆံအတော်ရတယ်။ ဒါကို ကျွန်တော်တို့လိုတာပဲ။ ဒါနဲ့ ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်နှစ်နှစ်ပါ"

"အဲဒါပဲ ကြည့်လေ။ ခင်ဗျားရဲ့လူငယ်ဘဝကိုတော့ အလဟဿ ဖြုန်း



တီးမပစ်နဲ့နော် မစ္စတာဘားရက်။ ကျုပ်လို အသိုးကြီးဆိုရင် အိပ်ယာက နိုးကတည်းက ပင်ပန်းပြီး နိုးလာတဲ့အရွယ်"

*

ကျွန်တော် ထိုစကားကို ထိုစဉ်က သိပ်ဂရုမထားခဲ့ပါ။ ဤသို့အကြံဉာဏ်မျိုး ကျွန်တော့်တိုးဘွားများလည်း ပေးတတ်ပါသည်။ လအနည်းငယ် ကြာသောအခါ ကျွန်တော် စည်းရုံးရေးမှူးဖြစ်ချင်သောစိတ်မှာ ပျောက်လွင့်သွားပါပြီ။ ကုမ္ပဏီက ကျွန်တော့်ကို စီးပွားရေးစာရေးဆရာအဖြစ် ရာထူး တိုးပေးလိုက်သည်။ ကျွန်တော့်တွင် ကိုယ်ပိုင်ရုံးခန်း ရှိပြီ။ ကိုယ်ပိုင်အတွင်းရေးမှူး ရှိပြီ။ ဘဏ်တွင် ငွေစာရင်း ဖွင့်နိုင်ပြီ။ ဂျပန်စီးပွားရေးလုပ်ငန်းရှင်၊ ဂျာမန်ကုန်သည်များနှင့်အင်တာဗျူးလုပ်ပြီးပြန်အလာ ဓာတ်လှေကားအရိပ်တွင် လည်စည်းနှင့် အနောက်တိုင်းဝတ်စုံနှင့် လက်ဆွဲအိတ်နှင့် ဝတိုင်ကျကျကိုယ့်ပုံရိပ်ကို ကိုယ်ပြန်မြင်နေရ၍ကျေနပ်မိ၏။

တစ်နေ့တွင် ကွန်ပျူတာရှေ့ထိုင်ပြီး စီးပွားရေးဆောင်းပါးတစ်ပုဒ်ရေးနေစဉ် မမျှော်လင့်စရာတစ်ခုဖြစ်ခဲ့၏။ "ဩမာ" ထံမှ ဖုန်းလာ၏။

ကျွန်တော် ဖအေတူမအေကွဲနမကို မမြင်ဖူးပါ။ စာတွေ တစ်ခါတစ်ခါ ရေးတာပဲ ရှိ၏။ သူသည် ကင်ညာမှနေ၍ ထွက်ခွာကာ ဂျာမနီတွင် ပညာသွားသင်နေသည်ကိုသာ သိ၏။ ကျွန်တော်က သူ့ထံ သွားလည်မည်၊ သူက အမေရိကလာလည်မည်ကို ရေးကြသည်။ တကယ်တော့ ဒါတွေက စိတ်ကူးယဉ်တွေ။ ကျွန်တော်တို့နှစ်ယောက်လုံးမှာ ပိုက်ဆံမရှိ။ ဒီနှစ်မဟုတ်ဘဲ နောင်နှစ်တွေပေါ့ ဟုသာ အချိန်ကို ရွှေ့ရွှေ့လာကြ၏။

ယခု ဖုန်းလာတော့ လက်ခံစကားပြောရင်း ကျွန်တော် အံ့သြသွားသည်။ သူ မကြာခင် အမေရိကသို့ လာတော့မည်တဲ့။ သူနှင့်အတူ မိတ်ဆွေအချို့လည်း ပါလာမည်ဆိုပဲ။

"ငါနဲ့လာနေလို့ရတာပေါ့" ဟု ကျွန်တော်က ပြောလိုက်သည်။ နောက်အပတ်များတွင် ဆိုဖာခုံအခင်းအသစ်ဝယ်ရ၊ ပန်းကန်ပြားနှင့် မျက်နှာသုတ်ပုဝါတွေ ဝယ်ရဖြင့် ကျွန်တော် အလုပ်ရှုပ်သွား၏။ သို့သော် လာရန် နှစ်ရက်အကြာတွင် ဩမာထံမှ ဖုန်းလာ၏။ လေသံက တိုးတိုးလေး။

"ငါ မလာနိုင်တော့ဘူး။ ငါ့မောင်တစ်ယောက်ဖြစ်တဲ့ အေးဇစ်သေသွားပြီ၊ မော်တော်ဆိုင်ကယ်တိုက်မှုနဲ့။ ဒီထက် ငါလဲ ဘာမှမပြောနိုင်တော့ဘူး ဘာရက်ရယ်။ ဒါမျိုးတွေ ငါတို့ကျမှ ဘာဖြစ်လို့လာဖြစ်တာလဲ"

သူက ပြောရင်း ငိုၡ၏။ ကျွန်တော်က သူ့ကို ကြိုးစားပြီး နှစ်သိမ့်၏။ နောင်များမှတွေ့ကြတာပေါ့ဟု ပြော၏။ သူက ကင်ညာသို့ ချက်ချင်းပြန်ရမည်ဟုဆိုသည်။

"ဒါပဲနော် ဘားရက်၊ တွေ့ကြသေးတာပေါ့"

သူ့ဖုန်းလာပြီးနောက် ကျွန်တော် အတွင်းရေးမှူးကို ခွင့်ယူမည်ဟုပြောကာ အပြင်ထွက်ခဲ့၏။ မန်ဟက်တန်၏လမ်းအနှံ့ လျှောက်သွားမိသည်။

ဩမာ၏အသံက ပဲ့တင်ရိုက်ခတ်နေသည်။ တိုက်တစ်တိုက်မှ အမျိုးသမီးတစ်ဦး၏ငိုသံ။

ကျွန်တော့်ကိုယ်ကျွန်တော် မေးကြည့်မိပြန်သည်။

ငါဘယ်သူလဲ ဆွေမျိုးတစ်ဦးကွယ်လွန်တာတောင်မှ မျက်ရည်တစ်စက်မကျတဲ့သူ။

*

ဩမာနှင့် ပထမအဆက်အသွယ်ကြောင့် ကျွန်တော့်ဘဝ မည်သို့ပြောင်းလဲခဲ့သည်ကို ယနေ့တိုင် ကျွန်တော်အံ့ဩနေဆဲ။ ဩမာအသံ ကြားရပြီးနောက် ကျွန်တော့်မှာ ကုသစရာဒဏ်ရာတွေ ကျန်သေးသည်ကို သတိပေးသလို ဖြစ်ခဲ့၏။ ကိုယ့်ဘာသာကိုယ်ကား မကုနိုင်။ အကယ်၍ အေးဇစ်သာ မသေလျှင် သူက ပေးနိုင်၏။ ဩမာသာ မူလစီစဉ်ထားသည့်အတိုင်း နယူးယောက်သို့ လာခဲ့လျှင် ကျွန်တော် အပြောင်းအလဲဖြစ်မည်မဟုတ်။

လအနည်းငယ်အကြာတွင် ကျွန်တော့်ကို မြို့မှ ထင်ရှားသောလူမှုအဖွဲ့အစည်းတစ်ခု၏ညွှန်ကြားရေးမှူးက အင်တာဗျူး ခေါ်တွေ့၏။ သူသည် အရပ်မြင့်မြင့် ခန့်ခန့်ညားညား လူမည်းတစ်ဦးဖြစ်သည်။ သူ့ရုံးသည် အီတာလီကုလားထိုင်များ၊ အာဖရိကရုပ်ထုများနှင့်ပြင်ဆင်ထား၏။ ဒေါက်တာကင်း၏ကိုယ်တစ်ပိုင်းရုပ်ထုလည်း ရှိသည်။ သူက ကျွန်တော့်ကိုအင်တာဗျူးလုပ်ပြီးနောက် အလုပ်တစ်ခု ကမ်းလှမ်း၏။ မူးယစ်ဆေးဝါး၊ အလုပ်လက်မဲ့ပြဿနာ၊ အိုးအိမ်ပြဿနာ



များနှင့်ဆိုင်သောအလုပ်။ ထိုအလုပ်မျိုးကို ကျွန်တော်ငြင်းလိုက်သည်။ ကျွန်တော်က လမ်းပေါ်ကပြဿနာများနှင့်ပတ်သက်သောအလုပ်မျိုးကို လုပ်ချင်၏။

သို့ဖြင့် ကျွန်တော် အလုပ်လက်မဲ့ ဖြစ်လာခဲ့၏။ ပိုက်ဆံက ပြတ်သဖြင့် ညည်သွတ်ဖူးထဲမှစွတ်ပြုတ်ကိုပဲ သောက်နေရသည်။ တစ်နေ့တွင် ဟောပြောပွဲတစ်ခုသို့ သွားသည်။ ခန်းမအဝင်ဝတွင် အမျိုးသမီးနှစ်ဦး။ တစ်ဦးက လူမည်း၊ တစ်ဦးက အာရှတိုက်သူ။ သူတို့သည် မှာကစ်စိဝါဒစာပေများကို ရောင်းချရင်းနှင့် သမိုင်းထဲက ထရော့စကီး၏နေရာနှင့်ပတ်သက်၍ ငြင်းခုန်နေကြ၏။ ခန်းမထဲတွင်ကား အာဖရိကနှင့်လူမည်းတို့၏ဟာလင်ရပ်ကွက်ကြားတွင် စီးပွားရေးဆက်ဆံမှုလုပ်ခြင်းဖြင့် လူဖြူတို့၏နေရှင်ဝါဒကိုအံတုရန် ပြောကြားနေကြ၏။ ဟောပြောပွဲအပြီးတွင် မျက်မှန်တပ်ထားသော ခပ်ပိန်ပိန်အမျိုးသမီးတစ်ဦးက အာဖရိကစီးပွားရေးအခြေနေနှင့်ပတ်သက်၍ လက်တွေ့လုပ်ကိုင်နိုင်မနိုင်ထ,မေး၏။ ဟောပြောသူက သူ့မေးခွန်းတစ်ဝက်တွင် ဖြတ်ပြီး "ဒါကို လက်တွေ့မကျဘူးလို့ဆိုတာကို ဦးနှောက်ဆေးကြောပစ်ဖို့လိုတယ်"ဟု တုန့်ပြန်၏။ သူ စကားပြောနေစဉ် မျက်လုံးများမှာ တောက်ပပြူးကျယ်နေ၏။ သူ့ရူးတစ်ယောက်၏မျက်လုံး (သို့မဟုတ်)သူတော်စင်၏မျက်လုံး တစ်ခုခုဖြစ်နိုင်သည်။ လူတွေပြန်ထွက်လာသောအခါ ခန်းမအပြင်ဘက်ရှိ မှာကစ်စ်ဝါဒီနှစ်ဦးက အသံကုန်ဟစ်ကြွေးနေကြ၏။

"စတာလင်ဝါဒီ ဝက်"

"ပြန်လည်ပြင်ဆင်ရေးဝါဒီ ခွေးမ"

အိပ်မက်ဆိုးမက်နေသကဲ့သို့ ဖြစ်သည်။ ကျွန်တော်သည် ဘရော့ဒ်ဝေးတစ်ပိုက် ခြေဦးတည့်ရာလျှောက်နေမိ၏။ ထိုနောက် ကျွန်တော့်ကိုယ် ကျွန်တော်သတိထားမိသည်မှာ လမ်းအလယ်တွင် ကျွန်တော်စကားပြောနေမိခြင်းပင်။ အလုပ်မှပြန်လာသူတချို့က ကျွန်တော်ပြောတာ ထိုင်နားထောင်ကြ၏။

ကျွန်တော် စည်းရုံးရေးလုပ်ငန်းကိုစွန့်လွှတ်လိုက်စဉ်မှာပင် မာတီကော့ဖ်မင်းထံမှ ဖုန်းလာ၏။ သူက ရှီကာဂိုတွင် စည်းရုံးရေးလုပ်လို၍ လေ့ကျင့်ပေးသူတစ်ဦးရှာနေကြောင်း ပြောသည်။ သူသည် နောက်အပတ်တွင် နယူးယောက်သို့ရောက်မည်ဖြစ်ပြီး လက်မင်တန်ရပ်ကွက်ရှိ ကော်ဖီဆိုင်တစ်ခုတွင် တွေ့ဆုံရန်ပြော၏။



သူ့ကို တွေ့သောအခါ ပုံပန်းသဏ္ဌာန် ကြည့်ပြီး သိပ်မကြည်ညိုချင်၊ သူက အရပ်ခပ်ပြတ်ပြတ် လူဖြူတစ်ဦး။ မျက်နှာကလည်း အရက်ဖော ဖောနေသလို။ မျက်မှန်ထူထူက တပ်ထားသေး။ သူက ကျွန်တော့်ကို မတ်တပ်ရပ်၍ လက်ဆွဲနှုတ်ဆက်စဉ် လက်ဖက်ရည်တချို့ဖိတ်ပြီး သူ့ရှပ်အင်္ကျီများစွန်းကုန်သည်။

"ဟာဝိုင်ယီက ပုဂ္ဂိုလ်တစ်ဦးက ဘာဖြစ်လို့ စည်းရုံးရေးသမား လုပ်ချင်တာလဲ"

သူ့အမေးကို ကျွန်တော်က ကျွန်တော့်အကြောင်း နည်းနည်းပြောပြီး အဖြေပေး၏။

"အင်း ခင်ဗျား တစ်ခုခုကြောင့် ဒေါသဖြစ်နေတာနဲ့တူတယ်"ဟု သူက ခေါင်းညိတ်ရင်း ပြန်ပြော၏။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"အတိအကျတော့ မသိဘူးဗျာ။ ဒါပေမယ့် တစ်ခုခုပေါ့။ တစ်စုံတစ်ယောက်က စည်းရုံးရေးသမားဖြစ်ချင်တယ်ဆိုရင် တစ်ခုခုကြောင့်ပဲပေါ့။ အခြေအနေကောင်းတဲ့သူဟာ သက်တောင့်သက်သာအလုပ်ပဲ ရှာမှာပေါ့"

သူက ရေခွေးထပ်မှာကာ သူ့အကြောင်း ပြောသည်။

သူက ဂျူးလူမျိုး။ အသက် သုံးဆယ်ပတ်ဝန်းကျင်။ နယူးယောက်တွင်မွေးသူ။ ခြောက်ဆယ်စုနှစ်များတွင် သူသည် ကျောင်းသားလှုပ်ရှားမှုများနှင့်အတူ စည်းရုံးရေး စ,လုပ်၏။ ၁၅နှစ်လုံးလုံး ဒါတွေကိုလုပ်၏။ နီဘရာစကာမှလယ်သမားများ၊ ဖီလာဒဲလ်ဖီးယားမှလူမည်းများ၊ ရှီကာဂိုမှမက်ဆီကန်များ။ ယခုအခါ သူသည် မက်ထရိုပိုလီတန်မြို့ပြတွင် မြို့နေလူမည်းများနှင့် ဆင်ခြေဖုံးနေ လူဖြူများကို အတူတကွစုစည်းကာ လုပ်ငန်းအစီအစဉ်လုပ်နေ၏။ သူနှင့်အတူ အလုပ်လုပ်ရန် လူတစ်ဦးလို၏။ ထိုသူမှာ လူမည်းတစ်စုံတစ်ဦးဖြစ်ရမည်။

"ကျွန်တော်တို့အလုပ်အများစုက ဘုရားကျောင်းတွေမှာပဲ။ တကယ်လို့ ဆင်းရဲသားတွေနဲ့ လုပ်သားပြည်သူတွေဟာ အာဏာအစစ်ကို ဆောက်တည်ချင်တယ်ဆိုရင် သူတို့မှာ အခြေခံအဆောက်အဦတစ်ခုရှိရမယ်။ ဘုရားရှိခိုးကျောင်းတွေမှာက နှလုံးသားက ကောင်းကြပေမယ့် အလုပ်က မဖြစ်ကြဘူး။ တနင်္ဂနွေနေ့မှာ တရားဟော အိမ်ခြေယာခြေမဲ့တွေကို အလှူဒါန နည်းနည်းပြု။ ဒါပါပဲ'



သူက ရေခွေးထပ်မှာရင်း ပြော၏။

"အမေရိကက လူတန်းစားခွဲတယ်ဗျ။ ဟာရီးလ်ဝါရှင်တန်ဆိုတဲ့လူက လူမည်းပဲ။ သူက အရွေးချယ်ခံထားရတဲ့မြို့တော်ဝန်၊ သူ့ကိုလူဖြူတွေက မကြိုက်ကြဘူး"

"ဒါဆို ခင်ဗျားကလဲ ဟာရီးလ်လိုလိုက်လုပ်နေတာပဲ၊ သူ့ဆီမှာ ခင်ဗျား ဘာဖြစ်လို့သွားမလုပ်သလဲဆိုတာပဲ အံ့ဩနေမိတယ်"

"ကျွန်တော်ကြိုးစားပါသေးတယ် ဒါပေမယ့် သူ့ရုံးက ဘာမှအကြောင်းမပြန်လို့ပါ"

"မာတီ"က ပြုံးပြီး မျက်မှန်ကိုချွတ်လိုက်၏။ ထိုနောက် မျက်မှန်ကို သူ၏လည်စည်းဖြင့် ပွတ်တိုက်သည်။

"အေးဗျ လုပ်ရမှာပေါ့။ ခင်ဗျားက အသက်လဲ ငယ်တယ်၊လူမည်းလဲဖြစ်တယ်။ လူမှုရေးလုပ်ငန်းတွေမှာလဲ စိတ်ဝင်စားတယ်လေ။ နိုင်ငံရေး ဝါဒဖြန့်တာမျိုး လုပ်ပေါ့။ အာဏာပါဝါရှိတဲ့တစ်စုံတစ်ယောက်က ခင်ဗျားကို ထောက်ပံ့မှာပေါ့။ ဟာရီးလ်က ပါဝါရှိတယ်။ ဒါကို ဘာမှ ယုံမှားသံသယဖြစ်စရာမလိုဘူး။ သူ့မှာ လူချစ်ခင်စရာတွေ အများကြီးရှိတယ်။ လူမည်းလူမှုအသိုင်းအဝန်းကိုလည်း ကူညီပါတယ်။ လူမည်းအသိုင်းအဝန်းရဲ့အထောက်အပံ့လဲ သူ့မှာရှိပါတယ်။ လစ်ဘရယ်လူဖြူလက်တစ်ဆုပ်လဲ ရှိတယ်။ မြို့ရဲ့အနေအထားတစ်ခုလုံးက နှစ်ခြမ်း ကွဲနေတယ်။ မီဒီယာဆပ်ကပ် က,နေသလိုပဲ။ ဘာမှ သိပ်အလုပ်မဖြစ်ဘူး"

"ဒါက ဘယ်သူ့အပြစ်လဲ"

ကျွန်တော်က မေးလိုက်သည်။

"မာတီ"က မျက်မှန်ပြန်တပ်လိုက်ကာ ကျွန်တော့်မျက်လုံးကို ပြန်စိုက်ကြည့်ရင်း ပြောသည်။

"အပြစ်ကို ပြဿနာလုပ်လို့ မရဘူး။ နိုင်ငံရေးသမားတွေက ဖြေရှင်းနိုင်ပါတယ်။ နှစ်ခြမ်းကွဲမြို့ကို နိုင်ငံရေးသမားတွေက ကိုင်တွယ်နိုင်ပါတယ်။ အဖြူပဲ ဖြစ်ဖြစ်၊ အမည်းပဲ ဖြစ်ဖြစ်"

သူက ကျွန်တော့်ကို ပထမနှစ်တွင် ဒေါ်လာတစ်သောင်းနှင့် စ,ရန်

ကမ်းလှမ်း၏။ ကားတစ်စင်း ဝယ်ရန် ခရီးစရိတ် ဒေါ်လာ နှစ်ထောင် ပေး၏။ အလုပ်ဖြစ်လျှင် လခတိုးပေးမည်ဟု ဆို၏။ သူက လူတော်တစ်ဦးဟု ကျွန်တော် ဆုံးဖြတ်မိသည်။ သူ့အလုပ်ကို သူ ကျွမ်းကျင်ပုံရ၏။ တစ်ခုပဲ ကျွန်တော်စိုးရိမ်မိတာရှိ၏။ သူက လူဖြူဖြစ်နေတာ တစ်ခုပါပဲ။

ပင်လယ်ထဲသို့ အညိုရောင်လှေအရှည်ကြီးတစ်စင်းက ထွက်သွား၏။ ကျွန်တော်က ဆိပ်ကမ်းနံဘေးရှိ ထိုင်ခုံရှည်တွင် ထိုင်ကာ မည်သည့်ဆုံးဖြတ်ချက်ကိုချရမည်ကို စဉ်းစားနေ၏။ ကျွန်တော့်အနီးသို့ လူမည်းအမျိုးသမီးတစ်ဦးနှင့် သားလေးတစ်ဦးက ချဉ်းကပ်လာ၏။ ကလေးက သူ့မိခင်၏ခြေထောက်ကိုဖက်ထားသည်။ အမေလုပ်သူက ပခုံးကိုတွန့်လိုက်သည်။ သားလေးက ကျွန်တော့်အနားသို့တိုးလာ၏။

'ဆရာကြီး တစ်ခုမေးပါရစေ။ ဒီမြစ်က တစ်ခါတလေ ဟိုဘက်ကိုစီးပြီး တစ်ခါတလေ ဒီဘက်ကိုစီးတာ ဘာဖြစ်လို့လဲ'

သူက အော်မေးသည်။

အမေလုပ်သူက ပြုံးပြီး ခေါင်းခါနေ၏။ ကျွန်တော်က ဒီရေအကြောင်းကိုရှင်းပြ၏။ ကျွန်တော့်အဖြေကို ကလေးက ကျေနပ်သွားပုံရ၏။ သူက သူ့အမေထံ ပြန်သွားသည်။ သူတို့နှစ်ဦး အမှောင်ရိပ်တွင် ပျောက်သွားသည်အထိ ကျွန်တော် စောင့်ကြည့်နေမိ၏။ ကျွန်တော်သည် မြစ်က ဘယ်ဘက်ကိုစီးသည်ကို တစ်ခါမှ သတိမပြုမိခဲ့။

ရက်သတ္တတစ်ပတ်အကြာတွင် ကျွန်တော် ကားထဲတွင် ဝန်စည်စလယ်များထည့်ကာ ရီကာဂိုသို့ မောင်းထွက်ခဲ့၏။

■

## အခန်း ရှစ်

ကျွန်တော် ရှီကာဂိုသို့ တစ်ခါသာရောက်ဖူး၏။ ကျွန်တော့်အဖေ ဟာဝိုင်ယီသို့လာလည်သောနွေရာသီက ဖြစ်သည်။ ကျွန်တော် ၁၁နှစ်မပြည့်မီ တွတ်က အမေရိကာ၏အဓိကနေရာများသို့ မြင်ဖူးရန် အချိန်ကျပြီဟု ဆိုသည်။ ဖြစ်ရပ်နှစ်ခုက ဆက်စပ်နေ၏။ အဘွား၏ဆုံးဖြတ်ချက်နှင့် ကျွန်တော့်အဖေလာအလည်။

ကျွန်တော်တို့ တစ်လကျော် ခရီးသွားကြသည်။ တွတ်ရယ်၊ ကျွန်တော့်အမေရယ်၊ မာယာရယ်၊ ကျွန်တော်ရယ်။ အတိုးကတော့ ခရီးသွားရတာ စိတ်မပါတော့၍ အိမ်စောင့်အနေနှင့် ကျန်ခဲ့၏။ ကျွန်တော်တို့ ဆီတဲလ်သို့ လေယာဉ်ဖြင့် သွား၏။ ထိုမှ ကာလီဖိုးနီးယားနှင့် ဒစ်စနေကမ္ဘာသို့ ခုန်ဆင်း၏။ အရှေ့ဘက် ဂရင်းကင်နွံသို့ သွားကာ မဟာလွင်ပြင်ကို ဖြတ်ပြီး ကင်းဆပ်စ်စီးတီးသို့ သွားသည်။ ထိုမှ မဟာကန်တော်သို့ဆန့်တက်ကာ ရဲလိုးစတုန်းပန်းခြံကိုဖြတ်ပြီး အနောက်သို့ သွားသည်။ ဂရေးဟောင်းဘတ်စ်ကားကို အများဆုံးစီးကာ ဟောင်းဝပ်ဂျွန်ဆင်တွင် တည်းခိုလေ့ရှိ၏။အိပ်ယာမဝင်မီ ဝါးတားဂိတ်အမှုကိစ္စကို အမြဲစောင့်ကြည့်နားထောင်၏။

ရှီကာဂိုတွင် သုံးရက်နေ၏။ ဇူလိုင်လ ဖြစ်သော်လည်း ရာသီဥတုက အေး၏။ မိုတယ်တွင် ရေကူးကန်ရှိသည်။ ဟာဝိုင်ယီတွင် မိုတယ်တွင်း ရေကူးကန်မရှိ။ ရထားလမ်းတွင် ရထားများ ခုတ်မောင်းသွားသည်ကိုကြည့်ပြီး ရထားသံနှင့်အပြိုင် ကျွန်တော်က ကုန်းအော်တတ်သည်။

ယခု ၁၄နှစ်ကြာ၍ ရှီကာဂိုသို့ ပြန်ရောက်သောအခါ မြို့မှာ ပိုလှနေသည်။ ယခုအခေါက် ရောက်တာကလည်း ဇူလိုင်လပင်။ သစ်ပင်စိမ်းစိမ်းများကြားမှ နေရောင်က ထိုးထွက်နေသည်။ မီရှီဂန်ရေကန်ကို ဖြတ်၍ ရွက်လှေများ



ရွက်လွှင့်နေသည်။ မာတီက အလုပ်များနေ၍ ပထမရက်များတွင် ကျွန်တော့်ဘာသာကျွန်တော် လျှောက်ကြည့်ရသည်။ ကျွန်တော်က မြေပုံတစ်ခုဝယ်ကာ ကားလျှောက်မောင်းသည်။

သုံးရက်မြောက်နေ့တွင် ကျွန်တော် 'စမစ်တီ'ဆံသဆိုင်ရှေ့ ရောက်၏။ ဟိုက်ပတ်ဥယျာဉ်၏ အစွန်ဘက်ရှိ ၁၅ပေ ပေ ၃၀ ဆိုင်လေးရှေ့တွင် ဆံပင်ညှပ်ခုံ လေးခုံနှင့် လက်သည်းညှပ်အလုပြင်စားပွဲတစ်ခု ရှိသည်။ စမစ်တီမှာ လူမည်းအသက်ကြီးကြီးတစ်ဦး ဖြစ်၏။ သူ့ခုံရှေ့တွင် အားနေ၍ ကျွန်တော်က ဝင်ထိုင်လိုက်သည်။ ဆံပင်ညှပ်သမားနှင့် ဆံပင်အညှပ်ခံသူတို့က ထွေရာလေးပါးစကားတွေ ပြောနေကြ၏။

ဇနီး၏နမဝမ်းကွဲနှင့် ကုတင်ပေါ်တွင် ပက်ပင်းမိ၍ ဇနီးက မီးဖိုချောင်ထဲမှဓားနှင့်လိုက်ခုတ်၍ ကိုယ်လုံးတီးထွက်ပြေးရသူအကြောင်းပြောနေရင်းမှ နိုင်ငံရေးစကားများဆီ ရောက်သွားပြန်သည်။

'လူမည်းတစ်ယောက်ဟာ အာဏာလေး နည်းနည်းရလာတာနဲ့ အကျင့်ပြောင်းဖို့ ကြိုးစားကြတာချည်းပဲ'

'မိုဆိုးတာကဗျာ လူမည်းတွေကို သတင်းစာတွေက မြှောက်ပေးနေတာပဲ'

'လူဖြူသတင်းစာတွေမှာကရော ဘာကို ခင်ဗျားမျှော်လင့်ထားလို့လဲ'

'ခင်ဗျားပြောတာမှန်တယ်။ဟာရိုးလ်က သူဘာလုပ်ရမယ်ဆိုတာ သူသိတယ်။ သူက နောက်ရွေးကောက်ပွဲအတွက် လုပ်နေတာပဲ'

'ဟာရိုးလ်က လူမည်းတချို့ကိုငှားသုံးဖို့ ကြိုးစားတာ။ ဒါကလဲ လူမျိုးခွဲခြားမှုပြောင်းပြန်ပေါ့ဗျာ'

ဤသည်မှာ ရှီကာဂိုမြို့တော်ဝန်အပေါ် လူမည်းများ၏ ဝေဖန်သုံးသပ်ချက်များ ဖြစ်၏။ မြို့တော်ဝန်၏ဓာတ်ပုံကို နေရာတကာတွင် တွေ့ရတတ်သည်။ ဖိနပ်ပြင်ဆိုင်နံရံပေါ်မှာ၊ အလှပြင်ဆိုင်တွေမှာ၊ ဓာတ်တိုင်များမှာပါ ကော်နှင့်ကပ်ထားသည်ကိုတွေ့ရ၏။ ကိုရီးယားပင်မင်းဆိုင်၊ အာရပ်ကုန်စုံဆိုင်တွေမှာလည်း ကပ်ထားသည်။ ယခု ဆံပင်ညှပ်ဆိုင်နံရံမှသူ့ပုံကလည်း ကျွန်တော့်ကို ငုံ့ကြည့်နေ၏။ မျက်ခုံးမွေးထူထူ၊ နှုတ်ခမ်းမွေးနှင့် ဥပဓိရုပ်ကောင်းကောင်း။ မျက်လုံးတွေ



က အရောင်တောက်နေ၏။ စမစ်တီက ဓာတ်ပုံကို ကျွန်တော် ကြည့်နေသည်ကို သတိထားမိပြီး ရွေးကောက်ပွဲကာလမှာ ကျွန်တော် ရှီကာဂိုတွင် ရှိနေဦးမလားဟု မေး၏။ ကျွန်တော်က မနေပါဘူးဟုပြောရာ သူက ခေါင်းညိတ်လိုက်သည်။

'ဟာရိုးလ် မရောက်ခင်တုန်းကဆို ကျွန်တော်တို့အားလုံးဟာ ဒုတိယတန်းစား မြို့သူမြို့သားတွေပဲ ဖြစ်ခဲ့တယ်'

'နိုက်ပျိုးရေး နိုင်ငံရေးပေါ့ဗျာ'

သတင်းစာကိုင်ထားသော လူမည်းတစ်ဦးက ဝင်ပြောသည်။

'နိုက်ပျိုးရေးပေါ့ဗျာ။ လူမည်းတွေဟာ မကောင်းဆုံးအလုပ်ကို လုပ်ကြရတယ်။အဆိုးရွားဆုံးအိမ်ယာတွေမှာ နေရတယ်။ ရဲကလဲ နှိပ်စက်တယ်။ ဒါပေမယ့် လူမည်းကော်မတီဝင်ဆိုသူတွေ ရွေးကောက်ပွဲနီးရင် ရောက်လာကြပြီ။ ကျွန်တော်တို့ကို တန်းစီပြီး ဒီမိုကရက်တစ်မဲတွေ ထည့်ခိုင်းတယ်။ ကျွန်တော်တို့စိတ်ဓာတ်တွေကို ခရစ်စမတ်ကြက်ဆင်သားနဲ့လဲရတယ်။ လူဖြူတွေက ကျွန်တော်တို့မျက်နှာလုံကို တံတွေးနဲ့ထွေးကြတယ်။ ကျွန်တော်တို့က သူတို့ကို ထောက်ခံမဲနဲ့ ပြန်ကျေးဇူးဆပ်ရတယ်'

စမစ်တီက ရှင်းပြသည်။ ဆံပင်တွေက ကျွန်တော့်ပေါင်ပေါ်ကျနေကြစဉ် ဟာရိုးလ်တက်လာပုံကို ဆက်နားထောင်ရ၏။ သူက မြို့တော်ဝန် တစ်ကြိမ်အရွေးခံ၏။ လူမည်းအုပ်စုတွေက မညီညွတ်သဖြင့် မနိုင်ခဲ့။ဟာရိုးလ်က ထပ်ကြိုးစား၏။ ဤတစ်ချိတော့ လူထုက သူ့ဘက်ကအသင့်။ ဘာဂိုလ်ယက်နှင့်အုပ်စုက ရီပတ်ဗလီကင်ပါတီဘက်မှရပ်တည်ကာ 'လူမည်းသာ မြို့တော်ဝန် ဖြစ်ရင် မြို့ကြီးပျက်တော့မှာပဲ'ဟု အပုတ်ချကြ၏။

'ဟာရိုးလ်နိုင်တဲ့ညက လူတွေဟာ လမ်းပေါ်မှာ ဝမ်းသာအားရပြေးလွှားနေကြတယ်။ ဂျိုးလူဝီက ရှမဲလင်းကို အလဲထိုးချခဲ့တဲ့နေ့အတိုင်းပဲ။ ခံစားမှုကအတူတူပဲ။ ပြည်သူတွေဟာ ဟာရိုးအတွက် သက်သက်ဂုဏ်ယူနေကြတာမဟုတ်ဘူး။ သူတို့ဘာသာ သူတို့လဲ ဂုဏ်ယူနေကြတာ။ ကျွန်တော်နဲ့ကျွန်တော့်ဇနီးဆိုအိမ်ထဲမှာပဲ ရှိနေကြတယ်။ ဒါပေမယ့် မနက် သုံးနာရီအထိ အိပ်လို့ မရကြဘူး၊ စိတ်လှုပ်ရှားလွန်းတာနဲ့။ နောက်နေ့ အိပ်ယာကလဲနိုးရော ကျွန်တော်ဘဝရဲ့အလှဆုံးနေ့လို့တောင် ထင်မိခဲ့တယ်'

စမစ်တီပြောသည်ကို နားထောင်ရင်း အခန်းထဲမှလူအားလုံး ပြုံးနေကြသည်။ ကျွန်တော်လည်း သူတို့၏ဂုဏ်ယူမှုများထဲတွင် ဝေစုဝင်ပါလိုက်၏။

ဆံပင်ညှပ်ပြီးတော့ စမစ်တီက မှန်တစ်ချပ်ပေးကာ သူ့လက်ရာကိုစစ်ဆေးခိုင်းသည်။ ထို့နောက် ကျွန်တော့်နွေးကိုယ်က ဆံပင်အစအနတွေကို ဖယ်ပေးသည်။

"သမိုင်းသင်ခန်းစာတွေကြားရတဲ့အတွက် ကျေးဇူးပါပဲ"

"ဒါက အစမှ ပြောတာပါ။ ဆံပင်ညှပ်ခကတော့ ဆယ်ဒေါ်လာပါပဲ။ ဒါနဲ့ စကားမစပ် ခင်ဗျားနာမည်က ဘယ်လိုခေါ်လဲ"

"ဘားရက်"

"ဘားရက် ဟုတ်လား။ ဒါဆို ခင်ဗျားက မွတ်စလင်ပေါ့"

"အဘိုးက မွတ်စလင်ပါ"

သူက ပိုက်ဆံလက်ခံယူကာ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်၏။

"ဘားရက်ရေ နောက်တစ်ခေါက်ပြန်လာခဲ့ဦး။ ခင်ဗျားဆံပင်က ဆိုင်ထဲဝင်လာတုန်းက အတော်ကြီးရှုပ်ပွပြီး ပုံမကျပန်းမကျဖြစ်နေခဲ့တယ်"

ထိုနေ့ညက "မာလီ" လာခေါ်၏။ ကျွန်တော်တို့ စက်ရုံဟောင်းကြီးတစ်ခုဆီသို့ သွားကြ၏။

"ဝစ်ကိုဆင်သံမဏိစက်ရုံဟောင်းကြီးပဲ"

ကျွန်တော်တို့ ထိုင်ကြကာ အဆောက်အဦကို လေ့လာကြ၏။ အတော်နိုင်နိုင်ခန့်ခန့် ဆောက်ထားပုံရသည်။ သို့သော် ယခု သံဘောင်တွေ ယက်မတွေက သံချေးတက်လို့။ စွန့်ခွာရစ်ခဲ့ကြသောသင်္ဘောပျက်ကြီးလိုဖြစ်နေ၏။ ခြံစည်းရိုးဟိုမှာဘက်တွင် ကြောင်တစ်ကောင်က ကျူပင်တွေကြားကို ပြေးသွားသည်ကို တွေ့လိုက်ရ၏။

"လူအတော်များများ ဒီမှာအလုပ်လုပ်ခဲ့ကြတယ်။ လူဖြူတွေရော လူမည်းတွေရော။ အားလုံးဟာ အလုပ်တစ်မျိုးတည်းလုပ်ခဲ့ကြရတယ်။ နေရတဲ့ဘဝတွေကလဲ အတူတူပါပဲ။ ဒါပေမယ့် စက်ရုံအပြင်လဲရောက်ရော သူတို့က တစ်ယောက်နဲ့တစ်ယောက် ခင်ခင်မင်မင်ရှိုင်းရှိုင်းပင်းပင်းမရှိကြဘူး။ ဒီလူတွေက ဘုရားကျောင်းကလူတွေပဲ။ ခရစ်တော်ရဲ့သားသမီးတွေလေ"



တစ်နေရာတွင် လူဖြူတစ်စု ဘီယာသောက်နေကြသည်ကို တွေ့ရ၏။ ဇာတိသယက်၏ပိုစတာတစ်ခုကို ပြတင်းပေါက်တွင် ချိတ်ထားသည်ကိုတွေ့ရသည်။

"သူတို့ကျတော့ ညီညွတ်နေကြပါကလား"

ကျွန်တော်က မာတီကို လှမ်းမေးလိုက်သည်။

"သူတို့မှာ ရွေးစရာမှမရှိတော့တာ။ သူတို့က အခု အလုပ်ပြန်လုပ်ချင်နေကြတယ်"

မာတီက သူတည်ဆောက်နေသော အဖွဲ့အစည်းအကြောင်း ပြောပြ၏။ စီတ်ကူးရသည်က လွန်ခဲ့သော နှစ်နှစ်က။ ဤစက်ရုံ ပိတ်တော့မည့်အကြောင်း သူ သိရသည်။ ထို့ကြောင့် ဤနယ်မြေရှိ ခရစ်ယာန်ဘုန်းတော်ကြီးနှင့် သွားတွေ့သည်။ လူမည်းရောလူဖြူတွေပါ အလုပ်မရှိ၍ အခက်ကြုံနေကြရသည်။ သူတို့တွင် ဝင်ငွေမရှိ။ နေစရာမရှိ။

သို့ဖြင့် ဆင်ခြေဖုံးဘုရားကျောင်းနှစ်ဆယ် စုပြီး အဖွဲ့အစည်းတစ်ခုဖွဲ့လိုက်ကြ၏။ "ကာလူမက်လူမှုအသိုင်းအဝန်းဘာသာရေးညီလာခံ"(စီစီအာစီ)ဟု ခေါ်ကြ၏။ မာတီမျှော်လင့်သလို တိုးတက်မှုများက ရုတ်တရက်ဖြစ်မလာ။ သမဂ္ဂတွေက လက်မှတ်မထိုးကြ။ မြို့ကောင်စီမှာ နိုင်ငံရေးစစ်ကလည်းဖြစ်နေ၍ ဝင်မကူကြ။ နောက်ပိုင်းတွင် အီလီနွိုက်ဥပဒေပြုဌာနက ဒေါ်လာ၅သိန်းတန် ကွန်ပျူတာအလုပ်ရှာဖွေရေးအစီအစဉ်က ထောက်ပံ့မည်ဟု သိရ၏။ ရေရှည် ဆက်လုပ်စရာတွေရှိသည်ဟု မာတီက ပြောသည်။

"ဒီနေရာမှာ ပြန်တည်ဆောက်ရမယ်။ အနည်းဆုံး ၁၀နှစ် ကြာမယ်။ သမဂ္ဂတွေပါလာရင် ပိုအဆင်ပြေမယ်။ ခုလောလောဆယ်တော့ လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ။ တစယောက်နဲ့တစ်ယောက် ညီညွတ်ကြရင် အင်အားဘယ်လိုကြီးထွားလာမလဲဆိုတာ သူတို့ကို လက်တွေ့ သက်သေပြရတာပေါ့။ တကယ့်ရန်သူစစ်ကိုလဲ ဖော်ထုတ်နိုင်မယ်လေ"

"ရန်သူအစစ်က ဘယ်သူတွေလဲ"

"ရင်းနှီးမြှုပ်နှံမှုဘဏ်သူဌေးတွေ နိုင်ငံရေးသမားတွေ စားနေကျကြောင်တွေပဲ"

ဆင်ခြေဖုံးရှိ ကျောင်းတစ်ကျောင်း၏ခန်းမတွင် လူတွေ စုဝေးရောက်ရှိ



လာကြ၏။ သံမဏိအလုပ်သမားတွေ၊ စာရေးစာချီတွေ၊ ထရပ်ကား မောင်းသူတွေ။ အမျိုးသမီးရော အမျိုးသားပါ ဆေးလိပ်အတော်သောက်ကြ၏။ ခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင်လူမည်းတစ်ဦးက ကျွန်တော်တို့ကို လာကြို၏။ သူက အဖွဲ့၏ ခုတိယဥက္ကဋ္ဌ ဒီကျွန်ဝိဘာမီလတန် ဖြစ်၏။ သူ၏ ပါးစုံ့မို့မို့၊ မုတ်ဆိတ်နီနီတို့ကို ကြည့်ပြီး စင်တာကလော့စ်နှင့် တူလိုက်တာဟုပင် ထင်မိ၏။ စင်မြင့်ပေါ်တွင် အင်ဂျီလာဟုခေါ်သော ခပ်လှလှအမျိုးသမီးက သူ့ကိုယ်သူ မိတ်ဆက်၏။

"ရှင်က ဘားရက် မဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်လိုက်သည်။

"ကျွန်မတို့ ရှင့်ကိုတွေ့ရတာ ဘယ်လောက်ဝမ်းသာသလဲဆိုတာ ရှင်မသိဘူးနော်"

"သူ မသိပါဘူး"

"အင်ဂျီလာ"ဘေးမှ ခပ်ကြီးကြီးအမျိုးသမီးကပါ ဝင်ပြောသည်။ သူက ပါးစပ်ထဲမှရွှေသွားပေါ်အောင် ပြုံးနေသည်။

"ကျွန်မနာမည် ရှာလီပါ။ ဒါက မိုနာတဲ့"

ခန်းမထဲတွင် ပရိသတ်တွေ ပြည့်စ,ပြုလာပြီ။ လူပေါင်း နှစ်ထောင်နီးပါး။ ထိုအထဲမှသုံးပုံတစ်ပုံမှာ လူမည်းတွေ။ သူတို့က မြို့ထဲမှ ဘတ်စ်ကားဖြင့် လာကြသူများဖြစ်၏။ ဘာသာရေးဓမ္မတေးများကိုရွတ်ဆိုပြီး အခမ်းအနား စ,၏။ လူမည်းရှေ့နေ၊ လူဖြူရှေ့နေ၊ ဘုန်းတော်ကြီးများ၊ တစ်ဦးစီ စကားပြောကြ၏။ နောက်ဆုံး မြို့တော်ဝန်က သူ တတ်အားသမျှ ထောက်ခံအားပေးမည် ဟူသော ကတိစကားကို ဆို၏။

လူဖြူလူမည်းတို့ကို တစ်စုတစ်ဝေးတည်း တစ်နေရာတွင်တွေ့ရသဖြင့် ကျွန်တော် ဝမ်းသာမိ၏။ မာတီ၏အားထုတ်မှုကိုလည်း ချီးကျူးမိသည်။

အခမ်းအနားပြီးတော့ မာတီက လူအချို့ကို သူ့ကားဖြင့် လိုက်ပို့ပေးမည်ဟုပြောသည်။ ကျွန်တော်ကမူ ဘတ်စ်ကားတစ်စင်းပေါ်တွင် လိုက်စီး၏။ ကျွန်တော့်ထိုင်ခုံဘေးတွင် "ဝီလ်"ဆိုသူ ထိုင်နေ၏။

သူသည် ရှီကာဂိုဇာတိ ဖြစ်၏။ ဗီယက်နမ်တွင် စစ်မှုထမ်းဖူး၏။ စစ်အပြီးတွင် ကျွန်တီနင်တယ်အီလီနွိုက်ဘဏ်တွင် အလုပ်လုပ်၏။ ရာထူးအတော်



မြင့်ပြီး မြို့လယ်ခေါင်ရုံးနှင့် ကားနှင့် ဖြစ်လာ၏။ ထိုစဉ် ဘဏ်က ပြန်လည်ဖွဲ့စည်းသောအခါ သူ အလုပ်လက်မဲ့ ဖြစ်၏။ ကြွေးတင်၏။ အခြားအလုပ်လည်း ပြန်ရှာရလိုတော့သဖြင့် ခရစ်တော်ထံ ခိုလှုံခဲ့သည်။ စိန့်ကက်သရင်းကျောင်းတွင် ရပ်ခန်းလုပ်သည် ဆို၏။

အင်ဒိုနီးရှားတွင် ကျွန်တော်သည် မွတ်စလင်ကျောင်းတွင် နှစ်နှစ်၊ကက်သလစ်ကျောင်းတွင် နှစ်နှစ်နေခဲ့၏။ အမေက ဘယ်ဘာသာတရားကိုဆို မစော်ကားနှင့် အရိုအသေပြုရမည်ဟု ပြောသည်။

ဘတ်စ်ကား ရပ်သွားသောအခါ ဝီလ်သည် ကားရှေ့ခန်းအရှေ သွားပြီး အည်းအဝေးတက်ရောက်သည့်လူတိုင်းကို ကျေးဇူးတင်ကြောင်းပြော၏။

"ကျွန်တော်တို့ ခရီးထွက်ခဲ့ကြတာ တော်တော်ဝေးတာပဲ။ ဒါပေမယ့် ဒီည ကျွန်တော်တို့ စုစုစည်းစည်းနဲ့ လုပ်စရာရှိတာ လုပ်ခဲ့ကြတယ်။ ထပ်ပြီး ခိုင်ခိုင်မြဲမြဲဆက်လုပ်သွားကြဖို့ပဲ ရှိတယ်"

လူအနည်းငယ်က ပြုံးပြီး အာမင်ဟု ဆိုကြ၏။ ကျွန်တော် ဘတ်စ်ကားပေါ်မှဆင်းသောအခါ အမျိုးသမီးတစ်ဦးက သူ့မိတ်ဆွေကို တီးတိုးပြောသံကြားလိုက်ရ၏။

"သူတို့အလုပ်ကဖြင့် ဘယ်ဆီမှာနေမှန်းမသိဘဲနဲ့"

*

အစည်းအဝေးပြီး၍ နောက်တစ်နေ့တွင် မာတီက ကျွန်တော့်ကို အလုပ်ခိုင်း၏။ သူက ကျွန်တော် အင်တာဗျူးလုပ်ရန် လူစာရင်းအရှည်ကြီးကိုပေး၏။ သူတို့ရဲ့ကိုယ်ပိုင်စိတ်ဝင်စားမှုတွေကိုမေးပါဟု ပြောသည်။

မိဘများ၏အလုပ်ကို အမွေဆက်ခံသူများ ရှိ၏။ အချို့ကလည်း စာပို့လုလင်၊ ဘတ်စ်ကားဒရိုင်ဘာ၊ ကျောင်းဆရာ၊ လူမှုဝန်ထမ်းလုပ်သား စသဖြင့် ကိုယ့်အလုပ် ကိုယ်ရှာလုပ်ကြ၏။ အချို့က လူဖြူရပ်ကွက်တွင် အိမ်သွားဝယ်နေကြ၏။ လူဖြူများနှင့် ခွေးရောယှက်တင်မပေါင်းချင်ကြသော်လည်း ကျောင်းကောင်းကောင်း စတိုးဆိုင်ကောင်းကောင်းရှိသော ရပ်ကွက်များရှိသော ပတ်ဝန်းကျင်တွင် နေထိုင်ကြသည်။ သူတို့ထံမှ ဇာတ်လမ်းစုံ ကြားရသည်။ ကြေညာမြင်ကွင်းရှာကြသော ဘွတ်နှင့် အဘိုးတို့ကို ပြန်မြင်ယောင်မိသည်။ လူဖြူနှင့်

လူမည်းဆုံကြရာတွင် ဒေါသနှင့်ကြေကွဲမှုများသည် ရလာဒ်အဖြစ်ထွက်လာတတ်၏။

တတိယပတ်တွင် မာတီ၏စားပွဲပေါ်သို့ အစီရင်ခံစာ တင်လိုက်သည်။ သူက ဖတ်ပြီးနောက်

"မဆိုးပါဘူး"ဟု ပြော၏။

"မဆိုးရုံပဲလား"

"ဟုတ်တယ် မဆိုးလှပါဘူး။ ခင်ဗျားက ခုမှစပြီးနားထောင်သူပဲ။ လူတွေကို စည်းရုံးချင်ရင် လူတွေရှိတဲ့နေရာကိုသွားရတာ မေးရုံမြန်းရုံနဲ့ ဘာမှမဖြစ်ဘူး"

တစ်နေ့တွင် ကျွန်တော် ရှဘီစတိုင်းလ်ဆိုသော အမျိုးသမီးကြီးတစ်ဦးနှင့်တွေ့၏။ သူသည် မြို့၏မြောက်ဘက်ခြမ်းရှိ ရုံးတစ်ရုံးမှ မန်နေဂျာဖြစ်သည်။ သူ့တွင် "ကိုင်းလ်"ဆိုသော သားတစ်ဦး ရှိသည်။ သားက ဉာဏ်ကောင်းသော်လည်း ကျောင်းတွင် ပြဿနာတက်နေသည်။ အထူးသဖြင့် မြို့တွင် ဂိုဏ်းတစ်ခု သောင်းကျန်းနေ၍ဖြစ်၏။ ကိုင်းလ်၏သူငယ်ချင်းတစ်ဦးမှာ အိမ်ရှေ့တွင် သေနတ်အပစ်ခံခဲ့ရ၏။ ဒါတွေကို ကိုင်းလ်က စိုးရိမ်နေသည်။

ရှဘီမှတစ်ဆင့် အခြားမိဘများကိုပါ သိရသည်။လူတွေလည်း တွေ့ဆုံဖုန်းဖြင့်လည်း ဆက်။ တစ်နေ့တွင် ဆရာတော်ရေးနိုးလ်ထံ ရောက်၏။ သူက ဤမြို့နယ်၏ဗျာန်းအဖွဲ့အစည်းခေါင်းဆောင် ဖြစ်၏။ ကျွန်တော်က အကြမ်းဖက်ဂိုဏ်းအကြောင်းများ ပြော၏။ ဘုန်းတော်ကြီးမှတစ်ဆင့် "စမော"ဆိုသည့် ဘုန်းတော်ကြီးတစ်ပါးနှင့် တွေ့၏။ သူနှင့် သိပ်အစေးမကပ်။ ထိုနောက် ရဲတပ်ဖွဲ့နှင့်သွားတွေ့ရ၏။ ရဲတပ်ဖွဲ့မှူးကခေါ်သောအစည်းအဝေးတွင် ပုဂ္ဂိုလ် ၁၃ဦး တက်ရောက်၏။ ကျွန်တော်က အခြေအနေကိုရှင်းပြသည်။ အားလုံးနှင့်အခြေအတင်ငြင်းခုန်ပြီးမှ နောက်ဆုံးအပြေတစ်ခုရ၏။ ရပ်ကွက် မြို့နယ်လုံခြုံရေးမှူးပေါင်းကာ ကွယ်စောင့်ရှောက်မှုများလုပ်ရန်။

"ကျွန်တော် အစကတည်းက ပြောထားသားပဲ။ မြို့က နှစ်ခြမ်း ကွဲနေပါတယ်လို့။ ဒါကို နိုင်ငံရေးသမားတွေက အခွင့်ကောင်းယူပြီး အသုံးချနေကြတာ။ စမောဆိုတဲ့လူကလည်း ဘုန်းတော်ကြီးဟန်ဆောင်နေတဲ့ နိုင်ငံရေးသမား



ပဲ။ ဘာပဲဖြစ်ဖြစ် ဒါဟာ ဒီကမ္ဘာရဲ့လမ်းဆုံးမဟုတ်သေးပါဘူး။ သင်ခန်းစာကို စောစောရလို့ ခင်ဗျား ဝမ်းတောင်သာရဦးမယ်"

မာတီက ပြောသည်။

ဘာသင်ခန်းစာလဲ။ ကျွန်တော်က ပြန်စဉ်းစားသုံးသပ်နေမိသည်။ ကျွန်တော် တွေ့ဆုံကြုံရသမျှအားလုံးသည် သင်ခန်းစာတွေပင်။ လူက မျိုးစုံ။ ဘာသာရေးသင်းကွဲဂိုဏ်းပေါင်းစုံ။ အယူအဆအတွေးအမြင်ပေါင်းစုံ။

■

# အခန်း ကိုး

ရဲတပ်ဖွဲ့က လုံခြုံရေးတင်းကျပ်ပြီးနောက် အခြေအနေက ပိုဆိုးသွားသည်။ စိတ်နှလုံးညှိလည်ပွဲမရှိ။ ထိုင်လျှက်ဆန္ဒပြသူ မရှိ။ လွတ်လပ်ရေးသီချင်းများ မရှိ။ အခြေအနေက တင်းကျပ်နေ၏။ နားမလည်မှုတွေက များနေသည်။

ဘုန်းတော်ကြီးများလည်း ဘာမှမတတ်နိုင်။ ဘုန်းတော်ကြီးတစ်ပါးက ပြောသည်။

"ကျွန်တော်တို့ထဲက အများစုဟာ ဒေသပြောင်းချင်နေကြတာ အမှန်ပဲ။ ခက်တာက ဘယ်သူမှ ကျုပ်နေရာကို အစားထိုးမလာချင်ကြတာပဲ"

စိတ်ဓာတ်တွေလည်း ကျနေကြသည်။ အစည်းအဝေးတွင် ကျွန်တော်သိကျွမ်းခဲ့ရသောအင်ဂျီလာ၊ ရှာလီ၊ မိုနာတို့ကလည်း ထိုနည်းတူ။သူတို့က မျော်မျော်နေတတ်၏။ စိတ်ထားကောင်း၏။ ခင်ပွန်းသည်တွေ မရှိဘဲ သားသမီးတွေကို ကျွေးမွေးစောင့်ရှောက်ကြသူများဖြစ်၏။

"ကျွန်မတို့က လူလတ်တန်းအရွယ်ရောက်နေတဲ့သူတွေပါ။ တတ်နိုင်သမျှ ကောင်းကျိုးတွေလုပ်ကြမယ်လို့ ရည်ရွယ်ထားကြပါတယ်"

ဟု သူတို့ထဲမှတစ်ဦးက တစ်ခါက ကျွန်တော့်ကို ပြောဖူးသည်။

ယခုတလော သူတို့ထံမှဟာသများ မကြားရသည်မှာ ကြာပြီ။ ငြီးငြူသံတွေပဲ ကြားနေရ၏။ သူတို့က မာတီအပေါ် မကျေနပ်ကြ။ မာတီက မောက်မာတယ်။ အထက်စီးဆန်တယ်ဟုလည်း ပြောကြသည်။ သူတို့၏အကြံပေးချက်တွေကိုလည်း နားမထောင်ဟု ဆိုသည်။ မာတီစီစဉ်ခဲ့သော အလုပ်သစ်စီမံကိန်း မအောင်မြင်။ ကွန်ပျူတာတွေက ကောင်းကောင်း အလုပ်မလုပ်နိုင်။ အချက်အလက်သွင်းတာတွေကလည်း အမှားမှားအယွင်းယွင်း။ လူတွေကို အင်တာဗျူး

ခေါ်သော်လည်း အလုပ်တွေမနေ့ဖြစ်။ တောက်ပုံကြေးငွေ ခေါ်လာဘ့သိန်းလည်း ဘယ်ရောက်ကုန်ပြီ မသိတော့။ ဆင်ခြေဖုံးဒေသမှလူဖြူများကတော့ အလုပ်အခွင့်အလမ်းတွေ ရနေပြီ။ မာတီက နေရာလွဲပြီးအသုံးချနေသည်ဟု ယူဆကြ၏။

'မာတီက ကိုယ်ကျိုးရှာနေပြီပဲ'

သူတို့က မကျေမနပ်ပြောကြ၏။

ကျွန်တော်က ဤပြဿနာကို အကောင်းဆုံးကြားဝင်ဖြေရှင်း၏။ မာတီကမူ ဖြေရှင်းနေတာဟာ အချိန်ကုန်တာပဲဟု ဆို၏။ အင်ဂျီလာနှင့် မြို့မှအခြားခေါင်းဆောင်ပိုင်းတွေ မကျေမနပ်ဖြစ်နေကြသည်မှာ သူတို့ကို ဤအစီအစဉ်တွင် ငွားရန်ငြင်းပယ်ထား၍ဟု ပြောသည်။

'ဒီလိုနဲ့ပဲ အဖွဲ့အစည်းတွေအများကြီး ပျက်ရတာပေါ့။ သူတို့က အစိုးရဆီက ပိုက်ဆံတွေယူကြတယ်။ လေကြီးမိုးကြီးပြောပြီး ဘာမှမလုပ်တဲ့ဝန်ထမ်းတွေကို ငှားတယ်။ ကိုယ်ကျိုးရှာကြတယ်။ ဒီအလုပ်ကို ဆက်လုပ်မယ်ဆိုရင် တစ်ခုပြောထားမယ် ဘားရက်ရေ၊ သူတစ်ပါးအတွက် ကိုယ်ပူပင်သောကရောက်မနေနဲ့'

မာတီက ကျွန်တော့်ကို ပြောသည်။ စက်တင်ဘာလနှောင်းတစ်နေ့တွင် သူက ကျွန်တော်နှင့် အင်ဂျီလာကိုခေါ်ပြီး အယ်တီဗီသံမဏိစက်ရုံအစည်းအဝေးတက်ရန် အဖော်ညှိ၏။ ထိုစက်ရုံမှာ မြို့၏ လက်ကျန်စက်ရုံ အနည်းငယ်မှ တစ်ရုံဖြစ်၏။ ဤအစည်းအဝေးလုပ်ရန် မာတီသည် တစ်လမျှ ကြာသည်အထိ လုံးပမ်းထားရသည်။

ထိုနေ့က သူသည် ခွန်အားသစ်များ ပြည့်လျှမ်းနေပုံ ရ၏။ မကြာမီတွင် ဥက္ကဋ္ဌဖြစ်သူလူငယ် ဥပဓိရုပ်ကောင်းကောင်း အိုင်းရစ်လူမျိုးတစ်ဦးက ခန်းမထဲ ဝင်လာသည်။ သူက မကြာခင်က ရွေးကောက်ခြင်းခံထားရသူဖြစ်သည်။ သူနှင့်အတူ လူမည်း နှစ်ဦးလည်း ပါလာသည်။ တစ်ဦးက ဘဏ္ဍာရေးမှူး၊ တစ်ဦးက ဒုတိယဥက္ကဋ္ဌ။ ဤကော်ပိုရေးရှင်းသည် သံမဏိလုပ်ငန်းကို ဆက်မလုပ်တော့၊ လစာရိက္ခာပြဿနာမဖြေရှင်းနိုင်၍ဟု ဆိုသည်။ အကယ်၍ သမဂ္ဂက အလုပ်များဆက်လုပ်လိုလျှင် ခြေလှမ်းရဲရဲရင့်ရင့်အသစ်များဖြင့် လုပ်ဆောင်ရမည်ဟုဆို၏။ ယခုကြားကာလတွင် အခွန်အခများနှင့်ပတ်သက်၍ မြို့နှင့် ညှိနှိုင်းနေရသည်ဟု



သိရ၏။ စက်ရုံပြန်လည်ရှင်သန်နိုင်ရန် ဘဏ်များမှ ချေးငွေထုတ်ပေးရန် မိအားပေးသင့်သည်ဟုဆိုသည်။ သူတို့က သိပ်စိတ်ဝင်စားတာမဟုတ်ဘူးဟု မာတီက ကျွန်တော့်ကို ပြောသည်။ အစည်းအဝေးတစ်ခုလုံးတွင် အင်ဂျီလာသည် တစ်ခွန်းမှ ဝင်မပြော။ သို့သော် သူ့ကို အပြန်ခရီးတွင် ကျွန်တော့်ကားနှင့် လိုက်ပို့သောအခါ ကားထဲတွင် သူက ပြောသည်။

'မာတီပြောတာ ကျွန်မတော့ တစ်လုံးမှနားမလည်ဘူး'

ကျွန်တော်ကတော့ မာတီ၏အခက်အခဲကို နားလည်မိသည် ထင်၏။ မာတီ၏အတွက်အချက်များမှအချို့လည်း သိသည်။ မာတီ၏လုပ်ရပ်သည် ကျွမ်းကျင်မှုရှိသော အတွေ့အကြုံရှိသော အလုပ်သမားများကို အကူအညီပေးနိုင်သော်လည်း လူငယ်လူရွယ်လူမည်းလေးများ ကျောင်းထွက်ကြပြီးနောက် …… ကွန်ပျူတာအတတ်တို့ သင်ရေးကိုကား အထောက်အကူမပြုနိုင်။ မာတီ၏ကြိုးပမ်းမှုများသည် လူမည်းတို့အတွက် ဘာမှမထိရောက်။

*

ကျွန်တော် နာရီကြည့်လိုက်တော့ နှစ်နာရီနှင့်ဆယ်မိနစ် ရှိနေပြီ။ ကျွန်တော်က ကားပေါ်မှဆင်းကာ ဘုရားကျောင်း၏ခေါင်းလောင်းကို ဆွဲလိုက်သည်။ အင်ဂျီလာထွက်လာကာ အခန်းတစ်ခုထဲသို့ခေါ်သွားသည်။ အခန်းထဲတွင် ရှာလီ၊ မိုနာ၊ ဗီလ်နှင့် မေရီတို့ကိုတွေ့ရသည်။ မေရီသည် ခေါင်းဖြူဖြူလူဖြူမကြီးတစ်ဦးဖြစ်ကာ စိန့်ကက်သရင်းမူလတန်းကျောင်းတွင် စာသင်နေသူဖြစ်၏။ ကျွန်တော်က နောက်ကျရောက်ခဲ့ခြင်းအတွက် တောင်းပန်ကာ ကော်ဖီတစ်ခွက် ငှဲ့သောက်ရင်း စ,ပြော၏။

'ဘာဖြစ်လို့လဲ မျက်နှာလဲ မကောင်းကြပါလား'

'ကျွန်မတို့ ထွက်ကြတော့မယ်'

'ဘယ်သူတွေ ထွက်ကြမှာလဲ'

'ဝမ်းနည်းပါတယ် ဘားရက်။ ခင်ဗျားအတွက်တော့ ဘာမှမဖြစ်ပါဘူး။ အချိန်က ကျွန်မတို့ပင်ပန်းလှပါပြီ။ကျွန်မတို့လုပ်ခဲ့ကြတာ နှစ်နှစ်ရှိပါပြီ။ ဘာမှလဲ မထူးဘူး'

အင်ဂျီလာက ပြောသည်။



'ခင်ဗျား စိတ်ပျက်နေပြီဆိုတာ ကျွန်တော်သိတယ် အင်ဂျီလာ။ ကျွန်တော်တို့လဲ ဒီလိုပါပဲ။ဒါပေမယ့် အချိန်နည်းနည်းထပ်ပေးဖို့တော့လိုတယ်။ ကျွန်တော်တို့……'

'ကျွန်မတို့မှာ အချိန်ထပ်မရှိတော့ဘူး။ ကျွန်မတို့ရဲ့လူတွေကို ထပ်ပြီးလဲ ကတိတွေ မပေးနိုင်တော့ဘူး။ ဘာမှဖြစ်မလာတာတွေ ကျွန်မတို့ တစ်ခုခုလိုနေတယ်'

ရှာလီက ဝင်ပြောသည်။

ကျွန်တော်က တစ်ခုခုပြောဖို့ စဉ်းစား၏။ စကားလုံးတွေ ခေါင်းထဲမှာ ပလုံစီ ထ,နေ၏။ ဒေါသလည်း ထွက်လာ၏။ ကျွန်တော့်ကို 'ရှိကာဂို'သို့ခေါ်သော 'မာတီ'အပေါ် ဒေါသ။ ယခုတက်လာသူ ခေါင်းဆောင်များအပေါ်လည်း ဒေါသဖြစ်မိသည်။ သူတို့၏အမြင်မကျယ်မှု၊ ရေရှည်မကြည့်တတ်မှု။ ကျွန်တော့်ဘာသာလည်း ကျွန်တော် ဒေါသထွက်၏။ သူတို့ကြားမှကွာဟချက်ကို နေစပ်မပေးနိုင်မှု။ ကျွန်တော် ဟာဝိုင်ယီတွင်ရှိစဉ် တစ်ညက 'ဖရင့်'ပြောစကားတွေကို သတိရမိ၏။ ထွက်က လူမည်းကိုကြောက်သည်ဟူသောစကားနှင့်ပတ်သက်၍ ဖရင့်၏အပြော။

'ကြာရင် မင်း ကျင့်သားရသွားမှာပါ'

ကျွန်တော် အပြင်ကို ကြည့်လိုက်တော့ လမ်းပေါ်တွင် လူငယ်အုပ်စုတစ်စုကိုတွေ့၏။ သူတို့သည် လူမနေသောအခန်းတစ်ခန်း၏ပြူတင်းပေါက်ကို ခဲများဖြင့် ပေါက်နေကြ၏။ ခေါင်းစွပ်တွေစွပ်ထားသဖြင့် ဘုန်းတော်ကြီးပေါက်စလေးတွေလို ထင်ရ၏။

ကျွန်တော်က 'အင်ဂျီလာ'ဘက် လှည့်လိုက်သည်။

'ခင်ဗျားကို တစ်ခုမေးပါရစေ။ အပြင်က ကောင်လေးတွေ ဘာဆက်ဖြစ်မယ်ထင်သလဲ'

ပြူတင်းပေါက်ကို လက်ညှိုးထိုးပြရင်း မေးလိုက်၏။

'ဘားရက်'

'မဟုတ်ပါဘူး ကျွန်တော်က ခင်ဗျားကို မေးခွန်းမေးနေတာ။ ခင်ဗျားက ပင်ပန်းပြီလို့ပြောတယ်။ တခြားလူတွေလဲ ပင်ပန်းကြတာချည်းပါပဲ။ ကျွန်



တော် စဉ်းစားနေတာက ဟိုကလေးတွေ ဘာဆက်ဖြစ်ကြမလဲ ဆိုတာ။ သူတို့အနာဂတ်ဘဝကောင်းမွန်ဖို့ ဘယ်သူလုပ်နိုင်သလဲ။ လူမှုရေးလုပ်သားတွေလား၊ မြို့နယ်ကောင်စီဝင်တွေလား၊ ဂိုဏ်းအဖွဲ့တွေလား'

ကျွန်တော့်အသံက ပိုကျယ်လာ၏။ သို့သော် ကျွန်တော်က မထိန်းတော့။

'ကျွန်တော် ဒီကိုလာနေတာ အလုပ်ရချင်လို့မဟုတ်ဘူး။မာတီက ပြောတယ်၊ သူတို့ရဲ့ပတ်ဝန်းကျင်အိမ်နီးနားချင်းတွေကို တစ်ခုခုပြောင်းပေးချင်တဲ့လူတချို့ရှိတယ်တဲ့။ အတိတ်ကာလတုန်းက ဘာဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော်ဂရုမစိုက်ဘူး။ အခု ကျွန်တော် ဒီကိုရောက်နေပြီ၊ လုပ်စရာရှိတာ လုပ်ကိုလုပ်ရမယ်၊ ပြဿနာရှိရင် ဖြေရှင်းရမယ်။ ကျွန်တော်နဲ့လက်တွဲလုပ်လို့မှ ဘာမှထူးမလာဘူးဆိုရင် အရင်ဆုံးထွက်သွားမှာက ကျွန်တော်ပါ။ ဒါပေမယ့် ခင်ဗျားတို့က အခု ထွက်ဖို့စီစဉ်နေကြပြီဆိုရင်တော့ ကျွန်တော့်မေးခွန်းကို ဖြေစေချင်ပါတယ်'

ကျွန်တော်က စကားကို ရပ်ကာ သူတို့တစ်ဦးချင်း၏ မျက်နှာတွေကို ဖတ်ဖို့ ကြိုးစား၏။ ကျွန်တော်ပေါက်ကွဲနေတာကို သူတို့ အံ့သြနေကြပုံ ရ၏။ သို့သော် သူတို့အားလုံး ဘယ်သူမှ ကျွန်တော့်လောက် မအံ့သြကြပါ။

ဆယ်မိနစ်လောက်ကြာမှ ဗီလ်က ပြော၏။

'ခင်ဗျားတို့ ကျွန်တဲ့သူတွေအကြောင်းတော့ ကျုပ် မသိဘူး။ ဒါပေမယ့် အခုပြောကြဆိုကြတာ အရှုပ်အထွေးတွေ တော်လောက်ပါပြီ။ မာတီလဲ သိတယ်။ ကျွန်တော်တို့ ပြဿနာတွေရှိကြတယ်ဆိုတာ၊ ဒါကြောင့် သူက ဘားရက်ကိုငှားတာပေါ့။ ဟုတ်တယ်မဟုတ်လား ဘားရက်'

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

'အခြေအနေတွေက ဆိုးတုန်းပဲ။ ဒါကြောင့် ကျုပ်သိချင်တာက ဒီကနေ ဘာဆက်လုပ်ကြမလဲဆိုတာပဲ'

'ကျွန်တော်လဲ မသိဘူးလေ။ ဗီလ်ပဲ ဆက်ပြောပါ'

ဗီလ်က ပြုံးလိုက်သည်။ လတ်တလော အကြပ်အတည်းက ကျော်လွန်သွားပြီဟု ကျွန်တော် သိလိုက်၏။ အင်ဂျီလာက လနည်းငယ် ဆက်လုပ်မည်ဟု ဆိုသည်။ နောက်ထပ်နာရီဝက်မျှ ကျွန်တော်တို့ ရှေ့လုပ်ငန်းစဉ်တွေကို ဆွေးနွေးကြသည်။ အပြင်ထွက်လာတော့ မိုနာက ကျွန်တော့်လက်ကို ဆွဲပြီး ပြောသည်။

"ရှင် ဒီအစည်းအဝေးကိုကိုင်တွယ်တာ တော်တော်ကောင်းတယ် ဘားရက်။ ကျွန်မတို့ ဘာလုပ်နေကြတယ်ဆိုတာ ရှင်သိပုံရတယ်"

"ကျွန်တော် မသိပါဘူး မိုနာ၊ ကျွန်တော် ဘာသဲလွန်စမှမရခဲ့ပါဘူး"

သူမက ရယ်လိုက်သည်။

"ကောင်းပါပြီ။ ကျွန်မ ကတိပေးပါတယ်။ ဘယ်သူ့ကိုမှ မပြောပါဘူး"

"ကျေးဇူးတင်ပါတယ် မိုနာ။ တကယ့်ကို ကျေးဇူးတင်ပါတယ်"

*

ထိုညနေတွင် ကျွန်တော် မာတီကို ဖြစ်ပျက်ခဲ့သမျှ ပြောပြလိုက်သည်။ သူက မအံ့သြပါ။ ဆင်ခြေဖုံးမှဘုရားကျောင်းတော်တော်များများက ထွက်ကုန်ကြပြီ။ သူက အင်တာဗျူးတွေဆက်လုပ်ဖို့ ကျွန်တော့်ကို အကြံပေး၏။

"ခေါင်းဆောင်သစ်တချို့ ရှာဖို့လိုတယ် ဘားရက်။ ကျွန်တော်ဆိုလိုတာက ဗီလ်က တော်ပါတယ်။ ဒါပေမယ့် သူတစ်ယောက်တည်း ဒီအဖွဲ့အစည်းကြီး ရေရှည်တည်တံ့ဖို့ အားကိုးလို့ရမတဲ့လား"

ကျွန်တော် မာတီပြောတာ နားလည်သည်။ ဗီလ်ကို ကျွန်တော် သဘောကျ၏။ သူ၏ထောက်ခံမှုအတွက်လည်း ကျေးဇူးတင်၏။ သို့သော် သူ၏အကြံဉာဏ်အချို့မှာ နည်းနည်းထူကြောင်ကြောင်နိုင်သည်ကို တွေ့ရသည်။ တစ်နေ့တာ အလုပ်နားချိန် ညနေပိုင်းတွင် သူ ဆေးခြောက်ရှူချင်ရှူမည်။ အစည်းအဝေးတက်တုန်း ငြီးငွေ့လာသည်ထင်လျှင် အခန်းထဲမှ ထွက်သွားတတ်၏။ ဘုရားကျောင်းမှပုဂ္ဂိုလ်များနှင့် ကျွန်တော် အင်တာဗျူးလုပ်နေစဉ် ဘုရားစာ အသံထွက်မှန်တာတွေ၊ မြက်ခိုက်ရာတွင်သုံးသောမြေသြဇာ ရွေးချယ်မှုမှားတာတွေ၊ ဝင်ငွေခွန်တောင်းတာ မတရားတာတွေ ထပြီး မဆီမဆိုင်ဝင်ပြီး ငြင်းခုန်တတ်၏။

"သူများပြောတာကို နည်းနည်းလေးပိုနားထောင်ရင် သူတို့ဆီက ခံစားချက်အမှန်တွေ ပိုသိရမယ်"ဟု သူ့ကို တစ်ခါက ပြောဖူးသည်။

"နားထောင်တာပဲဗျာ၊ ဒါပေမယ့် သူတို့ပြောတာကအမှားတွေချည်းပဲဆိုတော့ ကျွန်တော်လဲ ငြိမ်မနေနိုင်ဘူး"

ဗီလ်က ပြန်ဖြေသည်။

ကျွန်တော်သည် ရပ်ကွက်တကာလှည့်ပြီး လမ်းထောင့်တွင် ဆွေးနွေးပွဲ



များ လုပ်၏။ တစ်ခါတစ်ခါ တစ်နာရီမျှ ကြာ၏။ မှောင်ရီသရောကျမှ ပြန်လာရ၏။ တစ်အုပ်စုတွင် လူသုံးဆယ်မျှ ပါ၏။

ဆွေးနွေးပွဲလုပ်ရန် မေရီက ကော်ဖီဖျော်ပေးသည်။ မေရီအကြောင်းကို သိရတော့၏။ သူက စကားသိပ်မပြော။ သူ့အကြောင်းရော သူ့အတိတ်အကြောင်းရော သိပ်မပြော။ သူသည် ကျွန်တော်တို့အုပ်စုတွင် တစ်ဦးတည်းသောလူဖြူမကြီး ဖြစ်သည်။ ယခင်က အုပ်စုထဲတွင် လူဖြူငါးဦးမျှရှိခဲ့သည်။ ယခုတော့ သူတစ်ဦးသာ ကျန်တော့သည်။ သူ့မှာ သမီးနှစ်ဦးရှိသည်ကို ကျွန်တော် သိ၏။ တစ်ဦးက ဆယ်နှစ်၊ တစ်ဦးက ဆယ့်နှစ်နှစ်။ အငယ်မလေးက မစွမ်းမသန်။ လမ်းမလျှောက်နိုင်။ ပုံမှန်ကုသဖို့လိုအပ်နေသည်။ ဖခင်က မရှိ။ မေရီက သူ့အကြောင်း မည်သည့်အခါမှ မပြော။ တဖြည်းဖြည်းနှင့်မှ သူပြောတာတွေ တစ်စစီ ဆက်စပ်ပြီး သူ့ရုပ်လုံး နည်းနည်းပေါ်လာသည်။ သူ့ကို အင်ဒီးယားနားပြည်နယ်၏ မြို့လေးတစ်မြို့တွင် မွေးသည်။ တစ်နေ့တွင် လူမည်းတစ်ဦးနှင့်ချစ်ကြိုက်မိကာ လက်ထပ်ဖြစ်ကြသည်။ မိသားစုက သဘောမတူသဖြင့် လက်ထပ်ပြီးကာစ၊ နံတွဲသည် မှုလ်မင်းအနောက်ဒေသသို့ပြောင်းလာကာ အိမ်သေးသေးလေးတစ်လုံး ဝယ်၏။ မကြာခင် သူ့ခင်ပွန်း ထွက်သွားတာ ပြန်မလာတော့။ မေရီတစ်ယောက်တည်း လူမယ်ကလေး နှစ်ဦးနှင့် ကျန်ခဲ့၏။ တစ်ခါတစ်ရံ ကျွန်တော်သည် မေရီအိမ်သို့ ဝင်ပြီး နှုတ်ဆက်တတ်၏။ ကျွန်တော့်အမေနှင့်မေရီ၊ ကျွန်တော်နှင့် မေရီ၏သမီးများကို နှိုင်းယှဉ်မိသည်။ ကလေးမလေးများမှာ ကျွန်တော့်ဘဝထက် ပို၍ခက်ခဲစွာရှင်သန်ခဲ့ရသည်။ အဘိုးအဘွားတွေက သူတို့ကို စွန့်ပစ်ခဲ့ကြသည်။ လူမည်းဆန့်ကျင်ရေးအသင်းဖက်တွေက သူတို့ကို စကြနောက်ကြ၏။

တစ်နေ့တွင် ကျွန်တော် မှတ်စုများရေးခြစ်နေစဉ် မေရီက ကျွန်တော့်ကို မော့ကြည့်ကာ စကားတစ်ခွန်းပြော၏။

"တစ်ခုခုမေးလို့ရမလားဟင် ဘားရက်"

"မေးပါ မေးပါ"

"ရှင် ဘာဖြစ်လို့ ဒီကို ရောက်နေရတာလဲ။ ဒီအလုပ် ဘာကြောင့်လုပ်နေရသလဲမေးတာပါ"

"မက်မောတွယ်တာစရာကောင်းလို"



"မဟုတ်ဘူး ကျွန်မမေးတာ အလေးအနက် မေးနေတာ။ ရှင်က ပြောတယ်။ ရှင် ဒီအလုပ်လုပ်ဖို့ မလိုဘူးဆို။ ရှင်က ဘာသာရေးလဲ သိပ်ကိုင်းရှိုင်းတဲ့ လူလဲ မဟုတ်ဘဲနဲ့"

"အင်းလေ"

"ဒါနဲ့များ ဘာဖြစ်လို့လုပ်နေရတာလဲ ဒါက ဗီလ်နဲ့ကျွန်မ လုပ်ကြတာ။ ကျွန်မတို့ရဲ့ယုံကြည်ချက်အပိုင်းအစကြောင့် လုပ်ကြတာ ရှင်ကတော့ ဘာဖြစ်လို့....."

ထိုအချိန်တွင် တံခါးပွင့်လာကာ မစ္စတာဂရင်း ဝင်လာ၏။သူက အမဲလိုက်အပေါ်အင်္ကျီဝတ်ပြီး ကက်ဦးထုပ်ဆောင်းထားသောအဘိုးကြီးတစ်ဦးဖြစ်၏။ သူ့နောက်မှ မစ္စစ်တာနာနှင့်မစ္စတာအဲလ်ဘတ်တို့ရောက်လာ၏။ ပြီးတော့ အုပ်စုဝင်အခြားသူတွေ။ နောက်ဆုံးမှ ဗီလ်ရောက်လာကာ အစည်းအဝေး စ၏။

"ဒါက ဘုရားရှိခိုးကျောင်းကို အခြေခံတဲ့ အဖွဲ့အစည်းပဲ။ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် ဆက်စပ်မှုတွေရှိကြတယ်။ နောက်ပြီး ဘုရားသခင်နဲ့လဲ ဆက်စပ်မှုရှိကြတယ်။ ဒီည ကျွန်တော်တို့ ဘာကြောင့် ရောက်လာကြသလဲဆိုတာ တစ်မိနစ်လောက် စဉ်းစားကြည့်ကြစေလိုပါတယ်"

ဗီလက စပြော၏။ သို့သော် မည်သူမျှ ဘာမှ မပြောကြ။ ထို့ကြောင့် ဗီလ်ကပင် ပြန်စပြော၏။

"ကျွန်တော်တို့အားလုံးဟာ ချမ်းသာကြပါဘူး။ ကျွန်တော်တို့ အဲဂျယ်မြို့ပြင်မှာ နေကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ကလေးဘဝကို ပြန်စဉ်းစားကြည့်တဲ့အခါ ခေတ်ကောင်းတွေကို ပြန်တွေ့ရတယ်။ မိတ်ဆွေတွေနဲ့ ဘလက်ဘန်းတောကို သွားကြ။ ဘယ်ရီသီးရိုင်းတွေ ခူးကြ။ လှည်းတွေလုပ်၊ စကိတ်တွေလုပ်ပြီး ပန်းခြံတစ်ဝိုက်လျှောက်စီးကြ။ ကျောင်းကနေ လယ်ယာမြေတွေကာ ရေးခရီးသွားတာလဲ မှတ်မိတယ်။ ပန်းခြံမှာ အားလပ်ရက်ဆို မိသားစုတွေတွေ့ဆုံကြတယ်။ နွေရာသီမှာ အိမ်ထဲမှာ သိပ်ပူနေရင် ခြံအပြင်မှာ အတူတူ ထွက်အိပ်ကြ။ စဉ်းစားလေ ပျော်စရာကောင်းတာတွေ များလေပဲ။ ကျွန်တော်တို့ဆို အမြဲပြုံးနေတယ် ရယ်နေတယ်ပဲ ထင်တာပဲ"

ဗီလ်က ပြောနေရင်းကို စကားစကိုရပ်လိုက်ကာ ခေါင်းကို ငုံ့လိုက်၏။



သူ့နားရွက်နှင့် ငုံ့လိုက်သည်ဟု ကျွန်တော် ထင်သည်။ သို့သော် သူခေါင်းကိုပြန်မော့လိုက်သောအခါ သူ့ပါးပြင်တွင် မျက်ရည်များစီးကျနေသည်ကို တွေ့လိုက်ရသည်။ သူက အက်ကွဲသောလေသံဖြင့် ဆက်ပြောသည်။

"ခင်ဗျားတို့သိကြတဲ့အတိုင်း ဒီမှာ ခု ကလေးတွေပြုံးနေကြတာ ကျွန်တော် မတွေ့တော့ဘူး။ သူတို့ကိုကြည့်ပါ။ သူတို့အသံတွေနားထောင်ပါ။ သူတို့မှာ တစ်ချိန်လုံးပူပင်သောကရောက်နေကြတယ်။ တစ်ခုခုအတွက် စိတ်တိုင်းကျဖြစ်နေကြရတယ်။ သူတို့ယုံကြည်တာ ဘာမှ မရှိကြတော့ဘူး။ သူတို့မိဘတွေကိုလဲ မယုံကြတော့ဘူး။ ဘုရားသခင်ကိုလဲ မယုံကြတော့ဘူး။ သူတို့ဘာသာ သူတို့လဲ မယုံကြတော့ဘူး"

သူက တစ်ခါရပ်လိုက်ကာ ဘောင်းဘီအိတ်ထဲမှလက်ကိုင်ပုဝါကိုထုတ်ပြီး နှပ်ညှစ်လိုက်သည်။ အခန်းထဲမှလူများလည်း သူတို့အချင်းချင်း ငယ်ဘဝတွေကို ပြန်ပြောနေကြပြီ။ တောင်ပိုင်းဒေသမြို့ကလေးတွေက ဘဝတွေအကြောင်း၊ ယောက်ျားတွေစုပြီး လမ်းထောင့်တွင် သတင်းစုံပလင်းစုံပြောကြသည့်အကြောင်း၊ အမျိုးသမီးတွေကို ဈေးဝယ်ရာမှာကူညီကြပုံတွေ၊ သူ့ကလေး ကိုယ်ထိန်း ကိုယ့်ကလေး သူထိန်းကြတာတွေ။

အခမ်းအနားပြီးတော့ ကျွန်တော် ဗီလ်၏ပခုံးကို လှမ်းဖက်လိုက်သည်။ ဗီလ်က သူ့စက်ဘီးပေါ်တက်ကာ လက်ဝှေ့ယမ်းနှုတ်ဆက်သွား၏။ ကျွန်တော်က လေးဘလောက်ခန့်ဝေးသော သူမအိမ်သို့ ကားနှင့်လိုက်ပို့ပေး၏။

"ခင်ဗျား အရင်တုန်းက ကျွန်တော့်ကိုမေးခဲ့တာမှတ်မိသေးလား၊ ကျွန်တော် ဘာဖြစ်လို့ ဒီအလုပ်လုပ်သလဲဆိုတာ။ ဒီညအစည်းအဝေးက စကားတွေဟာ ကျွန်တော့်အဖြေပဲပေါ့။ ကျွန်တော်တို့ရဲ့အကြောင်းပြချက်တွေ အားလုံးက သိပ်ခြားနားမယ် မထင်ပါဘူး"

သူက ခေါင်းညိတ်ပြကာ သူ့သမီးများရှိရာလမ်းသို့ ဆက်လျှောက်သွား၏။

*

နောက်တစ်ပတ်အကြာတွင် ကျွန်တော်သည် အင်ဂျီလာ၊ မိုနာနှင့်ရှာလီတို့ကို ကျွန်တော့်ကားသေးသေးလေးပေါ် တင်လာခဲ့၏။

"ဒီကားက ကျပ်လိုက်တာ ဘယ်လိုကားမျိုးလဲ မသိဘူး"

မိုနာက နောက်ခန်း၌ထိုင်ရင်း ပြောၿ၏။

"ဘားရက်ရဲ့ကောင်မလေးခပ်ပိန်ပိန်တွေ စီးဖို့ပေါ့ဟဲ့"

ရှာလီက ဝင်ပြောသည်။

ကျွန်တော်က အစည်းအဝေးသုံးခု စီစဉ်ထား၏။ ပြည်သူ၏လိုအပ်ချက်ကိုဖြည့်ဆည်းရန် အလုပ်ရှာဖွေရေးအတွက်။ အနီးဆုံးမြို့မှာ ရိုစ်လင်းမြို့ ဖြစ်၏။ ထိုမြို့ရှိ ဆိုင်တစ်ခုထဲသို့ဝင်ကြ၏။ ဆိုင်ရှင်က ခရီးဦးကြိုပြု၏။ ဆိုင်ရှင်၏အမည်က "ရာဖစ်"ဖြစ်သည်။ သူသည် ရိုစ်လင်းမြို့သိုညွှတ်ရေးအသင်း၏ ဥက္ကဋ္ဌဖြစ်၏။ လူမည်းတို့၏အကျိုးစီးပွားကိုစောင့်ရှောက်ပေးသည့်အသင်းဖြစ်သည်။ ကျွန်တော်တို့အဖွဲ့အစည်းက မြို့နယ်စီးပွားရေးဖွံ့ဖြိုးမှုကို မည်သို့ လုပ်ဆောင်ပေးနိုင်မည်ဆိုသည်ကို ရှင်းပြ၏။

"တခြားလူတွေက ကျွန်တော်တို့စီးပွားရေးကို ဖွဲ့ယူနေကြတယ်။ ကိုရီးယားလူမျိုးတွေ အာရပ်လူမျိုးတွေက စတိုးဆိုင်တွေ လာဖွင့်တယ်။ အဆောက်အဦအများစုကိုလဲ ဂျူးတွေက ပိုင်တုန်းပဲ။လူမည်းတွေရဲ့အကျိုးစီးပွားကတော့ မရှိလှဘူး"

"ရာဖစ်"က အခြေအနေကိုတင်ပြသည်။ ထိုစဉ် လူတစ်ယောက်ဝင်လာ၍ သူက ထိုသူနှင့် လိုက်သွားဟန်ပြင်ပြီး နှုတ်ဆက်သည်။

"နောက်တော့ ထပ်ပြောကြသေးတာပေါ့"ဟုလည်း ပြောသွားသည်။

"သူ့နာမည်က အရင်တုန်းက ဝါလီတွမ်ဆင်ပါ။ သူနဲ့ဝီလ်နဲ့က အရင်တုန်းက ကျောင်းနေဘက်တွေပဲ။ နောက်မှ သူက မွတ်စလင်ဖြစ်သွားပြီး ရာဖစ်လို့ ပြောင်းသွားတာ"

သူထွက်သွားမှ ရှာလီက သူ့အကြောင်းပြောပြသည်။

ကျွန်တော်တို့သွားသော နောက်တစ်နေရာမှာ ကုန်သည်ကြီးများအသင်းဖြစ်သည်။ ရုံးခန်းထဲတွင် လူမည်းတစ်ဦးနှင့်တွေ့သည်။ "ကျွန်တော်က ဖော်စတာပါ။ ကုန်သည်အသင်းဥက္ကဋ္ဌပါ"ဟုပြောသည်။ သူက ထိုင်ခုံသုံးခု ချပေးကာ အလုပ်လုပ်ရင်း စကားပြော၏။ သူသည် စာရေးကိရိယာဆိုင်ကို ဖွင့်ခဲ့သည်မှာ ၁၅နှစ် ကြာပြီ။ ကုန်သည်အသင်းဥက္ကဋ္ဌ ဖြစ်တာ ငါးနှစ် ရှိပြီ။ မြို့နယ်တွင်းမှ



ကုန်သည်များကို သူက အကောင်းဆုံးစည်းရုံးခဲ့၏။ သို့သော် သူ့အတွက် ကျောထောက်နောက်ခံက မရှိသဖြင့် အလုပ်က ဖြစ်သင့်သလောက် မဖြစ်ဟု သူက ပြောသည်။

"ကိုရီးယားတွေလဲ ရှိတယ်။ သူတို့က ကုန်သည်အသင်းကို ကူညီတယ်။ သူတို့က စီးပွားရေးလဲ နားလည်တယ်လေ၊ ပူးပေါင်းဆောင်ရွက်မှုတွေလဲ လုပ်တယ်။ သူတို့က ပိုက်ဆံကို တစ်နေရာမှာပိုင်းစုကြ ပြီးရင် တစ်ယောက်တစ်လှည့် ချေးကြနဲ့။ ကျွန်တော်တို့က ဒီလိုမလုပ်ကြဘူး။ လူမည်းကုန်သည်တွေက ဒီမှာ အများကြီး ရှိတယ်။ ကျွန်တော်တို့အားလုံးဟာ ရေပုံးထဲက ကဏန်းတွေလိုပဲ။ အခုအခြေအနေက လွန်ခဲ့တဲ့နှစ်သုံးဆယ်က အီတလီတို့ ဂျူးတို့ရှိတာထက်ပိုဆိုးနေတယ်။ ကျွန်တော့်လိုစတိုးဆိုင်အသေးလေးတောင် အတော်ရုန်းကန်နေရတယ်။ ကိုရီးယားတွေက တစ်ပတ်ကို ခုနစ်ရက်၊ တစ်နေ့ကို ၁၆နာရီလောက် အလုပ်လုပ်ကြတယ်။ ကျွန်တော်တို့က သူတို့နဲ့ မယှဉ်နိုင်ဘူး။ ကျွန်တော်က သားသမီးတွေကို ပြောထားရတယ်။ သားတွေကို ဒီစီးပွားရေး ဆက်မလုပ်နဲ့၊ အဖေ့လက်ငုတ်လက်ရင်းကိုလုပ်မယ့်အစား ကုမ္ပဏီကြီးကြီးမှာဝန်ထမ်းသွားလုပ်တာက ပိုအဆင်ပြေမယ်လို့"

ကျွန်တော်တို့မထွက်ခွာမီ အင်ဂျီလာက တစ်ခုမေးလိုက်သည်။ လူငယ်တွေအတွက် အချိန်ပိုင်းအလုပ်ကော ရှိသေးရဲ့လား။

မစ္စတာဖော်စတာက သူ့ကို ရူးများရူးနေပြီလား ဟူသောပုံစံနှင့် ကြည့်လိုက်၏။

"ဒီကကုန်သည်တိုင်းက တစ်နေ့ကို ဒေါ်လာသုံးဆယ် ဖယ်ချနေရတယ်။ လူကြီးရော သက်ကြီးရွယ်အိုတွေရော အတွေ့အကြုံရှိတဲ့လူတွေရောသူတို့က ဘာရရ လုပ်ပါမယ်လို့ပြောတာတောင် အလုပ်မခန့်နိုင်ဘူး"

ကားပေါ်ပြန်အတက်တွင် အဝတ်အထည်ဆိုင်တစ်ခုကို လှမ်းမြင်လိုက်ရ၏။ အတွင်းမှာ ကိုရီးယားအမျိုးသမီးတစ်ဦးက ကလေးကို ခုံနောက်တွင်သိပ်ရင်းက လက်ချုပ်ချုပ်နေသည်ကို တွေ့ရ၏။

နောက်သွားရမယ့်နေရာမှာ မြို့တော်ဝန်၏ အလုပ်အကိုင်ရှာဖွေရေးနှင့် လေ့ကျင့်ရေးဌာန ဖြစ်၏။ မြို့ထဲမှ ၄၅မိနစ်လောက် ကားမောင်းရသော နေရာ



တွင် တည်ရှိသည်။ ကျွန်တော်တို့ရောက်ချိန်တွင် အုပ်ချုပ်ရေးမှူးက အပြင်ထွက်သွားပြီ။ သူဘယ်အချိန်ပြန်လာမည်ကို သူ့လက်ထောက်က မပြောနိုင်။ စာရွက်စာတန်း တစ်ထပ်ကြီးပဲ လှမ်းပေးသည်။

"ဒီစာရွက်တွေက ဘာမှမသုံးမဝင်ဘူး။ စာရွက်တွေဖတ်မဲ့အစား အိမ်မှာပဲ နေတာက ပိုကောင်းဦးမယ်"

ရှာလီက ပြောသည်။ မိုနာကမူ ကျွန်တော် ရုံးခန်းထဲတွင် ရှိနေသည်ကို သတိပြုမိ၏။

"သူ ဘာကြည့်နေတာလဲ"

သူမက အင်ဂျီလာကိုမေး၏။

ကျွန်တော်က သူတို့ကို စာရွက်စာတမ်းများထဲမှတစ်ခု၏ နောက်ကျောကို ပြလိုက်သည်။

အလုပ်အကိုင်ရှာဖွေမှုအစီအစဉ်ပြုလုပ်သောဒေသအသီးသီး၏ စာရင်း။

ထိုအထဲတွင် ဗျူရပ်ကွက် တောင်ဘက်ခြမ်းတော့ မပါ။

■

# အခန်း တစ်ဆယ်

ဆောင်းရောက်တော့ ရာသီဥတုက ဆိုးလာသည်။ ဤကဲ့သို့သောဆိုးဆိုးရွားရွားရာသီဥတုထဲတွင် အလုပ်တွေက ပိုများလာသည်။ အစည်းအဝေးများတွင် တက်ရောက်သူ ပိုနည်းလာသည်။ တုတ်ကွေးဖြစ်သူဖြစ်၊ ကားစက်နိုးလို့မရဟုဆိုသူကဆို။ မဖြစ်မနေအစည်းအဝေးလာတက်သူများကလည်း ထိုင်ခုံထိုင်းထိုင်း ငူငူငိုင်ငိုင်။

မာတီက ကျွန်တော့်ကို အလုပ်လောဘမကြီးပဲ နားနားနေနေ နေရန်ပြော၏၊ ကျွန်တော်တွေ့ဆုံရသောသူများမှာ အများအားဖြင့် ကျွန်တော့်ထက် အသက်ကြီးသူများသာ များ၏။ ထို့ကြောင့် တရင်းတနှီး ဆက်ဆံလို့မရ၊ အလုပ်မသွားရသော စနေ တနင်္ဂနွေနေ့များဆိုလျှင် ကျွန်တော်သည် အခန်းထဲတွင် တစ်ယောက်တည်း အထီးကျန်။ စာအုပ်ပုံကြီးကိုသာ အဖော်လုပ်နေရ၏။

အစည်းအဝေးများပြီးလျှင် ကျွန်တော်သည် အစည်းအဝေးလာသူ တစ်ဦးဦးနှင့် ဆိုင်တစ်ဆိုင်သို့ သွားကာ ရုပ်မြင်သံကြား ကြည့်၊ သတင်းနားထောင်၊ သီချင်းနားထောင်။ တနင်္ဂနွေနေ့ဆိုလျှင် ဘုရားရှိခိုးကျောင်းများသို့ တစ်ခုပြီးတစ်ခုသွားကာ ဘုရားဝတ်တက်၏။ အမျိုးသမီးများက ကျွန်တော်၏ ဘုရားရှိခိုးနှင့်ရေကောင်းတို့ ရောထွေးနေပုံကို စကြနောက်ကြတာ ခံရ၏။ ခရစ်စမတ်ပါတီတွင် အင်ဂျီလာ၊ မိုနာ၊ ရှာလီတို့နှင့် တွဲက၏။ သူတို့ခင်ပွန်းများနှင့် ရယ်စရာမောစရာ အရွှန်းဖောက်၏။ သူတို့သားသမီးများ၏ကောလိပ်လျှောက်လွှာများကို အကြံပေး၏။ ကျွန်တော့်ဒူးပေါ် တက်ထိုင်ကြသော မြေးဖြစ်သူလေးများနှင့် ကစား၏။

ကျွန်တော်သည် ပြည်သူအများစု၏ဘဝထဲသို့ ထဲထဲဝင်ဝင် ရောက်မှန်းမသိ ရောက်လာသည်။ ဥပမာ - မစ္စစ်ခရင်ရှော၏မီးဖိုချောင်ထဲတွင် ထိုင်ရင်း

သူဖုတ်ထားသောဘောပတ်မုန့်များကို အတင်းကျွေးတာ စား၏။ သူမကို မိဘ ဆရာအသင်းတွင် ဘာကြောင့် ပါဝင်လှုပ်ရှားနေသည်ကို မေး၏။ သူမ၏ကလေးများက ကျောင်းပြီးကြတာ ကြာပြီဖြစ်သော်လည်း သူမက အသင်းတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ဆဲ။ သူက သူငယ်စဉ်က တင်နက်ဆီပြည်နယ်တွင် နေခဲ့ရပုံ။ ပညာသင်ချင်ပါလျက် မသင်ခဲ့ရပုံ။ သူ့မိဘများက ရင်သွေး တစ်ဦးတည်းကိုသာ ကောလိပ်ပို့နိုင်၍ သူက အနှစ်နာခံကျောင်းထွက်ခဲ့ရပုံ။ ဒုတိယကမ္ဘာစစ်အပြီးတွင် သူ့အစ်ကို သေဆုံးခဲ့ရပုံ။ သူနှင့် သူ့ခင်ပွန်း စက်ရုံတစ်ရုံတွင် အလုပ်ကြိုးစားလုပ်ခဲ့ပြီး သားသမီးများကို ကျောင်းစရိတ်ထောက်ပံ့ခဲ့ရပုံ။ သို့ဖြင့် သူ့သားတစ်ဦးဆိုလျှင် ယေးလ်တက္ကသိုလ်မှဥပဒေဘွဲ့ပင် ရခဲ့ပုံများ စီကာပတ်ကုံး ပြောပြ၏။ ပညာတတ်သူ့သားမှာ စိတ်ရောဂါတစ်ခု စွဲကပ်ပြီး တစ်နေကုန်အိမ်တွင်းအောင်းကာ စာသာ ဖတ်နေကြောင်း၊ အပြင်ကို လုံးဝမထွက်တော့ကြောင်းကိုလည်း ရင်ဖွင့်၏။

သူသည် ကျန်းမာရေးကိစ္စများကိုလည်း ကူညီဆောင်ရွက်နေသည်ဖြစ်ရာ သူ့အကြောင်းပြချက်နှင့် သူကတော့ ဟုတ်နေသား။ သူ အသက်နှစ်ဆယ်အရွယ်တုန်းက မျက်လုံးတွင် တိမ်စွဲ၍ ကွယ်လုကွယ်ခင် ဖြစ်ခဲ့ရသည်။ ခွဲစိတ်ကုသလျှင် အလုပ်ရှင်က ခွင့်မပေးမည်ကိုလည်း စိုး၏။ ထို့ကြောင့် ဆေးမြီးတိုများဖြင့်သာ ကုသကုနေခဲ့ရ၏။ ရုံးတွင် သူ့ငွေး၏စာများကို မှန်ဘီလူးဖြင့်ဖတ်ပြီး လက်နှိပ်စက်ရိုက်ရသည်အထိ အဖြစ်ဆိုးခဲ့၏။ တစ်နှစ်လောက် ကျိတ်မှိတ်နေပြီးမှ မျက်စိခွဲဖို့ စရိတ်စကရမှပြီး မျက်စိခွဲနိုင်ကြောင်း ပြောပြ၏။

နောက်တစ်ယောက်က ဘတ်စ်ကားဒရိုင်ဘာ "မစ္စတာမာရှယ်" ဆိုသူ၊ အသက်သုံးဆယ်ဝန်းကျင်လူတစ်ဦး ဖြစ်သည်။ သူ့မှာ ကလေး မရှိ။ အခန်းတစ်ခန်းထဲတွင် တစ်ယောက်တည်းနေသည်။ သူက လူငယ်များမူးယစ်ဆေးဝါးစွဲမှုကို တိုက်ဖျက်ရာတွင် အားကြိုးမာန်တက်ဆောင်ရွက်နေသူဖြစ်၏။ သူက တစ်နေ့တွင် သူ့အကြောင်းပြောပြ၏။ သူ့ဖခင်သည် အာကန်ဆော်ပြည်နယ်တွင် သွားအလုပ်လုပ်ကာ ငွေရှာခဲ့ကြောင်း၊ သို့သော် လူအချို့က လိမ်လည်၍ စီးပွားပျက်ခဲ့ရကြောင်း၊ ထို့ကြောင့် လောင်းကစားနှင့်အရက်၏ကျေးကျွန်ဖြစ်သွားပြီး ကွယ်လွန်သွားကြောင်း၊ ထို့ကြောင့် သူ့ဖခင်ကဲ့သို့ လူငယ်တွေကို လမ်းမှား မရောက်



စေချင်၍ ယခုကဲ့သို့ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်နေရကြောင်း ပြောပြသည်။

ကျွန်တော်ကလည်း ကျွန်တော့်ဇာတ်ကြောင်းတွေ ပြောပြ၏။ အတွားဖြစ်သူ "ဖွတ်"အကြောင်း၊ "လိုလို"အကြောင်း၊ အမေ့အကြောင်း၊ အဖေ့အကြောင်း။ ဂျကာတာတွင် စွန့်လွှတ်ကစားပုံ၊ ပင်နာဟောတွင်ကျင်းပသော ကျောင်းကပွဲများအကြောင်းတွေ။ ကျွန်တော့်ဖြစ်ရပ်တွေကို သူတို့ စိတ်ဝင်စားစွာ နားထောင်ကြသည်။

*

ရှဘီနှင့်သူ့သား "ကီးလ်"အကြောင်းကလည်း တစ်မျိုး။ ကီးလ်က ၁၄ နှစ်။ ကျောင်းစာတွင် သာမညောင်ည။ ရည်မှန်းချက်ကလည်း ရေရေရာရာမရှိ။

"အရင်အပတ်တုန်းက သူပြောတော့ ရက်ပါအဆိုကျော်ဖြစ်ချင်တယ်တဲ့။ ဒီနေ့ကျတော့ တိုက်လေယာဉ်မောင်းသမားဖြစ်ချင်ပြန်ပြီ ဆိုပဲ။ ကျွန်မက မေးကြည့်တယ်။ ဘာဖြစ်လို့ ဒီလိုလုပ်ချင်တာလဲလို့။ သူက လေပေါ်ပျံချင်လို့တဲ့။ တစ်ခါတစ်ခါ သူ့ကိုစိတ်ကုန်မိတယ်။ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး ဘားရက်ရယ်"

ခရစ်စမတ်မတိုင်ခင်တစ်ရက်က ကျွန်တော် ရှဘီကို ရုံးဝင်ခဲ့ပါဟုပြောလိုက်သည်။ ကီးလ်ကို လက်ဆောင်ပေးချင်၍။ ရှဘီရောက်လာတော့ သူ့မျက်လုံးကိုကြည့်ပြီး အံ့သြသွား၏။ ယခင်မျက်လုံးအညိုရောင်အစား မျက်လုံးအပြာဖြစ်နေပါကလား။

"ခင်ဗျားမျက်လုံးတွေ ဘယ်လိုလုပ်ထားတာလဲ"

"ဪ ဒါလား ဒါက မျက်ကပ်မှန်လေ။ ကျွန်မလုပ်တဲ့ ကုမ္ပဏီက မျက်ကပ်မှန်ထုတ်တယ်။ ကျွန်မလဲ လျှော့ဈေးနဲ့ရလို့ဝယ်တပ်တာပဲ။ ရှင်သဘောကျရဲ့လား"

"ခင်ဗျားမျက်လုံးတွေက အရင်မျက်လုံးအရောင်နဲ့ ပိုလိုက်ပါတယ်ဗျာ"

"အပျော်တပ်တာပါ။ တစ်မျိုးတစ်ဖုံများ ထူးခြားသွားမလားလို့"

ကျွန်တော်လည်း ဘာမှပြန်မပြောတော့ဘဲ "ကီးလ်"အတွက် လေယာဉ်အကြောင်းစာအုပ်တစ်အုပ် လက်ဆောင်ပေးလိုက်၏။



"လူမည်းတွေဟာ သူတို့ကိုယ်သူတို့ မုန်းနေကြတာ။ ဒါကြောင့် နဂိုရုပ်ပျောက်အောင် ဟိုပြင်ဒီပြင်လုပ်ကြတာပေါ့"ဟု ကျွန်တော့်မိတ်ဆွေတစ်ဦးကပြောဖူးသည်။ လိုက်မ်မင်္ဂဇင်းထဲက အသားဖြူအောင် အရေပြား အရောင်ချွတ်သူများအကြောင်းကို သွားသတိရ၏။

ရှဘီရော မျက်လုံးပြာများကို မမုန်းဘဲ သူမဘာသာသူမ ချစ်နိုင်ပါသလား။

*

"ရာဖတ်စ်အားလ်ရှာတတ်စ်"နှင့် မြို့တော်ဝန်၏အလုပ်အကိုင်ရှာဖွေရေးနှင့်သင်တန်းပေးရေးရုံးတွင် မကြာခဏ တွေ့ရ၏။ သူနှင့်ကျွန်တော် အချိန်အားလျှင် စကားတွေ အကြာကြီး ပြောဖြစ်သည်။ သူက အဲ့ဂျယ်မြို့တွင် ယခင်က ဂိုဏ်းခေါင်းဆောင်လုပ်ခဲ့ဖူးကြောင်း၊ ဘာသာတရားနှင့် တွေ့ပြီးမှ သူ လမ်းမှန်ရောက်လာကြောင်း ပြောသည်။

"အစ္စလာမ်ဘာသာသာမရှိဘူးဆိုရင် ကျွန်တော် သေနှင့်နေပြီဗျာ။ ဒီမြို့မှာ လူဖြူတွေကျွေးတဲ့အဆိပ်တွေ စားသုံးရင်း ကြီးပြင်းလာရတယ်ဆိုပါတော့ဗျာ။ ခင်ဗျားနဲ့အတူတူ အလုပ်တွဲလုပ်နေသူတွေလဲ ဒါမျိုးပြဿနာတွေရှိကြမှာပဲ။ သူတို့ဘာသာ သူတို့သာ မသိရင်ကာနေကြမယ်၊ ဘဝရဲ့အချိန်တစ်ဝက်ကို လူဖြူတွေ သူတို့အပေါ်ဘာထင်မလဲဆိုတာပဲ တွေးပူနေကြရတယ်။လူဖြူတွေက ဒါမှန်တယ်လို့ အဆုံးအဖြတ်မပေးရင်း သူတို့ ဘာကိုမှမလုပ်ရဲကြဘူး။ လူဖြူတွေ မှန်တယ်ထင်တာတွေဟာ တကယ်တော့ အမှားတွေဖြစ်ကြောင်း သူတို့ တကယ်တော့ သိတယ်။ ဒီနိုင်ငံက သူတို့ဖေဖေ၊ မေမေ၊ သူတို့ညီမ အစ်မတွေကို ဘာလုပ်ခဲ့တယ်ဆိုတာ သူတို့ သိကြတယ်။ ဒါကြောင့် အမှန်က သူတို့ လူဖြူတွေကို မုန်းတယ်။ ဒါပေမယ့် ဒါကို သူတို့ဘာသာသူတို့ ဝန်မခံကြဘူး။ ကိုယ့်ဘာသာကိုယ်ပဲ ပြန်သတ်နေကြလေရဲ့။ ဒီလိုနည်းနဲ့ စွမ်းအားတွေအများကြီးဖြုန်းတီးခဲ့ကြတယ်"

"လူဖြူတွေနဲ့ပတ်သက်ပြီး ကျွန်တော်ချီးကျူးတာတစ်ခုတော့ ရှိလေရဲ့" သူက ဆက်ပြော၏။

"သူတို့က သူတို့ဘယ်သူတွေ ဆိုတာ သိတယ်။ အီတာလီလူမျိုးတွေကို



ကြည့်။ သူတို့က အမေရိကန်အလံကိုဂရုမစိုက်ဘူး။ မာဖီးယားတွေကိုပဲ ဂရုစိုက်ပြီး သူတို့အကျိုးစီးပွားကို သူတို့လုပ်ကြတယ်။အိုင်းရစ်လူမျိုးတွေကလဲ မြို့တော်ခန်းမကို သိမ်းပြီး သူတို့ကောင်လေးတွေ အလုပ်ရအောင် လုပ်ပေးတယ်။ ဂျူးတွေလဲ ဒီအတိုင်းပဲ။ သူတို့က တောင်ဘက်ခြမ်းက လူမည်းချာတိတ်တွေကို အစ္စရေးက သူတို့အမျိုးတွေထက်တောင် ပိုဂရုစိုက်ကြသေးတယ်။ တကယ်တော့ ဒါဟာ သွေးပါကွာ။ ဘားရက်ရေ လူဆိုတာ ကိုယ့်ကိုယ်ကိုယ်ပဲ ဂရုစိုက်ကြတာပါ"

ဤသည်မှာ ရာဖတ်စ်၏အမြင်။ ကျွန်တော်တို့ ကိုယ့်ဘာသာကိုယ် သစ္စာဖောက်ကြသရွေ့ တိုးတက်မှုကို ကျွန်တော်တို့လက်တစ်ကမ်းတွင် ဖမ်းဆုပ်နိုင်မည်သာ ဖြစ်ပါသည်။

*

ကျွန်တော် မိသားစုနှင့်ပြန်ဆုံရန် နှစ်ပတ် ခွင့်ယူခဲ့၏။ ကျွန်တော်ပြန်ရောက်သောအခါ ရှဘီကို ဖုန်းဆက်ကာ စနေနေ့ည အညီးအဝေးသို့ လာရန် ကျွန်တော်လိုလားကြောင်း ပြောလိုက်သည်။

"ဘာအတွက်လဲ"

"အဲဒီကျ သိရမှာပေါ့။ မြနာရီ အဆင်သင့်ပြင်ထား"

ဇီယက်နမ်စားသောက်ဆိုင်တစ်ခုတွင် စားသောက်ကြ၏။ စားသောက်ပြီး၍ ဟိုဘက်ခန်း ကူးလိုက်တော့ ဇာတ်ရုံမှာ လူပြည့်နေပြီ။ လူမည်းမြို့ကောင်ပေါက်မလေးအုပ်စုတစ်စု၏ရှေ့တွင် နေရာရ၏။ သူတို့နှင့်အတူ အသက်ကြီးကြီးအမျိုးသမီးတစ်ဦးပါလာသည်မှာ သူတို့၏ဆရာမ ဖြစ်ဟန်တူ၏။ ကောင်မလေးတွေက သူတို့အချင်းချင်း တွတ်ထိုးကာ ဗလစ်ဗလစ်ပြောနေကြသည်။ မကြာခင် အခန်းတစ်ခုလုံး မှောင်သွားသည်။ ကောင်မလေးတွေလည်း ငြိမ်ကျသွားသည်။ ဇာတ်ခုံပေါ်တွင် လူမည်းအမျိုးသမီးကိုးဦး ထွက်လာ၏။ ကောက်ကြောင်းတော် ဝတ်စုံ လည်စည်းတွေ ချည်နှောင်၍။ သီချင်းတွေ ဆို၊ စကားတွေပြော။ သူတို့ကိုချစ်တဲ့ အမျိုးသားတွေအကြောင်း။ သူတို့ကို သစ္စာဖောက်သွားသူတွေအကြောင်း။ သူတို့ကို လာရောက်ပူးဖက်သူများ၊ နှိပ်စက်သူများ။ တစ်ခါတစ်ရံ နားလည်ပေးမှု၊ တစ်ခါတစ်ရံ ခွင့်လွှတ်၊ တစ်ခါတစ်ရံ တုန့်ပြန်။ သူတို့က ကိုယ်ဝန်ပျက်ကျသောကလေး

များ၊ အသတ်ခံခဲ့ရသော ကလေးများအတွက် ငိုကြွေးကြ ဆိုကြပြောကြ ကကြ ရယ်ကြငိုကြ။

မီးတွေပြန်မှုန်လာသည်။ ကျွန်တော့်နောက်မှကောင်မလေးတွေက လက်ခုပ်လက်ဝါးတီး ချီးကျူးကြသည်။ ကျွန်တော်က ရှဘီ၏ကုတ်အင်္ကျီကို ယူဝတ်ပေးကာ ကားရပ်ထားသောနေရာသို့ လျှောက်ခဲ့ကြသည်။ အလုရှိန်က ကျသွားပြီ။ မဟာရာကောင်းကင်ပြင်တွင် ကြယ်များက ရေခဲတုံးလေးများကဲ့သို့ တလက်လက် တောက်ပနေ၏။ ကားကို စက်မှုအောင် နှိုးနေစဉ်တွင် ရှဘီက ကိုယ်ကိုကိုင်းကာ ကျွန်တော့်ပါးကို လာနမ်း၏။

"ကျေးဇူးပါပဲ"

အညိုရောင်သူ့မျက်လုံးများက ရွှန်းစိုနေ၏။ လက်အိတ်ဝတ်ထားသော သူမ၏လက်ကို ကျွန်တော်က ဆုပ်ကိုင်ထားရာမှ ဖွဖွလေးညှစ်လိုက်၏။ ပြီးတော့ ကားမောင်းထွက်ခဲ့၏။သူ့အိမ်ရောက်သည်အထိ ဘာတစ်ခွန်းမှမပြောဖြစ်။ အိမ်တံခါးဝလိုက်ပို့ပြီး မင်္ဂလာညပါဟု နှုတ်ဆက်လိုက်သည်။ တန်ဖိုးရှိသောငြိမ်သက်ခြင်းကို ကျွန်တော်တို့ ဘယ်တော့မှမဖြိုခွင်းခဲ့ကြ။

လေယာဉ်ကွင်းယာဉ်ရပ်နားစခန်းသို့ သုံးနာရီဆယ့်ငါးတွင်ရောက်သောအခါ အတွင်းသို့ မြန်နိုင်သမျှ မြန်မြန်ပြေးဝင်ခဲ့သည်။ အသက်ရှူမှားမတတ်မော၍မကြာခဏနားရသည်။ လူအုပ်ထဲတွင် အိန္ဒိယ၊ ဂျာမန်၊ ပိုလန်၊ ထိုင်း၊ချက် လူမျိုးစုံ တွေ့ရသည်။

ကျွန်တော်က လက်ထဲတွင်ကိုင်ထားသော ဓာတ်ပုံကို ကြည့်လိုက်၏။ လွန်ခဲ့သောနှစ်လက ပို့ထားသောပုံ။ မကြာခင် ရုပ်ပုံလေးက လှုပ်လာသလိုခံစားမိ၏။ အာဖရိကန်အမျိုးသမီးတစ်ဦး အကောက်ခွန်ဂိတ်ဝမှဖြတ်သန်း၍ ရွှင်လန်းတက်ကြွသောခြေလှမ်းများဖြင့် လျှောက်လှမ်းလာချေပြီ။

"ဘားရက်"

"ဩမာ"

ကျွန်တော်က ညီမကို ပင့်တင် မ,ချီပြီး ပွေ့ဖက်လိုက်သည်။ ထို့နောက် ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်လိုက်ကြသည်။ ကျွန်တော်က သူမအိတ်ကိုဆွဲယူကာ ကားရပ်နားစခန်းသို့ လျှောက်သွားကြ၏။



သူက ကျွန်တော့်လက်မောင်းကိုချိတ်ဆွဲ၍လာခဲ့၏။ သူ့ကို ကျွန်တော်ဘယ်လောက်နှစ်ကြောင်း ကျွန်တော်ခံစားနားလည်မိသည်။

"အစ်ကိုရေ ကျွန်မကို ပြောစရာရှိတာတွေပြောပြပါဦး"

"ဘာပြောရမလဲ"

"အစ်ကို့ဘဝပေါ့"

"အစကနေလား"

"ဘယ်က စ စ"

ကျွန်တော်က သူ့ကို ရှိကာဂိုနှင့်နယူးယောက်အကြောင်း ပြောပြသည်။ စည်းရုံးရေးမှူးအနေနှင့်လုပ်ကိုင်နေပုံ။ အမေရယ် အဘိုးအဘွားတွေရယ် မာယာ တို့အကြောင်းတွေ။ အချို့အချက်များကိုမူ အမေ့ထံမှ သူ ကြားပြီးသား။

သူကလည်း ဟိုက်ဒယ်လ်ဘတ်အကြောင်း ပြောပြ၏။ ဘာသာစေ ဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ တက်နေကြောင်း၊ ဂျာမဏီတွင် နေထိုင်ခဲ့ပုံများ အကြောင်း။

"ကျွန်မ ပညာသင်ထောက်ပံ့ကြေး ရတယ်။ အခန်းတစ်ခန်း ရတယ်။ ကျွန်မ ကင်ညာမှာဆိုရင် စုချိန် ဘာလုပ်ရမှန်းတောင်မသိတော့ဘူး။ ဂျာမဏီက ထဲ သိပ်ကောင်းလှတာတော့ မဟုတ်ပါဘူး။အာဖရိကလူမျိုးတွေနဲ့တွေ့ရင် ဂျာမန် တွေက သူတို့ကိုယ်သူတို့ တော်တော် လစ်ဘရယ်ဖြစ်တယ်ထင်ကြတာ။ ဂျာမန် နတ်သမီးပုံပြင်တွေမှာတော့ လူမည်းတွေဟာ အမြဲပဲ မကောင်းဆိုးရွားတွေလို့ပဲ သဘောထားကြတယ်"

အိမ်ပြန်ရောက်သောအခါ အမေ့ပုံကို ကြည့်ပြီး သူက "အဘိုးကြီး" ဟု ခေါ်သည်။

"အဘိုးကြီးက ကြည့်ရတာ အပြစ်ကင်းတဲ့ပုံ ပေါက်နေတယ်။ ဟုတ် တယ် မဟုတ်လား။ အရွယ်လဲ တော်တော်တင်တယ်။ အစ်ကို့ပါးစပ်နဲ့ သူ့ပါးစပ် တူတယ်"

ကျွန်တော်က သူ့ကို ခွေနားနိုင်းကာ ရုံးသို့လာခဲ့၏။ သူက ခေါင်း ပါက သူပါ အပြင်ထွက်လိုက်ချင်သည်ဟုပြော၏။

"နည်းနည်းလေးမှိန်းလိုက်မှ ပိုပြီးနေထိုင်ကောင်းသွားမှာပေါ့"



"ဘားရက်ရယ် အစ်ကိုက အဘိုးကြီးနဲ့ သိပ်တူနေပြီ။ သူ့ကို အစ်ကို တစ်ခါပဲ မြင်ဖူးတယ် မဟုတ်လား။ သွေးက စကားပြောတယ်နဲ့တူတယ်"

ကျွန်တော်က ထိုနေ့လည်တွင် သူ့ကို တောင်ဘက်ခြမ်းသို့လိုက်ပြသည်၊ ကျွန်တော် ရှိကာဂိုကို ပထမဆုံးရောက်သောနေ့က သွားသောနေရာများ။ ရုံး ရောက်တော့ အင်ဂျီလာ၊ မိုနာနှင့်ရှာလီတို့ပါရောက်နေကြ၏။ သူတို့က ဩမာ ကို ကင်ညာအကြောင်းမေး၏။ ဩမာက ပြောကောင်းကောင်းနှင့်ပြော၏။ ထို့ နောက် သူတို့လေဦးသား ကျွန်တော့်အကြောင်း ခံတွင်းတွေ့တွေ့နှင့် ပြောကြ၏။ ကျွန်တော်၏ထူးခြားသောအလေ့အကျင့်တွေ အကုန်ပြောတော့သည်။

"သူတို့ အစ်ကို့ကို တော်တော်ခင်ကြတယ်နော်။ သူတို့ကိုကြည့်ရတာ အိမ်က အဒေါ်တွေကို ပြန်သတိရမိတယ်"

ဩမာက ပြောသည်။ သူက အပြင်ကို လှမ်းကြည့်သောအခါ ရှိစ်လင်း ဓာတ်ခံယောင်းကြီးနှင့် သံချေးတက်နေသောကားတွေ အပြည့်ရှိသော ဂိုဒေါင် ယောင်းကြီးတို့ကိုတွေ့၏။

"သူတို့အတွက်လုပ်ပေးနေတာလား ဘားရက်။ကျွန်မဆိုလိုတာက စည်း ရုံးရေးလုပ်ငန်းကိုပြောတာပါ"

ကျွန်တော်က ပခုံးတစ်ချက်တွန့်ကာ

"သူတို့အတွက်လဲ ဟုတ်တယ်။ ကိုယ့်အတွက်လဲ ဟုတ်တယ်"

"ကျွန်မက နိုင်ငံရေးကို သိပ်မကြိုက်ဘူး"

"ဒါဆို ဘာဖြစ်လို့လဲ"

"ကျွန်မ မသိဘူး။ လူတွေဟာ အမြဲပဲ စကျေမနပ်နဲ့ပဲ အဆုံးသတ်တတ် ကြတယ်"

အိမ်ကို ပြန်ရောက်သောအခါ ကျွန်တော့်စာတိုက်ပုံးတွင် ညီမအတွက် စာတစ်စောင် ရောက်နေ၏။ ဂျာမန်ဥပဒေကျောင်းသားတစ်ဦးက ညီမကိုတွေ့ချင် သတဲ့။ စာက တော်တော်ရှည်၏။ စာမျက်နှာ ၇ မျက်နှာ။

"ညီမက ဂျာမန်လူမျိုးတွေကို သိပ်မကြိုက်ဖူးထင်တယ်"

ကျွန်မက ညီမကို ပြောလိုက်၏။

"ယာအောတို့တော့ မပါဘူးပေါ့ သူက သိပ်ခင်စရာကောင်းတယ်၊တစ်



ခါတလေ ကျွန်မ သူ့ကို တော်တော်ဆိုးဆိုးရွားရွားကိုနှိပ်စက်ခဲ့တယ်။ အဘိုးကြီး ရဲ့အိမ်ထောင်ရေးကိုကြည့်ပြီးလဲ ကျွန်မ စိတ်ကုန်တယ်။ အော့တို့နဲ့ သူ့အလုပ်နဲ့ ဆိုရင်တော့ ကျွန်မတို့ ဂျာမဏီမှာနေဖြစ်လိမ့်မယ်။ နိုင်ငံခြားသူတစ်ယောက်အနေ နဲ့ သူများတိုင်းပြည်မှာ နေရတာတော့ မကောင်းလှဘူးပေါ့လေ"

သူက စာကိုဖတ်ပြီး စာအိတ်ထဲ ပြန်ခေါက်ထည့်လိုက်၏။

"အစ်ကိုကော ဘယ်လိုလဲ ဘားရက်။ ဒါမျိုးပြဿနာတွေ ရှိသေးလား"

"ညီမ ဘယ်လိုခံစားနေရသလဲဆိုတာ အစ်ကိုသိတယ်လို့ ထင်တယ်"

"ပြောပါဦး"

"နယူးယောက်မှာ အစ်ကိုချစ်တဲ့အမျိုးသမီးတစ်ယောက်ရှိတယ်။ သူက လှတယ်။ သူ့ဆံပင်က နက်မှောင်နေတာပဲ။ မျက်လုံးတွေကလဲ စိမ်းဖန့်ဖန့်ကလေး။ သူ့အသံကဆို ဆည်းလည်းသံလိုပဲ။ အစ်ကိုတို့တစ်ယောက်နဲ့တစ်ယောက် တစ် နှစ်လောက် တွေ့ခဲ့ကြတယ်။ အများဆုံးကတော့ စနေတနင်္ဂနွေတွေပေါ့။ တစ်ခါ တလေ သူ့အခန်းမှာ၊ တစ်ခါတလေ အစ်ကို့အခန်းမှာ။ ညီမသိပါတယ် ညီမရဲ့ ကိုယ်ပိုင်ကမ္ဘာဆိုတာ ဘယ်လိုနေမလဲ။ ကိုယ့်ဘာသာစကား ကိုယ့်ဓလေ့ထုံးစံ"

"စနေတနင်္ဂနွေတစ်နေ့မှာ သူက အစ်ကို့ကို ကျေးလက်က သူ့မိသားစု အိမ်ကိုခေါ်သွားတယ်။ သူ့မိဘတွေက သိပ်သဘောကောင်းတယ်။ သိပ်ကျက်သရေရှိတယ်။ရာသီက ဆောင်းဦးပေါက်။ ပတ်ဝန်းကျင်မှာ သစ်တောတွေနဲ့လှလိုက် တာ။ ရေကန်ကြီးမှာ လှေလေးနဲ့ အစ်ကိုတို့နှစ်ယောက် လျှောက်လှော်ကြတယ်။ သူတို့မိသားစုက ဒီနယ်မြေရဲ့အကြောင်း ခရေစေ့တွင်းကျ သိကြတယ်။ အစော ဆုံးရောက်လာတဲ့လူဖြူတွေ။ အရင်တုန်းကနေခဲ့တဲ့ အင်ဒီးယန်းတွေအကြောင်း။ သူတို့အိမ်က အတော်အိုနေပြီ။ သူတို့အဘိုးအိမ်ပေါ့။ အဘိုးဆီကနေ သူတို့က အမွေရခဲ့တာ။ စာကြည့်တိုက်မှာ စာအုပ်ဟောင်းတွေပြည့်နက်လို့။ အဘိုးနဲ့ထင် ရှားကျော်ကြားသူတွေ ရိုက်ထားတဲ့ ဓာတ်ပုံတွေလဲ အများကြီးပဲ။ သမ္မတတွေ စက်မှုလုပ်ငန်းရှင်ကြီးတွေ၊ သံတမန်တွေ။ အဲဒီအခန်းထဲမှာ ရပ်နေရင်းနဲ့ အစ်ကို့ ခုနှယ်ချင်းနဲ့ အစ်ကိုရဲ့ဘဝတွေ ခြားနားတာကို သိမိတယ်။ ကင်ညာနဲ့ ဂျာမဏီ ကွာဝေးသလိုပဲ။ အစ်ကိုတို့နှစ်ယောက်ကြားမှာ အစ်ကိုက အပြင်ကလူ အနေနဲ့ ဘယ်လိုနေရမယ်ဆိုတာ သိလာတယ်"

ယခင်ထင်ထားသည်နှင့် ယခုသိရသည်တို့က ဝိရောဓိ ဖြစ်နေသည်။ ဘုရင်ကြီး နန်းကျသွားခဲ့ပြီ။ မြသွေးရောင်ကန့်လန့်ကာခန်းဆည်းကြီး ဆွဲဖွင့်လိုက်ပြီ။ ကျွန်တော် ဘယ်လောက်ပဲဆိုးဆိုး အဖေ့ထက်တော့ ပိုဆိုးနိုင်မည်မထင်။

အဖေနှင့်ကျွန်တော် ဟာဂိုင်ယီတွင်ခေတ္တပြန်တွေ့စဉ် အဖေသည် သူ၏မိမသားမှုအစမ်းအမှုန်များကို မပြောနိုင်ခဲ့။ ကျွန်တော်ကဲ့သို့ ဆယ်နှစ်သား လူမမယ်လေး နားလည်အောင် သူ ဘယ်လိုပြောနိုင်ပါ့မလဲ။ တစ်ယောက်နှင့်တစ်ယောက်တွေ့ရသည်ကိုပင် မင်တက်မိနေကြချိန်။ ယခု ၁၅နှစ်ကြာခဲ့ပြီ။ သြမာ၏အိပ်ပျော်နေသောမျက်နှာလေးကိုကြည့်ရင်းနှင့် ကျွန်တော်တို့ ဤငြိမ်သက်မှုရအောင် ပေးဆပ်ခဲ့ရသော တန်ဖိုးကို မြင်လာမိပါပြီ။

•

ဆယ်ရက်အကြာတွင် သြမာနှင့် ကျွန်တော် လေယာဉ်ကွင်းတွင် ထိုင်နေကြ၏။

"ကျွန်မက အလီဂိုကို စဉ်းစားနေတာ။ ကျွန်မတို့အဘိုးရဲ့ဇာတိမြေပေါ့၊ အဘွားက ခါဒီမှာ ခုထိနေတုန်းပဲ။ သိပ်လှတဲ့ဒေသပဲ ဘားရက်ရယ်။ ဂျာမဇီမှာ ကျွန်မနေတုန်းက အပြင်မှာ သိပ်အေးတယ်။ ကျွန်မက တစ်ယောက်တည်း အထီးကျန်၊ တစ်ခါတလေ ကျွန်မ မျက်လုံးကိုမှိတ်ပြီး အလီဂိုကို ရောက်နေတယ် စိတ်ကူးယဉ်နေမိတယ်။ ကျွန်မတို့အဘိုးစိုက်ခဲ့တဲ့အပင်ကြီးတွေအလည်မှာ ထိုင်လို့။ အဘွားက ရယ်စရာတွေပြောလို့။ နွားအော်သံတွေ၊ ကြက်တွန်သံတွေကြားရ။ မီးဖိုချောင်က ထင်းမီးအနံ့တွေရှူရ။ ပြောင်းခင်းလေးရဲ့အနားက သရက်ပင်တစ်ပင်ရဲ့အောက်မှာတော့ အဘိုးကြီးကို မြှုပ်နှံ..."

သူ့လေယာဉ်ပေါ် ခရီးသည်တွေ တက်နေကြပြီ။ ကျွန်တော်တို့ ဆက်ထိုင်နေကြ၏။ သြမာက မျက်လုံးတွေပိတ်ထားသည်။ ကျွန်တော့်လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားသည်။

"ကျွန်မတို့ အိမ်ပြန်ဖို့ လိုတယ်။ ကျွန်မတို့အိမ်ပြန်ဖို့လိုတယ် ဘားရက်။ ဟိုမှာ သူ့ကိုတွေ့ရမယ်"

သူမက ပြောနေ၏။

■

# အခန်း တစ်ဆယ့်တစ်

ရာဖစ်က သူ့ဆိုင်ကို အကောင်းဆုံး ပြင်ဆင်ထားသည်။ အဝင်ဝတွင် ဆိုင်းဘုတ်အသစ် တင်ထားသည်။ ကြမ်းခင်းများကို ပြောင်အောင်တိုက်ထား၏။ ပရိဘောဂများကိုလည်း ပြန်လည်စီကာစဉ်ကာလုပ်ထားသည်။ ရာဖစ်က အနက်ရောင်ဝတ်စုံနှင့်အနက်ရောင်သားရေလည်စည်းတို့ကို ဝတ်ဆင်ထား၏။ ဟာရီးလ်၏ဓာတ်ပုံကိုမျိုတ်ရင်း ကျွန်တော့်ကို လှမ်းမေးသည်။

"တည့်ရဲ့လားကွ"

"တည့်ပါတယ် ရာဖစ်ရယ်"

မြို့တော်ဝန်က ရှိုးစ်လင်းတွင် အခမ်းအနားကို လာဖွင့်ပေးမည်။ ကျွန်တော့်အတွင်းရေးမှူးမလေးက လာပြောသည်။

"ရှင်ကတော့ အတော်လူကြိုက်များလာတာပဲ ဘားရက်"

ကျွန်တော်က ပရိသတ်ကို ကြည့်နေသည်။ အရပ်ဝတ်ရဲများကလည်း လမ်းလျှောက်စကားပြောစက်များကိုပြောရင်း အလုပ်ရှုပ်နေကြသည်။ ဗီလ်နှင့် ဆင်ဂီလာက လူတွေကြားက တိုးထွက်လာကြ၏။

"ခင်ဗျားတို့ အသင့်ဖြစ်ပြီလား"

သူတို့က ခေါင်းညိတ်ကြ၏။

"ကျွန်တော်တို့လူထုအစည်းအဝေးကို ဟာရီးလ်တက်နိုင်အောင် ခင်ဗျားတို့ ကြိုးစားပြီး ပြောကြ။ ကျွန်တော်တို့ လုပ်နေတဲ့အလုပ်တွေအကြောင်းကိုလဲ သူသိအောင်ပြော"

မကြာခင် မော်တော်ယာဉ်တန်းကြီး ရောက်လာသည်။ ရဲများနောက်က မြို့တော်ဝန် ပေါ်လာ၏။ အပြာရောင်သားမန့်ဝတ်စုံကို ဝတ်လျက်။ ဆံပင်ဖြူဖြူ



ကျွန်တော်ထင်ထားတာထက် အနည်းငယ်ပု၏။ လူအုပ်ကြီးက ဟာရီးလ် ဟာရီးလ်ဟုသံပြိုင်အော်ပြီး ဆီးကြိုနေကြသည်။ မြို့တော်ဝန်က လက်ဝှေ့ယမ်းပြပြီး နှုတ်ဆက်၏။ မစ္စအဲဗာရက်စ်နှင့် အရပ်ဝတ်ရဲများ ဦးဆောင်လမ်းပြမှုနောက်က သူက လိုက်လျှောက်သွားသည်။ သို့ဖြင့် အထက်လွှတ်တော်အမတ်နှင့် မြို့ကောင်စီဝင်တို့ကိုကျော်သွားသည်။ ရာဖစ်နှင့်ကျွန်တော့်ကို ကျော်သွားသည်။ ဘုန်းတော်ကြီးစမောလ်၏ကမ်းလင့်ထားသောလက်ကိုကျော်သွား၏။ နောက်ဆုံးတွင် သူသည် အင်ဂျီလာရှေ့ကို ရောက်သွားသည်။

"မစ္စရိုက်ဒါပါလား။ ခင်ဗျားရဲ့ စွမ်းဆောင်ချက်ကောင်းတွေကို ကြားရလို့ ဝမ်းသာပါတယ်"

မြို့တော်ဝန်က သူမ၏လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဆက်ပေးခိုင်း၏။

လူများစုက မြို့တော်ဝန်နှင့် ဓာတ်ပုံတွဲရိုက်ရေးကိုသာ အာရုံစိုက်နေကြ၏။ အရေးကြီးသောအချက်များကို မြို့တော်ဝန်သိရန် မည်သူမှမပြောကြ။

•

ကျွန်တော် ရှိကာဂိုကိုရောက်တာ တစ်နှစ်နီးပါးရှိသွားပြီ။ ကျွန်တော်တို့ ကြိုးစားမှုက နောက်ဆုံးတွင် အသီးအပွင့်များခံစားရပြီ။ ဗီလ်နှင့်မေရီတို့၏လမ်းဆောင့်အုပ်စုသည် လူအင်အား ငါးဆယ်အထိ စည်းရုံးမိပြီ။ သူတို့က ရပ်ကွက်သန့်ရှင်းရေးလုပ်ငန်း၊ လူငယ်များအတွက် အလုပ်ရှာဖွေရေးကိစ္စ၊ ရေနှင့်မိလ္လာတိုးတက်ဖွံ့ဖြိုးရေးကိစ္စ စသည်တို့ကို ဆောင်ရွက်ကြ၏။ မစ္စစ်ကရင်ရှောနှင့် မစ္စစ်တီဖင်တို့က ပန်းခြံများ၊ ကစားကွင်းများထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်ကြ၏။ လမ်းများကိုပြင်ကြ၊ ရေမြောင်းများဖော်ကြ၊ ရာဇဝတ်မှုပပျောက်ရေး ကူညီကြ။ အလုပ်ရှာဖွေရေးဌာနများလည်း ဖွင့်နိုင်ကြပြီ။

မြို့နယ်မှုနိုင်ငံရေးသမားများက ကျွန်တော့်နာမည်ကို သိလာကြသည်။ သူတို့က ကျွန်တော့်နာမည်ကို အသံထွက်မှန်အောင်တော့ မခေါ်တတ်ကြသေး။

ကျွန်တော်တို့လုပ်ငန်းများကို နေရာဒေသအတော်များများတွင် တိုးချဲ့လုပ်ကိုင်နိုင်ကြ၏။

ကျွန်တော်ကတော့ မြို့တော်ဝန်ဟာရီးလ်ကို အောင်မြင်စေချင်၏။ ကျွန်တော့်ဖခင်အရင်းလိုပင် သဘောထားသည်။ မြို့တော်ဝန်နှင့်သူ၏အောင်မြင်မှုများ



ကို ကျွန်တော့်အတွက် အရေးထား၏။ မြို့တော်ဝန်သည် သူစွမ်းဆောင်နိုင်သမျှကို အကောင်လုပ်နိုင်သည်ကိုတွေ့ရ၏။ လူမည်းလုပ်ငန်းရှင်များက မြို့၏ စီးပွားရေးတော်တော်များများတွင် ရှယ်ယာတော်တော်များများကိုရလာကြ၏။ ကျွန်တော်တို့တွင် လူမည်းပညာရေးမှူး ရှိလာပြီ။ လူမည်းရဲချုပ် ရှိပြီ၊ နေရာအတော်များများတွင် လူမည်းတွေ ဦးဆောင်လာနိုင်ပြီ။ သို့သော် ဟာရီးလ်၏အောင်မြင်မှုရောင်ခြည်အောက်တွင် အဲဂျီလ်နှင့် အခြားနေရာများတွင် ပြောင်းလဲမှုဘာမှရှိပုံမရသေး။

အဲ့ဂျီလ်မြို့တွင် မူလတန်းကျောင်း နှစ်ကျောင်း ရှိ၏။ တစ်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးမှာ ဒေါက်တာမာသာကိုလီးယား ဖြစ်၏။ ကျောင်းမှာ အဆောက်အဦးသုံးခု မြင်းခွာပုံ ဆိုင်ပြီး တည်ဆောက်ထား၏။

"ဒီမှာရှိတဲ့ မိဘအများစုက သူတို့ကလေးတွေကို အကောင်းဆုံးဖြစ်စေချင်ကြတယ်။ သူတို့ကတော့ ဘာမှလုပ်မပေးတတ်ကြဘူး။ ဒါကြောင့် ကျွန်မတို့က သူတို့ကို အာဟာရရယ် ကျန်းမာရေးစောင့်ရှောက်မှုရယ် စိတ်ခံစားမှုဘယ်လိုကိုင်တွယ်ရမလဲဆိုတာရယ် အကြံပေးရတယ်။ စာ ဘယ်လိုဖတ်ရမယ်ဆိုတာ ပြောပြတယ်။ ဒါမှ သူတို့လေးတွေကို ဘယ်လိုစာဖတ်ပေးနိုင်မယ်ဆိုတာသိမယ်။ သူတို့ကို အထက်တန်းကျောင်းအဆင့် ပညာရအောင် ကျွန်မတို့ ကူညီကြရမယ်။ ဒါမှသာ သူတို့ကိုသင်ကြားမှုလက်သောက်အဖြစ်ငှားရမယ်။ ဒီက မိန်းကလေးတွေရဲ့ သူတို့ရဲ့ကလေးတွေရဲ့ပတ်ဝန်းကျင်ကို ဘာပြောင်းပေးရမလဲ ဆိုတာတော့ လုပ်နိုင်ဘူး။ ကလေးတွေကလဲ ကြာရင် ကျောင်းမတက်ကြ ကျောင်းထွက်ကြ မိဘတွေကလဲ မလာ"

ကျောင်းအုပ်ကြီးက ကော်ဖီကို တစ်ချက် အရသာခံသောက်ရင်း ဆက်ပြော၏။

"ကျွန်မပြောချင်တာက အိုဘားမားရယ် ရှေ့အပတ်မှာ ကျွန်မတို့မိဘအုပ်စုကို လာစကားပြောပေးပါလား။ သူတို့စိတ်ထဲမှာဘာရှိသလဲဆိုတာ သိအောင်ပေါ့"

ကျွန်တော်တို့ ကျောင်းခန်းများ လှည့်ကြည့်ကြ၏။ ငါးနှစ် ခြောက်နှစ်အရွယ်ကလေးများ စာသင်ခန်းထဲသို့ဝင်လာကြသည်။ အနည်းငယ်ကသာ ကျွန်တော်တို့ကို ပြုံးပြီး လက်ပြ၏။ ဆရာမက သူတို့ကိုတန်းစီပြီး အပေါ်ထပ်သို့ခေါ်

သွားသည်။ သူတို့ကလေးတွေကို ကြည့်ရသည်မှာ ကြည်နူးစရာကောင်းလှ၏။ သူတို့သည် လောကကြီးအကြောင်း သိပ်မသိကြသေး။ ထို့ကြောင့် ပွင့်သောက ကင်းနေကြသည်။

"ချစ်စရာကောင်းတယ်နော်"

ဒေါက်တာကောလီးယားက ပြောသည်။

"သိပ်ဟုတ်တာပေါ့ဗျာ"

"အပြောင်းအလဲတွေက နောက်ပိုင်းဖြစ်လာလိမ့်မယ်။ နောက်ထပ် ငါး နှစ်ဆိုရင်ပေါ့လေ"

"ဘာအပြောင်းအလဲလဲ"

"သူတို့ရဲ့မျက်လုံးတွေမှာ ရယ်မောတဲ့ အငွေ့အသက်တွေ ရပ်တန့်သွား တဲ့အချိန်ပေါ့။ သူတို့ရဲ့လည်ချောင်းတွေကတော့ အသံထွက်နိုင်ကြဆဲ ဖြစ်မယ်။ ဒါပေမယ့် သူတို့ရဲ့မျက်လုံးတွေကို ရှင် ကြည့်လိုက်ပါဦး။ အထဲမှာ တစ်ခုခုကို ပိတ်ဆို့ထားသလိုပဲ ရှင် မြင်နိုင်တယ်လေ"

ကျွန်တော်သည် မိဘများနှင့်သူတို့ကလေးများကို တစ်ပတ်လျှင် အချိန် အတော်ကြာပေးပြီး တွေ့ဆုံခဲ့၏။ သူတို့မိခင်များသည် ငယ်ငယ်လေးတွေ။ တချို့ က နှစ်ဆယ်ပတ်ဝန်းကျင်။ မြီးကောင်ပေါက်အရွယ်မိခင်များကမွေးလာပြီး သူတို့ လူလားမြောက်ခဲ့ကြသည်။ ယခု သူတို့ကိုယ်တိုင်ပင် မြီးကောင်ပေါက်မိခင်တွေ ဖြစ်နေကြပြီ။ ၁၄နှစ် ၁၅နှစ်သမီးလောက်တွင် သူတို့က ကိုယ်ဝန်အကြောင်းပြော နေကြပြီ။ ကျောင်းတစ်ပိုင်းတစ်စနှင့် ထွက်ကြ၊ လင်ယူသားမွေးလုပ်ကြ၊ ဘဝ ကြီးကို ရင်ဆိုင်ကြ။ သူတို့၏တစ်နေ့တာအလုပ်များတွင် စောင့်ဆိုင်းခြင်းတွေက ပို၍ နေရာယူထားသည်။ လူမှုရေးလုပ်ငန်းလုပ်သူများကို စောင့်ရသည်၊ လူမှုဝန် ထမ်းငွေထုတ်ဖို့ စောင့်ရသည်။ အနီးဆုံး စူပါမားကက်သို့သွားဖို့ ဘတ်စ်ကားကို စောင့်ရသည်။ ငါးမိုင်ဝေးသော စူပါမားကက်သို့သွားပြီး ဘာဝယ်ကြမည်ထင်ပါ သလဲ။ လျှော့စျေးနှင့်ရောင်းသော ကလေးအနှီးဝတ်တွေ ဝယ်ဖို့။

သူတို့နှင့်ကျွန်တော် ရင်းနှီးလာတော့ သူတို့ကပင် မေးခွန်းတွေပြန်မေး လာသည်။ ဘာဖြစ်လို့ ကျွန်တော် မိန်းမ မယူသေးတာလဲ။

"ယှူလောက်တဲ့ သင့်လျော်တဲ့ အမျိုးသမီး မတွေ့သေးလို့ပါ"



"မမေးပါနဲ့ဟယ် မစ္စတာအိုဘားမားကြီး ရှက်နေပြီ"

သူတို့ဘာသာသူတို့ပြော သူတို့ဘာသာသူတို့ ရယ်ကြ။

ကျွန်တော်တို့သည် နိုင်ငံတော်၏လူမှုဝန်ထမ်းပေါ်လစီကို ပြောင်းနိုင် စွမ်း မရှိသေးပါ။ အလုပ်တွေလဲ မပေးနိုင်သေးပါ။ ကျောင်းရုံပုံငွေလည်း မရှာနိုင် သေးပါ။ အခြေခံလုပ်ရပ်ကလေးအချို့သာ လုပ်နေရဆဲ။ အိမ်သာတွေ ပိုကောင်း အောင် လုပ်ပေးသည်။ အမှုပေးစက်တွေ ကောင်းမကောင်းစစ်ပေးသည်။ မြှောင်း ပေါက်တွေ ပြင်ပေးသည်။

ကျွန်တော် ဆယ်ဒီ ဆိုသောအမျိုးသမီးတစ်ဦးနှင့်တွေ့သည်။သူက ဒူး ခေါင်းထိရှည်သောဂါဝန်ကိုဝတ်တတ်၏။ သွားလေရာတွင် သားရေရုံးသမ္မာကျမ်း စာအုပ် သယ်လာတတ်၏။ သူက စတိုးဆိုင်စာရေးတစ်ဦးနှင့် အိမ်ထောင်ကျ သည်။ သူ့ခင်ပွန်းမှာ မကြာခင် ဘုန်းကြီးလုပ်ရန်အတွက် သင်တန်းတက်နေ၏။ သူတို့က ဘုရားကျောင်းအပြင်မှလူများနှင့် သိပ်ရောရောနှောနှောမရှိကြ။ ထို့ ကြောင့် သူ့ကို လူတောသူတောထဲဝင်ဆန့်ရန် ကျွန်တော်က သိမ်းသွင်းခဲ့ရ ၏။ လူထုအစည်းအဝေးပွဲတစ်ခုတွင် ကျွန်တော်က ဆယ်ဒီကို စကားပြောခိုင်း၏။

"မီးခံကျောက်ပြားတွေနဲ့ပတ်သက်လို့ ကန့်ကွက်တဲ့အစည်းအဝေးလား"

သတင်းထောက်တစ်ယောက်က မေး၏။ ကျွန်တော်က ဆယ်ဒီဘက် ကို ညွှန်ပြကာ "သူက စကားပြောမယ့်သူလေ"ဟု ပြောလိုက်၏။

ရုပ်မြင်သံကြားကင်မရာသမားများက ရိုက်ကူးရေးကိုပြင်ဆင်ကြသည်၊ သတင်းထောက်များက မှတ်စုစာအုပ်များ ထုတ်ကြသည်။

"ကျွန်မက ကင်မရာရှေ့မှာ စကားမပြောချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မ မသိဘူး။ ကျွန်မက ရုပ်မြင်သံကြားထဲမှာ တစ်ခါမှမပါဖူးဘူး"

"အဆင်ပြေသွားမှာပါ"

ဆယ်ဒီက ကတုန်ကယင်နှင့်ပင် သူမ၏ပထမဆုံးသတင်းစာရှင်းလင်းပွဲ ကို ရခဲ့၏။

■

# အခန်း တစ်ဆယ့်နှစ်

"ကမ္ဘာဆိုတာ နေရာတစ်ခုပဲ"

"ကမ္ဘာဆိုတာ နေရာတစ်ခု၊ ဟုတ်လား"

"ဟုတ်တယ်လေ ကျွန်တော်လဲ ဒါပဲပြောနေတာပဲ"

ဟိုက်ပတ်တွင် ညစာ စားပြီးနောက် ကျွန်တော်တို့ ကားဆီသို့ လမ်း လျှောက်လာကြသည်။ ဂျော်နီက တက်ကြွနေသည်။ အစားကောင်းကောင်းနှင့် ဝိုင်သောက်ပြီးနောက် သူ ဤသို့ဖြစ်တတ်သည်။ သူတို့ ပထမဆုံးတွေ့သည့်အခါ က သူသည် မြို့လည်က လူ့ကျင့်ဝတ်အုပ်စုတွင် လုပ်ကိုင်နေစဉ်ဖြစ်၏။ သူက ဂျပ်မီတာနှင့် အရှေ့အရပ်က ဘာသာရေးဆက်စပ်မှုကို လေ့လာနေ၏။ ထိုမှနေ၍ အိုးရှန်အရန်ဘာဇာပေါ်လစီကို ရောက်သွားသည်။

"ကျုပ် ခင်ဗျားကို ဥပမာတစ်ခုပေးမယ်။ တစ်နေ့က ကျွန်တော် အီလီ နွိုက်အဆောက်အဦက အစည်းအဝေးကို သွားနေတုန်းပေါ့။ အဲဒီမှာ ကျွန်တော် တွေ့ဖို့ချိန်းထားတဲ့လူက နောက်ကျနေတယ်။ ကျုပ် ၁၂ထပ်ကနေ အောက်ကို ငုံကြည့်နေတယ်။ ဗိသုကာပညာကို လေ့လာနေတယ်ပေါ့။ အဲဒီအချိန်မှာ ခွေးကိုယ် တစ်ခုက ကျုပ်ရှေ့က ဖြတ်ကျသွားတယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေတာလေ"

"ခင်ဗျား အဲဒါ ကျွန်တော့်ကိုမပြောပါလား"

"အဲဒီလူဟာ မြေပေါ်ကို ဘုတ်ကနဲ ကျသွားတာ။ အသံတောင် အတိုင်း သားကြားရရဲ့၊ ရုံးသူရုံးသားတွေလဲ ဝိုင်းအုံပြီးကြည့်ကြတယ်။ တစ်ခါကြည့်ပြီး တန်နဲ့မပြီးသေးဘူး။ အပေါ်ထပ်ကိုရောက်တော့ တစ်ခါထပ်ကြည့်ကြသေးတယ်။ မိုးလုံလေလုံအဆောင်းကြီးကို ဘာဖြစ်လို့နှစ်ခါပြန်ကြည့်နေကြသလဲ မသိဘူး"

"မကြာခင် ရဲတွေ ရောက်လာတယ်။ အလောင်းကို သယ်သွားတယ်။

သန့်ရှင်းရေးသမားတွေက တံမြက်စည်းတွေလှဲ၊ ရေတွေနဲ့ လောင်းကြ။ မကြာခင်မှာပဲ ဘာမှမကျန်တော့ဘူး။ လူတစ်ယောက်ရဲ့ဘဝကို လှဲကျင်းပစ်လိုက်ကြတာဗျာ။ ငါးမိနစ်အတွင်း အဲဒီနေရာက အရင်အတိုင်း ဖြစ်သွားတယ်။ စဉ်းစားကြည့်စမ်းဗျာ လူ့အသက်တစ်ချောင်း"

"ဘာဖြစ်လို့ ဒီလူက ခုန်ချတာလဲ"

"ဒါက တခြားကိစ္စလေ ဘားရက်ရဲ့၊ လူဖြူမလေးကွ။အသက်က ၁၆ နှစ် ၁၇နှစ်လောက်ပဲ ရှိဦးမယ်။ ဆံပင်က အပြာရောင်၊ နှာခေါင်းမှာ ကွင်းလေး တပ်လို့။ ဘာဖြစ်လို့ သူသတ်သေသွားသလဲ အကြောင်းတော့ရှိမယ်"

"ကမ္ဘာကြီးက နေရာတစ်ခုပဲလေ"

"ကျုပ်က အတည်ပေါက်ပြောနေတာဗျ"

ဂျော်နီ၏ကားနား ရောက်ကာနီးတွင် ထောင့်ချိုးတစ်ခုမှ လူငယ်တစ်ဦး ပေါ်လာကာ အားကုန်ပြေးလာသည်ကိုတွေ့ရ၏။ အသက်က ၁၅နှစ်ကျော်ကျော်လောက်ပဲ ရှိမည်။ စက္ကန့်အနည်းငယ်အကြာတွင် သူ့နောက်မှ ကောင်လေးနှစ်ဦး ပြေးလာသည်ကို တွေ့ရ၏။ ထိုနှစ်ယောက်ထဲမှ ခပ်ပုပုခပ်ဝဝတစ်ဦးက ပစ်စတို တစ်လက်ကို ဟိုယမ်းသည်ယမ်းလုပ်နေ၏။သူက မကြာခင် သေနတ်နှင့် ပထမ ကောင်လေးကို ချိန်ရွယ်ကာ သုံးချက် ပစ်လိုက်၏။ ဘာမှ မထိတော့မှ အပြေးကို ရပ်လိုက်၏။ သေနတ်ကို သူ့ရှပ်အင်္ကျီအောက်ပြန်ထည့်၏။ သူ့အပေါင်းအသင်းက သူ့ဆီအရောက်လာ၏။ ခပ်ပိန်ပိန် နားရွက်ကြီးကြီး။

"မအေ… နမ… တွေ"

ခပ်ပိန်ပိန်ကောင်လေးက ဆဲလိုက်သည်။ ထို့နောက် ကျေနပ်သွားသဖြင့် တံတွေးတစ်ချက်ထွေးလိုက်၏။ သူတို့နှစ်ယောက် တစ်ဦးနှင့် တစ်ဦး ရယ်လိုက်ကြကာ ဆက်လျှောက်သွားကြ၏။

*

နောက်တစ်ဆောင်း ရောက်ခဲ့ပြီ။ မီးခိုးကျောက်ပြားလွှာပ်ရှားမှုမှ မကျေနပ်ချက်များလည်း ပြေသွားပြီ။ တခြားလှုပ်ရှားမှုတွေ ဆက်လုပ်၏။ တခြားလူတွေနှင့်ဆက်တွေ့၏။ ဂျော်နီရှိ၍ ကျွန်တော် အလုပ်တာဝန်ပိခြင်းမှ သက်သာရ၏။



ကျွန်တော် အားကစားရုံတွင် ဂျော်နီတို့ ကီးလ်နှင့်အတူ သွားကစား၏။ များသောအားဖြင့် ဘတ်စကက်ဘောကစား၏။ ကစားရင်းနှင့် ကီးလ်နှင့် အား ကစားသမားတစ်ယောက် ရန်ဖြစ်ကြသည်။ သူ့လူသူ့ချွဲ ကိုယ့်လူကိုယ်ချွဲ။

လုံခြုံရေးတွေ ရောက်လာ၍ တော်တော့၏။ ကားနှင့်ပြန်အလာ ကီးလ် ကို ဒေါသထိန်းဖို့ ပြော၏။

"ကျွန်တော့်အမေကို ပြန်မပြောပါနဲ့"ဟု သူက တောင်းပန်၏။

ကီးလ်က လူတော်ကလေး။ သူက သူ့ဘာသာသူ ထိန်းတတ်ပါသည်။ ဒီထက်ကော သူ့ကို ဘာက ကယ်တင်နိုင်ပါဦးမည်လဲ။

*

ဘုရားကျောင်းမှ အသက်အရွယ်ကြီးသော ဘုရားကျောင်းအဖွဲ့ဝင်များက သူတို့သားသမီးများကို သူတို့ ကောင်းစွာ မွေးမြူစောင့်ရှောက်ကြကြောင်း ပြော၏။ အင်္ဂလိပ်တို့ မေရီတို့ကဲ့သို့ လူငယ်မိဘများက သူတို့ကလေးများကို ကက်သလစ်ကျောင်းသို့ ပို့ကြ၏။ ကလေးများက သိပ်မဆိုးလှသော်လည်း မိဘ တွေက ဆိုးကြကြောင်းတွေ့ရ၏။

ကျွန်တော်တို့ ကျောင်းများကိုလှည့်လည်ရေးလုပ်ကြ၏။ ပထမဆုံးကျောင်း မှာ ကီးလ်၏အထက်တန်းကျောင်း ဖြစ်သည်။ ဂုဏ်သတင်းကောင်းဖြင့် ကျော် ကြားသောကျောင်းဖြစ်သည်။ အဆောက်အဦမှာ တစ်ခုတည်း။ သို့သော် ဂရုစိုက် ထိန်းသိမ်းမှုမရှိ၍ပျက်စီးနေ၏။ ပြတင်းပေါက်များဆိုလျှင် ဖွင့်၍မရ။ ကျောင်းအုပ် ဆရာကြီးမှာ ဒေါက်တာလိုနီကင်း ဖြစ်၏။ သူက ကျွန်တော်တို့ကဲ့သို့ လူမှုဝန် ထမ်းလုပ်ငန်းများကို ဝါသနာပါသူဖြစ်၏။ ကျောင်းအကြံပေးပုဂ္ဂိုလ်များထဲမှတစ် ဦးဖြစ်သူ မစ္စတာအဆန်တီမိုရန့်ဆိုလျှင် ကျောင်းမှလူငယ်များအား လမ်းညွှန်ညီး ပြသင်တန်းများ ပေးနေကြောင်း သိရ၏။

ကျောင်းအဆောက်အဦ၏ နောက်ဘက်က စုံခန်းငယ်လေးဆီသို့ သွား ကြ၏။ အာဖရိကအငွေ့အသက်များဖြင့် ပြင်ဆင်ထားသည်ကို တွေ့ရ၏။ အာ ဖရိကတိုက်၏မြေပုံ၊ ရှေးခေတ်အာဖရိကဘုရင်နှင့်မိဖုရားများ၏ ပိုစတာရုပ်ပုံများ၊ အာဖရိကရုပ်ပုံများ။ ထိုအခန်းတွင် "အဆန်တီ"ဆိုသူနှင့် တွေ့၏။

သူက ကျွန်တော်နှင့်ဂျော်နီကို တစ်လှည့်စီကြည့်ပြီး ပြောသည်။



"ခင်ဗျားတို့ ပထမဆုံး သိထားဖို့က ပြည်သူ့ကျောင်းစနစ်ဟာ လူမည်း ကလေးတွေကို စာသင်ပေးဖို့မဟုတ်ဘူး။ဘယ်တုန်းကမှ ဒါမျိုးမလုပ်ခဲ့ဘူး။ မြို့ အတွင်းပိုင်းကျောင်းတွေကတော့ လူမှုရေးထိန်းချုပ်ဖို့အတွက်ပဲ။ သူတို့ဟာ တကယ် တော့ ကလေးင်ကိုင်နိုင်းထားတဲ့ ထောင်အသေးစားလေးတွေပဲ။ လူမည်းလူငယ် လေးတွေက ရန်းထွက်ပြီး လူဖြူတွေကိုဝေဖန်ကြတယ်။ ဒီကလေးတွေရဲ့ ပညာ ရေးအစစ်က ဘာလဲ။ ကလေးတစ်ယောက်ကို သူ့အကြောင်းသူသိဖို့ စသင်ပေးရ မယ်။ သူ့ကမ္ဘာ သူ့ယဉ်ကျေးမှု သိအောင်သင်ပေးရမယ်။ ဒါက ပညာရေးလုပ် ငန်းစဉ်ရဲ့ကနဦးအစပဲ။ အဲဒီကနေ ကလေးဟာ သင်ယူလိုမှု ဇော်မွတ်တောင့်တ လာမယ်။ သူ့ပတ်ဝန်းကျင်မှာ သူဘယ်လိုရပ်တည်ရမလဲဆိုတာသိလာမယ်။ ဒါ ပေမယ့် လူမည်းကလေးတွေအတွက်တော့ အရာရာဟာ ပြောင်းပြန်တွေပဲ။ပထမ ဆုံးနေ့မှာ သူ ဘာသင်ခဲ့ရသလဲ။ တခြားလူတစ်ဦးရဲ့သမိုင်း၊ တခြားလူတစ်ဦးရဲ့ ယဉ်ကျေးမှု။ သူ့ယဉ်ကျေးမှု သူသင်ခွင့်မရခဲ့ဘူး"

"ဒါဆို ကျွန်တော်တို့ ဒီမှာဘာလုပ်ကြမလဲ။ ကျွန်တော်ကတော့ ကွက် လပ်ကို ကြိုးစား ဖြည့်နေတာပဲ။ ကျွန်တော်က ကျောင်းသားတွေကို အာဖရိက သမိုင်း၊ ပထဝီ၊ အနုပညာအစဉ်အလာတွေ ဖော်ထုတ်ပေးတယ်။ အာဖရိကလူမျိုး တွေဟာ ဘုံအဖွဲ့နဲ့နေတဲ့ လူမျိုးတွေဆိုတာ သင်ပေးတယ်။ အာဖရိကလူမျိုးတွေ ဟာ သူတို့ရဲ့လူကြီးတွေကိုရိုသေတယ်ဆိုတာ သင်ပေးတယ်။ ကျွန်တော့်ရဲ့ဥရောပ လူမျိုးလုပ်ဖော်ကိုင်ဖက်တချို့က ဒါကို သဘောမကျကြဘူး။ ဒါက တခြားယဉ် ကျေးမှုတွေကိုဖော်ကားနေတာ မဟုတ်ဘူးလို့ ကျွန်တော်ကပြောလိုက်တယ်။ ဒီ လူငယ်တွေကို သူတို့အတွက် အခြေခံတွေ ပေးနေတာပါ။ ကိုယ့်အစဉ်အလာကို ကိုယ်မသိရင် သူတို့ တခြားသူတွေရဲ့ယဉ်ကျေးမှုတွေကို နားလည် အသိအမှတ် ပြုဖို့ မလွယ်ဘူး"

အဆန်တီက ကျွန်တော့်နာမည်ကို မေး၍ ကျွန်တော့်အကြောင်း ပြော လိုက်၏။

"ကျုပ်လဲ ထင်တော့ထင်သားပဲ။ လွန်ခဲ့တဲ့ ၁၅နှစ်က ကျုပ် ကင်ညာကို ရောက်ဖူးတယ်။ ဒါပေမယ့် မနေ့တစ်နေ့လိုပဲထင်မိတယ်။ ကျုပ်ဘဝကို ထာဝရ ပြောင်းပစ်လိုက်တာပဲ။ အဲဒီကပြည်သူတွေက သိပ်ကိုဖော်ရွေကြတယ်။ ပတ်ဝန်း



ကျင်သဘာဝကလဲ သိပ်လှတာပဲ။ ကျုပ်တိုင်းပြည် ကျုပ်ပြန်လာရသလို ခံစားမိ တယ်။ ခင်ဗျားကော ဘယ်တုန်းက နောက်ဆုံးအကြိမ်ပြန်ရောက်သေးသလဲ"

ကျွန်တော်က တုန့်ဆိုင်းဆိုင်းနှင့်ပြန်ပြောသည်။

"တကယ်တော့ ကျွန်တော် တစ်ခါမှမရောက်ဖူးသေးပါဘူး"

အာဆန်တီက ဦးနှောက်ခြောက်သွားဟန် တူ၏။

"ခင်ဗျား သွားဖြစ်အောင် သွားပါဗျာ။ ခင်ဗျားရဲ့ဘဝကို ပြောင်းပစ်နိုင် ပါလိမ့်မယ်"

အပြန်ခရီးတွင် ဂျော်နီနှင့် ကျွန်တော် ငြိမ်ပြီးလာခဲ့ကြ၏။ တစ်ချိန်တွင် ဂျော်နီက မေး၏။

"တစ်ခုခုမေးမယ်နော် ဘားရက်"

"မေးပါ"

"ခင်ဗျား ဘာဖြစ်လို့ ကင်ညာကို တစ်ခါမှမသွားသေးတာလဲ"

"မသိဘူးလေ။ တစ်ခုခုတွေ့မှာ ကြောက်နေသလိုဖြစ်လို့ နေမှာပေါ့"

"ဟား ရယ်စရာတော့ အကောင်းသား။ အာဆန်တီပြောတာ နားထောင် ရင်း ကျွန်တော့်အဘိုးကြီးကို ပြန်သတိရမိတယ်။ ကျွန်တော့်အဘိုးကြီးက ပညာ တတ်ပဲမဟုတ်ဘူး။ ဘာမှ မဟုတ်ပါဘူး။ သူ အာဖရိကအကြောင်းလဲ တစ်ခုမှ မသိဘူး။ အမေသေတော့ သူတစ်ယောက်တည်း သားသမီးတွေကို ရှာဖွေကျွေး မွေးခဲ့တယ်။ နှစ်နှစ်ဆယ်လောက် သူ ထရပ်ကား မောင်းပြီး ရှာကျွေးခဲ့တယ်။ သူ ပင်စင်ယူချိန်မတိုင်မီ အလုပ်က အထုတ်ခံရတော့ တခြားကုမ္ပဏီမှာ သွားလုပ် တယ်။ နေ့တိုင်း သူလုပ်ရတဲ့ အလုပ်က သူတစ်ပါးရဲ့ပန်းကန်ဘောလ်တွေကို သယ်ပေး ရတဲ့အလုပ်ပဲ"

"သူ့ဘဝ သူ ပျော်နေတာပဲ။ စနေ တနင်္ဂနွေဆို သူက စည်းမျဉ်းနေပြီ။ ကျွန်တော့်ဦးလေးတွေ လာကြရင် သောက်ကြ စားကြ သီချင်း နားထောင်ကြ။ သူ့ရွေးတွေက သူတို့ကို တစ်ပတ်လုံး ဘယ်လိုနှိပ်စက်ကြပုံတွေကို ညည်းကြတယ်။ ဒါပေမယ့် အလုပ်ပြောင်းလုပ်ဖို့တော့ ဘယ်တော့မှမပြောကြဘူး။ သူတို့ ရယ်တဲ့ အခါ ရယ်ကြတယ်။ ဒါပေမယ့် သူတို့ရင်ထဲက ရယ်နေကြတာမဟုတ်ဘူးဆိုတာ ကျွန်တော် သိတယ်"

"ကျွန်တော် အထက်တန်းကျောင်းရောက်တော့ အမေ့အစား ကျွန်တော် ရှက်မိတယ်။ အမေဟာ ခွေးတစ်ကောင်လို ရုန်းရ၊ သူညီအစ်ကိုတွေနဲ့ အရက် သောက်၊ ဒီသံသရာက မလွတ်တော့တာကို စိတ်ကုန်မိတယ်။ ကျွန်တော် ကောလိပ် တက်ချင်တယ် ပြောလိုက်တော့ သူ မရယ်နိုင်တော့ဘူး။ ကျွန်တော် ကောလိပ် တက်တော့ အစ်ကိုတွေ ကျောင်းထွက်ကြရတယ်။ ကျွန်တော်တို့ရတဲ့ငွေမှာ အမေ က လည်စည်းတွေ အပေါ်အင်္ကျီတွေဘာတွေ ဝတ်လို့။ ဒါပေမယ့် သူက ကျွန်တော့် ကို လက်ပဲ ဆွဲပြီးနှုတ်ဆက်တယ်၊ ဒါပဲ။ ပြီးတော့ သူအလုပ်သွားတယ်"

ကျော်နီပြောတာတွေကို ကျွန်တော် နားထောင်နေမိသည်။

နောက်နှစ်လ အကြာတွင် အာဆန်းတီနှင့် ဒေါက်တာကောလီးယားတို့ သည် လူငယ်အကြံပေးလုပ်ငန်းလုပ်ရန် အကူအညီပေး၏။ ကျွန်တော်က စိတ် တခြားလူတခြား ဖြစ်နေ၏။ ကျွန်တော်က ကျော်နီကို ခရီးတစ်ခုထွက်မည်ဟုပြော ၏။

"ဘယ်တိုလဲ"

"ကျွန်တော့်ညီနဲ့ သွားတွေ့မလို့"

"ခင်ဗျားမှာ ညီရှိတယ်လို့ မကြားဖူးပါဘူး"

"အရင်တုန်းကတော့ မရှိခဲ့ဘူးပေါ့"

နောက်နေ့နံနက်တွင် ကျွန်တော် ဝါရှင်တန်ဒီစီသို့သွား၏။မှိုင်းက ထို မြို့တွင် နေ၏။ မှိုင်းသည် အမေရိကန်ငြိမ်းချမ်းရေးတပ်မှ မိန်းကလေးတစ်ဦးနှင့် လက်ထပ်ပြီး အမေရိကရောက်နေခြင်း ဖြစ်၏။ သူ့အလုပ် သူ့ဇနီး အမေရိကန် သူ့ဘဝ၊ အားလုံးအဆင်ပြေသည်ဟု ဖုန်းထဲတွင် သူက ပြော၏။

ထိုအကြောင်း ဩမာကို ပြန်ပြောပြသည်။

"သူက ဘယ်တော့မှ တကယ့်ခံစားမှုကို မပြောတတ်ဘူး။ အဘိုးကြီးနဲ့ သူနဲ့က ဒီအချက်မှာတူတယ်။ သူတို့နှစ်ယောက်က ကြည့်မရကြပေမယ့် သူနဲ့ သူ့အဖေနဲ့ တူတာတွေများတယ်။ ဒေးဗစ်အသုဘပြီးကတည်းက သူနဲ့ မတွေ့တာ ကြာပြီ။ အိမ်ထောင်ကျတော့လဲ သူအဆင်ပြေသွားတာ ဖြစ်မယ်"

ယခု သူနှင့် ကျွန်တော် တွေ့ရတော့မည်။ ဖုန်းဆက်သောအခါ သူက အိမ်မလာပါနှင့်ဟု ပြောသည်။



"ဘာဖြစ်လို့လဲကွ"

"ကျွန်တော့်အမျိုးသမီးနဲ့ကျွန်တော် နည်းနည်းစကားများထားကြတယ်။ ဒီအချိန်မှာ အစ်ကို အိမ်လာတော့ ဘယ်ကောင်းမလဲ"

"ရပါတယ်ကွာ"

"ဟိုတယ်ရရင် ကျွန်တော့်ဆီ ဖုန်းဆက်။ ဒီညတွေ့ကြမယ်။ ညစာတူတူ စားကြမယ်။ ရှစ်နာရီ လာခေါ်မယ်နော်"

ရှေးပေါ်သောဟိုတယ်တွင် ကျွန်တော် တည်း၏။ ကိုးနာရီတွင် တံခါး ခေါက်သံ ကြားရ၏။ တံခါးဖွင့်လိုက်တော့ ဧရာမလူထွားထွားကြီးကို တွေ့လိုက် ရ၏။

"အစ်ကိုရေ အခြေအနေကောင်းရဲ့လား"

တတ်ပုံထဲမှာ သူက ခပ်သေးသေး။ ခုတော့ ပေါင်နှစ်ရာနီးပါး လူ ထွားကြီးပါလား။ရှပ်အင်္ကျီအဖြူ၊ လည်စည်း၊ မီးခိုးရောင်ကုတ်အင်္ကျီနှင့်။ ဩမာ ပြောသလို အဘိုးကြီးနှင့် ပိုတူနေသည်။ သူ့ကိုကြည့်ရင်း ကျွန်တော်ပင် ဆယ်နှစ် လောက် ပိုငယ်သွားသလို ထင်ရ၏။

"မင်း သိပ်ဝလာပါလားကွ"

မှိုင်းက သူ၏ဗိုက်ရွဲရွဲကြီးကိုကြည့်ရင်း

"ဒီမှာက မက်ဒေါ်နယ်တို့၊ဘာဂါကင်းတို့က နေရာတကာရှိတော့ စား ကောင်းကောင်းစားရင်း ဝလာတာပါပဲ"ဟု ပြော၏။

သူ၏ကိုယ်ပိုတာကားလေးမှာ သူ့ခန္ဓာကိုယ်နှင့် မဆန့်သလောက်ဖြစ်နေ ၏။ သူက ကလေးကစားကွင်းထဲမှတိုက်ကားမောင်းနေသလိုပုံမျိုး ပေါက်နေ၏။ ကားမောင်းကလည်း ကြမ်းလှ၏။ နှစ်ကြိမ်တိုင်တိုင် ကားတိုက်မလို ဖြစ်သွား၏။

"မင်း ဒီလိုပဲ ကားမောင်းရမ်းသလားကွ"

"ကျွန်တော်က သိပ်မကျွမ်းဘူး အစ်ကိုရ။ ကျွန်တော့်ဇနီး မေရီကဆို ခုဆို မကျေနပ်ဖြစ်တတ်တယ်။ မတော်တဆတိုက်မှုဖြစ်ပြီးကတည်းက"

"ဘာ ကားတိုက်မှုလဲ"

"ဘာမှ မဟုတ်ပါဘူး။ အစ်ကို မြင်တဲ့အတိုင်း ကျွန်တော် အသက်ရှင် ရှင်ရုံပဲ"



မက်ဆီကန်စားသောက်ဆိုင်တစ်ခုရှေ့တွင် ရပ်လိုက်ကြ၏။ သူက အရက် မှာသောက်ရင်း အမေရိကရောက် သူ၏စွန့်စားခန်းများကို ဟာသနှော၍ပြောနေ ၏။ နောက်မှ သူ့ဇနီးအကြောင်းပြော၏။

"ကျွန်တော်တို့ ပြတ်ခဲလုပြတ်ခဲခင်အခြေအနေပဲ။ သူက ကျွန်တော်အရက် သိပ်သောက်တာ မကြိုက်ဘူး။ အိမ်ပြန်နောက်ကျတာ မကြိုက်ဘူး။ ကျွန်တော်က အဘိုးကြီးနဲ့ပိုတူလာပြီလို့ ပြောတယ်"

"မင်းကရော ဘယ်လိုထင်သလဲ"

"အမှန်က ကျွန်တော် ကျွန်တော့်ကိုယ်ကျွန်တော် ကြိုက်တယ်လို့မထင် ဘူး။ အဘိုးကြီးကိုလဲ ဒီအတိုင်း အပြစ်တင်မိခဲ့တာပဲ"

သူ့အမေ အိမ်မှထွက်သွားခဲ့ပုံ၊ ဆွေမျိုးများအိမ် တစ်လှည့်စီသွားနေရပုံ၊ နောက်ပိုင်းတွင် နိုင်ဂျီးရီးယားသို့လယ်ဝင်ခွင့်ရပုံ၊ ဘွဲ့ရပြီးနောက် စာရင်းကိုင်လုပ်ပုံ၊ သူလုပ်ကြိုးစားခဲ့ပုံများ။

"အမေ့အကြောင်းကို သူ ကွယ်လွန်သွားတဲ့အခါ စဉ်းစားကြည့်တယ်။ ကျွန်တော်က အကြီးဆုံးသားအနေနဲ့ သူ့ရဲ့ရုပ်အလောင်းကို အလီဂိုကို သယ်သွား ရတယ်။ ကျွန်တော်ပဲ အစအဆုံး တာဝန်ရှိသူကိုး။ အစိုးရကတော့ ခရစ်ယာန် လို သင်္ဂြိုဟ်စေချင်တယ်။ မိသားစုကတော့ မွတ်စလင်ထုံးတမ်းစဉ်လာနဲ့ အသုဘ ချချင်ကြတယ်။ လူတွေတော်တော်များများ လာကြတယ်။ လျှို့လူမျိုးတွေရဲ့ထုံး တမ်းစလေ့နဲ့လဲ သူ့အတွက် ဝမ်းနည်းကြေကွဲမှုအခမ်းအနားလုပ်ရတယ်။ အဲဒါ က ဘာလဲဆိုတော့ သစ်တုံးတစ်တုံးကို သုံးရက်မီးရှို့ထားပြီး လူတွေ ငိုကြတာတွေ ကြတာကိုနားထောင်ရတာပဲ။ လာကြတဲ့လူတွေထဲက တစ်ဝက်လောက်ကို ကျွန် တော် မသိဘူး။ သူတို့ အစားစားချင်တယ်၊ အရက်သောက်ချင်ကြတယ်။ အဘိုး ကြီးရဲ့အမွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ဆွေမျိုးတွေ အငြင်းပွားကြရသေးတယ်။ အဘိုးကြီးရဲ့နောက်ဆုံးအမျိုးသမီး ကျွန်တော်တို့ညီလေး ဂျော့ရဲ့အမေကလဲ အရာ ရာကို လိုချင်နေတယ်။ အဒေါ်ဆာရာလိုလူတွေကလဲ သူ့ဘက်က လိုက်တယ်။ တခြားသူတွေကတော့ ကျွန်တော်တို့အမေဘက်က လိုက်ကြတယ်။ ကျွန်တော် အစ်ကို့ကိုပြောပါရစေ ဒါတွေဟာ ရှုံကြ မိုက်ကြတာပဲ။ အကုန်လုံး မှားနေပုံရ တယ်"



"အသုဘလဲပြီးရော ကျွန်တော်လဲ ဘယ်သူနဲ့မှမနေချင်တော့ဘူး။ ကျွန် တော်ယုံတဲ့သူဆိုလို့ ကျွန်တော့်ညီလေးဒေးဗစ်တစ်ယောက်ပဲရှိတယ်။ သူက အစ် ကိုနဲ့နည်းနည်းတူတယ်။ ငယ်တာပဲ ကွာတယ်။ ၁၅နှစ် ၁၆နှစ်ပေါ့။ သူ့အမေ ရုသ်က သူ့ကို အမေရိကန်လူမျိုးလိုပြုစုပျိုးထောင်ပေးတယ်။ ဒါပေမယ့် ဒေးဗစ် ကလဲ လက်မခံဘူး။ သူက လူတိုင်းကိုချစ်တယ်လေ သိတယ်မဟုတ်လား။ သူ က အိမ်ကထွက်ပြေးလာပြီး ကျွန်တော်နဲ့လာနေတယ်။ ကျွန်တော်က သူ့ကိုပြန် ခိုင်းတယ်။ မရဘူး။ သူက အမေရိကန် မဖြစ်ချင်ဘူးတဲ့။ သူက အာဖရိကလူမျိုး၊ သူက အိုဘားမား"

"ဒေးဗစ်သေတော့ ကျွန်တော့်ကို တစ်မိသားစုလုံးက ပိုင်းအပြစ်တင်ကြ တာပေါ့။ ကျွန်တော်လဲ အရက်စ,သောက်တတ်လာတယ်။ ရန်ဖြစ်တတ်လာတယ်။ ဘယ်သူ့ကိုမှဂရုမစိုက်ချင်ဘူး။ အဘိုးကြီးလဲသေပြီ။ ဒေးဗစ်လဲသေပြီ။ ကျွန်တော် လဲ သေရမှာပဲ။ ကျွန်တော် ကင်ညာမှာသာဆက်နေရင် ဘာဖြစ်မလဲဆိုတာ စဉ်း စားကြည့်မိတယ်။ နန်စီ ရှိသေးတယ်လေ။ သူက အမေရိကန်မလေး။ တစ်နေ့ကျ တော့ သူ အမေရိက ပြန်တယ်။ ကျွန်တော်က သူ့ဆီလာချင်တယ်လို့ ဖုန်းဆက် လိုက်တယ်။ သူက ခေါ်ငင်ညှိတ်လိုက်တယ်။ ချက်ချင်း လေယာဉ်လက်မှတ်ဝယ်ပြီး ထွက်ခဲ့တာပဲ။ ကျွန်တော် ဘာပစ္စည်းမှ ယူမလာဘူး။ ရုံးကိုလဲ ဘာမှ မပြောခဲ့ဘူး။ ဘယ်သူ့ကိုမှလဲ နှုတ်မဆက်ခဲ့ဘူး"

"ကျွန်တော် ဘဝကို အစပြန်စမယ်လို့ထင်မိတယ်။ ဒါပေမယ့် အစအဆ မရှိပါဘူး။ ခင်ဗျားက ခင်ဗျားကိုယ်ခင်ဗျား ထိန်းချုပ်နိုင်မယ်လို့ ထင်တယ်။ ဒါပေမယ့် ခင်ဗျားဟာလဲပဲ တခြားလူရဲ့ကွန်ယက်ထဲက ယင်ကောင်တစ်ကောင် ပဲ။ တစ်ခါတလေ ကျွန်တော် ဘာကြောင့် စာရင်းကိုင်ပညာကိုကြိုက်သလဲဆို တာ စဉ်းစားမိတယ်။ တစ်နေ့လုံး ဂဏန်းတွေနဲ့ပဲ အလုပ်ရှုပ်နေတာ။ ပေါင်းလိုက် မြှောက်လိုက်နဲ့။ သေသေချာချာဂရုစိုက်ကြည့်တော့ အဖြေတစ်ခုရတယ်။ တစ် စီးတစ်နေရာ ဖြစ်စဉ်ရှိတယ်လေ။ စီကာစဉ်ကာဖြစ်ပျက်တာရှိတယ်။ ဂဏန်းတွေနဲ့ ခင်ဗျားဟာ ထိန်းချုပ်လာနိုင်တယ်"

မှိုင်းက ဘီယာကို တစ်ကျိုက်ကျိုက်လိုက်၏။ ရုတ်တရက် သူ စကား မပြောနေသွား၏။

"ကျွန်တော်က အကြီးဆုံးသားလေ။ လျှိုမိသားစုရဲ့ အစဉ်အလာအရ ကျွန်တော်က အိမ်ထောင်ဦးစီးဖြစ်သွားပြီ။ ကျွန်တော်က ခင်ဗျားကိုရော ဩမာကိုပါ တာဝန်ရှိသူပဲ။ ကျွန်တော့် ညီလေး ညီမလေးတွေအတွက်လဲ တာဝန်ယူရမယ်။ ကလေးတွေကျောင်းလခတွေကအစ ကျွန်တော်ပေးရမယ်။ ဩမာ လင်ကောင်းသားကောင်းရဖို့ကို ကြည့်ရမယ်။ အိမ်တစ်လုံးဆောက်ပြီး မိသားစုတွေကိုစုစုစည်းစည်းနေနိုင်အောင် လုပ်ရမယ်"

ကျွန်တော်က သူ့လက်ကို ဆွဲကိုင်လိုက်ကာ ပြောမိ၏။

"မင်းတစ်ယောက်တည်း ဒါကိုလုပ်စရာမလိုပါဘူးကွာ။ ငါတို့ ဝန်ထုပ်ဝန်ပိုးကို မျှထမ်းရမှာပေါ့"

သို့သော် သူက ကျွန်တော့်စကားကို ကြားဟန် မတူ။ ပြတင်းပေါက်ဘက်ကို ငေးကြည့်နေကာ စားပွဲထိုးမလေးကို လှမ်းခေါ်လိုက်သည်။

"ထပ်သောက်ချင်သေးလို့လား"

"ပြန်ကြမယ်လေ"

ရှိုင်းက ကျွန်တော့်ကိုကြည့်ပြီး ပြုံးလိုက်၏။

"ခင်ဗျားကို ကျွန်တော် ပူစရာပင်စရာတွေ အများကြီး ပြောလိုက်မိပြီဘာရက်။ ဒါက ကျွန်တော့်ပြဿနာတွေပါ။ မျှောလိုက်စရာရှိတာ လိုက်သွားဖို့လိုတယ်လို့ ထင်တယ်။ အမေရိကမှာ ခင်ဗျားလဲ ဒီလိုပဲမဟုတ်လား"

ရှိုင်းက ထပ်ရယ်ပြန်သည်။ ရယ်တာမှ တော်တော် အသံကျယ်သဖြင့် ဟိုဘက်စားပွဲမှလူများကပင် လှည့်ကြည့်ကြ၏။

ကျွန်တော်တို့သည် ကြီးမားကျယ်ပြန့် ဝေးလံသီခေါင်လှသော ဘာမှမရှိသည့်လွင်ပြင်ကြီးတစ်ခုကို ဖြတ်သန်းသွားနေရသလို ခံစားမိ၏။

*

ကျွန်တော် နောက်နေ့ ပြန်ခဲ့၏။ ရှိုင်းက သူ့ဇနီးနှင့်အတူ တစ်ညဆိုစေချင်သည်။ သို့သော် ကျွန်တော်ကလဲ ဟိုတယ်တည်းခိုစရာ ပိုက်ဆံမရှိတော့။ ကျွန်တော်တို့ မနက်စာ အတူတူစားကြ၏။ နံနက်ခင်းမို့ သူလည်း စိတ်ကြည်နေဟန်တူ၏။ လေဆိပ်တွင် လက်ဆွဲနှုတ်ဆက်ပြီးခွဲခွာလိုက်ကြ၏။ အခြေအနေကောင်းလျှင် သူ ကျွန်တော့်ထံ လာမည်ဟု ကတိပေးသည်။



တနင်္ဂနွေနေ့ နေလည်ပိုင်းတွင် ကျော်နီ ကျွန်တော့်ရုံးခန်းကိုလာစဉ်အထိ ကျွန်တော့်စိတ်ထဲတွင် ရှိုင်းကို သတိရနေဆဲ။

"စောစောစီးစီး ပြန်ရောက်လာပါလား။ ခရီးအခြေအနေကရော ဘယ်လိုလဲ"

"ကောင်းပါတယ်၊ ညီကိုတွေ့ရတာကောင်းတာပေါ့။ ကျွန်တော် မရှိတုန်း ဘာတွေဖြစ်သေးလဲ"

"ကျွန်တော်တို့ပြည်နယ်က အထက်လွှတ်တော်အမတ်နဲ့ တွေ့ခဲ့တယ်။ သူက စမ်းသပ်အစီအစဉ်အတွက် ရံပုံငွေရအောင် လုပ်ပေးမယ်လို့ ပြောတာပဲ။ ဆါလာသန်းဝက်တော့ ရမှာမဟုတ်ဘူး။ ဒါပေမယ့် လုံလုံလောက်လောက်တော့ ရမှာပါ"

"တော်တယ်ဗျို့ အထက်တန်းကျောင်းက ကျောင်းအုပ်ကြီးတွေနဲ့ကော ဘယ်လိုလဲ"

"အာဆန်တီကျောင်းက ကျောင်းအုပ်ကြီး ဒေါက်တာကင်းနဲ့တော့ တွေ့ပြီ။ ကျန်တဲ့လူတွေတော့ ကျွန်တော် ဖုန်းဆက်တာ ဘာမှ မပြန်ကြားကြသေးဘူး"

"ဟုတ်ပြီ ဒေါက်တာကင်းကရော ဘာပြောသေးလဲ"

"သူက ကျွန်တော်တို့တင်ပြချက်ကို သဘောကျပါတယ်။ ကျွန်တော်တို့ ရုံးငွေရမယ် ကြားတော့ သူအံ့ဩသွားတယ်။ တခြားကျောင်းအုပ်ကြီးတွေကိုပါ တွေ့ပြီး ပူးပေါင်းကြဖို့ သူစည်းရုံးမယ်တဲ့"

"ကြားရတာတွေက မင်္ဂလာရှိစရာတွေပဲ"

*

ညသန်းခေါင်လောက်တွင် ကျွန်တော့်အခန်းရှေ့၌ ကားတစ်စီး ရပ်၏။ ကားပေါ်တွင် စတီရီယိုသီချင်းတွေဖွင့်ထားသော လူငယ်တစ်စုပါလာ၏။ အသံက ဆူညံလွန်းသဖြင့် အခန်းတစ်ခုလုံးပင် တုန်ခါမတတ်ဖြစ်နေ၏။ သူတို့ ဘယ်မှ မသွားကြမလို့လဲ။ ကျွန်တော် အောက်ဆင်းကာ သူတို့ကားနား သွားကြ၏။

"လူတွေ ဒီမှာ အိပ်ကြတော့မလို့ တခြားနေရာသွားကြပါလားကွာ"

ကားထဲမှ ... ဘာမှပြန်မပြော၊ လှုပ်ပင်



မလှုပ်။ သူတို့မျက်နှာတွေကို မှောင်နေ၍မမြင်ရ။ အရက်မူးနေသလား၊ မမူးဘဲနေကြသလားမသိ။ ဘယ်အရွယ်တွေလဲ မသိ။ တစ်ယောက်က ကီးလ်၊ တစ်ယောက်က ရှိုင်း၊ တစ်ယောက်က ကျော်နီဖြစ်နိုင်၏။

တစ်ယောက်ကတော့ ယခုမတ်တပ်ရပ်နေသူ ကျွန်တော်ပင် ဖြစ်နိုင်၏။ ဤကဲ့သို့ ကားတစ်စင်းဖြင့် လျှောက်လည်ခဲ့ဖူးသော နေ့များကို အမှတ်ရမိ၏။ ဘဝကို မကျေနပ်၍ လောကကြီးကိုခံပြင်း၍ ဤကဲ့သို့ ထွက်ပေါက်ရှာဖူးသော ကာလတွေ ရှိခဲ့ဖူးသည်။ သူတို့လည်း ကျွန်တော့်နည်းနှင်နှင် ရှိမှာပေါ့။ ငယ်သူတွေမဟုတ်လား။

မကြာခင် ကားစက်နှိုးသံ ကြားလိုက်ရ၏။ ကားက အရှိန်နှင့် မောင်းထွက်သွားသည်။ ကျွန်တော်လည်း မိမိအခန်းသို့မိမိပြန်ခဲ့၏။ ကျွန်တော်နှင့်ကားထဲမှကလေးများက စည်းခြားနေလေပြီ။ လူမျိုးနှယ်စုက မတူ။ စကားပြောတာခြင်းမတူ။ ခံယူချက်ခြင်းမတူ။ မတူတာတွေကို အတင်းညှိယူလို့ လွယ်ပါ့မလား။

■

## အခန်း တစ်ဆယ့်သုံး

တောင်ဘက်ခြမ်းရပ်ကွက်ရှိ အဆောက်အဦဟောင်းကြီးတစ်ခု ဖြစ်၏။ နံရံတွေလည်း ကွာကျ။ ခေါင်မိုးတွေလည်း စုတ်ပြတ်နေပြီ။ အနီရောင်ကော်ဇောတွေမှာ အောက်စော်နံနေ၏။ ကြမ်းပြင်ကလည်း တစ်ချက် နင်းတိုင်း တကျွီကျွီမြည်နေ၏။ ဘုန်းတော်ကြီးဖိလစ်၏ရုံးခန်းကလည်း ဤသို့ပင် စုတ်တီးစုတ်ပြတ်။ ရေးဟောင်းစားပွဲတင်စီးအိမ်မှ ထွက်လာသော အလင်းရောင်က မှိန်ပျပျရှိလှ၏။ ဘုန်းတော်ကြီးဖိလစ်ကိုယ်တိုင်ပင် အိုမင်းလှပြီ။ သူ၏နောက်ဘက် စာအုပ်စင်တွင် ဖုန်တက်နေသော စာအုပ်ဟောင်းများ ရှိ၏။

ကျွန်တော်နှင့် ဆရာကြီးသည် တစ်နာရီမျှကြာအောင် စကားပြောခဲ့ကြ၏။ အများစုမှာ ဤဘုရားရှိခိုးကျောင်းအကြောင်း။ ဆရာတော်ကြီးက ကျွန်ဘာသာရေးသမိုင်းက စပြော၏။ ဤနယ်မြေသို့ ပထမဆုံးရောက်ရှိလာသော အာဖရိကလူမျိုးများ၊ သူငယ်စဉ်က တက်ခဲ့ရသော သစ်သားဘုရားရှိခိုးကျောင်း၊ မာတင်လူသာကင်း ကိုကာဂိုသို့ရောက်စဉ် ကင်း၏လူများနှင့် သူတွေ့ခဲ့ရသည့်အကြောင်း၊ ဗုံးပေါက်ကွဲမှုများ ပေါ်ပေါက်လာပုံ၊ ရှီကာဂိုရှိ ဘုရားရှိခိုးကျောင်းများ အကြောင်း၊ ရှီကာဂိုတွင် ဘုရားကျောင်း ထောင်နှင့်ချီ၍ရှိ၏။ ထိုကျောင်းအားလုံးကို ဆရာတော်ကြီးက သိနေသည့်ပမာ အသေးစိတ်ရှင်းပြနေ၏။ ယခုတော့ သူ၏ လက်ရှိကျောင်းကြီး ယိုယွင်းနေပုံကို ဆွေးနွေးကြ၏။

"ဒါနဲ့က စကားမစပ်မေးရဦးမယ် ခင်ဗျား ဘယ်ဘုရားကျောင်း တက်ရောက်ထ ရှိသလဲ"

"ကျွန်တော်...ကျွန်တော် ဘုရားကျောင်းပေါင်းစုံ တက်ပါတယ်"

"ဒါဆို ဘယ်ဘုရားကျောင်းရဲ့အဖွဲ့ဝင်မှ မဟုတ်ဘူးပေါ့"

'အဲဒါတော့ မေးဖို့ မေ့သွားတယ်'

'ဆရာဆရာမများသမဂ္ဂကိုကော သူ ဘယ်လိုသဘောရသလဲ'

'ဘားရက်ရယ် ကျွန်တော်လဲ နာဇီဂျက်ပဲ တွေ့ခဲ့ရလို့ ဒါတွေ ဘယ်မေးနိုင်မှာလို့လဲ'

မေဖော်ဝါရီလတွင် ဟားဗတ်တက္ကသိုလ်မှ ကျွန်တော့်ကိုလက်ခံကြောင်း စာရ၏။ စာနှင့်အတူ ကျောင်းအကြောင်းစာရွက်စာတမ်းတွေလည်း တစ်ထပ်ကြီးပါ၏။ လွန်ခဲ့သောငါးနှစ်က ပန်နာဟုကျောင်းတက်စဉ်ကလည်း ဤသို့ စာရထူကြီးရခဲ့သည်ကို မှတ်မိ၏။ အဘိုးသည် ထိုစာရွက်များကို တစ်ညလုံး ဖတ်ကာ ဘာတွေ ဘယ်လိုလုပ်ရမည်ကို ကျွန်တော့်ကို ပြောပြပေးခဲ့ဖူးသည်။

ကျွန်တော်က ဘုရားကျောင်းမှဆရာတော်များအပါအဝင် ပရိသတ်နှစ်ဆယ်ခန့်ကိုဖိတ်ပြီး နေ့လည်စာတည်ခင်း၏။ ကျွန်တော် ဖိတ်ကြားသမျှလူတိုင်း အားလုံးနီးပါး တက်ရောက်ကြ၏။ ကျွန်တော်တို့ ရှေ့နှစ်အတွက် ဆွေးနွေးကြ၏။ ဟာနိုးလ်ကွယ်လွန်၍ ရခဲ့သောသင်ခန်းစာများကိုပြောပြသည်။ ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပြသည်။ အားလုံးပြီးတော့မှ ကျွန်တော် မေလတွင် ဟားဗတ်တွင် ကျောင်းသွားတက်မည် ဖြစ်၍ ဂျော်နီက ကျွန်တော့်နေရာကို ဆက်ခံမည့်အကြောင်း ကြေညာခဲ့သည်။

မည်သူမျှ မအံ့သြကြပါ။ တစ်ယောက်စီ လာပြီး ကျွန်တော့်ကို ဂုဏ်ပြုချီးကျူးစကားများ ပြောကြ၏။ ဘုန်းတော်ကြီးဖိလစ်က ကျွန်တော်၏ရွေးချယ်မှုမှန်သည်ဟု ထောပနာပြု၏။ အင်ဂျီလာနှင့် မိုနာတို့က ကျွန်တော်သည် တစ်နေ့ပတ်ချိန်ချိန်တွင် ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်လာမည်ကို အမြဲပင်သိနေပါကြောင်းပြော၏။ ရှာလီကမူ သူ့တူ၏ အမှုကိစ္စတစ်ခုတွင် တရားခွဲပေးရန် ကူညီစေလိုကြောင်း ပြောသည်။

မေရီတစ်ယောက်တည်းသာ မတည်မငြိမ် ဖြစ်နေ၏။ ဧည့်သည်များ ပြန်သွားတော့ ဗီလ်၊ ဂျော်နီနှင့်အတူ ကူသိမ်းပေး၏။ ကျွန်တော်က ကားနှင့်အိမ် လိုက်ပို့ပေးရမလားဟု ပြောသောအခါ သူက ခေါင်းကို တွင်တွင်ရမ်းခါခဲ့၏။

■

တနင်္ဂနွေနေ့ မနက်ပိုင်းနာရီ ကျွန်တော် နိုး၏။



အပြင်တွင် မှောင်နေဆဲ။

ကျွန်တော် နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးများ ရိတ်၏၊ တစ်ခုတည်းသော ဝတ်စုံပေါ်မှဖုန်များကို ဝက်မှင်ဘီးဖြင့် သန့်စင်ရေး လုပ်၏။ ဘုရားကျောင်းသို့ နာရီဝက်ခွဲတွင် ရောက်သည်။ ပရိသတ် တော်တော်စုံစုံရောက်နေပြီ၊ မကြာခင် မှုတေးများ စဆိုကြ၏။

'ယေရှုသခင် မ,တင်ပေး လွန်စွာဝမ်းမြောက်

ယေရှုသခင် မ,တင်ပေး လွန်စွာဝမ်းမြောက်

ယေရှုသခင် မ,တင်ပေး လွန်စွာဝမ်းမြောက်

အောင်ပွဲတေးသီကြ ဟာလေလူယား

ယေရှုသခင် မ,တင်ပေးခဲ့'

ထိုနောက် ဝတ်ပြု ဆုတောင်းကြ၏။

ပြီးတော့ လူတွေက အော်ဟစ်ကြွေးကြော်ကြကာ လက်ခုပ်လက်ဝါးတီး ဂုဏ်ပြုကြသည်။ ကျွန်တော်ကတော့ သုံးနှစ်တာကာလတွင် ကြားခဲ့ရသောအသံတွေ၊ လှုပ်ရှားမှုတွေ၊ လူတွေကို ပြန်ကြားယောင်မြင်ယောင်နေမိ၏။

ကျွန်တော်သည် ဒေးဗစ်နှင့်ဂေါလီးယပ်သ်၊ မိုးစက်နှင့်ဖာရိုး၊ ခြင်္သေ့တွင်းထဲမှဒရေယာနီမျာ၊ အီဇကီယေလ်၏အရိုးပုံ၊ စသော စာတ်လမ်းများထဲတွင် ပါဝင်ခဲ့သော သာမန်လူမည်းများကို မြင်ယောင်နေမိသည်။ ဤဇာတ်လမ်းများထဲမှ ရှင်သန်လာခြင်း၊ လွတ်လပ်မှုနှင့် မျှော်လင့်ချက်တို့သည် ကျွန်တော်တို့ဇာတ်လမ်း ကျွန်တော့်ဇာတ်လမ်း ဖြစ်ပါ၏။ ထိုဇာတ်လမ်းများထဲတွင် ကျခဲ့သောသွေးများမှာ ကျွန်တော်တို့သွေးများ ဖြစ်၏။ ကျခဲ့သောမျက်ရည်များမှာ ကျွန်ုပ်တို့မျက်ရည်။

ဤလူမည်းဘုရားရှိခိုးကျောင်းကြီးထဲမှ ဤတောက်ပဝင်းလက်သောနေ့တွင် ပြည်သူများကို အနာဂတ်မျိုးဆက်ဆီသို့ သင်္ဘောတစ်စင်းဖြင့် ပို့ကြီးမားသောကမ္ဘာကြီးကို ခေါ်ဆောင်သွားကြမည့်ပုံ ရပါသည်။

ကျေးဇူးကြီးလှပါပေတယ် ယေရှုကျေးဇူးတော်

ကျေးဇူးကြီးလှပါပေမယ် ယေရှုကျေးဇူးတော်

ကျေးဇူးပါ ယေရှု



ကျေးဇူးပါ ဘုရားသခင်

ဘုရားသခင်သည် ကျွန်ုပ်ကို

လွန်စွာဝေးသော မဟာလမ်းခရီးမှ

လွန်စွာဝေးသော မဟာလမ်းခရီးမှ

ခေါ်ဆောင်တော်မူလာပါသည်'

ကျွန်တော့်ပါးပြင်ပေါ်မှ မျက်ရည်များ စီးကျလာပါတော့သည်။

■

# အခန်း တစ်ဆယ့်လေး

ကျွန်တော် နိုင်ရိုဘီသို့ သွားနေသည်။ မိသားစုနှင့်တွေ့ဆုံရန် ဖြစ်သည်။ လေယာဉ်ပေါ်တွင် ကျွန်တော့်ဘေးမှာထိုင်နေသော လူငယ်တစ်ဦးက ကျွန်တော့်ကို လာမေး၏။ နိုင်ရိုဘီက ဘယ်လိုလဲ။

'နိုင်ရိုဘီက လှပတဲ့နေရာပဲလို့ ကျွန်တော်ကြားဖူးတယ်။ တစ်ရက်ရက်လောက် ခင်ဗျားဝင်လည်ပါလား။ ကျွန်တော်ကတော့ ဂျိုဟန်းဘတ်ကို သွားနေတာပဲ'

သူက ဘူမိဗေဒကျောင်းသား ဖြစ်သည်။ ဗြိတိသျှအစိုးရက သူနှင့်သူ့အတန်းဖော်အချို့ကို တောင်အာဖရိကမိုင်းတွင်းများကို တစ်နှစ်လေ့လာပြီး အွန်ယူစာတမ်းတင်ရန် လွှတ်လိုက်ခြင်းဖြစ်၏။

ကျွန်တော်က လေယာဉ်ပေါ်တွင် အနောက်တိုင်းစာနယ်ဇင်းသမားတစ်ဦးရေးသော အာဖရိကနိုင်ငံများအကြောင်းစာအုပ်ကို ဖတ်ခဲ့၏။ ထိုသူမှာ အာဖရိကတွင် ဆယ်နှစ်လောက်နေခဲ့ဖူးသူ ဖြစ်၏။ လွတ်လပ်ရေးသူရဲကောင်းများဖြစ်ကြသော ကင်ညာတာနှင့် နကရူးမားတို့အကြောင်းလည်း ရေးထားသည်၊ သို့သော် စာအုပ်၏အခန်းသုံးလောက်တွင်ကား ဝေ့မြွတ်ခေါင်းပါးမှုများ၊ ရောဂါဘယများ၊ အာဏာသိမ်းပွဲ၊ တန်ပြန်အာဏာသိမ်းပွဲများအကြောင်းတွေ ရေးထားသည်။ စာတော်လေးတတ် လူငယ်အချို့က အေကေ၄၇သေနတ်များ ကိုင်ကာ အာဏာသိမ်းကြပုံတွေ ဖော်ပြထားသည်။

ဝင်နှိမ်နှိမ်ရေးထားသောစာသားများ ပါ၍ ကျွန်တော်က စာအုပ်ကို လက်မှ ချလိုက်၏။ ကျွန်တော်၏ဘေးမှ ဗြိတိသျှလူငယ်ကတော့ တခေါခေါနှင့်

အိမ်မောကျနေပြီ။ ခပ်ချွန်ချွန်နှာခေါင်းပေါ်က မျက်မှန်သည် လျှောကျနေသည်။ သူ့ကို ကျွန်တော် စိတ်ဆိုးရမှာလား။ ကျွန်တော်သည် အမေရိကန်။ အမေရိကန် လူမည်း။ ကျွန်တော့်ကိုယ်ကျွန်တော်ကော ဒေါသထွက်ရမှာလား။ အဖြေရှာမရ၍ စွတ်မှိတ်အိပ်ရန် ကြိုးစားလိုက်သည်။

ကင်ညာတာနိုင်ငံတကာလေဆိပ်ကား ရှင်းရှင်းလင်းလင်း။ အရာရှိများသည် နိုင်ငံကူးလက်မှတ်များကို လက်ဖက်ရည် သောက်ရင်း စစ်ဆေးနေကြ၏။ လာကြိုမည့်ညီမသြမာကိုလည်း မတွေ့ရသေး။ ထို့ကြောင့် ကျွန်တော်က မိမိအိတ်ပေါ်တွင်ပင် မိမိထိုင်ချလိုက်ကာ စီးကရက်တစ်လိပ် မီးညှိသောက်လိုက်၏။ မကြာခင်မှာပင် လက်ကိုင်တုတ် ကိုင်ထားသော လုံခြုံရေးတစ်ဦး ကျွန်တော့်ထံ ရှေ့ရှုလာနေသည်ကို တွေ့ရသည်။ ကျွန်တော်က ဆေးလိပ်ပြာခွက် ရှာကြည့်၏။ ဆေးလိပ်မသောက်ရနယ်မြေမှာ ဆေးလိပ်သောက်မိလို့လားဟု ထင်၏။ သို့သော် အစောင့်က ပြုံးပြကာ ကျွန်တော့်ထံမှ စီးကရက်တစ်လိပ် တောင်းသောက်၏။

"ဒါက ခင်ဗျား ကင်ညာကို ပထမဆုံးအကြိမ်ရောက်တာမဟုတ်လား"

သူက ကျွန်တော့်ထံမှ မီးညှိရင်းမေး၏။

"မှန်ပါတယ်"

"သိတယ်လေ၊ ခင်ဗျားက အမေရိကက လာတာပဲ။ ခင်ဗျား ကျွန်တော်တို့ကို သိချင်သိမယ်၊ ဆမ်ဆန်အိုတီယာနိုလေ။ သူက တက္ကသိုလ်မှာ အင်ဂျင်နီယာပညာသင်နေတာ"

ကျွန်တော်က တက္ကသိုလ်သို့ တစ်ခါမှမရောက်ဖူး၍ သူ့တို့ကိုမသိဟု ဖြေလိုက်၏။ ဤအဖြေကို သူကျေနပ်ပုံမရ။ ဆေးလိပ်ကို ဆက်တိုက်ဖွာပစ်လိုက်၏။ ဤအချိန်တွင် ကျွန်တော်လေယာဉ်ပေါ်မှနောက်ဆုံးခရီးသည်ပင် အပြင်ထွက်သွားပြီ။ ကျွန်တော်က အစောင့်ကို လေယာဉ်ပေါ်မှ ခရီးသည်လေယ်ပရှည်တွေ ထပ်လာဦးမလားဟု မေး၏။ သူက ခေါင်းခါပြ၏။

"မသိဘူးလေ။ ဒါပေမယ့် ခင်ဗျား ဒီမှာပဲစောင့်။ ခင်ဗျားကို ကူညီနိုင်မယ့်သူ သွားရှာပေးဦးမယ်"

မကြာခင် အမျိုးသမီးတစ်ဦး ရောက်လာ၏။ သူ့နာမည်က မစ်အိုမိုရို။ ကျွန်တော့်အိတ်ကို ဂျိုဟန်နဘတ်မြို့သို့ မှားပြီး ပို့လိုက်ဟန်တူသည်ဟု ဆို၏။



"ဝမ်းနည်းပါတယ်ရှင် ဒီပုံစံကလေး ဖြည့်လိုက်ပါ၊ နောက်လေယာဉ်နဲ့ ပြန်ပို့ပေးပါမယ်"

ကျွန်တော်က ပုံစံဖြည့်ကာ သူ့ကိုပြန်ပေးလိုက်၏။ မစ်အိုမိုရိုက အရပ်မြှောက်မြှောက်ပိန်ပိန်ပါး ရှည်၏။ မျက်နှာလည်းလှ၏။ ကိုယ်လုံးကိုယ်ပေါက်လည်း ပြေပြစ်၏။ သူက ဗြိတိသျှလေကြောင်းဝတ်စုံ ဝတ်ထားသည်။

"ကသိကအောင့် ဖြစ်သွားတာ တောင်းပန်ပါတယ်ရှင်၊ ဒါနဲ့ ရှင်က ခေါ်တာအိုဘားမားနဲ့များ ဆွေမျိုးတော်နေသလားလို့"

"ဟုတ်တယ် သူက ကျွန်တော့်အဖေပဲ"

မစ်အိုမိုရိုက ဝမ်းနည်းသည့်ပုံစံနှင့် ယဲ့ယဲ့လေးပြုံးလိုက်သည်။

"သူကွယ်လွန်သွားတာ ဝမ်းနည်းပါတယ်ရှင်။ ရှင့်အဖေက ကျွန်မမိသားစုရဲ့ ရင်းနှီးတဲ့မိတ်ဆွေပဲ။ ကျွန်မ ကလေးအရွယ်တုန်းက သူ ကျွန်မတို့ အိမ်ကို အမြဲလာလည်တတ်တယ်"

ကျွန်တော်က ကျွန်တော်၏လာရင်းကိစ္စကို ပြောပြလိုက်သည်။ သူက လန်ဒန်တွင် ပညာသင်ခဲ့ပုံ၊ အမေရိကသို့ လာလည်ချင်ပုံများပြော၏။ အိုဘားမားမိသားစု နာမည်တစ်လုံး၏တန်ဖိုးကို ကျွန်တော် ယခု ပထမဆုံးအကြိမ်သိရှိခံစားရ၏။

"ဘာ ရှင်ကိုး ရှင်က ဘယ်သူ့သားမဟုတ်လား"

နာမည်ကြားရုံနှင့် လူတွေသိကြမည်။ ကင်ညာတွင် ကျွန်တော့်နာမည်ကို ဘယ်လိုစာလုံးပေါင်းရမလဲ မေးသူမရှိ။ ဘယ်လိုအသံထွက်ရမလဲ မေးသူမရှိ။

"ဘားရက်ရေ"

ထိုစဉ် သြမာအသံကြားလိုက်ရ၏။ သူ့ဘေးမှာအမျိုးသမီးတစ်ဦးလည်း ပါလာ၏။

"ဘားရက် ဒါက အန်တီဇိုက်တူနီလေ။ အဖေ့ရဲ့ညီမပေါ့"

"အိမ်အပြန်ခရီးကို ကြိုဆိုပါတယ်ကွယ်"

ဇိုက်တူနီက ပြောပြောဆိုဆို ကျွန်တော့်ပါးနှစ်ဖက်ကို နမ်း၏။

ကျွန်တော်က ကျွန်တော့်အိတ်အကြောင်း၊ အဘိုးကြီးကိုသိသူအကြောင်း သူတို့ကို ပြန်ပြောပြလိုက်၏။ သို့သော် နဘောနဘာကြည့်လိုက်တော့ မစ်အိုမိုရို၏



အရိပ်အယောင်ပင် မတွေ့ရတော့။ ကျွန်တော်က အနီးအနားရှိအစောင့်ကို မေးလိုက်တယ်။ သူဘယ်ရောက်သွားသလဲ။ အစောင့်က ပခုံးတွန့်ပြကာ အလုပ်ပြီးလို့ ပြန်သွားတာဖြစ်မယ်ဟု ဖြေ၏။

*

သြမာက အပြာရောင် ဖောက်စ်ဝက်ဂွန်းလိပ်ခုံးကားဟောင်းလေးကို မောင်းနေ၏။ လမ်းမှာ ကားရပ်သွားသဖြင့် တွန်းကြရသေးသည်။ ကားက လမ်းကျဉ်းလေးတွေ၊ အဝိုင်းကြီးတွေ၊ စက်ဘီးတွေ၊ လမ်းသွားလမ်းလာတွေကိုဖြတ်သွားရသည်။ ဒါမျိုးတွေက ကျွန်တော် အင်ဒိုနီးရှားမှာလဲ မြင်နေကျမြင်ကွင်းတွေ။

ကျွန်တော်တို့ လမ်းတွင် ဇိုက်တူနီကို ချပေးခဲ့ကြသည်။ သူက စတိုးဆိုင်ကြီးတစ်ခုတွင် ကွန်ပျူတာကျွမ်းကျင်သူ။

"သြမာ နင် လမ်းကို ကောင်းကောင်းကြည့်မောင်းနော်။ ဘယ်ဒီကို ခလုတ်မထိဆူးမငြိစေနဲ့"ဟု သူကပြောပြီး နှုတ်ဆက်သွား၏။ သြမာ၏အခန်းမှာ သေးသော်လည်း သက်တောင့်သက်သာ ရှိသည်။ နေရာတကာ စာအုပ်ပုံတွေ။ နံရံမှာလည်း ဓာတ်ပုံတွေ ကပ်ထားသေး၏။ ထိုတစ်ည သူ့အိမ်မှာပင် ချက်ပြုတ်စားသောက်နားနေခဲ့၏။ နောက်နေ့မနက်တွင် မြို့ထဲ သွား၏။ မြို့လည်ခေါင်က ကျွန်တော်မျှော်လင့်တာထက် ငယ်နေ၏။ ကိုလိုနီ ခေတ်ကာလက်ရာ အဆောက်အဦဟောင်းတချို့သာရှိ၏။ သို့သော် ထိုမြို့လည်ခေါင်၏နောက်မှမြို့ကား ကြီးလှ၏။ တိုက်တာအမြင့်ကြီးတွေ၊ ခမ်းနားသောဆိုင်ပြင်ကနူးတွေ၊ ဟိုတယ်တွေ။

ကျွန်တော်က မြို့ပြအငွေ့အသက်ကိုမကျက်မောထို့ကြောင့် ဈေးဟောင်းလေးတစ်ခုထဲ ဝင်ကြည့်ကြသည်။

သစ်သားပန်းပုရုပ်တွေ တန်းစီရောင်းနေသည်ကို တွေ့သည်။ ဆင်ရုပ်၊ ခြသေ့ရုပ်။ ကျွန်တော့်အမေပေးခဲ့ဖူးသော အရုပ်မျိုးတွေ။ ပိတ်စတွေ၊ ခြင်းတောင်းတွေ၊ ကြေးအိုးတွေ။ လက်ဝတ်ရတနာတွေရောင်းသောဆိုင်များလည်း အစီအရီ၊

"ဆရာ ကြွပါ၊ ဆရာ့နီးအတွက် ဒီလည်ဆွဲလှလှလေးဝယ်ပေးပါလား"

"ဒါက ငါ့ညီမတွေ"

"သူက သိပ်လှတဲ့ညီမပဲ။ ဒါလေးက သူနဲ့ဆို သိပ်လိုက်မှာပဲ"

"ဘယ်လောက်လဲ"



"နှီလင်ငါးရာထဲပါ သိပ်လှပါတယ်"

သြမာက မျက်မှောင်ကျုံ့ကာ ဈေးသည်ကို ဆွာဟီလီဘာသာစကားဖြင့် မြှောက်လိုက်သည်။

"သူက ဝါဇွန်ဂုဈေးနဲ့ ပြောနေတာ။ ဝါဇွန်ဂုဈေးဆိုတာ လူဖြူဈေးလေ"

ဈေးသည်က ပြုံးပြကာ

"ဝမ်းနည်းပါတယ် အစ်မရေ၊ ကင်ညာလူမျိုးဆိုရင် သုံးရာပဲ ပေးပါ"

ဆိုင်တစ်ဆိုင်တွင် ပုတီးစေ့သီနေသော အဘွားကြီးတစ်ဦးက ကျွန်တော့်ကို လက်ညှိုးထိုးကာ တစ်ခုခုပြောလိုက်၍ သြမာက ပြုံးလိုက်၏။

"သူ ဘာပြောတာလဲ"

"အစ်ကိုက သူ့မျက်လုံးထဲမှာ အမေရိကန်ကျနေတာပဲတဲ့"

"ပြန်ပြောလိုက် အစ်ကိုက လူဖြူလူမျိုးကွ"

ကျွန်တော်က ရင်ဘတ်ကိုပုတ်ပြပြီး ပြောလိုက်သည်။

အဘွားကြီးက ရယ်ပြီး ကျွန်တော့်နာမည်က ဘယ်သူလဲဟု သြမာကို မေး၏။ ကျွန်တော့်နာမည် ကြားရ၍ သူက ထပ်ရယ်လိုက်၏။

"အစ်ကိုက လူဖြူလူမျိုးနဲ့မတူဘူးတဲ့၊ ဒါပေမယ့် အစ်ကို့မျက်နှာက ကြင်နာတတ်တယ်။ သူ့မှာ သမီးတစ်ယောက်ရှိတယ် အစ်ကိုနဲ့ဆုံပေးချင်တယ်တဲ့။ သူ့ကို ဆိုဒါဝယ်တိုက်ရင် ပန်းပုရုပ်နှစ်ခုနဲ့ လည်ဆွဲတစ်ခု နှီလင်ငါးရာ တန်ပေးမယ်တဲ့"

သြမာက ဘာသာပြန်ပြ၏။

လူငယ်တစ်ဦးက ကျွန်တော်တို့ အားလုံးအတွက် ဆိုဒါများ ဝယ်သည်။ သစ်သားစွေးခြေများပေါ်တွင် ထိုင်လိုက်ကြကာ ဆိုဒါ သောက်ကြ၏။ သူ့သားသည် စစ်ထဲဝင်သွားကြောင်း၊ ထွန်စရာ လယ်မရှိ၍ စစ်ထဲသာဝင်ရကြောင်းပြောပြသည်။ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင် ဆိုင်၌ အမျိုးသမီးတစ်ဦးက ဆေးရောင်စုံကောက်ရိုးများဖြင့် တောင်းရက်နေသည်ကို တွေ့ရ၏။ သူ့ဘေးမှ အမျိုးသားကမူ သားရေကို ကြိုးမျှင်လေးများဖြစ်အောင် ဖြတ်တောက်နေ၏။

စားသောက်ပြီးတော့ ကီမာသီလမ်းကို သွားကြသည်။ ၎င်းမှာ မော်မော်ကျယ်ကျယ်ရှိနေ၏ ခေါင်းဆောင်တစ်ဦး၏နာမည်ကို အစွဲပြု မှည့်ခေါ်ထားခြင်းဖြစ်

၏။ ကျွန်တော် ကီမာသီ၏ကျောင်းစာအုပ်ကို ရှီကာဂိုမှ မထွက်ခွာမီ ဖတ်ရှု၏။ ထို့ကြောင့် သူ့စာတ်ပုံကိုပင် မှတ်မိနေသေးသည်။ သူသည် ပျောက်ကြားတော် လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်၏။ ကီမာသီသည် နောက်ပိုင်းတွင် အဖမ်းခံရပြီး သေဒဏ်စီရင်ခြင်း ခံခဲ့ရ၏။ ကင်ညာတကားသည် ထောင်မှ ထွက်လာပြီး ကင်ညာနိုင်ငံ၏ ပထမဆုံးသမ္မတ ဖြစ်လာ၏။ သူက လူဖြူများ၏ စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်မလုပ်ပါဟု ကတိပေးခဲ့သူဖြစ်၏။ လွတ်မြောက်ရေးလှုပ်ရှားတိုက်ပွဲဝင်သူများ အလင်းပြန်ဝင်လာကြကာ အစိုးရအလုပ်များ ဝင်လုပ်ကြ၏။ အချို့ကလည်း လွတ်တော်အမတ် ဝင်အရွေးခံ၏။ ကီမာသီက ဇာတ်ပြခံမှုရှိလဲ အနေဖြင့် လမ်းအမည်တစ်ခု ဖြစ်လာခဲ့သည်။ ကမ္ဘာလှည့်ခရီးသည်များအတွက် ယဉ်ပါးလာသောအမည်လည်း ဖြစ်၏။

ကျွန်တော်သည် ကမ္ဘာလှည့်ခရီးသည်များကို လေ့လာရန် အခွင့်အလမ်းကို ရယူလိုက်သည်။ ဩမာနှင့်ကျွန်တော် မြို့လယ်တစ်နေရာရှိ နယူးစတင်လီဟိုတယ်၏အပြင်ဘက်တွင် ထိုင်ရင်းလေ့လာကြ၏။ နေရာတကာ ခရီးသွားတွေ။ ဂျာမန်၊ ဂျပန်၊ ဗြိတိသျှ၊ အမေရိကန်။ ဓာတ်ပုံတွေ ရိုက်နေကြသည်။ အရှားကားငှားနေကြသည်။ လမ်းဘေးဈေးသည်တွေဆီမှာ ဈေးဆစ်နေကြသည်။ အများစုမှာ ပေါ့ပေါ့ပါးပါး ဝတ်စားဆင်ယင်ထားကြ၏။

ဟာတိုင်ယီတွင် နေထိုင်ကြစဉ် ကျွန်တော်တို့ ရှာတိတ်ဘဝက ကမ္ဘာလှည့်ခရီးသည်များကို ကြည့်ပြီး ရယ်မိကြသည်။ သူတို့အသားအရောင်နေလောင်ထားပုံများ၊ ပျော်တော့ပိန်လိုသော သူတို့၏ခြေထောက်များကို ကြည့်ပြီး ရယ်ကြခြင်း ဖြစ်၏။

ကျွန်တော်တို့စားပွဲနှင့် မလှမ်းမကမ်းတွင် အမေရိကန်မိသားစုထိုင်နေကြ၏။ အာဖရိကစားပွဲထိုးနှစ်ယောက်က ချက်ချင်းပြေးသွားကြသည်။ ကျွန်တော်နှင့်ဩမာကိုမူ ဘာမှာလဲ တစ်ခွန်းမှလာမမေးကြ။ အဝေးတွင်ရပ်နေသော စားပွဲထိုး နှစ်ဦးကို လက်ဝှေ့ယမ်းပြလိုက်သည်။ သူတို့ မမြင်ဘူး ထင်၍။ သူတို့က ကျွန်တော်တို့ကို မမြင်ချင်ယောင်ဆောင်၏။ တော်တော်ကြာမှ အိပ်ငိုက်နေသောမျက်လုံးရင်ကြီးဖြင့် စားပွဲထိုးအိုကြီးတစ်ဦးက အစားအသောက်စာရင်း လာချ၏။ စာရင်းချပြီး ပြန်ထွက်သွားသည်မှာ တစ်ခါတည်းပေါ်မလာတော့။ ထိုအချိန်



တွင် နောက်မှရောက်လာသော အမေရိကန်မိသားစုက အစားအသောက်တွေပင် စားနေပြီ။ ဩမာက မတ်တပ်ထရပ်လိုက်၏။

"သွားကြစို့ အစ်ကို"

သူက မထွက်ခင် စားပွဲထိုးဘက်လှည့်ပြီး ပြောလိုက်၏။

"မင်းတို့တွေ လဲသေသင့်တယ်"

စားပွဲထိုးက ဆွာဟလီဘာသာစကားဖြင့် ပြန်ပြော၏။

"မင်းမှာ ပါးစပ်တယ်နေပေါက် ရှာကျွေးရကျွေးရ ငါဂရုမစိုက်ဘူး၊ မင်းက ကိုယ့်လူမျိုးအချင်းချင်းကို ခွေးတွေလို မဆက်ဆံသင့်ဘူး"

ထိုသို့ ဩမာက ပြောကာ သူ့ပိုက်ဆံအိတ်ထဲမှ တစ်ရာရှီလင်တန်တစ်ရွက်ကိုထုတ်ကာ ချပေးလိုက်၏။

"တွေ့လား ငါမှာတာအတွက် ငါပေးနိုင်တယ်ဟဲ့"

ဟိုတယ်တိုက်ရှေ့ဘေးရှိကုလားထိုင်တွင် ကျွန်တော်တို့နှစ်ဦး ထိုင်ချလိုက်ကြ၏။

"အဆင်ပြေပြီလား"

သူက ခေါင်းညိတ်ပြ၏။

"ကျွန်မလေ တခြားအာဖရိကအမျိုးသမီးတစ်ယောက်နဲ့ ဒီဟိုတယ်မှာ သွားနိုင်ဘူး။ အဲဒီကလူတွေက ကျွန်မတို့ကို ပြည့်တန်ဆာတွေလို့ထင်ကြတယ်။ ရုံကြီးတွေမှာလဲ ဒီလိုပဲ။ အဲဒီမှာလုပ်တဲ့သူ မဟုတ်ဘူးရင် အာဖရိကလူမျိုးကို ခွင့်မလားဆေးလားနဲ့။ ဂျာမန်လူမျိုးတစ်ယောက်နဲ့သာ တွဲလာရင်တော့ တဟဲဟဲနှင့် သွားကြိုတွေဖြလို့။ ဒါက ကင်ညာပဲ။ တစ်ပြည်လုံးပျက်စီးနေပြီ ဘားရက်ရေး ပိုက်ဆံပေးနိုင်တဲ့သူ ဘယ်သူမဆို ခြေထောက်တွေ ဖြဲကားပေးဖို့ အဆင်သင့်ပဲ"

ကျွန်တော်က ဩမာအား ကင်ညာကို သိပ်စိတ်မကုန်ဖို့ ပြောလိုက်ရ၏။ ဒါမျိုး ဂျကာတာမှာလဲ ဒီလိုပဲ။ မက်ဆီကိုစီးတီးမှာလဲ ဒီလိုပဲ။ ဒါက စီးပွားရေးကိုနိုင်ပါတယ်ဟု ရှင်းပြ၏။ ကျွန်တော် ဘယ်လိုပဲ ဖြောင့်ဖျဖြောင့်ဖျ သူကတော့ စိတ်ဆိုးမပြေပါ။

*

ထိုညနေတွင် ကျွန်တော်တို့ ကာရီယာကိုသို့ သွားကြသည်။ လမင်းက



တိမ်မည်းညိုတွေနောက် ဝင်ပုန်းနေ၏။ အလင်းရောင်က မှိန်ဖျဖျသာမြင်ရ၏။ မှောင်မှောင်မည်းမည်းလှေကားထစ်များမှ တက်သွားပြီး သုံးထပ်အရောက်တွင် ဩမာက ပြော၏။

"ဘယ်ရီ ရောက်ပြီလေ"

အရပ်ခပ်ပုပု ကိုယ်လုံးခပ်တောင့်တောင့် အသားညိုညိုအမျိုးသမီးတစ်ယောက်က ကျွန်တော့်ခါးကို တင်းတင်းကျပ်ကျပ် လာဖက်သည်။ သူ့နောက်မှ လူ၁၅ယောက်ခန့်ရှိသည်။ အားလုံးက ပြုံးပြီး လက်ဝှေ့ယမ်းပြနေကြ၏။ ခပ်ပုပုအမျိုးသမီးက ကျွန်တော့်ကိုကြည့်ပြီး မျက်မှောင်ကျုံ့ပြသည်။

"ရှင် ကျွန်မကို မမှတ်မိဘူးလား"

"ကျွန်တော်....."

"ကျွန်မက ရှင့်ရဲ့အဒေါ် ဂျိန်းလေ။ ရှင့်အဖေဆုံးပြီးကတည်းက ရှင် ဒီလိုပဲခေါ်တာပဲ။ လာ ဒီမှာ အားလုံးနဲ့တွေ့ရမယ်။ နိုက်တူနီနဲ့ကတော့ တွေ့ပြီးပြီ။ ဒါက ကျွန်မညီမ ကီဇီယာ၊ သူက ဩမာနဲ့ရှိုင်းအိုဘားမားတို့ရဲ့အမေ"

ကီဇီယာက သူတို့ဘာသာစကားနှင့် စကားလုံးအချို့ ပြောလိုက်၏။

"သူ့ရဲ့တခြားသားတစ်ယောက် နောက်ဆုံးတော့ အိမ်ပြန်ရောက်လာတာပဲလို့ သူက ပြောတယ်"

ဂျိန်းက ဘာသာပြန်ပြ၏။

"ကျွန်မသားလေး ကျွန်မသားလေး အိမ်ပြန်လာတယ်နော်"

ကီဇီယာက အင်္ဂလိပ်ဘာသာနှင့် ထပ်တလဲလဲပြောပြီး ကျွန်တော့်ကို ပွေ့ဖက်၏။

ကျွန်တော်တို့အခန်းပတ်ပတ်လည်လှည့်ပတ်ပြီး အဒေါ်တွေ ညီအစ်ကိုမောင်နှမဝမ်းကွဲတွေ တူတွေ တူမတွေကို လက်ဆွဲနှုတ်ဆက်ကြသည်။ မတွေ့ရတာကြာနေသော ဆွေမျိုးကို ပထမဆုံးအကြိမ် ပြန်တွေ့သည့်အလား ဝမ်းသာအားရ နှုတ်ဆက်ကြ၏။ ကျွန်တော်က ကလေးတွေကို ချောကလက်တွေဝေပေး၏။ လူကြီးတွေက ကျွန်တော် ဘယ်သူပါဆိုသည်ကို ကလေးတွေကို ရှင်းပြ၏။

"ဒါလဲ အစ်ကိုရဲ့ညီတွေထဲက တစ်ယောက်ပဲ။ သူ ဘားနတ်ပါ"

ဩမာက တစ်ဦးနှင့် မိတ်ဆက်ပေး၏။



မိတ်ဆက်ပွဲပြီးသည့်အခါ ဂျိန်းက အကျွေးအမွေးပြင်ဆင်ပေး၏။ ဆိတ်သားဟင်း၊ ငါးကြော်၊ ထမင်း။ လူတွေက ဟာတိုင်ယီတွင်ကျန်နေသော ကျွန်တော့်ဆွေမျိုးတွေအကြောင်း မေးကြ၏။ ကျွန်တော်က ရှီကာဂိုတွင် လူမှုရေးလုပ်ငန်းစည်းရုံးရေးမှူးအနေဖြင့် လုပ်ကိုင်နေပုံများကို ပြောပြသည်။ သူတို့က ခေါင်းသာ ညိတ်ညိတ်လုပ်နေ၏။ ရှင်းရှင်းလင်းလင်း နားလည်ပုံတော့မပေါ်ကြ။ မကြာမီ ဟားဗတ်တက္ကသိုလ်တွင် ဥပဒေဆက်တက်မည်ဖြစ်ကြောင်းပြောပြသည်။

"ကောင်းတယ်ကွ ဘယ်ရီ၊ မင်းအဖေလဲ ဒီကျောင်းပဲ တက်ခဲ့တာပဲ၊ မင်းအဖေလိုပဲ တို့လဲ မင်းအတွက်ဂုဏ်ယူကြတာပေါ့။ ကဲ ဒီမှာ ဘားနတ်ရေ မင်းလဲ မင်းအစ်ကိုလိုပဲ ကြိုးစားနော်"

"ဘားနတ်က ဘောလုံးသမားဖြစ်ချင်နေတာဟဲ့"

နိုက်တူနီက ဝင်ပြော၏။

"ဟုတ်လား ဘားနတ်"

ကျွန်တော်က ဘားနတ်ဘက် လှည့်မေးသည်။

"မဟုတ်ပါဘူး ကျွန်တော်က ဘောလုံးကစားတဲ့အကျင့်ရှိရုံပါပဲ"

"ဒါဆို ငါတို့ တစ်နေ့ အတူတူ ကစားကြတာပေါ့ကွာ"

သူက ခေါင်းခါ၏။

"ဟင့်အင်း ကျွန်တော်က အခု ဘတ်စကက်ဘော ကစားချင်နေတာ"

ကလေးအုပ်စုကမူ စကားဝိုင်းတွင် မရှိဘဲ အဖြူအမည်းရုပ်မြင်သံကြားပြီးရှေ့တွင် ဝိုင်းအုံနေကြ၏။

"ဒီမှာ လူဘယ်နှယောက်နေသလဲ"

ကျွန်တော်က အိမ်ကိုကြည့်ပြီးမေးမိ၏

"မပြောတတ်ဘူး။ မြို့တက်အလုပ်ရှာကြတဲ့သူတွေလဲ ဒီမှာ သောင်တင်ကြတာပဲ"

ဤအိမ်မှာ အိပ်ခန်းနှစ်ခန်းသာ ရှိသည်။ အိပ်ခန်းထဲတွင် မွေ့ယာတွေ ခင်းပြီး။

"တစ်ခါတလေ သူတို့အလုပ်မရမချင်း အကြာကြီးနေကြတယ်။ တစ်ခါတလေလဲ ကလေးတွေက ဒီမှာ... အဆင်...ကြတယ်။ အဘိုးကြီးနဲ့ ကျွန်မအမေ

ဆိုရင် ဘားနတ်ကို ဒီမှာပဲ မကြာခဏထားခဲ့တာပေါ့။ ဂျိန်းကပဲ အပင်ပန်းခံပြီး သူ့ကို မွေးကျွေးခဲ့ရတာပဲ"

"သူက တတ်နိုင်လို့လား"

"တကယ်တော့ ဘယ်တတ်နိုင်မလဲ။ သူက တယ်လီဖုန်းအော်ပရေတာပဲ။ လခကောင်းတာမှမဟုတ်တာ။ ဒါပေမယ့် သူက မငြီးမငြူတတ်ပါဘူး။သူ့မှာ သားရင်းသမီးရင်းမရှိတော့ တခြားသူတွေရဲ့ကလေးတွေပဲ စောင့်ရှောက်ရတော့တာပေါ့"

ကျွန်တော်တို့ ဧည့်ခန်းထဲ ပြန်လာကြသည်။ ဆိုဖာဟောင်းကြီးပေါ်တွင် ဝင်ထိုင်လိုက်၏။ စိုက်တူနီက အမျိုးသမီးငယ်လေးတွေကို ပန်းကန်ဆေးရာတွင် ညွှန်ကြားနေ၏။ ကလေးတချို့က ကျွန်တော်ယူလာသော ချောကလက်တွေကို အဝေမတည့်ဖြစ်နေကြ၏။ ကျွန်တော်က အခန်းထဲရှိ ပရိဘောဂဟောင်းတွေကို ကြည့်နေသည်။ လွန်ခဲ့သောနှစ်နှစ်က ပြကွဒိန်ဟောင်းက နံရံမှာချိတ်လို့။ ခတ်ပုံတွေက ဆေးရောင်တွေပြယ်။ အဲ့ဂျယ်တွင်ရှိသော အခန်းများအတိုင်းပင်။ အခန်းထဲတွင် အမျိုးသားတွေ မရှိတာကလည်း အဲ့ဂျယ်အတိုင်း။

ညဆယ်နာရီလောက်တွင် နှုတ်ဆက်ပြီးပြန်ခဲ့၏။ တံခါးဝအရောက်တွင် ဂျိန်းက လေသံနှင့် ဩမာကို လာပြော၏။

"ဘယ်ရီကို နင့်အဖေါ်ဆာရာနဲ့ပေးတွေ့လိုက်ဦးလေ။ ဆာရာက နင့်အဖေရဲ့အစ်မကြီးပဲ။ ပထမဆုံးမွေးတဲ့ကလေး။ သူက နင့်ကို သိပ်တွေ့ချင်နေတာ"

"တွေ့တာပေါ့ ဒါနဲ့ ဘာဖြစ်လို့ ဒီည သူ ဒီကိုမလာတာလဲ နေတာလေးလို့လား"

"လာပါ ကားပေါ်ကျမှ အစ်ကို့ကို ကျွန်မရှင်းပြမယ်"

ဩမာက စကားဖြတ်ပြော၏။

လမ်းပေါ်မှာ လူရှင်းနေသည်။ မိုးကြောင့် လမ်းပေါ်မှာ ရေတွေရွဲနေ၏။

"ဂျိန်းပြောတာ မှန်တယ် ဘားရက်ရဲ့။ အစ်ကို့အနေနဲ့ ဆာရာကိုသွားတွေ့သင့်တယ်။ ဒါပေမယ့် ကျွန်မတော့ မလိုက်ဘူးနော်"

"ဘာဖြစ်လို့လဲ"

"ဆာရာက အဘိုးကြီးရဲ့လယ်မြေတွေနဲ့ပတ်သက်လို့ ပြဿနာတက်ရ



တယ်။ သူက ပြောတယ်။ ရှိုင်းရယ်၊ ဘားနတ်ရယ်၊ ကျွန်မရယ်က အဘိုးကြီးရဲ့ ကလေးတွေ မဟုတ်ဘူးတဲ့။ ကျွန်မလဲ ဒါတော့မသိဘူး။ သူ့ခမျာ ဘဝကတော့ ကြမ်းခဲ့ရှာပါတယ်။ သူက အဘိုးကြီးလို အရှိန်ကောင်းအခွင့်ကောင်းတွေလဲ မရခဲ့ပါဘူး။ စာလဲ သင်ခွင့်မရဘူး။ နိုင်ငံခြားလဲ သွားခွင့်မရခဲ့ဘူး။ဒါကို သူသိပ်နာကြည်းတယ်။ ကျွန်မအမေနဲ့ ကျွန်မတို့ဟာ ဒီအတွက် အပြစ်တင်ခံကြရတယ်"

"အဘိုးကြီးရဲ့လယ်မြေတွေက ဘယ်လောက်တန်လို့လဲ"

"မတန်လှပါဘူး။ အစိုးရအငြိမ်းစားလစာလောက်ပါပဲ။ ဘာမှမတန်တဲ့ မြေပါ။ ရှုံနေစရိတ် ကြားထဲက စားသွားတာပါပဲ။ ဒါပေမယ့် သိတဲ့အတိုင်း ဂုဏ်ပုဒ်က အဘိုးကြီးဆီက အများကြီး မျှော်လင့်ထားကြတယ်လေ။ အဘိုးကြီးကလဲ တစ်ပြားမှမရှိပေမယ့် ထည်ထည်ဝါဝါနေတတ်တာကိုး။ ဒါကြောင့် ဆွေမျိုးတချို့က အဘိုးကြီးအနေနဲ့ သူတို့ဘဝကို ကယ်တင်နိုင်လိမ့်မယ်ထင်နေကြတာ။ ဘားနတ်လဲ ဒီသဘောတထားမျိုးရှိတယ်။ သူက လူတော်လေးပါ။ ဒါပေမယ့် ကံနေကုန်အိမ်မှာထိုင်ပြီး ဘာမှမလုပ်တာက ခက်တယ်။ ကျောင်းတစ်ပိုင်းတစ်စ နဲ့ထွက်တယ်။ အလုပ်လဲ မရှာဘူး"

"ကျွန်တော် ကူညီနိုင်ပါ့မလား"

"ကူညီနိုင်လိမ့်မယ်။ သူ့နဲ့စကားပြောကြည့်ပေါ့။အခု အစ်ကိုက အမေရိကကနေ လာတာ။ အစ်ကိုက အချမ်းသာအချမ်းထဲမှာ တစ်ယောက်အပါအဝင်လေ။ ဒါကြောင့် ဆာရာက အစ်ကို့ကို သိပ်တွေ့ချင်နေတာပေါ့။ သူထင်နေတာက ကျွန်မက အစ်ကို့ကို သူ့နဲ့မတွေ့အောင် ကာဆီးကာဆီး လုပ်နေတယ်လို့"

မိုးက သည်းလာသဖြင့် ကားကို ရပ်ထားလိုက်ရ၏။

"ကျွန်မ သိပ်ပင်ပန်းနေပြီ ဘားရက်။ ကျွန်မ ဂျာမဏီမှာ နေတုန်းက ကင်ညာကို သိပ်လွမ်းတယ်။ အိမ်ပြန်ဖို့ပဲ အမြဲ စိတ်ကူးနေမိတယ်။ ဒီမှာဆိုရင် ကျွန်မ အထီးကျန်မနေဘူးလို့ထင်မိတယ်။ ဆွေတွေမျိုးတွေ အသိုက်အဝန်းတွေက တစ်ခုကြီးမဟုတ်လား။ ဒီမှာဆိုရင် မိဘတွေကိုလူအိုရုံမပို့ဘူး။ ကလေးတွေကိုလဲ သူများလက်ထဲ မအပ်ထားဘူးလို့ထင်မိတယ်။ ခုဒီမှာ ကျွန်မ ရောက်တော့ လူတိုင်းက ကျွန်မဆီက အကူအညီတောင်းတယ်။ ကျွန်မက သူတို့ထက် ကောင်းတယ်လို့ထင်နေကြတယ်။ ကျွန်မက တက္ကသိုလ်တက်တယ်။ အလုပ်



ရနိုင်တယ်။ ဒါပေမယ့် ဘားရက်ရယ် ကျွန်မလဲ ဘာလုပ်နိုင်မှာမို့လဲ။ ကျွန်မက တစ်ယောက်တည်းလေ"

ကျွန်တော်က ဩမာလက်ကိုကိုင်ကာ အားပေး၏။

"ကျွန်မမှာ အိပ်မက်တွေရှိတယ်။ ကျွန်မတို့ရဲ့အဘိုးရဲ့မြေမှာ အိမ်လှလှလေးဆောက်မယ်။ အိမ်ကြီးမှာ မိသားစုတွေ စုနေကြမယ်။ အဘိုးလိုပဲ သီးပင်စားပင်တွေ စိုက်မယ်။ ကျွန်မတို့ကလေးတွေကို ဘိုးဘွားတွေရဲ့ ယဉ်ကျေးမှုမျိုးတွေနဲ့ ကြီးပြင်းစေမယ်"

"ဒါတွေအားလုံး တို့လုပ်နိုင်တာပဲ ဩမာရယ်"

သူက ခေါင်းကို တွင်တွင်ခါ၏။

"ကျွန်မမရှိရင် ဒီအိမ်ကို ဘယ်သူထိန်းသိမ်းစောင့်ရှောက်မလဲ။ ခြံစည်းရိုး ကျိုးပေါက်ရင် ဘယ်သူ ဖာထေးပြုပြင်မလဲ။ အဘိုးကြီးကလဲ ဒီအိမ်မျိုးကို ကျွန်မတို့အတွက် မဆောက်ခဲ့ဘူး။ ကျွန်မတို့လဲ ကလေးတွေပဲ ဘားရက်ရယ်။ ကျွန်မတို့က ဘာကြောင့် လူတကာကိုစောင့်ရှောက်ကြရမှာလဲ။ ကျွန်မကိုယ်ကျွန်မပဲ စောင့်ရှောက်နိုင်မှာပေါ့။ အခုတော့ ကျွန်မဟာ ကိုယ့်ဘဝကိုကိုယ် နေနိုင်ပါပြီ။ ဂျာမန်လူမျိုးတွေလိုပေါ့။ အရာရာဟာ စနစ်တကျပဲ။ တစ်ခုခုကျိုးပျက်ရင် ပြန်ပြင်တယ်။ တစ်ခုခုမှားရင်း ဒါဟာ ကျွန်မအပြစ်ပဲ။ ကျွန်မမှာပိုက်ဆံရှိရင် မိသားစုကိုပို့ပေးတယ်။ သူတို့ကြိုက်တာလုပ်နိုင်တယ်။ ကျွန်မက သူတို့အပေါ် မှီခိုမှုမရှိဘူး။ သူတို့ကလဲ ကျွန်မအပေါ် မမှီခိုကြဘူး"

"အထီးကျန်ဆန်လိုက်တာကွယ်"

"ဒါကို ကျွန်မသိတယ် ဘားရက်ရယ်။ ဒါကြောင့် ကျွန်မ အိမ်ပြန်လာတာ။ ဒါကြောင့် ကျွန်မ ခုထိ အိပ်မက်မက်နေသေးတာ"

*

နောက်နှစ်ရက်ကြာအထိ ကျွန်တော့်အိတ်ပြန်မရသေး။ လေကြောင်းရုံးက လေဆိပ်ကို ဖုန်းဆက်မေးရန်ပြော၏။ လေဆိပ်ဖုန်းကလဲ အမြဲပင်လိုင်းမအား၊ ထို့ကြောင့် ဗြိတိသျှလေကြောင်းရုံးကို ကိုယ်တိုင် သွားမေးကြ၏။ စားပွဲခုံတွင် အမျိုးသမီးနှစ်ဦးက သူတို့ဖွင့်ထားသော ညကလပ်အကြောင်း ဆွေးနွေးနေကြ၏။ ကျွန်တော်က ပျောက်ဆုံးသောအိတ်အကြောင်း မေးကြည့်၏။



"ကျွန်မတို့မှာ မှတ်တမ်းမှတ်ရာမရှိဘူး"ဟု တစ်ဦးကပြော၏။

"သေသေချာချာ စစ်ကြည့်ပါဦး"

"ဒါဆိုရင်တော့ ဒီည ညသန်းခေါင်ထပ်လာခဲ့လေ။ ဂျိုဟန်နက်စဘတ်က လေယာဉ် အဲဒီအချိန် ဆိုက်မယ်"

"ကျွန်တော့်အိတ်ကို ကျွန်တော့်ဆီ ပြန်ပို့ပေးမယ်လို့ ပြောပြီးသားလေ"

"ဝမ်းနည်းပါတယ်ရှင်။ ဒီမှာက အိတ်နဲ့ပတ်သက်လို့ ဘာမှတ်တမ်းမှ မရှိလို့ပါ။ ပုံစံတစ်ခု ထပ်ဖြည့်လိုက်ပါဦး"

"မစ်အိုမိုရိုကော ဒီမှာရှိလား"

"သူက ခွင့်သွားနေပါတယ်"

"ဒါဆို ဒီပြဿနာကို ဘယ်သူက ရှင်းပေးမလဲ"

ဩမာက ကျွန်တော့်ကို ခေါးကိုတွန်းလိုက်ပြီး ဝင်ပြော၏။

"တစ်ခုခုပြောချင်ရင် မြို့ထဲကရုံး သွားပြောပေါ့"

သို့ဖြင့် မကျေမနပ်နှင့်ပင် မြို့လည်က ဗြိတိသျှလေကြောင်းရုံးသို့သွားကြ၏။ အထပ်မြင့်အဆောက်အဦကြီး ဖြစ်၏။

အဆိုပါရုံးမှ ဧည့်ကြိုစာရေးမကလည်း လေဆိပ်မှာ စုံစမ်းပါဟု ပြောသည်။

"ဒါဆို ငါ့ကို မန်နေဂျာနဲ့ပေးတွေ့ကွာ"

"ဝမ်းနည်းပါတယ်ရှင် မစ္စမာ့ခ်ရီက အစည်းအဝေးမှာပါ"

"ဒီမှာကြည့်။ ငါတို့ အခုပဲ လေဆိပ်ကလာတာ။ သူတို့က ဒီကိုသွားပါလို့ လွှတ်တယ်။ လွန်ခဲ့တဲ့နှစ်ရက်ကတော့ ငါ့ကို လာပေးပါမယ်လို့ပြောတယ်။ အခုကျတော့ ပျောက်နေတာတောင် ဘယ်သူမှမသိဘူးတဲ့"

ထိုစဉ် အပြာရောင်ဘလေဇာအင်္ကျီဝတ်ထားသောသူတစ်ဦးကို လှမ်းတွေ့၍ ဩမာက နှုတ်ဆက်လိုက်၏။

"မှုပါနဲ့ကွယ် ဒီက အကြီးအကဲ မဒ္ဒရီက ဦးရဲ့မိတ်ဆွေပါ။ သူ့ရဲ့အခု နေ့လည်စာစားမလို့ လာတာ"ဟုပြော၏။ မကြာခင် မဒ္ဒရီ ထွက်လာ၏။ သူက အကျိုးအကြောင်းမေးပြီး ချက်ချင်း ဖုန်းကောက်ဆက်၏။

"ဟဲလို အေး ငါ မဒ္ဒရီကွ။ ခုပြောနေတာ ဘယ်သူလဲ။ အခု ငါ့ဆီ

မှာ အိတ်ပျောက်နေတဲ့ မစ္စတာဆိုဘားမားရှိနေတယ်။ အေး အဲဒါ ချက်ခြင်းရှာ ပေးစမ်း"

မကြာမီ ဖုန်းပြန်လာ၏။

"အိတ်ကို ညနေပိုင်းမှာ ပို့ပေးပါမယ်"

ကိစ္စက အဆင်ပြေတော့လည်း ချက်ချင်း။

"ဒီမှာက နာမည်တစ်လုံးပြောလိုက်တာနဲ့ ကိစ္စက ပြတ်သွားတာများ တယ်"ဟု ဩမာက ပြော၏။

တစ်ခါက ဩမာကို အတိုးကြီးက စီးကရက်သွားဝယ်ခိုင်း၏။ သို့သော် ပိုက်ဆံမရှိ၍ မပေးလိုက်။

"သမီးနယ် တုံးလိုက်တာကွာ ဆိုင်ရှင်ကိုပြောလိုက်ပါ၊ ဆိုဘားမားသမီး လို့။ နောက်မှ အဖေ ရှင်းပေးမယ်"

ဩမာက ဆိုင်ကို သွားပြီး သူ့အဖေပြောသည့်အတိုင်း သွားပြော၏။ ဆိုင်ရှင်က သူ့ကို မောင်းထုတ်သည်။ အိမ်ကို စီးကရက်မပါဘဲ ပြန်ရမည်ကို ကြောက်၍ အစ်ကိုဝမ်းကွဲကာန်ဦးထံသွားကာ ပိုက်ဆံချေးပြီး စီးကရက်ဝယ်လိုက် ရ၏။ အိမ်ပြန်ရောက်တော့ ကြာလိုက်လေခြင်းဟု သူ့ကို ဆူ၏။

"တွေ့တယ်မဟုတ်လား သမီး၊ မင်း ဘာပြဿနာမှမရှိဘူး။ ဒီကလူတိုင်း က ဆိုဘားမားဆိုတာ သိပြီးသား"

ဩမာ ပြန်ပြောပြတာ နားထောင်နေမိ၏။

ဩမာနှင့်ကျွန်တော် လှပသောလမ်းတစ်လျှောက် လျှောက်သွားနေစဉ် အဖေရှိနေသည်ဟု ခံစားမိသည်။

ကျွန်တော်တို့ကို ဖြတ်ကျော်ပြေးလွှားသွားသော ကျောင်းသားလေးများ ထဲတွင် သူ့ကိုတွေ့၏။ ဘောင်းဘီတိုအပြာများကြားက ငေါထွက်နေသောခြေ ထောက်မဲမဲလေးတွေ၊ မတော်တလျှော်မိနပ်ကြီးတွေ စီးလို့။

မီးရောင်မှိန်မှိန်ထွန်းထားသော လက်ဖက်ရည်ဆိုင်ထဲတွင် လက်ဖက် ရည်ကို အရသာခံသောက်နေကြသော တက္ကသိုလ်ကျောင်းသားများကြားတွင် အဖေ့ကို တွေ့၏။

နားရွက်တစ်ဘက်ကိုပိတ်ကာ ဖုန်းကို အော်ပြောရင်း စီးကရက်သောက်



နေကြသော စီးပွားရေးသမားများ၏အနံ့အသက်ကြားတွင် အဖေ့ကို တွေ့သည်။ မျက်နှာရော ကိုယ်လုံးတွေမှာပါ ဖုန်တွေကပ်ပြီး ချွေးတွေရွှဲနစ်နေသော အလုပ် သမားများကြားတွင် သူ့ကိုတွေ့၏။

သူ ကျွန်တော့်ကို ဘာတစ်ခွန်းမှ မပြောသော်လည်း အတိုးကြီး ဒီမှာရှိ သည်ဟု ကျွန်တော် ထင်သည်။

သူ ဒီမှာရှိနေပါသည်။ နားလည်ပေးပါဟု သူ ကျွန်တော့်ကို တောင်းဆို နေပါသည်။

■

# အခန်း တစ်ဆယ့်ငါး

ဘားနတ်က ဆယ်နာရီတိတိတွင် တံခါးခေါင်းလောင်း လာနှိပ်သည်။ သူက အရောင်မှိန်နေသော အပြာရောင်ဘောင်းဘီတိုနှင့် သူ့အတွက် အလွန်ကျပ် နေပုံရသော တီရှပ်ကို ဝတ်ထား၏။ သူ့လက်ထဲတွင် လိမ္မော်ရောင်ဘတ်စကက် ဘော ဘောလုံးတစ်လုံး ကိုင်ထား၏။

"အဆင်သင့်ဖြစ်ပြီလား"

သူက မေး၏။

"ဖြစ်လောက်ပါပြီ။ ဖိနပ်စီးဖို့ အချိန်လေးတော့ ပေးပါဦး"

သူ ကျွန်တော့်အခန်းသို့ ဝင်လာကာ ကျွန်တော့်အလုပ်စားပွဲကို လှမ်း ကြည့်လိုက်သည်။

"အစ်ကိုကတော့ စာဖတ်နေပြန်ပြီ။ အစ်ကို့အမျိုးသမီးကတော့ အစ်ကို စာအုပ်တွေနဲ့အချိန်ကုန်နေတာနဲ့ပဲ အစ်ကို့ကို ငြီးငွေ့သွားမှာပဲ"

"လူတွေက ဒီလိုပဲ ပြောကြတာပဲ"

"ကျွန်တော်ကတော့ စာအုပ်တွေကိုစိတ်မဝင်စားဘူး၊ ကျွန်တော်က လှုပ် လှုပ်ရှားရှားမှ ကြိုက်တယ်။ ရမ်ဘိုလိုပဲ"

"ဟုတ်ပါပြီ ရမ်ဘိုရယ် ကွင်းထဲကျမှ မင်းအစွမ်းအစ ကြည့်ရသေးတာ ပေါ့"

ဘားနတ်က ကျွန်တော့်ကို နားမလည်သလိုပြန်ကြည့်ပြီး မေး၏။

"ကွင်းက အဝေးကြီးပဲ ကားက ဘယ်မှာလဲ"

"ဩမာ ယူသွားတယ်ကွ၊ ကွင်းကတစ်မိုင်လောက်ပဲဝေးပါတယ်။ ချွေး ရွှဲလောက်အောင် ခန်းဆင်းတဲ့အနေနဲ့ ပြေးသွားကြရအောင်"

ဘားနတ်က မပြေးချင် ပြေးချင် ကျွန်တော့်နောက်က လိုက်ပြေးသည်။ နေက နည်းနည်းပူသည်။ ဘားနတ်သည် နည်းနည်းပြေးလိုက်ပြီးသည်နှင့် ချွေးတွေ ရွှဲလာ၏။ မောလည်း မောလာဟန် တူ၏။

"သွေးပူပါပြီ ဘယ်ရီရယ် ကျွန်တော်တို့ လမ်းပဲ လျှောက်ကြရအောင်"

နိုင်ရိုဘီတက္ကသိုလ်နယ်မြေသည် မြို့နှင့် အတော်လှမ်း၏။ ဘတ်စကက်ဘောကွင်းမှာ ကုန်းမြင့်ပေါ်တွင် ရှိသည်။ ကျွန်တော်နှင့်သူ အချိန်အတော်ကြာ ကစားခဲ့ကြသည်။ သူက ၁၇နှစ်အရွယ် ရောက်နေသော်လည်း လူက ပိန်ချုံ့နေသည်။ အတွေ့အကြုံဗဟုသုတ နည်းနေသဖြင့် ကလေးလို ဖြစ်နေ၏။

"အစ်ကို မက်ဂျစ်ဂျွန်ဆင် ကစားတာကို ကြည့်ဖူးသလား"

"ရုပ်မြင်သံကြားထဲမှာပဲ မြင်ဖူးပါတယ်"

"အမေရိကန်မှာ လူတိုင်း ကားတစ်စင်း ရှိတယ်၊ တယ်လီဖုန်းတစ်လုံးစီ ရှိကြတယ်ဆိုတာ ဟုတ်လား"

"လူများနေပါ။ လူတိုင်းတော့လဲ မဟုတ်ပါဘူး"

ကျွန်တော်က သူ့ကို လူကြီးတစ်ယောက်လို ဆက်ဆံ ပြောဆိုနေသဖြင့် သူက ကျေနပ်နေပုံ ပေါ်၏။

"အဲဒီမှာက ဒီမှာထက်တော့ ပိုကောင်းမှာပဲနော်။ ကျွန်တော်လဲ အမေရိကကို လာချင်လိုက်တာ။ အဲဒီမှာ အစ်ကို့ရဲ့အလုပ်တွေလဲ ကူလုပ်ပေးနိုင်တာပေါ့"

"ငါ့မှာက အလုပ် မရှိတော့ဘူးကွ။ ငါလဲ အခု ဥပဒေကျောင်းပြန်တက်ပြီး ကျောင်းသားလုပ်ရတော့မှာ"

"ဟိုမှာ အလုပ်ရှာရတာ လွယ်မှာပေါ့နော်"

"လူတိုင်းအတွက် မလွယ်ပါဘူး။ အမေရိကမှာ လူတော်တော်များများ ကြပ်တည်းနေကြတာပဲ။ အထူးသဖြင့် လူမည်းတွေ ဒုက္ခပိုရောက်ကြတာပေါ့"

"ဒီမှာလောက်တော့ ဆိုးမှာမဟုတ်ပါဘူး"

သူနှင့်ကျွန်တော် ကစားရင်း ဟိုပြောဒီပြော ပြောနေကြ၏။ ကစားပြီးတော့ အအေးဆိုင်တစ်ဆိုင်တွင် သွားနားကြ၏။

"ဩမာပြောတော့ မင်း ကုန်သွယ်မှုသင်တန်းကျောင်းတစ်ကျောင်းတက်တော့မလို့ဆို"



သူက ခေါင်းတစ်ချက်ညိတ်ပြ၏။ ဤအဖြေကို သူ သိပ်စိတ်လှုပ်ရှားဟန်မတူ။

"ဘယ်ဘာသာရပ်ကို စိတ်ဝင်စားသလဲ"

"မသိပါဘူး။ မော်တော်ကားစက်ပြင်ပဲ သင်ရကောင်းမလားလို့"

"ကြိုးစားရမှာပေါ့ကွာ"

"အစ်ကိုက ကျောင်းလခပေးမှာ မဟုတ်လား"

"မင်းအသက် အခု ဘယ်လောက်ရှိပြီလဲ ဘားနတ်"

"၁၇နှစ်ပါ"

"၁၇နှစ်ဟုတ်လား။ ဒီအရွယ်က ကလေးမဟုတ်တော့ဘူး။ လူကြီးဖြစ်ပြီ။ သူ့မှာ တာဝန်ယူစရာတွေ သူ့ဘာသာသူ ရှိလာပြီ။ မင်းမိသားစုအတွက်၊ မင်းအတွက်။ ကိုယ်စိတ်ဝင်စားတဲ့ဘာသာကို ကိုယ်ကြိုးစားသင်ရမယ်။ မော်တော်ကားစက်ပြင်ပဲဖြစ်ဖြစ်ပေါ့။ ဘာဖြစ်ဖြစ် တစ်ခုခု ကိုယ့်ဘာသာကိုယ် ဖန်တီးချမှတ်ထားရမယ်။ ဩမာနဲ့ငါနဲ့က မင်းကို ကျောင်းလခတော့ပေးနိုင်မယ်။ ဒါပေမယ့် မင်းဘဝတစ်လျှောက်လုံးတော့ ငါတို့ မထောက်ပံ့နိုင်ဘူး။ ကိုယ့်ဘာသာကိုယ် ကိုယ့်အားကိုယ်ကိုးရမယ် နားလည်တယ်နော်"

"ကျွန်တော် နားလည်ပါတယ်"

သူ ချက်ချင်းတော့ သဘောမပေါက်သေးသည်ကို ကျွန်တော် ရိပ်စားမိ၏။ သူသည် မှားယွင်းသောပတ်ဝန်းကျင်တွင် ကြီးပြင်းလာရသူပီပီ ဒီလောက်တော့ ရှိမှာပေါ့။ လောလောဆယ် သူအာရုံစိုက်နေသည်မှာ ကျွန်တော့်ထံမှတော့ တလေ၏သီချင်းခွေများ၊ ဘတ်စကက်ဘောကစားရာတွင် စီးသော ဖိနပ်များ။ အပြန်ခရီးကိုလည်း လမ်းလျှောက်ပြန်လာကြ၏။ သူက ကျွန်တော့်ပခုံးကိုလက်ပြီး လာ၏။

"အစ်ကိုကြီးတစ်ယောက်ရှိတာ ကောင်းလိုက်တာနော်"

သူက ထိုသို့ပြော၏။

အာဖရိကတွင် ကျွန်တော်ဆွေမျိုး တော်တော်များများနှင့် တွေ့ခွင့်ရခဲ့၏။ မိတ်ဆွေလည်း တိုးပါသည်။



ကိုဂျိန်နဲ့နိုက်တူနီတို့တွင် ပုံမှန်အလုပ်များ ရှိ၏။ ကီဗီယာကမူ ဈေးထဲတွင် အထည်ရောင်း၏။ ပိုက်ဆံပြတ်သွားလျှင် သူ့ကလေးတွေကို တောကို ခေါ်ပို့ထား၏။ တောတွင် "အနီ"ဆိုသော မောင်ဝမ်းကွဲတစ်ဦး ရှိ၏။

နိုင်ရိုဘီတွင် စီးပွားရေးအခြေအနေက တစ်နေ့တခြား ပိုပိုကြပ်တည်းလာ၏။ အဝတ်အထည်အများစုမှာ တစ်ပတ်ရစ်များသာ ဝတ်နိုင်ကြ၏။ မိသားစုကျန်းမာရေးမှာလည်း အစိုးရဆေးရုံဆေးခန်းသာ အားကိုးရ၏။ မိသားစုတွင်းမှ လူငယ်များမှာ အလုပ်မရှိကြ။ ကင်ညာတက္ကသိုလ်သို့တက်နိုင်သူ ရှား၏။

ကိုဂျိန်နှင့်နိုက်တူနီတို့ နာဖျားမကျန်းမာဖြစ်လျှင် ခွင့်ယူရ၏။ လစာအဖြတ်ခံရ၏။ ကျန်းမာရေးခံစားခွင့် လုံးဝ မရှိ။ ဤသည်မှာ မိသားစုတစ်စုအကြောင်းသာ ဖြစ်၏။ ထိုနည်းတူ ဝေဒနာတွေ လူတိုင်းလိုလို ခံစားနေရ၏။

ဩမာကဲ့သို့ နိုင်ငံခြားမှာဘွဲ့ရပညာတတ်ပင်လျှင် အလုပ်ရှားနေ၏။ သူက အလုပ်နှစ်ခုလုပ်ရ၏။ တက္ကသိုလ်ဆရာမလခက မလုံလောက်သဖြင့် ကင်ညာစီးပွားရေးသမားများကို ဂျာမန်ဘာသာသင်ပေးရသော အလုပ်ကိုပါ အားလပ်ချိန်တွင် လုပ်ရ၏။ စုမိဆောင်းမိပိုက်ဆံလေးဖြင့် အလီဂိုရှိ အတွားအိမ်ကို ပြင်ပေးရ၏။ နိုင်ရိုဘီမြို့အနီးတွင် မြေကွက်တစ်ကွက်ဝယ်၏။

နိုင်ရိုဘီတွင် ပထမတစ်ပတ် နေပြီးနောက် အဒေါ်ဆာရာထံ နိုက်တူနီက ပို့ပေး၏။

ဩမာက လိုက်မပို့ချင်။ သို့သော် သူ၏စက်ပြင်ဆရာက ဆာရာတို့ အနီးအနားတွင်နေသည်မို့ ထိုသူထံသွားရင်း ကျွန်တော်နှင့်နိုက်တူနီကို လမ်းကြုံတင်ခေါ်သွားသည်။

"ဒီဒေသမှာ လူ ဘယ်လောက်နေသလဲ"

"တစ်သန်းလောက် ရှိလိမ့်မယ်"

"တစ်နှစ်ထက် တစ်နှစ် မတူဘူး။ လူဦးရေက များသထက် များလာတယ်။ တောကလူတွေ အလုပ်မရှိတော့ မြို့တက်လာကြတာပေါ့။ မြို့ရောက်ရင် ကျပန်းအလုပ်တွေလုပ်ကြတယ်။ ပြီးတော့ တောကိုမပြန်နိုင်ကြတော့ဘူး။ ရပ်ကွက်အသစ်တွေပေါ်လာပြီး လူဦးရေက ကြပ်တည်းလာ၊ ကျန်းမာရေးပြဿနာတွေက တက်လာတော့ မြို့မကောင်းစီကလဲ ခေါင်းရှုပ်ရတာပေါ့။ ဘူလ်ဒိုဇာတွေနဲ့



တဲအိမ်တွေကိုထိုးပစ်။ ဒီလိုနဲ့ သူတို့ ဘဝပျက်ကြပြန်ရော။ တစ်ခါ တစ်နေရာမှာ ချုံကျော်တဲတွေ ပြန်ဆောက်။ ဒီလိုနဲ့ သံသရာလည်နေတာပဲ"

ဩမာ၏ကားပြင်ဆရာဝပ်ရှော့သို့ ရောက်သောအခါ ဩမာကို ထားခဲ့ကာ နိုက်တူနီနှင့်ကျွန်တော်တို့ နှစ်ယောက်သား အဒေါ်ဆာရာထံ ထွက်ခဲ့ကြ၏။ ရပ်ကွက်ရှိ အိမ်တိုင်းလိုလို အိမ်ရှေ့မျက်နှာစာတွင် ဆိုင်ဖွင့်ရောင်းကြသည်ကို တွေ့ရ၏။ အပ်ချုပ်ဆိုင်၊ ဖိနပ်ပြင်ဆိုင်၊ လက်သမားလုပ်ငန်း။ ဟင်းသီးဟင်းရွက်ရောင်း။

၁၂ ထပ်တိုက် ၈လုံးတွဲ ဆောက်ထားသော အိမ်ယာစခန်းတစ်ခုသို့ ရောက်လာ၏။ အဆောက်အဦများမှာ ဖြစ်သလို အကြမ်းတည်ဆောက်ထားကြပြီးဖြစ်၏။

စုတ်စုတ်ပြတ်ပြတ်အခန်းတစ်ခုသို့ အရောက်တွင် အဝတ်လှန်းနေသော ကောင်မလေးတစ်ယောက်ကို နိုက်တူနီက လှမ်းမေးလိုက်၏။ ထိုကောင်မလေးလမ်းပြ၍ ဆာရာအိမ်သို့ရောက်၏။ လူလတ်ပိုင်းအရွယ် အသားမည်းမည်းခပ်ပုပုအမျိုးသမီးတစ်ဦး ထွက်လာသည်။ သူက ကျွန်တော့်လက်ကို ဖမ်းဆုပ်ကာ လူအိုဘာသာစကားဖြင့် တစ်ခုခုပြော၏။

"သူ့အစ်ကိုရဲ့သားကို ဒီလိုစုတ်တီးစုတ်ပြတ်နေရာမှာ ဧည့်ခံရတဲ့အတွက် ရှက်တယ်လို့ ပြောတယ်"

နိုက်တူနီက ဘာသာပြန်ပြ၏။

ဧည့်ခန်းမှာ ဆယ်ပေ ဆယ့်နှစ်ပေမျှသာ ကျယ်သည်။ ကုတင်တစ်လုံး၊ ကုလားထိုင်နှစ်လုံး၊ မှန်တင်ခုံတစ်လုံးနှင့် အပ်ချုပ်စက်တစ်လုံးသာ ဆန့်သည်။ နိုက်တူနီနှင့်ကျွန်တော် ထိုင်ခုံကို တစ်လှည့်စီထိုင်ရသည်။ ဆာရာက ကျွန်တော့်မျက်နှာကို သေသေချာချာလေ့လာနေ၏။ ဆာရာ့မျက်နှာမကောင်းသည်ကို ကျွန်တော် ရိပ်စားမိသည်။

"နှလောက်ကြာပြီးမှ ဘာဖြစ်လို့ သူ့ဆီ အခုမှလာတာလဲလို့ သူကမေးတယ်။ မင်းအဘိုးရဲ့သမီးအကြီးဆုံးက သူပဲ။ ဒါကြောင့် သူ့ဆီ အရင်ဆုံးလာတွေ့သင့်တာပေါ့လို့ သူက ပြောနေတယ်"

နိုက်တူနီက ဘာသာပြန်ပေးသည်။

"ကျွန်တော် မရှိမသေသေဘောနဲ့ ဒီလိုလုပ်တာ မဟုတ်ပါဘူးလို့ ပြောပေးပါ။ ရောက်ကတည်းက အလုပ်တွေရှုပ်နေလို့ ခုမှလာတာပါ"

ကျွန်တော်က ဆာရာကို ကြည့်ပြီးပြောလိုက်၏။ သူကတော့ နားလည်ဟန်မတူ။ ဘာသာပြန်သူက ပြန်ပြလိုက်သည်။

"သူက ပြောတယ်။ မင်းနဲ့ အခု အတူတူနေတဲ့လူတွေဆီက လိမ်တာညာတာတွေပဲ သိရမယ်"

"ပြောလိုက်ပါ ဘယ်သူမှ အခေါ်အကြောင်း မကောင်းပြောတာ မကြားမိပါဘူးလို့။ ဩမာတစ်ယောက်ပဲ အဘိုးကြီးရဲ့မြေကိစ္စနဲ့ပတ်သက်လို့ အငြင်းပွားရတာ မျက်နှာပူတဲ့အတွက် ဒီကို လိုက်မလာတာပါ"

"ရုံးမှာ အမှုဖြစ်တာ သူ့အပြစ် မဟုတ်ပါဘူးတဲ့။ အိုဘားမားရဲ့ သားသမီးတွေဟာ အိုဘားမားရဲ့သားသမီးတွေပဲ။ ဒါပေမယ့် သူတို့က ယူစရာရှိတာ အကုန်ယူကြတော့ တကယ့်လူတွေက သူတောင်းစားအဖြစ်ကျန်ခဲ့ရတာပဲ စိတ်မကောင်းတာပါလို့ ပြောပါတယ်"

နိုက်တူနီ ဘာသာပြန်တာကို ဆာရာက ခေါင်းတညိတ်ညိတ်နားထောင်ပြီးမှ ရုတ်တရက် အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်၏။

"ဟုတ်တယ် ဘယ်ရီ။ မင်းအဖေငယ်ငယ်လေးကတည်းက ထိန်းခဲ့ရတဲ့သူက အခေါ်ပဲ။ ငါ့အမေ အကုဘူကလဲ မင်းအဖေရဲ့အမေပဲ။ အကုမူက မင်းရဲ့ အဘွားအစစ်။ အခု မင်းခေါ်နေတဲ့အဘွားက အဘွားအစစ်မဟုတ်ဘူး။ အကုမူက မင်းအဖေကိုမွေးတဲ့သူ။ ဒါကြောင့် မင်းသူ့ကိုကူညီသင့်တယ်။ နောက်ပြီး ငါ့ကိုကြည့်ဦး။ ငါက မင်းအစ်ကိုရဲ့ညီမ၊ ငါအခုဘယ်လိုနေရသလဲဆိုတာ မင်းအမြင်ပဲ။ တခြားသူတွေကို မင်းကူညီမယ့်အစား ငါတို့ကို မင်းဘာဖြစ်လို့မကူညီရတာလဲ"

ကျွန်တော် မဖြေနိုင်ခင် နိုက်တူနီနှင့် ဆာရာတို့ လျိုဘာသာစကားဖြင့် အငြင်းအခုန် ဖြစ်ကြ၏။ နောက်ဆုံးတွင် နိုက်တူနီက မတ်တပ်ရပ်၊ စကတ်ကို ဆန့်လိုက်ပြီး

"ကျွန်မတို့ သွားကြရအောင် ဘယ်ရီ" ဟု ပြော၏။

ကျွန်တော်လည်း ကုလားထိုင်မှထလိုက်၏။ သို့သော် ဆာရာက ကျွန်



တော့ လက်နှစ်ဘက်စလုံးကို ဆုပ်ကိုင်လိုက်ကာ လေသံပျော့ကလေးဖြင့် ပြောသည်။

"မင်း ငါ့ကို တစ်ခုခုမပေးနိုင်ဘူးလား မင်းအဘွားအတွက်လေ"

ကျွန်တော် ပိုက်ဆံအိတ်ကို နှိုက်လိုက်၏။ ဒေါ်လာသုံးဆယ်ဖိုးလောက်ရှိသော သူတို့သုံးငွေ ပေးလိုက်၏။

"နေပါဦး ဘယ်ရီ မင်း တွေ့စရာကျန်သေးတယ်"

ဆာရာက ပိုက်ဆံကို အိတ်ထဲထည့်လိုက်ရင်း ပြော၏။

"နောက်မှပြန်လာလို့ ရသေးတယ်။ ကဲ သွားကြစို့ဟော့"

နိုက်တူနီက ပြောသည်။

ကျွန်တော်တို့ အပြင်ရောက်မှ နိုက်တူနီနှင့်ဆာရာကို ဘာကိုအငြင်းပွားကြတာလဲဟု မေးလိုက်၏။

"ဘာမှမဟုတ်ပါဘူးကွယ် ဒါကတော့ လင်သားမရှိတဲ့ အဘွားကြီးတွေဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝပါပဲ"

သူက မပြောချင်ပြောချင် ပြော၏။

"အခေါ်ရယ် ကျွန်တော့်ကို အမှန်ပြောပြစမ်းပါ"

"ဘာရယ်မဟုတ်ဘူးဟဲ့ ငါလဲ သိပ်မသိဘူး။ ဆာရာက သူ့ရဲ့အမေအရင်းအကုမူနဲ့ အနေများတယ်။ ဒါပေမယ့် အကုမူမရှိတော့တဲ့အခါ အဖေက ငါတို့ရဲ့ အမေ၊ အဘွားကိုပဲ သူက ဂရုစိုက်တယ်"

"အကုမူက ဘာဖြစ်လို့ထွက်သွားတာလဲ"

"ငါလဲ သေချာပေါက်တော့ မသိဘူး။ မင်း သိချင်ရင် အဘွားကိုမေးကြည့်ပေါ့။ မင်းအဖေနဲ့ဆာရာက တော်တော်တူတာတွေရှိတယ်။ သူတို့ချင်းသာ အဆင်မပြေကြတာ။ ဆာရာက မင်းအဖေလိုပဲ လွတ်လွတ်လပ်လပ်နေချင်တယ်။ ငယ်ငယ်တုန်းက သူပြောဖူးတယ်။ သူ ပညာသင်ချင်တယ်တဲ့။ ဒါမှ ယောက်ျားတွေကို အားမကိုးရမှာတဲ့။ သူ ယောက်ျားတစ်ယောက်ပြီး တစ်ယောက်ယူတယ်။ ယောက်ျားတစ်ယောက်ကတော့ ဆုံးသွားတယ်။ နောက်လူတွေကျတော့ သူကပဲ ထားခဲ့တာ။ တချို့လူတွေက ပျင်းလို့ တချို့လူတွေက သူ့ကိုဆဲလို့တဲ့။ ငါ အဲဒါတော့ သူ့ကို ချီးကျူးတယ်။ ကင်ညာက အမျိုးသမီးတော်တော်များများက ယောက်ျား



ဘာလုပ်လုပ် ငုံ့ခံတတ်ကြတယ်။ ဆာရာကတော့ သူ့လွတ်လပ်ခွင့်အတွက် သူလုပ်ချင်တာလုပ်တယ်"

နိုက်တူနီက လမ်းလျှောက်လာရင်း ပြော၏။ နဖူးပေါ်တွင်သီးလာသော ချွေးများကို သူ့လက်ဖမိုးဖြင့် သုတ်ရင်းဆက်ပြော၏။

"ဘာပဲဖြစ်ဖြစ် ဆာရာက သူ့ပထမခင်ပွန်း ဆုံးသွားတာနဲ့ မင်းအဖေက သူနဲ့သူ့သားကိုထောက်ပံ့ရမယ်လို့ပြောတယ်။ အဲဒီအချိန်မှာ အဖေက ဘွဲ့ရပြီးပြီလေ။ ဒါကြောင့် သူက ကီဇီယာနဲ့သူ့ကလေးတွေကိုမကြိုက်တာ။ သူက ကီဇီယာဟာ ဘာမဆိုအကုန်ယူချင်တဲ့မိန်းမလေးလို့ သူ ထင်တယ်။ မင်းသိထားဖို့က လျိုလူမျိုးတွေရဲ့ဓလေ့ထုံးစံအရ သားယောက်ျားလေးဟာ အရာရာကို အမွေဆက်ခံနိုင်တယ်။ မင်းအဘိုး သေသွားရင် အဘိုးပိုင်ဆိုင်တာ မှန်သမျှကို ဘားရက်နဲ့ သူ့ဇနီးတွေက အကုန်ဖောင်ပိုင်စီးကြမယ်လို့ ဆာရာက ပူနေခဲ့တယ်။ အဲဒီအခါ သူ့မှာ ဘာမှရစရာမကျန်တော့ဘူးလေ"

"ဒါဆို အဘိုးကြီးရဲ့ကလေးတွေက ဘယ်သူဘယ်ဝါတွေဆိုတာနဲ့ ပတ်သက်လို့ လိမ်လည်ပြောကြတာကို ဆင်ခြေပေးလို့မရတော့ဘူးပေါ့"

"မင်းမှန်တယ် ဒါပေမယ့်"

"ဒါပေမယ့် ဘာလဲ"

နိုက်တူနီက လမ်းလျှောက်တာရပ်ပြီး ကျွန်တော့်ဘက်လှည့်လိုက်၏။

"မင်းအဖေက ဒီကနေထွက်ခွာပြီး အမေရိကန်မှ ရုသ်နဲ့ အတူတူနေပြီးတဲ့နောက်မှာ မင်းအဖေက ကီဇယာဆီ တစ်ခါတလေ လာတယ်။ အစဉ်အလာ ဓလေ့ထုံးစံအရဆိုရင်တော့ သူဟာ တရားဝင်ဇနီးဖြစ်နေဆဲပဲ။ အဲဒီအချိန်အတော အတွင်းမှာပဲ ကီဇီယာက 'အဘို' ဆိုတဲ့ကလေးကို ကိုယ်ဝန်ရသွားတယ်။ ကီဇီယာက ဒီအချိန်မှာ တခြားသူတစ်ယောက်နဲ့လဲ ငြိနေသေးတယ်။ ဒါကြောင့် နောက်တစ်ခါကိုယ်ဝန်ရပြီး ဘားနတ်ကိုမွေးတော့ ဘယ်သူ့ရဲ့ရတယ်ဆိုတာ မသိတော့ဘူး"

"ဒီအကြောင်းကို ဘားနတ် သိသလား"

"အခုတော့ သိသွားပြီပေါ့။ မင်း နားလည်ထားဖို့က ဒီအချက်တွေက မင်းအဖေအတွက်တော့ ဘာမှ ထူးထူးခြားခြားမရှိလှဘူး။ အားလုံးဟာ သူ့ကလေးတွေပဲလို့ သူက ပြောတယ်။ ဒါကြောင့် သူတတ်နိုင်သမျှ ကီဇီယာရဲ့ကလေးတွေ



အတွက် ပိုက်ဆံပေးတယ်။ ဒါပေမယ့် သူသေသွားတော့ စာတ်တွေက ရှုပ်ကုန်တာပေါ့"

နိုက်တူနီပြောသည်များကို ကျွန်တော်က ဆက်နားထောင်နေမိသည်။

"မင်းအဖေလဲ ကံမကောင်းအကြောင်းမလှ ဖြစ်ရော မင်းအဖေ ကူညီခဲ့တဲ့လူတွေက သူ့ကို မေ့ပစ်လိုက်ကြတယ်။ မင်းအဖေကို သူတို့က ဟားတိုက်ပစ်ကြတယ်၊ သူ့ကို ဘယ်သူမှ အိမ်မှာ လက်မခံချင်ကြဘူး။ ဟုတ်တယ် ဘယ်ရီ၊ သူတို့က ငြင်းကြတယ်။ ဒီတော့ မင်းအဖေခံစားရတော့တာပေါ့ကွာ။ ဒါပေမယ့် သူက ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး။ မင်းအဖေက မနာတတ်ဘူး။ သူပြန်ပြီး အခြေအနေကောင်းလာတဲ့အခါ သူ့ကို ပစ်တောင်းစကာလုပ်ကြသူတွေကို ပြန်ထောက်ပံ့တာပဲ။ ဒါတော့ ငါဘယ်လိုမှနားမလည်နိုင်ဘူး။ ဒါကြောင့် ငါက မေးလိုက်တယ်။ ဘားရက် ကိုယ့်ဘာသာကိုယ်ဂရုစိုက်၊ ကိုယ့်သားသမီးတွေကို ကိုယ်ကြည့်ရှုစောင့်ရှောက်၊ ကျန်တဲ့လူတွေက ရှင့်ကို ရက်ရက်စက်စက် ဆက်ဆံကြတယ်၊ သူတို့က အလုပ်လုပ်ဖို့ပျင်းတဲ့လူတွေချည်းပဲ၊ အဲဒီအခါ သူက ငါ့ကို ဘာပြန်ပြောတယ်ထင်သလဲ။ ကိုယ့်စေတနာ ကိုယ်သိပါတယ်ကွာ တဲ့"

မကြာခင် ဩမာနှင့်ပြန်ဆုံကြ၏။ အဒေါ်က လမ်းခွဲကာနီးတွင် တစ်ခု ပြောသွားသည်။

"မင်းအဖေက ဒီလိုအကြပ်အတည်းတွေထဲ၊ ဖိအားအပေးခံရတာတွေထဲမှာ နေသွားရတဲ့သူပါ။ ဒါကြောင့် သူ့ကို မင်း သုံးသပ်ရင် ရက်ရက်စက်စက် မသုံးသပ်ပါနဲ့ကွာ။ သူ့ဘဝကို မင်းနားလည်အောင် လုပ်ပါနော်"

*

နောက်ပိုင်းတွင် ဩမာက အဖေ့အကြောင်းများ ထပ်ပြော၏။

"ရုသ်က အဘိုးကြီးကို ကွာရှင်းတဲ့အခါ တော်တော် ခံစားသွားရတယ်။ သူတို့ကွဲကွာပြီးနောက်မှာ ရုသ်က တန်စန်းနီးယားသားတစ်ယောက်နဲ့လက်ထပ်တယ်။ မာ့ခ်နဲ့ဒေးဗစ်ကိုလဲ သူ့နောက်ယောက်ျားနာမည်ကို ယူခိုင်းတယ်။ သူက ကလေးတွေကို နိုင်ငံတကာကျောင်း တက်ခွင့်ပြုတယ်။ နိုင်ငံခြားသားတွေလိုပဲ ပြုမူတောင်ပေးတယ်။ ကျွန်မတို့ဘက်ကလူတွေနဲ့ ဒီကလေးတွေ ဘာမှမပတ်သက်ဘူးလို့ပဲ သူက ပြောတတ်တယ်"

‘မတ်က သူ့အမေရဲ့လေကိုလိုက်ပြီး ကျွန်မတို့ဘက်ကလူတွေနဲ့အဆက်အဆံမလုပ်ဘူး။ ဒေးဗစ်ကတော့ သူ့အမေကို သူပြန်ပုန်ကန်တယ်။ သူက သူ့ကိုယ်သူ အာဖရိကန်လူမျိုးပါလို့ပြောတယ်။ သူ့ကိုယ်သူ အိုဘားမားလို့လဲ ခံယူတယ်။ တစ်ခါတလေ ကျောင်းလစ်ပြီး အဘိုးကြီးနဲ့ ကျွန်မိသားစုကို လာလာတွေ့တယ်။ ဒါကြောင့်လဲ ကျွန်မတို့ သူ့ကိုသိလာရတာ။ သူက လူတိုင်းရဲ့အချစ်တော်လေးလဲ ဖြစ်လာတယ်။ သူက သိပ်ပြီးချစ်စရာကောင်းတယ်။ ဟာသဉာဏ်လဲရှိတယ်။ တစ်ခါတလေတော့ ဆိုးတာပေါ့’

‘ရှသ်က သူ့ကို ငြိမ်အောင်ဆိုပြီး ဘော်ဒါဆောင်ပို့တယ်။ ဒါပေမယ့် ဒေးဗစ်က ထွက်ပြေးတယ်။ သူ လအတော်ကြာပျောက်နေတယ်။နောက်မှ ရွိုင်းက ရပ်ဘီကွင်းအပြင်မှာ သူ့ကိုပြန်တွေ့တယ်။ ညစ်ပတ်ပေရေလို့။ လူတွေဆီက ပိုက်ဆံတောင်းနေရရှာတယ်။ သူက ရွိုင်းကိုတွေ့တော့ ရယ်ပြတယ်။ လမ်းပေါ်က သူ့ဘဝကိုပြောပြတယ်။ဒါနဲ့ ရွိုင်းက သူ့ကိုအိမ်ခေါ်လာပြီးမှ ရှသ်ကိုအကြောင်းကြားတယ်။ သူ့သားကို ပြန်ခေါ်တယ်၊ မရဘူး။ ဒီလိုနဲ့ ရွိုင်းနဲ့နေရင်း သူသေသွားတယ်။ ကျွန်မတို့တတွေ ပူဆွေးသောက ရောက်ကြရတာပေါ့။ ဒါပေမယ့် အကြောင်းရင်းမှန်တွေကို ရှသ်က မသိဘူး။ ကျွန်မတို့ကပဲ ဒေးဗစ်ကို ဝိုင်းဖျက်ဆီးကြလို့ သေသွားသလိုလို။ ကျွန်မတို့ကပဲ သူ့သားကို ခိုးပြီး မြှောက်ပေးကြသလိုလို။ သူက ကျွန်မတို့ကို ဘယ်တော့မှခွင့်မလွှတ်ဘူးတဲ့’

ဩမာပြောသော ဒေးဗစ်အကြောင်းက ရင်နင့်စရာ။ နောက်ရက်အနည်းငယ်အကြာတွင် ကျွန်တော်တို့ ဖိတ်စာတစ်ခု ရ၏။

‘ရှသ်ဆီက ဖိတ်စာ၊ နေ့ရာသီမှာ မတ်ပြန်လာမယ်တဲ့။ အဲဒီအခါ ကျွန်မတို့နဲ့လဲ နေ့လည်စာစားရင်း ဆုံချင်လို့တဲ့’

ဩမာက ပြော၏။

‘မင်း သွားချင်သလား’

ကျွန်တော်က မေးတော့ ဩမာက ခေါင်းခါပြ၏။

‘ကျွန်မ ဒီရောက်နေတာ ဖိလဲလောက်ရှိပြီဆိုတာ ရှသ် သိသားပဲ။ သူက ကျွန်မကို ဂရုမစိုက်ဘူး။ အခုဖိတ်ခြင်းရဲ့အကြောင်းရင်းက သူက အစ်ကိုကို စပ်စုချင်လို့ပဲ။ အစ်ကိုနဲ့မတ်ကို နှိုင်းယှဉ်ကြည့်မယ်လေ’



‘ငါတော့ သွားသင့်တယ်ထင်တာပဲ’

ကျွန်တော်က ပြောလိုက်တယ်။

‘ဒါဆို ကျွန်မတို့အတူတူသွားကြတာပေါ့’

ဩမာကလည်း ပြော၏။

ရှသ်က ဝက်စ်လင်းရပ်ကွက်တွင် နေ၏။ လူကုံထံရပ်ကွက်။ အိမ်ကြီးအိမ်ကောင်းတွေချည်း သီးသန့်ရှိသောရပ်ကွက် ဖြစ်၏။ သားနားခန့်ညားသောအိမ်တစ်လုံးရှေ့တွင် မေးရိုးရှည်ရှည် ဆံပင်ဖြူဖြူနှင့်လူဖြူမကြီးတစ်ဦးနှင့် သူ့နောက်က ကျွန်တော့်အရပ်နီးပါးရှိသည့် ကျွဲကော်ကိုင်းမျက်မှန် တပ်ထားသည့်လူငယ်တစ်ဦးက ကျွန်တော်တို့ကိုကြိုနေ၏။ အထဲတွင် ထိုင်ပြောင်ပြောင်လူမည်းအဘိုးကြီးတစ်ဦးနှင့် ကောင်လေးတစ်ယောက်တို့ကို တွေ့၏။

‘ဒါက ကျွန်မရဲ့ခင်ပွန်းလေ။ သူက မတ်ရဲ့ညီလေး ဂျိုဝီ’

ကျွန်တော်က ‘ဟေး ဂျိုဝီ’ဟု ကလေးကိုနှုတ်ဆက်လိုက်သည်။

ဖျားရည်ရောင်အသားနှင့် ချစ်စရာကောင်းလေးဖြစ်၏။ရွှေသွားနှစ်ချောင်းက ကျိုးနေ၏။

‘ရှင်နဲ့ကလေးက ကလပ်ကို သွားမလို့ဆို’ဟု ရှသ်က ခင်ပွန်းကိုပြောလိုက်၏။

‘ဟုတ်တယ် ဟုတ်တယ် ဂျိုဝီရေ လာတော့။ ခင်ဗျားတို့ နှစ်ယောက်လုံး တွေ့ရတာ ဝမ်းသာပါတယ်ဗျာ’ဟုဆိုကာ ထွက်သွားကြ၏။

‘ဘယ်ရီရေ မင်းကို ဒီမှာတွေ့ရတာ အံ့ဩမိပါရဲ့။ ငါက မတ်ကိုပြောထားသေးတယ်။ အိုဘားမားရဲ့တခြားသားတစ်ယောက် ဘယ်လိုရှိတယ်ဆိုတာ ပါတို့ကြည့်ကြရအောင်လို့။ မင်းနာမည်က အိုဘားမားပဲနော်။ မင်းအမေက အိမ်ထောင်အသစ်ထပ်ပြုပြီးပြီပဲ။ ဒါတောင် မင်းအမေက ဒီနာမည်ကို ဆက်ပေးထားလိုက်ပဲနော်’

ရှသ်က စ,ပြော၏။ ကျွန်တော်က သူ့မေးခွန်းကို နားမလည်သည့်ပုံစံမျိုးလုပ်ပြကာ ပြုံးနေလိုက်၏။

‘မတ်ရေ မင်းက ဘတ်ကလီမှာ ကျောင်းတက်နေတယ်ဆို’

ကျွန်တော်က မတ်ဘက် လှည့်ပြောလိုက်၏။



‘စတင်းဖို့ဒ်မှာပါ။ အဲဒီမှာ ရူပဗေဒဘာသာရပ်နဲ့ နောက်ဆုံးနှစ် တက်နေပါတယ်’

သူ့အသံက အမေရိကန်သံအစစ်။

‘ခက်မှာပေါ့နော်’

ဩမာက ဝင်ပြော၏။

‘သိပ်လဲ မခက်လှပါဘူး’

မတ်က ပခုံးတွန့်ပြီး ပြော၏။

‘မတ်တို့သင်ရတဲ့ ဘာသာရပ်က သိပ်ရှုပ်ထွေးတော့ လူလက်တစ်ဆုပ်စာလောက်ပဲ နားလည်ကြတယ်။ ဘယ်ရီလဲ ဟားဗတ်ကို တက်တော့မယ်ကြားတယ်။ မင်းအဖေလိုပဲပေါ့။ မင်းက အဖေ့ရဲ့ဦးနှောက်ကို အမွေရတဲ့ ကလေးပဲ။ ကျန်တဲ့အရည်အချင်းတွေတော့ အမွေမယူနဲ့နော်။ မင်းသိတဲ့အတိုင်း အိုဘားမားက စပ်ဖိုက်မိုက်ရယ်။ အရက်သောက်တော့ ပိုဆိုးတာပေါ့။ မင်းအဖေနဲ့ မင်းနဲ့ ဆုံဖူးသေးလား’

‘တစ်ခါပဲ ဆုံဖူးပါတယ်။ ကျွန်တော် ဆယ်နှစ်သားတုန်းကပါ’

‘မင်းက ကံကောင်းပါတယ်။ မင်း ခုလို ပညာတွေဘာတွေ တတ်လာတာပေါ့’

နောက်ပိုင်း တစ်နာရီလောက် စကားပြောကြရာတွင် ရှသ်က ကျွန်တော့်အမေ၏ညှိုးကွက်တွေပြောလိုက် သူ့သားမတ်၏ထူးချွန်ပုံတွေပြောလိုက်နှင့်။ သိချင်တာတချို့ကို ကျွန်တော့်ကိုသာ ဦးတည်မေး၏။ ဩမာကမူ ဘာမှမပြောဘဲ ရှသ်အမူအရာများကိုသာ ဆိတ်ဆိတ်လေး အကဲခတ်နေ၏။ စားသောက်ပြီးကတည်းက ကျွန်တော်လည်း ပြန်ချင်လှပြီ။ သို့သော် အချိုပွဲစားနေတုန်း ရှသ်က မတ်၏ဓာတ်ပုံအယ်လ်ဘမ်စာအုပ်ကို ပြသည်။

‘အမေရယ် သူတို့က စိတ်ဝင်စားမှာမဟုတ်ပါဘူး’

မတ်က ဝင်ပြော၏။

‘စိတ်ဝင်စားမှာပါ သားရဲ့။ အိုဘားမားရဲ့ပုံတွေလဲ ပါတယ်။ သူငယ်ငယ်တုန်းက ပုံတွေလေ’

ကျွန်တော်တို့က မတ်၏စာအုပ်စင်နောက်သို့လိုက်ကာ သူ၏ အယ်လ်



ဘမ်စာအုပ်ထူကြီး ထုတ်ပြသည်ကို ကြည့်ကြ၏။ ထိုင်ခုံတွင် ထိုင်ကာ ဓာတ်ပုံတွေကို တစ်ခုချင်းကြည့်၏။ ပိန်ပိန်မည်းမည်းဩမာနှင့်ရွိုင်းပုံတွေ။ အဘိုးကြီးနှင့်ရှသ် ပင်လယ်ကမ်းခြေတွင် တွဲရိုက်ထားပုံ။ မိသားစုတစ်စုလုံး ဝတ်ကောင်းစားလှတွေဝတ်ပြီး အပြင်ထွက်ကာနီးပုံ။ ကျွန်တော်က မိသားစုတွေ ပျော်ပျော်ရွှင်ရွှင်ရိုက်ကူးထားသောပုံများကို ကြည့်ပြီး ကြည်နူးမိ၏။ တစ်ချိန်တည်းမှာပင် ဝမ်းနည်းစိတ်လည်း ခံစားမိသည်။ သူတို့မိသားစုတွေလို ပျော်ပျော်ရွှင်ရွှင်စည်းစည်းလုံးလုံးနေသွားချင်လိုက်တာ။ အမေ၊ အဖေ၊ ညီမတွေညီတွေနှင့်တစ်မိုးအောက်တွင် နေချင်ပါသည်။

အပြန်ကားပေါ်တွင် ဩမာက မှတ်ချက်တစ်ခုချ၏။

‘မတ်က သနားစရာကောင်းပါတယ်။ သူကြည့်ရတာ အထီးကျန်နိုင်လွန်းတယ်။ အစ်ကိုသိတဲ့အတိုင်း သွေးနှောထားတဲ့ ကလေးတစ်ယောက်အနေနဲ့ ကင်ညာမှာနေရတာ မလွယ်လှဘူး’

ကျွန်တော်ကတော့ အမေ၊ တွတ်နှင့် အဘိုးတို့၏ကျေးဇူးတရားများကို ဆင်ခြင်မိ၏။ သူတို့ မြေတောင်မြှောက်မွေးကျွေးပြုစုခဲ့၍သာ ကျွန်တော် လူတစ်လုံးသူတစ်လုံးဖြစ်ခဲ့သည် မဟုတ်ပါလော။ ကျွန်တော်က ဩမာကိုသိချင်တာတစ်ခုမေးလိုက်၏။

‘သူက အဘိုးကြီးကို ခုထိ မမေ့သေးဘူးနော်’

‘ဘယ်သူလဲ’

‘ရှသ်ကိုပြောတာ သူက အဘိုးကြီးကိုမမေ့သေးဘူး’

ဩမာက ခေတ္တမျှ စဉ်းစားသလိုလုပ်နေ၏။

‘မဟုတ်တာ ဘာရယ် ကျွန်မ ထင်တယ်။ သူ မမေ့နိုင်ပါဘူး။ ကျွန်မတို့ ကျန်တဲ့လူအားလုံးလဲ မေ့မှမမေ့နိုင်ကြတာ’

*

နောက်အပတ်တွင် ကျွန်တော်က မတ်ကို ဖုန်းဆက်ကာ နေ့လည်စာစားရန် ဖိတ်လိုက်၏။ သူက ခေတ္တမျှနှောင့်နှေးသလိုဖြစ်ပြီးမှ မြို့လယ်ရှိ အိန္ဒိယစားသောက်ဆိုင်တွင် တွေ့ရန် ချိန်း၏။ သူ့ကို ကြည့်ရသည်မှာ ပထမဆုံးတွေ့စဉ်ကထက်တော့ ပို၍သက်တောင့်သက်သာရှိပုံပေါ်၏။ ဟာသတွေ ဘာတွေ

ပင် နည်းနည်းပါးပါး၊ စောက်၏ ကာလီဖိုးနီးယားအကြောင်း။ သူ့ပညာကြိုးစား သင်ရသည့်အကြောင်းများ ပြော၏။ ကျွန်တော်က ဒီးကိုပြန်လာရသောအချိန်စား မှုကို ပြေးကြည့်သည်။

'ကောင်းပါတယ် အမေတို့ အဖေတို့ပြန်တွေ့ရတာ ဝမ်းသာစရာပါပဲ။ ညီမလေး၊ဦးဦးတို့လဲ ကျွန်တော် ချစ်တယ်လေ။ ကင်ညာနိုင်ငံကိုတော့ ကျွန်တော် သိပ်အဆက်အစပ်မရှိဘူး။ ဆင်းရဲတဲ့အာဖရိကနိုင်ငံတစ်နိုင်ငံလို့ ထင်တာလောက် ပါပဲ'

'ဒီမှာ မင်း၊ အခြေချဖို့ စိတ်မကူးဘူးလား'

မတ်က ကိုကာကိုလာ တစ်ကျိုက်မော့လိုက်ပြီးမှ

'ဒီမှာက ရူပဗေဒပညာရှင်အတွက် အလုပ် သိပ်မရှိဘူးလေ။ လူများစု တယ်လီဖုန်းတောင်မရှိတဲ့နိုင်ငံမျိုးမှာ ကျွန်တော့်အတွက် အလုပ်ဘယ်ရှိပါ့မလဲ'

ကျွန်တော်က ဒီမှုလောက်ပြင့်ပင် စကားတွေရပ်သင့်ပြီ။ သို့သော် ကျွန်တော် သူ့ထံမှ တစ်ခုခု ထူးဆွကြည့်လိုစိတ်က ရှိနေသေးသည်။ သူ့ကို ကြည့်ရသည်မှာ မှုန်မှိုင်းနေသောကြေးမုံပြင်လိုပြစ်နေသည်။ နည်းနည်း ပွတ်သပ်ကြည့်ချင်စိတ်ပေါ်လာသည်။

'မင်းမှာ တစ်ခုခု ပျောက်ဆုံးလစ်ဟာနေတဲ့ ခံစားမှုမျိုး မရှိဘူးလား'

မတ်သည် စားလက်စ စက်ရင်းနှင့်ခွန်းကိုချလိုက်၏။ ပထမဆုံးအကြိမ် ကျွန်တော့်မျက်လုံးကို တည့်တည့်စိုက်ကြည့်သည်။

'အစ်ကို ဘာကိုဆိုလိုတာလဲ ကျွန်တော် သိတယ်။ ကျွန်တော့်အမေရင်း ဘယ်သူလဲဆိုတာ မစဉ်းစားမိဘူးလားလို့ မေးတာ မဟုတ်လား။ သူက အသက် ရှင်စဉ်ကတည်းက ကျွန်တော့်အတွက်တော့ သေလူပါပဲ။ သူက အချိန်ပြည့်မူး နေတာ။ သားတွေမယားတွေကို ဂရုစိုက်တာမဟုတ်ဘူး။ဒီလောက်ဆို လုံလောက် ပါပြီနော်'

'ဒါကြောင့် မင်း၊ စိတ်ကုန်တာပေါ့ ဟုတ်လား'

'စိတ်ကုန်တာမဟုတ်ဘူး ထုံထိုင်းသွားတာ'

'အဲဒီအတွက်ကြောင့် ...'

'သူ့ကိုပဲ စိတ်တွေထုံထိုင်းကုန်တာပါ။ တခြားအရာတွေက ကျွန်တော်



အထဲ ဝင်လာတယ်။ ဗေထိုဗင်ရဲ့ဂီတသံတွေ၊ ရိုက်စပီးယားရဲ့ ဆွမ်းနက်တွေ၊ ဘယ်ကို အာဖရိကလူမျိုးတွေ ဘယ်ခံစားတတ်မလဲ။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ ဘာကိုအလေးထားသင့်တယ် ဘာကိုအလေးမထားသင့်သလဲဆိုတာကို ညွှန်ကြား ပြပေးမယ့်သူမှ မရှိတာ။ အစ်ကို နားလည်ထား၊ ကျွန်တော်က ကင်ညာသွေး တစ်ဝက်ပါနေတာ မရှက်ပါဘူး။ ကျွန်တော် ဘယ်လိုလူမျိုးဆိုတာလဲ ကျွန်တော် မမေးမိဘူး။ ကျွန်တော်က ကျွန်တော့်ဘာသာကျွန်တော်ပဲ ဂရုစိုက်ရတဲ့သူပါ'

သူက ပြောရင်းနှင့် တန့်သွား၏။

'ကျွန်တော်လဲ စိတ်ဖိစီးမှု ခံရသင့်သလောက်ခံစားရတာပေါ့ဗျာ။ ဘဝ ဆိုတာက ဝန်ပိုဝန်ထုပ်တွေကြောင့်ပဲ နဂိုကတည်းက ဖိစီးမှုရှိပြီးသားပါ'

သူက ဆက်ပြော၏။ စားပြီးသောက်ပြီး၍ ကျွန်တော်က ကျသင့်ငွေရှင်း ပေးခဲ့၏။ အပြင်ရောက်တော့ လိပ်စာတွေ လဲလှယ်ပြီး စာရေးကြရန် ပြော၏။ အိမ်ပြန်ရောက်တော့ ကျွန်တော်က အဖြစ်အပျက်ကိုဩမာအားပြောပြ၏။ဩမာ က ဟယ်ဟက်ပက်ပက်ရယ်၏။

'ဘာတွေ ရယ်စရာတွေ့နေလို့လဲ'

'ဘဝ ဆိုတာ သိပ်ထူးဆန်းတာ စဉ်းစားမိလို့ပါ။ အဘိုးကြီးဆုံးတော့ ရုပ်အလောင်းတွေက အမွေဆက်ခံသူတွေကို လိုက်ဆက်သွယ်တယ်။ ရုံးမှာက မတ်ရဲ့ အမေ ဘယ်သူဆိုတာ သက်သေပြနိုင်မယ့် စာရွက်စာတမ်းတွေရှိတယ်။ ကျွန်မ အမေမှာတော့ ဘာမှမရှိဘူး။ ဒါကြောင့် အဘိုးကြီးရဲ့ကလေးတွေအားလုံးထဲမှာ မတ်တစ်ယောက်ပဲ တရားဝင်ပြနိုင်တာပေါ့'

ဩမာက ပြောရင်းနှင့်ရယ်ပြန်၏။ ကျွန်တော်က နံရံမှဓာတ်ပုံကို မော့ ကြည့်လိုက်သည်။ ရုံးခန်း၏အဝယ်လ်ဘမ်တွင်တွေ့ခဲ့ရသောပုံမျိုး။ ညီအစ်ကို သုံး ယောက်နှင့် ညီမလေး တစ်ယောက် ကင်မရာရှေ့တွင် ပြုံးပြုံးရွှင်ရွှင် ရိုက်ထား ထားသောပုံ။

■

# အခန်း၊ တစ်ဆယ့်ခြောက်

ကင်ညာတွင် ဒုတိယပတ် ကုန်ကာနီးပြီ။ ဩမာနှင့်ကျွန်တော် ဆာဖာရီ ခရီး သွားကြ၏။ တောပစ်ရန် မဟုတ်ဘဲ တောပစ်ခရီးကို ဓာတ်ပုံရိုက်ကြရန် သာ ဖြစ်၏။ ကျွန်တော်က အစီအစဉ်ကို ပြောသောအခါ ဩမာက ပထမတော့ သဘောမတူ။

'ကင်ညာလူမျိုး ဘယ်လောက်များများ ဆာဖာရီထွက်ဖူးတယ် ထင်သ လဲ။ ကမ္ဘာလှည့်ခရီးသည်တွေအတွက်ပဲ တောကြီးကို ဒီအတိုင်းထားပြီး လယ် ယာတွေမလုပ်ဘဲ ပစ်ထားတာ တရားမျှတရဲ့လား။ ဆင်တစ်ကောင်ကိုသတ် ဖို့မှ ကုန်ကျမယ့်စရိတ်ကို လူမည်းကလေး တစ်ရာ ပြုစုစောင့်ရှောက်လို့ရတယ် ဆိုတာ မစဉ်းစားမိဘူးလား'

သူက ပိုက်ဆံကို အလဟဿမဖြုန်းစေချင်။ ကြာတော့လည်း ကျွန်တော် သွားချင်စိတ်များနေတာကို သိပြီး သူ အလျှော့ပေးခဲ့၏။

'သတ္တဝါတစ်ကောင်ကောင်က အဲဒီမှာ အစ်ကို့ကို ကိုက်စားမယ်ဆိုရင် ဒါမှတော့ ကျွန်မကိုယ်ကျွန်မ ခွင့်လွှတ်နိုင်မယ်မထင်ဘူး'

သို့ဖြင့် အင်္ဂါနေ့တစ်နံနက်တွင် 'ဖရန့်စစ်'ဆိုသော ယာဉ်မောင်းတစ်ဦး စီးသော ကျွန်တော်တို့ ခရီးထွက်ခဲ့ကြ၏။ ကျွန်တော်တို့ကားထဲတွင် 'ရာပီး' အမည်ရှိသော ထမင်းချက်တစ်ဦး၊ ဆံပင်နက်နက်နှင့် 'မောရှ'ဟူသော အီတလီ အမျိုးသမီးတစ်ဦး၊ 'ဝီကာဆင်'ဟူသော ဗြိတိသျှစုံတွဲတစ်တွဲတို့ လိုက်ပါလာကြ၏။ နိုင်ရိုဘီမြို့မှထွက်ကတည်းက စိမ်းလန်းသော တောင်ကုန်းတောင်တန်း များ၊ ရောင်စုံထူလမ်းများ၊ ကျယ်ပြောသောပြောင်းခင်းကြီးများကို တွေ့ရ၏။ ကျွန်တော်တို့၏ခရီးစဉ်ကိုပိုင်သောကုမ္ပဏီမှာ အာရှတိုက်သားများ ဖြစ်

သည်။ နိုင်ငံခြားရှိ လုပ်ငန်းသေး တော်တော်များများကို အာရှတိုက်သားများပင် ပိုင်သည်။ ထိုသူတို့၏ဆက်ဆံရေးမှာ အနည်းငယ် ရှိုင်းပျ၏။

"သူတို့က သူတို့ကိုယ်သူတို့သာ ကင်ညာနိုင်ငံသားလို့ ပြောကြပေမယ့် သူတို့က နိုင်ငံအတွက် ဘာမှလုပ်ပေးတာမဟုတ်ဘူး။ ပိုက်ဆံရတာနဲ့ လန်ဒန်ကို ဒါမှမဟုတ် ဘုံဘေကိုပို့ကြတာပဲ"

ဩမာက မကျေမနပ်ပြောနေ၏။

"အာရှတိုက်သားတွေက သူတို့နိုင်ငံကို သူတို့ပိုက်ဆံပို့တာ အပြစ်မတင်ပါနဲ့ဟာ။ ယူဂန်ဒါမှာဆိုလဲ ဒီလိုပဲ"

ကျွန်တော်က အမေရိကတွင် နေစဉ် အိန္ဒိယလူမျိုး၊ ပါကစ္စတန်လူမျိုး သူငယ်ချင်းများအကြောင်း သူ့ကို ပြောပြ၏။ ကျွန်တော်ပိုက်ဆံမရှိလျှင် သူတို့က ထုတ်ချေးပုံ၊ နေစရာမရှိလျှင် သူတို့အခန်းတွင် ခေါ်ထားပုံများ။

ကင်ညာတွင် စီးပွားအရှာကောင်းသူများမှာ အိန္ဒိယလူမျိုးများ ဖြစ်၏။ ဆင်ဒိုနီးရှားတွင် တရုတ်လူမျိုး၊ ရှိကာဂိုတောင်ဘက်ခြမ်းတွင် ကိုရီးယားလူမျိုး သူတို့က အရောင်းအဝယ်ကျွမ်းကျင်ကြ၏။ သူတို့သည် လူမျိုးရေးစာတ်နိမ့်စာတ် မြင့်ခွဲခြားမှုကြားတွင် ရပ်တည်ရောင်းဝယ်ပေါက်ကားတတ်သူများ ဖြစ်ကြသည်။ ကင်ညာတစ်နိုင်ငံထဲတွင်ပင် လူမျိုးစု လေးဆယ် ရှိ၏။

"လို့လူမျိုးစုဟာ ဉာဏ်ပညာထက်မြက်တယ်။ ဒါပေမယ့် လူမှုန်းတွေ"

"ကီကုယုလူမျိုးတွေဟာ ရှေ့မက်တယ်။ဒါပေမယ့် လုံ့လဝီရိယရှိတယ်"

"ကာလင်ဂျင်လူမျိုးစုကတော့ တစ်မျိုး။ သူတို့လဲ နိုင်ငံကို အုပ်ချုပ်ရာ ဘာဖြစ်ကုန်သလဲဆိုတာသာ ကြည့်တော့"

ထိုသို့ မျိုးနွယ်စုများနှင့်ပတ်သက်၍ ပြောကြဆိုကြတာတွေ ရှိ၏။

"တကယ်တော့ ကျွန်တော်တို့က မျိုးနွယ်စုတစ်ခုကနေ ဆင်းသက်လာကြသူတွေပါ။ လူမည်းမျိုးနွယ်စုပါ။ဒီလိုမှမယူဆကြရင် နိုင်ဂျီးရီးယားတို့ ဆိုက်ဘေးရီးယားတို့မှာ လူမျိုးစုကိစ္စတွေ ဘယ်လောက် ပြဿနာတက်နေကြသလဲ စဉ်းစားကြည့်တော့"

ကျွန်တော်ကတော့ မျိုးနွယ်စုပြဿနာ ငြင်းကြနှံကြတိုင်း ထိုသို့သာ ပြောတတ်၏။



"အမလေး အာဖရိကအရှေ့ပိုင်းသားတွေဆို သိပ်ဆိုးတာ သူတို့က ရူးသားတောင် စားကြတာ"

ဂျိုးက ပြောတတ်၏။

"မင်းကလဲ မင်းအမေနဲ့ တစ်လေသံထဲပဲ။ သူလဲ ဒီအမြင်မျိုးရှိတယ်"

နိုက်တူနီကလည်း ပြောတတ်၏။

ကားက တစ်နေရာတွင်ရပ်သွား၏။ ကားမောင်းသမားဖရန့်စစ်က ကား ခေါ်မှုဆင်းသွားသည်။ မကြာခင် သူနှင့်အတူ အာဖရိကန်မလေးတစ်ဦးပါ ပါ လာ၏။ ၁၂နှစ် ၁၃နှစ်သမီးလေး။ ဖရန့်စစ်က သူ့ကို ဩမာဘေးမှ ထိုင်ခုံတွင် နေရာချထား၏။

"ဒါ ရှင့်သမီးလား"

ဩမာက နေရာဖယ်ပေးရင်း မေး၏။

"မဟုတ်ပါဘူး ညီမလေးပါ။ သူက တောရိုင်းတိရိစ္ဆာန်တွေ ကြည့်ချင် တယ်လို့ တစ်နှစ်လုံးပူဆာနေတာ။ ခုမှပဲလမ်းကြုံခေါ်ခဲ့ရတယ်။ ဘယ်သူ့မှမကန့် ကွက်ပါဘူးနော်"

အားလုံးက ခေါင်းရမ်းပြကာ ပြုံးနေကြ၏။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

ဗြိတိသျှအမျိုးသမီး မစ္စစ်ဝီလ်ကာဆင်က မေးသည်။

"အဲလစ်ဘေက်ပါ"

"အဲလစ်ဘေက်လဲ အစ်မတဲ့မှာ လာနေနိုင်တယ်နော်။ အစ်ကိုကတော့ ဒီမှာ ပေါက်တတ်တယ်"

ဩမာက ပြောသည်။

"သူ့ကားကို နားမထောင်နဲ့နော်"ဟု ကျွန်တော်ကပြောကာ ဘီစကစ် မုန့်တစ်ထုပ် သူ့ကိုပေးလိုက်၏။

ဩမာကလည်း ဘီစကစ်မုန့်တစ်ထုပ်ကိုယူကာ ဈေးဆိုသော ဒီတ ဂျိုးကို တစ်ထုပ်ပေးလိုက်၏။ ထိုနောက် ဩမာက ကားထဲရှိလူအားလုံးကို လိုက်ဝေပေး၏။

ကျွန်တော်တို့ အားမြဲသောကုန်းမြင့်များကို ဖြတ်ခဲ့ကြ၏။ မြေထောက်



ဖလာနှင့်အမျိုးသမီးများ ထင်းခွေရေခပ် လုပ်နေကြသည်ကို မြင်ရ၏။ ကလေး ငယ်များက မြည်းများဆွဲသောလှည်းတွေကို မောင်းနေကြ၏။ တောင်ကုန်းအပေါ် စီးမှကြည့်လျှင် မြင်းကျားနှင့်သစ်ကုလားအုပ်များကို အဝေးမှ လှမ်းမြင်နေရ၏။ "နာရော့" ဆိုသောမြို့လေးတွင် ခေတ္တရပ်ကာ ဓာတ်ဆီထည့် နေ့လည်စာစား၏။ ကာကီဘောင်းဘီတို၊ တီရှပ်ဖောင်းများဝတ်ထားကြသည့် ကလေးတချို့ ကျွန် တော်တို့ကားကိုဝိုင်းအုံလာကာ ဒေသထွက်ကျောက်မျက်များနှင့် သွားရေစာအချို့ လာရောင်းကြ၏။ ကျွန်တော်တို့က မြို့လေးကို လှည့်ပတ်ကြည့်ရှုကြ၏။

ထိုနောက် ခရီးဆက်ကြရာ ဆူးပင်တွေပြည့်နှက်နေသောတောကို ဖြတ် ကြရ၏။ ဘေးပတ်ဝန်းကျင်ကိုကြည့်လိုက်သောအခါ မြင်းကျားအုပ်ကြီးက ဂျို ခင်းအနောက် မြက်တောထဲတွင် ပြေးလွှားနေသည်ကိုတွေ့ရ၏။ ဝေ့ဝိုက်စီးဆင်း နေသော အညိုရောင်စမ်းချောင်းလေးတစ်ခုဘေးတွင် ကျွန်တော်တို့ စခန်းချကြ ၏။ အရိပ်ကောင်းသောသရက်ပင်ကြီး၏အောက်တွင်ဖြစ်၏။ ကျွန်တော်တို့ ယာ ယီတဲတွေထိုး၊ မီးတွေမွှေးပြီးနောက် ရာဇီးချက်ပေးသောညစာကိုစားကြ၏။ ည စာစားစဉ် ဖရန့်စစ်က သူ့အကြောင်း ပြောပြ၏။ သူ့မှာက ဇနီးနှင့် သားသမီး ၆ယောက်ရှိကြောင်း၊ ကျေးလက်မှာနေရကြောင်း၊ ကော်ဖီနှင့်ပြောင်း တစ်ဧကခန့် စိုက်ပြီး ပင်ပင်ပန်းပန်းအသက်မွေးရကြောင်း၊ ယခုခရီးသွားလုပ်ငန်းတွင် ဝင်လုပ် ရတာက သက်သာကြောင်း၊ သို့သော် မိသားစုနှင့် ခွဲနေရသည့်အတွက် မပျော် ကြောင်းများ ပြော၏။

"တတ်နိုင်ရင် ကျွန်တော် လယ်အလုပ်ပဲ အချိန်ပြည့် လုပ်ချင်ပါတယ်။ ဒါပေမယ့် ကော်ဖီယူတွေကြောင့် မလုပ်နိုင်တာပါ"ဟု သူက ပြောသည်။

"ကော်ဖီယူဆိုတာက ဘာလဲ"

"ကင်ညာ ကော်ဖီသမဂ္ဂပါ။ သူတို့က သူခိုးတွေပါ။ ကျွန်တော်တို့စိုက် လို့ရတဲ့ကော်ဖီစေ့တွေကို ဈေးနှိမ်တယ်၊ နိုင်ငံခြားကို ဈေးတင်ရောင်း၊ ကျွန်တော် တို့ကို ကော်ဖီဈေးကျနေတယ် ဆိုပြီး မတရားနှိမ်ပြီးဝယ်၊ ရောင်းတော့ အဆ တစ်ရာကျော် အမြတ်ကြတယ်။ အစိုးရက ကိုယ့်ပြည်သူတွေဆီက စားပြတိုက် နေတာ သိပ်ဆိုးတာပေါ့"

"ရှင်က ပွင့်ပွင့်လင်းလင်းပြောရဲသားပဲ"



ဩမာက ဝင်ပြောသည်။

"လူတိုင်းက ကျွန်တော့်လို ပွင့်ပွင့်လင်းလင်းပြောရဲရင် အရာရာပြောင်း လဲသွားမှာပဲ။ ကျွန်တော်တို့တောင်ကြားကိုမောင်းလာခဲ့တဲ့လမ်းကိုပဲ ကြည့်ဦး။ နိုင်ငံ ပြင်ပြီးတာ အရင်နှစ်ကပဲ ရှိသေးတယ်။ ကောင်းကောင်းပြင်မထားတော့ ခုဆို သုံးမရအောင် ပျက်ကုန်ပြီ။ ဒီငွေတွေ ဘယ်ရောက်သွားသလဲ။ လူကြီးတစ် ယောက်ရဲ့အိမ်ကို ရောက်သွားတာပဲပေါ့"

ဖရန့်စစ်က မီးပုံကြီးကိုကြည့်ကာ သူ့နှုတ်ခမ်းမွှေးကို လက်ဖြင့်သပ်ရင်း ပြောနေ၏။

"ဒါကတော့လဲ ပြောရရင် အစိုးရတစ်ခုထဲရဲ့ အပြစ်လဲ မဟုတ်ပါဘူး။ ကျွန်တော်တို့ကင်ညာပြည်သူတွေကလဲ အခွန်အကောက်တွေမှန်မှန်မပေးချင်ကြ တာ။ ဆင်းရဲတဲ့သူက မပေးချင် မပေးနိုင်တာ ထားတော့။ ဒီလမ်းကို နေ့တိုင်း သုံးနေတဲ့ ထရပ်ကားပိုင်ရှင်ကြီးတွေကလဲ မပေးချင်ဘူး။ အကျိုးအမြတ်ပဲကြည့် တယ်။ အခွန်တော့ ရှောင်ချင်ကြတယ်။ ဒီလိုနဲ့ ပြဿနာတွေက ပတ်ရှုပ်လည် နေတာပါပဲ"

ကျွန်တော်က ထင်းတစ်ချောင်းကို မီးဖိုထဲပစ်ထည့်ရင်းက

"သဘောထားတွေက အမေရိကမှာလဲ သိပ်မခြားနားလှပါဘူး"ဟုပြော လိုက်၏။

မကြာခင် ညဘက်စောင့်ပေးမည့် လူနှစ်ဦး ရောက်လာ၏။

"ညဘက်မှာ အန္တရာယ်တော့ သိပ်မရှိပါဘူး။ ဒါပေမယ့် တရိုတမ်း သွားချင်ရင်တော့ တစ်ယောက်တည်း မသွားပါနဲ့။ အန္တရာယ်ပေးနိုင်တဲ့ သားရဲ တိရစ္ဆာန်တချို့ရှိနေလို့ ကျွန်တော်တို့ကိုပြောပြီးမှ သွားပါ"

အစောင့်တစ်ဦးက သတိပေး၏။

ကျွန်တော်ကတော့ ပတ်ဝန်းကျင်ကိုကြည့်ပြီး သိပ်ကျေနပ်နေ၏။ မြို့၏မီးရောင်များမှ ကင်းဝေးသော သဘာဝအလင်းရောင်အောက်တွင် မိုးသည်းကို ကျေနပ်လှ၏။ ကောင်းကင်ပြင်တွင် ကြယ်အစုံကိုမြင်ရ၏။

"ဒါက နဂါးငွေ့တန်းကြယ်ပဲ"

မစ္စတာဝီလ်ကာဆင် ပြော၍ မော့ကြည့်မိ၏။ သူက တော်တော်ပျော

သူတခုံသောသူဖြစ်၏။ ဖရန်စစ်ကို လင်းရိုတာဆင်ဂျင်အကြောင်း ပြောပြတတ်သည်။ ငှက်တွေအမည် အပင်တွေအမည် တော်တော်များများကိုလည်း သူသိ၏။ ငယ်စဉ်က သူသည် ကင်ညာတွင် နေခဲ့ဖူးကြောင်း၊ လက်ဖက်စိုက်ခင်းထဲတွင် ကြီးပြင်းခဲ့ကြောင်း သူက ပြောသည်။ လွတ်လပ်ရေးရပြီးနောက် သူ့ဖိဘများက စိုက်ခင်းများကိုရောင်းပြီး အင်္ဂလန်သို့ပြန်သွားခဲ့ကြောင်းလည်း ပြောပြ၏။ သူက ဆရာဝန် ဖြစ်၏။ သူ့ဇနီးက စိတ်ရောဂါကုပါရဂူ။ ယခု မာလာဝီတွင် အစိုးရနှင့် ငါးနှစ် စာချုပ်ချုပ်ကာ အလုပ်လုပ်နေကြသူများဖြစ်ကြ၏။

မနက်စောစော ကျွန်တော် အိပ်ရာမှနိုး၏။ အရက်တက် အလှအပများ ကား ခံစားရှုမကုန်။

ကောင်းကင်ပြင်ကြီးသည် မည်းမှောင်ရာမှအပြာရင့်ရောင်။ ထိုမှလိမ္မော်ရောင်၊ ထိုမှ နီနှစ်ရောင်။ အရောင်အမျိုးစုံ ပြောင်းသွားသည်မှာ ကြည့်၍ကောင်းလှ၏။ အနီရောင်နေမင်းကြီး ထွက်ပြူလာကာစတွင် သစ်ကုလားအုပ်များ တောထဲ၌ ပြေးလွှားနေပုံမှာ ပန်းချီကားဆန်လှ၏။

နေ့လည်ခင်းတွင် ကျွန်တော်တို့ လှည့်ပတ်ကြည့်ကြသည်။ ခြင်္သေ့တွေ မြက်တောထဲတွင် ကျက်စားနေကြပုံ၊ ကျွဲရိုင်းတွေ နွံထဲမှာလူးနေကြပုံ၊ ရေမြင်းတွေ ရေစပ်စပ်တွင် ပြေးလွှားဆော့ကစားနေကြပုံ၊ ဆင်ကြီးတွေ နားရွက်ခပ်ကာ မြူးတူးနေကြပုံ။ တကယ့်သဘာဝရှုခင်းမြင်ကွင်းကျယ်။

ညစာစားချိန်တွင် အစောင့်နှစ်ဦးထဲမှ ဗီလ်ဆင်ဆိုသူတစ်ဦးက သူ့အတိတ်ကြောင်းကိုပြော၏။ သူတို့သည် ယောက်ျားပီသကြောင်းပြသည့်အနေဖြင့် ခြင်္သေ့ တစ်ကောင်ကိုသတ်ပြရကြောင်း ပြောပြ၏။

'ခြင်္သေ့ကို ဘယ်လိုသတ်တာလဲ'

ကျွန်တော်က မေးကြည့်သည်။

'ကျွန်တော်တို့ ငါးယောက်က ခြင်္သေ့ကို လှံနဲ့ပစ်ကြတာပေါ့။ ခြင်္သေ့က ကျွန်တော်တို့ထဲက တစ်ယောက်ကို စုန်အုပ်တယ်။ အဲဒီလူက ဗိုင်းနဲ့ကာတဲ့ အချိန်မှာ ကျန်တဲ့လေးယောက်က လှံနဲ့ ဗိုင်းထိုးကြတယ်'

'အန္တရာယ်များတာပေါ့နော်'

ကျွန်တော်က မိုက်မဲစွာ မေးလိုက်၏။



'ဖြစ်ရာရှိရာတွေတော့ ရတာပေါ့။ တစ်ခါတလေလဲ ငါးယောက်သွားတာ လေးယောက်ပဲ ပြန်လာနိုင်တာတွေလဲ ရှိတယ်'

'မာဆိုင်းလူမျိုးတွေအနေနဲ့ သေပြီးရင် ဘာဖြစ်သလဲ'

ဩမာက စူးစမ်းကြည့်၏။

'မာဆိုင်းတွေကတော့ ဘာမှ ယုံတယ် မယုံဘူး မရှိပါဘူး။ သေပြီးရင် ဘာမှမဖြစ်ပါဘူး။ မြေကြီးထဲကို ရောက်သွားမယ် ဒါပါပဲ'

'ဖရန်စစ်ကကော ဘယ်လိုလဲ။ ရှင်က ခရစ်ယာန်မဟုတ်လား'

ဩမာက ထပ်မေး၏။

'ကျွန်တော့်မိဘတွေက ကျွန်တော် မမွေးခင်ကတည်းက ခရစ်ယာန် ဘာသာပြောင်းခဲ့ပါတယ်'

'စည်းမျဉ်းတွေ စောင့်ရမယ့်သီလတွေက များလွန်းလို့ ခရစ်ယာန်ဘာသာက တစ်ခါတလေ သိပ်မကောင်းဘူးလို့ မထင်ဘူးလား ဖရန်စစ်။ အာဖရိကမှာတော့ ခရစ်ယာန်သာသနာပြုတွေက အရာရာကိုပြောင်းပစ်နိုင်ခဲ့ကြတယ်။ ဟုတ်တယ်မဟုတ်လား'

မောရူးက ဝင်ဆွေးနွေးသည်။

'ကိုလိုနီဝါဒက ပြောင်းပစ်တာပါ'

ကျွန်တော်က ပြောလိုက်၏။

'ကိုလိုနီဝါဒ ဟုတ်တယ်၊ လူဖြူဘာသာတရားမဟုတ်ဘူး'

ဖရစ်စစ်က ထောက်ခံ၏။

ဖရန်စစ်က ရွက်ဖျင်တဲထဲ ဝင်သွားစဉ်တွင် မောရူးက သမ္မာကျမ်းစာ စာအုပ်နှင့်ကျန်ခဲ့၏။ သူ့ဘေးတွင် ဩမာက အဲလစ်ဘောက်ကို ပုံပြင်ဖတ်ပြနေ၏။ ဗီလ်ကာဆင်က ဒူးထောက်ထိုင်ကာ သူ့ဘောင်းဘီကိုပြင်ချုပ်နေ၏။ သူ့ဇနီးက မီးပုံဘေးတွင်ထိုင်ကာ သူ့ယောက်ျားကိုစိုက်ကြည့်နေသည်။

မီးပုံက မီးသေတော့မည်။ တစ်ယောက်ပြီးတစ်ယောက် အိပ်ရာဝင်သွားကြ၏။ ဖရန်စစ်နှင့်ကျွန်တော်သာ ကျန်ခဲ့၏။ ကျွန်တော်က မတ်တပ်ရပ်လိုက်တော့ ဖရန်စစ်က ရင်ထဲမှာလာသောအသံနှင့် တိုင်းရင်းသားသီချင်းတစ်ပုဒ်ကို ဖွဖွငင်ငင်ဆိုလိုက်၏။ ကျွန်တော် ခြေလှမ်းလောက်နားထောင်ပြီး သူ့စကားလုံး



များကို နားမလည်သော်လည်း တစ်ခုခု ရင်ထဲမှာခံစားမိ၏။ ညကား မည်းမှောင်နေသည်။ သူ့သီချင်းသံသည် ဘုရားသခင်ထံသို့ တိုက်ရိုက် စီးမျောသွားလိမ့်မည်ထင်၏။

■

ခရီးမှ ပြန်ရောက်သောအခါ ဩမာနှင့် ကျွန်တော့်ထံ သတင်းတစ်ပုဒ် ရောက်လာ၏။ နိုင်း ပြန်ရောက်လာပြီ။ မျှော်လင့်ထားတာထက် သူ တစ်ပတ်စော၍ ရောက်၏။ မိသားစုတွေက အံ့ဩကုန်ကြသည်။ အားလုံးက သူ့ကိုကြိုဆိုကြသည်။

'နင် သိပ်ကိုဝလာတယ်'

ဩမာက တွေ့တွေ့ချင်း ပြော၏။

'ဝတယ် ဟုတ်လား။ ယောက်ျားဆိုတာ ယောက်ျားပီပီသသ များများ စားရတယ်ဟဲ့။ ကဲ ဘီယာဘယ်မလဲ'

ကီဒီယာက ဘီယာပုလင်း သူ့ကိုပေးသည်။ ထိုစဉ် ကျွန်တော် မမြင်ဖူးသော မိန်းမငယ်ဝဝတစ်ဦးရောက်လာကာ နိုင်းထံမှ စီးကရက်တောင်းသည်။

'ဒါ ကျွန်တော့်အစ်ကိုဘယ်ရီလေ။ ဒါက အေမီ။ အေမီ သူက ဩမာလေ'

အေမီက စီးကရက်ကို တစ်ဝကြီးရှိုက်မှာလိုက်ပြီး မီးခိုးတွေမှုတ်ထုတ်လိုက်သည်။

'ဩမာလား။ မှတ်မိတာပေါ့။ ချောလာတယ်ဟဲ့။ မင်းဆံပင်ပုံလေးကလည်း ကောင်းတယ်'

အေမီက နိုင်းလက်ထဲမှပုလင်းကို ဆွဲယူရင်းပြော၏။ နိုင်းက စားသောက်စရာတွေပြင်ထားသော စားပွဲသို့သွားပြီး ဟင်းနံ့တွေကို လိုက်ရှူနေ၏။

ညစာစားပွဲပြီးသောအခါ ဩမာက သူ့အဒေါ်များနှင့်အတူ ပန်းကန်ကူဆေးပေးသည်။ နိုင်းက ဩမာနှင့် ကျွန်တော်ကြားတွင် ဝင်ထိုင်သည်။ နိုင်းက သူသည် သွင်းကုန်ထုတ်ကုန်လုပ်ငန်းတစ်ခုကို စလုပ်နေကြောင်း၊ ကင်ညာမှရှေးဟောင်းပစ္စည်းများကို အမေရိကန်သို့တင်သွင်းမည်ဖြစ်ကြောင်း ကြွေးကြော်သည်။

'နောက်ထပ်အစီအစဉ်ရှိရင် ပြောပါဦး'



ဩမာက သူ့မောင်ကို မေးသည်။

'အေမီလေ'

'အေမီ ဟုတ်လား'

'အေမီ ဟုတ်တယ်။ ကျွန်တော် သူ့ကို လက်ထပ်မယ်'

'ဘာ သူနဲ့နင်နဲ့တွေ့တာ ဘယ်လောက်ကြာသေးလို့လဲ'

'နှစ်နှစ် သုံးနှစ်။ ဘာဖြစ်လို့လဲ'

'နင့်မှာ သိပ်စဉ်းစားချိန်မရှိဘူးထင်လို့ပါ'

'သူက အာဖရိကအမျိုးသမီးပဲ။အဲဒါ ကျွန်တော်သိတယ်။ သူက ကျွန်တော့်ကို နားလည်တယ်။ ဥရောပမိန်းမတွေလို ယောက်ျားနဲ့အပြိုင်ဦးချနေတတ်တဲ့သူမဟုတ်ဘူး'

သူက ပြောပြောဆိုဆို အေမီ၏လက်ကို တစ်ဖက်က ဆွဲ၊ တစ်ဖက်က ဘီယာပုလင်းကိုကိုင်ပြီး မီးဖိုချောင်ထဲ ဝင်သွားသည်။

'ကဲ အားလုံး နားထောင်ကြပါ။ ကျွန်တော်တို့အားလုံး ဒီမှာရောက်နေကြတယ်။ ကျွန်တော်တို့ ဆုမွန်ကောင်းတောင်းကြပါမယ်။ ကျွန်တော်တို့နဲ့အတူ မရှိသူတွေအတွက်ပါ ဆုတောင်းပေးကြပါ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ'

သူက ပြောပြောဆိုဆို ဘီယာတွေကို ကြမ်းပြင်ပေါ် သွန်ချလိုက်သည်။ ဘီယာတစ်ဝက်နီးပါးက ဩမာဖိနပ်ကို စိုရွှဲသွားစေ၏။

'အား ဟဲ့ ဘာလုပ်တာလဲဟဲ့'

ဩမာက ထခုန်ပြီး အော်လိုက်၏။

'ဘိုးဘွားတွေလဲ သောက်ရမယ်လေ။ ဒါက အာဖရိကထုံးစံပဲ'

နိုင်းက ပြောသည်။ ဩမာက သူ့ဖိနပ်မှာပေနေသော ဘီယာများကို လက်သုတ်ပုဝါဖြင့် သုတ်လိုက်ပြီးမှ

'ဒါက အပြင်မှာလုပ်ရတာဟဲ့။ သူများအိမ်ထဲမှာလုပ်ရတာမဟုတ်ဘူး။ နိုင်က တော်တော်ပစ္စလက္ခတ်နိုင်တဲ့ကောင်ပဲ။ ဒါတွေကို ဘယ်သူသုတ်ပေးမလဲ။ နင် သုတ်မလား'

နိုင်းက ပြန်ပြောကာနီးတွင် ကိန်းက အဝတ်စုတ်တစ်ခုနှင့် ထွက်လာပြီး ကြမ်းပြင်ကို သုတ်သည်။

"နေပါစေ ကျွန်မတို့အိမ်မှာ ဘာမှအားနာစရာမလိုပါဘူး"

ညစာစားပွဲ ပြီးတော့ အနီးအနားရှိ ကလပ်တစ်ခုတွင် သွားကြ၏။ ဩမာကတော့ မကျေမနပ်နှင့် တချစ်တောက်တောက်ပြောရင်း ထွက်လာ၏။

မှိုင်းက သူ့လက်တန်ရှည်ကြီးများနှင့် အဝေါ်များပန်းကိုမကိုင်ကာ ထွက်လာ၏။ ဤမြင်ကွင်းကိုမြင်ရတော့ ဩမာ၏မျက်နှာက ပြန်လည်ပျော့ပြောင်းလာ၏။

"သူ့အပြစ်လဲ မဟုတ်ပါဘူး။ တွေ့လား သူက အဝေါ်တွေကို ချစ်နေလိုက်တာ။ သူက ကျွန်မထက်တောင် မိသားစုကို ပိုခင်တွယ်တတ်သေးတယ်"

●

ဂါးခင်းစကွဲကလပ်မှာ မီးရောင်မှိန်မှိန်လေးထွန်းထား၏။ ကျွန်တော်တို့ ရောက်ရှိချိန်တွင် လူပင် အတော်ကြပ်နေပြီ။ လေထုတစ်ခုလုံး စီးကရက်နံ့များဖြင့် မွန်ထွန်နေ၏။ အာဖရိကလူမျိုးအများစု တွေ့ရ၏။ အစိုးရအမှုထမ်းတွေ၊ စာရေးစာချီတွေ၊ လူတန်းစားမျိုးစုံ။ စင်မြင့်နှင့်ခပ်လှမ်းလှမ်းမှာရှိသော စားပွဲနှစ်လုံးတွင် ကျွန်တော်တို့ နေရာယူလိုက်ကြ၏။ ဩမာက အေမီဘေးတွင် ထိုင်၏။

"ကဲ အေမီရေ မင်းတို့နှစ်ယောက် လက်ထပ်ကြတော့မယ်လို့ မှိုင်းက ပြောတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ အံ့ဩစရာမကောင်းဘူးလားဟင်၊ သူ အမြဲကျွှရင် ကျွန်မလဲ သူနဲ့အတူတူ အမေရိကလိုက်နေပါလို့ ပြောတယ်"

"ကြားထဲမှာ ခွဲနေရမှာကို မစိုးရိမ်ဘူးလား။ ကျွန်မ ဆိုလိုတာက…"

"တခြားမိန်းမတွေနဲ့ ရှုပ်ရှပ်ယှက်ယှက်ဖြစ်မှာကိုပြောတာလား။ ကျွန်မ မှင့်မှင့်လင်းလင်းပြောမယ်နော်။ ကျွန်မ ဒါကိုလုံးဝဂရုမစိုက်ဘူး။ သူက ကျွန်မကို ကောင်းကောင်းမွန်မွန်ဆက်ဆံနေသရွေ့ သူလုပ်ချင်တာ လုပ်နိုင်တယ်"

အေမီက မှိုင်းဘက်ကို မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး ရယ်ရယ်မောမောနှင့်ပြော၏။

မှိုင်းကတော့ သူနှင့်ဘာမှဆိုင်သလို ခပ်တည်တည်နှင့်။ ကျွန်တော်က သူတို့စကားလမ်းကြောင်းကို လွှဲပေးသည့်အနေဖြင့် နိုက်တူနီဘက်ကို လှည့်မေးလိုက်၏။



"နိုက်ကို အရင်က ရောက်ဖူးသလား"

"ငါ့ကိုပြောတာလား။ က,စရာနေရာ တစ်နေရာမှာရှိတယ်ဆိုရင် အဲဒီနေရာကို ငါရောက်ပြီးသားချည့်သာမှတ်တော့။ ဒီကလူတွေကိုမေး… ငါက အကာဘုရင်မဟုတ်။ ဟုတ်တယ်မဟုတ်လား ဩမာ"

"နိုက်တူနီက အကာအကောင်းဆုံးသူပဲ"

"တွေ့တယ်မဟုတ်လား။ ဘယ်ရီ၊ မင်းအဖေါ်က အကာမှာဘုရင်… ငါ ဘယ်သူနဲ့ အတွဲအညီဆုံး ကတတ်တယ် ထင်သလဲ။ မင်းအဖေ… သူက တော့ သိပ်ဝါသနာပါတယ်။ ငါတို့ငယ်ငယ်ကဆို အကပြိုင်ပွဲ ဘယ်နေရာမှာ လုပ်လုပ် သွားပြိုင်ကြတာချည်းပဲ။ သူ ကတာနဲ့ပတ်သက်လို့ တစ်ခု… မယ်။ သူက တစ်ခါက အလိုကိုမင်းအဖိုးနဲ့အတူတူလာတယ်။ သူက အဖိုးကြီးကို ညနေပိုင်းမှာ တစ်ခုခုလုပ်ပေးမယ်လို့ ကတိပေးထားတာ။ ဘာလုပ်မလဲ တော့ မသိဘူး။ သူက ကိုဒီယာနဲ့ ချိန်းပြီးသွားကတယ်။ နင်မှတ်မိလား ကိုဒီယာ အဲဒါသူတို့လက်မထပ်ခင်က။ ငါလဲ သူတို့နဲ့အတူတူလိုက်ချင်တယ်၊ ဒါပေမယ့် အဲဒီတုန်းက ငါက သိပ်ငယ်သေးလို့"

"အဲဒီည သူတို့ အိမ်ပြန်နောက်ကျကြတယ်။ ဘီယာတွေလဲ အများကြီး သောက်ထားကြတယ်။ သူက ကိုဒီယာကိုပါ တံခါးကိုအတင်းခေါ်တယ်။ ဒါပေမယ့် အဖိုးကြီးက ခြေသံတွေကြားတော့ နိုးလာတယ်။ မင်းရဲ့အဖိုးက အသက်ကြီးပေမယ့် သိပ်ကိုနားပါးတယ်။ ဒါကြောင့် သူက ဘားရက်ကို လာခဲ့လို့အော်ခိုင်းတယ်။ ဘားရက်လဲလာရော သူက ဘာတစ်ခွန်းမှမပြောနိုင်ဘူး။ သိပ်ကိုစိတ်တိုနေလို့ တုန်ယင်နေတယ်။ အဲဒီအချိန်မျိုးမှာ ငါက အထဲကနေ အသာချောင်း ကြည့်နေတယ်။ ဘားရက်ကို အဖိုးကြီးက ကြိမ်နဲ့ဆော်တော့မယ်ဆိုတာ သေချာ မှာ၊ ငါကလဲ ဘားရက်ကိုစိတ်တိုနေတာဟ။ သူက ငါ့ကို ကပွဲကိုခေါ်မသွားဘဲ ထားခဲ့တာကိုး"

"နောက်ပိုင်း ဘာဖြစ်လာတယ် ထင်လဲ။ ငါတော့ ယုံတောင် မယုံဘူး။ ဘားရက်က တောင်းပန်ရမယ့်အစား အဖိုးကြီးရဲ့ခါတ်စက်ဆီသွားပြီး ခါတ် ပြားတစ်ချပ်ဖွင့်တယ်။ နောက်ပြီး အပြင်မှာပုန်းနေတဲ့ ကိုဒီယာကိုပါ လှမ်းခေါ် လိုက်တယ်"



"အမျိုးသမီးရေ လာဟေ့"

ကိုဒီယာလည်း ကြောက်ကြောက်နှင့် လာရတော့သည်။ ဘားရက်က သူ့ကို ပွေ့ဖက်ကာ ကသည်။ အဖိုးကြီး၏အိမ်ကို ဝိုင်းပတ်၍ ကနေသည်မှာ နန်းတော်ကပွဲဆောင်တွင် က,နေသည့်အလားဖြစ်သည်ဟု ပြန်ပြောပြ၏။

နိုက်တူနီက ပြောရင်း ရယ်၏။

"တကယ်တော့ မင်းအဖိုးကို ဘယ်သူမှဒီလိုမဆက်ဆံရဲဘူး။ ဘားရက်လဲ ကြောက်ရတာပဲ။ ငါတော့ ထင်တယ် ဘားရက်တော့ အသေအလဲ အဆော် ခံရတော့မှာပဲလို့။ အဖိုးကြီးက ဘာမှမပြောဘူး။ ထိုင်ပြီး သားကိုစောင့်ကြည့်နေ တယ်။ ပြီးတော့ ဆင်တစ်ကောင်လိုပဲ ဘားရက်ကို အကျယ်ကြီးအော်လိုက်တယ်။ မိန်းမရေ ဒီကိုလာစမ်းဆိုပြီး သူ့ဇနီး မင်းအဘွားကို ခေါ်လိုက်တယ်။ မင်းအဘွား က အဝတ်တွေချုပ်နေရင်းက တံထဲကို ဝင်လာတယ်။ ဘာတွေအော်နေတာလဲလို့ မေးတယ်။ အဘိုးက လက်လှမ်းပေးပြီးတွဲကတယ်။ လေးယောက်သား ကလိုက် ကြတာ။ အမျိုးသားနှစ်ယောက်ကိုကြည့်ပြီး အမျိုးသမီးနှစ်ဦးက ကြောင်တက် တက်နဲ့လိုက်သာ ကနေကြရတယ်။ ဒီလူတွေ ရူးများသွားပြီလားလို့ ထင်နေကြ တဲ့ပုံပဲ"

ကျွန်တော်တို့ ဤဇာတ်လမ်းကို နားထောင်ပြီး အားလုံး ရယ်လိုက်ကြ၏။ မှိုင်းက နောက်တစ်ခိုကကို ထပ်မှာဆော်သည်။ ကျွန်တော်က နိုက်တူနီကို ကျွန်တော်တို့အဘိုးအကြောင်း ထပ်ပြောပြရန်ပြော၏။သို့သော် မကြာခင် တီး ဝိုင်းက စတီးပြန်ကကြရ၏။ နိုက်တူနီက ကျွန်တော့်လက်ကိုဆွဲကိုင်၏။ မှိုင်း က ဩမာလက်ကိုဆွဲပြီး အေမီက ဘားနတ်လက်ကို ဆွဲသည်။ ကျွန်တော်တို့ ချွေးတွေပေါက်ပေါက်ကျသည်အထိ ကကြသည်။ ကျွန်တော်ဟာ ကျွန်တော့်ကို အဘိုးကြီး အက စ,သင်ပေးသောနေ့ကို သတိရနေသည်။

နည်းနည်းမောလာတော့ ဘီယာခွက်များကိုင်ကာ မြို့ပြင်ထွက်ခဲ့ကြ၏။ အေးမြသောလေက ကျွန်တော့်နားခေါင်းကို လာကျီစယ်၏။

"ဒီမှာနေရတာ ဝမ်းသာစရာကောင်းလိုက်တာ"

"အစ်ကို သိတယ်နော် ကဗျာဆရာကျနေတယ်"

မှိုင်းက ဘီယာကိုစုတ်ရင်းပြောသည်။



"ဒီနေရာဆိုတာ ဒါကိုပြောတာမဟုတ်ဘူး။ မင်းရော ဩမာရော အားလုံး အတူတူရှိကြတာကို ပြောတာ"

ကျွန်တော်စကားပြောရှုံမှမဆုံးမီ အထဲတွင် ရန်ပွဲဖြစ်သံတွေ ကြားလိုက် ရသည်။ တစ်ယောက်က ခေါင်းတွင် သွေးတွေကျနေ၏။ ကျွန်တော်က ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။ သို့သော် မှိုင်းက ကျွန်တော့်ကို နောက်သို့ပြန်တွန်း လိုက်သည်။

"သူများကိစ္စ ဝင်မပါနဲ့အစ်ကို"

"ဒါပေမယ့်…"

"သူတို့က ရဲတွေ ဖြစ်လိမ့်မယ် ဘားရက်ရေ ခင်ဗျားက နိုင်ရိုဘီအချုပ် ခန်းမှာ တစ်ည ဘယ်လိုဒုက္ခခံရမယ်ဆိုတာ မသိသေးဘူးနော်"

"ချတာပြုတာတွေက ကြမ်းတယ်"

"အေးလေ ဘယ်သူက ဘယ်သူကို စချသလဲမှမသိတာ"

"မင်းက ဘယ်တုန်းက အချုပ်ကျဖူးတာလဲ"

"ဒေးဗစ်သေတဲ့ညကပဲ"

ကျွန်တော်က သူ့ဘေးတွင်ထိုင်ချကာ သူပြောတာ နားထောင်လိုက်၏။ သူတို့က အရက်သောက်ကြပြီး ပါတီတစ်ခုကို ရှာဖွေကြ၏။ မှိုင်းက မော်တော် ဆိုင်ကယ်ကို ကလပ်တစ်ခုတွင်သွားအပ်ရာ အမျိုးသမီးတစ်ဦးနှင့်တွေ့၏။ သူ က သဘောကျပြီး အမျိုးသမီးနှင့် စကားဆက်ပြောနေသည်။ သူက အမျိုးသမီး ကို ဘီယာဝယ်တိုက်၏။ မကြာခင်မှာ လူတစ်ယောက် ရောက်လာကာ သူနှင့် စကားများကြ၏။ ဒီမိန်းမက သူ့ဇနီးပဲဆိုကာ အမျိုးသမီးလက်ကို ဆွဲထုတ်သွား ၏။ အမျိုးသမီးက ရုန်းကန်ရင်း လဲကျသွား၏။ မှိုင်းက ဒီအမျိုးသမီးကိုထူခဲ့ရန် ပြောသည်။ သို့ဖြင့် ရန်ဖြစ်ကြ၏။ ရဲတွေရောက်လာပြီး မှိုင်းမှာ သက်သေလက် မှတ်များ မရှိသဖြင့် ရဲဌာနသို့ပို့လိုက်၏။

သူ့ကို အချုပ်ထဲမှာ နာရီပေါင်းများစွာထည့်ထား၏။ နောက်မှ ဒေးဗစ် ပေါ်လာသည်။ သူ့ကို မော်တော်ဆိုင်ကယ်သော့ ပေးလိုက်၊ သက်သေခံစာရွက် တွေ သွားယူပေးမယ်ဟု ဆိုသည်။

"မင်းဘာသာမင်း အိမ်ပြန်ပါကွာ"

"အစ်ကိုရယ် ဒီမှာ ခင်ဗျား တစ်ညလုံး မနေနိုင်ပါဘူး။ ကျွန်တော့်ကို ဆိုင်ကယ်သော့သာ ပေးပါ"

ရှိုင်းက စကားပြောတာရပ်လိုက်ပြီး အပြင်ကို ငေးကြည့်နေသည်။

"မတော်တဆယာဉ်တိုက်မှုဖြစ်တာပါကွာ မင်းအပြစ် မဟုတ်ပါဘူး"

ကျွန်တော်က သူ့ကို စိတ်ပြေရာပြေကြောင်း ပြောလိုက်သည်။

"ဟော့ မင်းတို့နှစ်ယောက် ဘယ်ပျောက်သွားကြတာလဲ။ ငါတို့လိုက်ရှာနေကြတာ"

အေမီ၏အသံကိုကြားလိုက်ရသည်။

"မိန်းမရေ လာဟေ့ ငါတို့ ကကြရအောင်"

ရှိုင်းက အေမီ၏ခါးကိုဖက်ကာ ကရန် ပြင်၏။

■

# အခန်း တစ်ဆယ့်ခုနစ်

ညနေ ငါးနာရီခွဲတွင် နိုင်ရိုဘီဘူတာရုံဟောင်းမှ ရထားက ကီခုမူသို့ ထွက်ခွာ၏။ ကိုမ်းက နေခဲ့သည်။ ကျွန်ုပ်သားစုမှာမှ ရထားပေါ် ရောက်နေကြ၏။ ကီနီယာ၊ နိုက်တူနီ၊ ဩမာတို့က တစ်တွဲ။ ရှိုင်း၊ ဘားနတ်နှင့် ကျွန်တော်တို့က တစ်တွဲ။

ရထားထွက်သွားသောအခါ ကလေးငယ်တွေက လက်ဝှေ့ယမ်းပြကြ၏။ ကျွန်တော်လည်း လက်ပြန်ပြလိုက်သည်။

"အစ်ကို့ခေါင်း အပြင်မထုတ်နဲ့။ ကောင်လေးတွေက ခဲနဲ့ ပစ်ကြလိမ့်မယ်"

ဘားနက်က သတိပေး၏။

"ခရီးက ဘယ်လောက်ကြာမလဲ"

"ကီခုမူကို တစ်ညလုံး ခုတ်ရမှာ။ အဲဒီကနေ ဘတ်စ်ကားကို ငါးနာရီ ထပ်စီးရဦးမယ်"

"ဒီရထားက သတိရစရာတွေ အများကြီးဖြစ်တယ်။ အတိတ်ကို တွေးပြီး လွမ်းစရာတွေပေါ့"

ဩမာက တမ်းတမ်းတတပြော၏။

"အဘွားက ရယ်စရာသိပ်ပြောတတ်တယ်။ ဘားရက်တွေ့ရင် ချစ်မှာပဲ"

"အဖေလေ ဟာသဉာဏ်သာ များတယ်။ သူ့ခမျာ နေရတာ ကျိုးလန့်တ တားရမယ်"

"ဘယ်သူက သူ့ကို ကျိုးလန့်တစေးလုပ်တာလဲ"

"ကျွန်မတို့ အဘိုးပေါ့။ သူက သိပ်လဲ လက်ပေါက်ကပ်တဲ့လူကြီးပဲ"



ဩမာပြောနေသည်ကို ရှိုင်းက လိုက်ထောက်ခံ၏။

"ဘယ်လောက် လက်ပေါက်ကပ်သလဲဆိုရင် ထမင်းစားလို့ ခက်ရင်း မှားသုံးမိပြီ ဆိုပါစို့။ မပြောမဆို ခေါင်းကို တုတ်နဲ့ရိုက်ရော။ သူက ညစာစား ရင် အင်္ဂလိပ်တစ်ယောက်လို စည်းကမ်းတကျစားမှကြိုက်တယ်။ တစ်ခါတလေ သူ စိတ်မထင်လို့ အုပ်ထည့်လိုက်တာ။ ကိုယ့်ဘာသာကိုယ် ဘာအပြစ်လုပ်မိသ လဲတောင် မသိဘူး"

ဤစကားတွေကိုကြားတော့ နိုက်တူနီက မခံချင်။

"နင်တို့ချာတိတ်တွေက သူ့အသက်ကြီးပြီး မစွမ်းမသန်ရှိတုန်းကျမှတွေ့ တာကိုးဟဲ့။ သူငယ်ငယ်တုန်းက ငါက သူ့အချစ်တော်ပဲ။ ဒါပေမယ့်လဲ မဟုတ် တာလုပ်လို့ မရဘူး။ အတီးခံရတာပဲ။ သူက ဆွေမျိုးတွေသာ စည်းကမ်းတင်း ကြပ်တာမဟုတ်ဘူး။ ဧည့်သည်တွေကိုလဲ အညှာမပေးဘူး။ဧည့်သည်တွေ အိမ် လာရင် ကြက်တွေ အများကြီးသတ်ပြီး ဟင်းချက်ဧည့်ခံတတ်တယ်။ ဒါပေမယ့် စည်းကမ်းဖောက်ရင်တော့…ဆိုပါစို့ လူကြီးမစားခင် အရင်စားတာတို့ ဘာတို့ လုပ်ရင်တော့ ဘယ်သူ့မျက်နှာသာမပေးဘူး။ ချစရာရှိ ချလိုက်တာပဲ။ ကလေး ရော လူကြီးရော ဘယ်သူမှမရွေးဘူး"

"သူ့ကို လူချစ်လူခင်များတယ် မဟုတ်လား"

ကျွန်တော်က ဝင်မေးလိုက်သည်။

"သူ့ကို ရိုသေတဲ့သူ များပါတယ်။ဘာဖြစ်လို့လဲဆိုတော့ သူက လယ် သမားကောင်းတစ်ယောက်ကိုး။ အလီကိုက သူ့လယ်မြေက အကြီးဆုံးပဲ။ သူက လက်ဆိပ်လဲရှိတယ်။ ဘာစိုက်စိုက် ဖြစ်ထွန်းတယ်။ သူက စိုက်ပျိုးရေးနည်းတွေ ကို ဗြိတိသျှတွေဆီက ရတယ်။ ဗြိတိသျှတွေဆီမှာ သူက ထမင်းချက် လုပ်ဖူး တာကိုး"

"သူက ထမင်းချက်လုပ်ဖူးမှန်း ကျွန်တော် မသိဘူး"

"သူက မြေပိုင်ယာပိုင်ရှိတယ်။ ဒါပေမယ့် နိုင်ရိုဘီမှာ ထမင်းချက်လုပ် ဖူးတယ်။ အရေးကြီးပုဂ္ဂိုလ်တွေအိမ်မှာလုပ်ခဲ့တာ။ကမ္ဘာစစ်အတွင်းမှာတော့ သူ က ဗြိတိသျှတပ်မှာ စိုလ်ကြီးဖြစ်ခဲ့သေးတယ်"

"ဒါကြောင့်လဲ သိပ်စည်းကမ်းကြီးတာ ဖြစ်မယ်"



ရှိုင်းက ဘီယာထပ်မှာရင်းပြော၏။

"ဒါတော့ ငါမသိဘူး၊ ငါ့အဖေက သိပ်စည်းကမ်းတင်းကြပ်တာပဲ သိ တယ်။ ငါတစ်ခုပြောပြမယ်။ ငါငယ်ငယ်တုန်းကပေါ့။ တစ်နေ့ လူတစ်ယောက် ဆိတ်တစ်ကောင်ကျောင်းရင်း ငါတို့ခြံအနား ရောက်လာတယ်။ သူက ဟိုဘက် ခြမ်းမှာ နေတော့ ငါတို့ခြံက ဖြတ်သွားချင်တယ်။ ဒေးကနေ ကွေ့ပတ်မသွား ချင်ဘူး။ အဲဒီအခါ မင်းအဘိုးက ဒီလူကို ပြောတယ်။ ခင်ဗျား တစ်ယောက်ထဲ တုန်းက ကျုပ်ခြံထဲက ဖြတ်ချင်သလိုဖြတ် ခွင့်ပြုခဲ့တယ်၊ ဒီနေ့တော့ ဖြတ်ခွင့် မပြုနိုင်ဘူး။ ခင်ဗျားရဲ့ဆိတ်က ကျုပ်ခြံထဲက အပင်တွေ စားသွားလိမ့်မယ်။ ဒီတော့ ဒီလူက နားမထောင်ချင်ဘူး။ မင်းအဘိုးနဲ့ အကြာကြီး ငြင်းခုန်တယ်။ သေသေချာချာ ဆိတ်ကို စောင့်ရှောက်ပါမယ်။ ဘာမှ မဖြစ်စေရဘူးလို့၊ ဒီလူက သိပ်စကားများတော့ နောက်ဆုံး အဘိုးက ငါ့ကို ခေါ်ပြီး ဓားသွားယူခိုင်းတယ်။ သူ့မှာက ဓားနှစ်လက်ရှိတယ်။ သိပ်သိပ်ကို ထက်တာပဲ။ တစ်နေ့လုံး ကျောက် တုံးနဲ့ ပွတ်ပြီး သွေးထားတာ။ ငါလဲ အဘိုးရဲ့ ဓားတစ်လက်ကို သွားယူလိုက် တယ်။ အဘိုးက ဒီလူကိုပြောတယ်။ ဒီမှာကြည့် မင်းဆိတ်နဲ့မင်း ဒီခြံက ဖြတ် သွားနိုင်တယ်။ ဒါပေမယ့် ငါ့အရွက်တစ်ရွက်ကို မင်းဆိတ် စားများသွားရင်၊ တစ်ရွက်ထားတော့ တစ်ဝက်လောက် စားသွားတာနဲ့ ငါ မင်းဆိတ်ကို ဒီဓားနဲ့ ခုတ်သတ်မှာပဲ"

"ဒီလူကလဲ တော်တော် ဒုံးပေကတ်သတ်နိုင်တဲ့သူပဲ။ သူက သူ့ဆိတ် နဲ့ ငါတို့ခြံကို ဖြတ်တယ်။ ငါနဲ့ အဘိုးနဲ့က နောက်က ကပ်လျက် လိုက်ကြည့် ကြတယ်။ ခြေလှမ်း နှစ်ဆယ်လောက်ပဲ သွားရသေးတယ်။ ဆိတ်က အနားက အပင်က အရွက်တစ်ရွက်ကို ဆတ်ကနဲ ဆွဲစားပါလေရော။ ဆိတ်ပိုင်ရှင်ကလဲ အယ်နဲ့တကြားနဲ့ သူ့ဆိတ်ကို ဘယ်လိုလုပ်လိုက်တာလဲရယ် လို့ ဟန်မိတယ်။ မင်းအဘိုးကတော့ ဆိတ်ကို ဓားနဲ့ရွယ်ပြီး ငါပြောတဲ့စကား ငါတည်မှ လူတွေ ငါ့ကို နောက်ကျရင် လေးစားမယ် ဆိုပြီး ခုတ်ချလိုက်တယ်။ ဆိတ်ပိုင်ရှင်က နောက်တော့ တရားစွဲတယ်။ ဒါပေမယ့် လူကြီးတွေက အဘိုးကိုပဲ အနိုင်ပေး လိုက်ကြတယ်။ အဘိုးက မှန်တယ်။ သူက အစကတည်းက သတိပေးပြီးသား ပဲဆိုတာ လူကြီးတွေက သိကြတယ်လေ"

"အဲဒါပဲ ကြည့်တော့ ဘားရက်ရေ တစ်မိသားစုလုံးက သူ့ပဲ ကြောက်နေကြရတာ။ မင်းတို့အဘိုးကြီးလဲ သူ့ကိုကြောက်ခဲ့ရတာပဲ"

ဩမာက ပြော၏။

*

ကီကုမှုကို မိုးလင်းမှ ရောက်၏။ ဘတ်စ်ကားမှတ်တိုင်ရှိရာကို မိုင်ဝက်မျှ လမ်းလျှောက်ကြရသည်။ ဘတ်စ်ကားများတွင် ခရီးသည်များက ပြွတ်သိပ်နေ၏။

"ဒါက အာဖရိကပဲ့ ဩမာရဲ့၊ ဒါ ဥရောပ မဟုတ်ဘူး"

ရှိုင်းက ဩမာကိုပြောကာ ဘတ်စ်ကားတစ်စီးပေါ်တက်ကြ၏။ နေ့ဒါရီတွင် တစ်ထောက်နားကာ နှစ်နာရီမျှအကြာတွင် နောက်ခရီးတစ်ခု ဆက်ကြ၏။ ကွင်းပြင်ကျယ်တစ်နေရာ ရောက်သောအခါ သစ်ပင်အရိပ်အောက်တွင် လူနှစ်ယောက် စောင့်နေသည်ကို တွေ့ရ၏။

ရှိုင်းက ထိုသူနှစ်ဦးကို ပွေ့ဖက်လိုက်၏။

"ဘားရက် ဒါက ကျွန်တော်တို့ဦးလေးတွေပဲ။ ဒါက ယူဆွတ်၊ ဒါက ဆာယစ်။ သူက အဖေ့ရဲ့အငယ်ဆုံးညီလေ"

"ခင်ဗျားအကြောင်း အများကြီးကြားပြီးသားပါ။ ကြိုဆိုပါတယ် ဘယ်ရီ။ ကဲ ခင်ဗျားအိတ်တွေ ကျွန်တော့်ကိုပေး သယ်ပေးမယ်"

ဆာယစ်က ပြုံးပြုံးကြီး လှိုက်လှိုက်လှဲလှဲကြို၏။

ကျွန်တော်တို့သည် ယူဆွတ်နှင့်ဆာယစ်တို့နောက်ကို လိုက်ခဲ့ကြသည်။ ခြံဝင်းကြီးတစ်ခုအလယ်မှ အိမ်ကြီးတစ်အိမ်ရှေ့တွင် ရပ်လိုက်ကြ၏။

"အိုဘားမားလားဟေ့"

ခေါင်းတွင်ပုဝါစည်းထားသော အမျိုးသမီးကြီးတစ်ဦး ထွက်လာသည်။ သူ့မျက်နှာက ဆာယစ်နှင့် ဆင်၏။ သူက ဩမာနှင့်ရှိုင်းတို့ကို သိုင်းဖက်ကာ ကျွန်တော့်လက်လှည့်ပြီး လက်ကိုဆုပ်ကိုင်ကာ လှုပ်ရမ်းနှုတ်ဆက်၏။

"ဟလို"

သူက အင်္ဂလိပ်လို မပီကလာပီကလာပြော၏။

"မှုဆာဝါ"



ကျွန်တော်ကလည်း မတောက်တခေါက် လျှိုဘာသာစကားဖြင့် ခွန်းတုန့်ပြန်လိုက်၏။

သူက ရယ်လိုက်ကာ ဩမာက တစ်စုံတစ်ရာပြောလိုက်သည်။

"သူက ဒီနေ့ကို စောင့်နေတာ ကြာပြီတဲ့။ ခုမှပဲ သူ့သားရဲ့ဒီသားကို တွေ့ရတော့ သိပ်ဝမ်းသာတာပဲတဲ့။ မင်းက နောက်ဆုံးတော့ ကိုယ့်ဇာတိမြေကို ပြန်ရောက်လာတာပဲတဲ့"

ဩမာက ဘာသာပြန်ပြ၏။

အဘွားက ခေါင်းညိတ်ပြသည်။ အိမ်ထဲသို့ ဝင်သွားတော့ ပရိဘောဂ ကျိုးတို့ကျဲတဲတွေတွေ့ရ၏။ သစ်သားကုလားထိုင်တချို့၊ ကော်ဖီစားပွဲတစ်လုံး၊ ယိုင်နဲ့နေသောကွပ်ပျစ်တစ်ခု။ နံရံပေါ်တွင် ချိတ်ဆွဲထားတာတွေကလည်း ဗလပွ။ အဘိုးကြီး၏ ဟားဗတ်ကပေးသော ဘွဲ့လက်မှတ်။ အဘိုးကြီးနှင့် လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်က အမေရိကသို့ထွက်သွားပြီး တစ်ခါမှပြန်မလာသော ဦးလေးဖြစ်သူ ဆိုမာတို့ပုံ။ ကျောမှီခုံမြင့်မြင့်ကြီးနှင့်ထိုင်နေသော အဘိုးကြီး။

"အဲဒါ အဲဒါ ကျွန်မတို့ အဘိုးပုံပေါ့။ သူ့ဘေးက ပုံက အဘွားလေး အကူမူ၊ မိန်းကလေးက ဆာရာ၊ ကလေးပေါက်စလေးက အဘိုးကြီးပေါ့"

ဩမာ ပြောပြမှ ပုံထဲကလူတွေကို သိရ၏။

နံရံပေါ်မှ နောက်ဆုံးပုံတစ်ပုံကို သတိထားမိ၏။ ပုံမှာ ဆေးသားတွေ ပြယ်လွင့်ကျ၍တော်တော်မှိန်နေပြီ။ ဆံပင်မည်းမည်းထူထူထဲထဲနှင့် လူဖြူအမျိုးသမီး တစ်ဦး၏ပုံ။ မျက်လုံးများက ခပ်ရီဝေဝေ။

"အဲဒါက ကျွန်မတို့အဘိုးရဲ့မိန်းမတွေထဲက တစ်ယောက်ရဲ့ပုံပဲ။ သူစစ်အတွင်းက ဗမာပြည်မှာ လက်ထပ်ခဲ့တဲ့သူလို့ သူကပြောတာပဲ"

"သူက မြန်မာအမျိုးသမီးနဲ့လဲ သိပ်မတူဘူးနော် ဘားရက်"

ရှိုင်းက ရယ်ပြီးပြော၏။

ကျွန်တော်က ခေါင်းခါပြလိုက်သည်။ သူက ကျွန်တော့်အမေနှင့်တူနေ၏။ ဧည့်ခန်းထဲတွင် ထိုင်ကြစဉ် အဘွားက လက်ဖက်ရည်တိုက်၏။ သူက လယ်ယာမြေတချို့ကို ကိုယ်တိုင် မလုပ်နိုင်တော့၍ ဆွေမျိုးများအား ပေးထားခဲ့၏။ သူကမူ သီးအနှံကျောင်းမှုကလေးများကို နေ့လည်စာ ရောင်းပြီး အသက်



မွေးပုံ။ ငွေပိုငွေလျှံလေးများရှိလာလျှင် ကိဆုမှုကုန်များဝယ်ပြီး ရွာကဈေးတွင် ရောင်းပုံများကို ပြောပြ၏။ သူ၏တကယ့်ပြဿနာမှာ ခေါင်မိုးပြဿနာ။ ခေါင်မိုးသည် ပေါက်ပြဲနေ၍ နေခြည်များပင် ကြမ်းပေါ်သို့ထိုးကျနေ၏။ သူက သူ့သား ဆိုမာကို စောင့်နေကြောင်းပြောရင်း ကျွန်တော့်ကိုလည်း ဆိုမာနှင့်တွေ့မတွေ့မေး၏။ ကျွန်တော်ကလည်း မတွေ့ပါဟု ဖြေလိုက်ရသည်။

"သူ့ကိုတွေ့ရင်ပြောပေးပါနော်။ သူ့ဆီက ဘာမှမယူချင်ပါဘူး။ အမေ့ဆီ တစ်ခါတစ်ခေါက်ပြန်လာရင် တော်ပါပြီလို့"

ဩမာက ဘာသာပြန်ပြ၏။ သူ့မျက်နှာပြင်ပေါ်တွင် ကြေကွဲရိပ်တွေ ပေါ်လာ၏။

ကျွန်တော်တို့ မပြန်ခင် အိမ်နောက်ဖေးခြံဘက်ကို လာခဲ့ကြ၏။ ခြံနီးနားချင်း၏ပြောင်းခင်းအစွန် သရက်ပင်တစ်ပင်၏ခြေရင်းတွင် မြေပုံနှစ်ခုကိုတွေ့ရ၏။

မြေပုံတစ်ခု၏ အပေါ်တွင် "ဟူစိန်အွန်ယန်ဂိုအိုဘားမား မွေး-၁၈၉၅၊ သေ-၁၉၇၉" ဟူသော အမှတ်အသားကို ဖတ်ရ၏။ နောက်မြေပုံတစ်ခုပေါ်တွင်ကား မည်သည့်စာတန်းမှမတွေ့ရ။ မြေပုံပေါ်တွင် ပုရွက်ဆိတ်တွေ အုံခဲနေ၏။ ရှိုင်းက ခါးကိုင်းပြီး ပုရွက်ဆိတ်တွေကို သပ်ချပစ်လိုက်၏။

"ခြောက်နှစ်ပဲ ရှိသေးတယ်။ ခြောက်နှစ်ပဲရှိသေးတာတောင် ဒီမှာ ဘယ်သူ့ကိုမြှုပ်ခဲ့သလဲဆိုတာ မသိတော့ဘူး။ ကျွန်တော်သေရင်တော့ ကျွန်တော့်အုတ်ဂူပေါ်မှာ ကျွန်တော့်နာမည်ထိုးပေးပါနော် ဘားရက် ဒါတော့ ကျွန်တော် ပြောလိုက်ပါရဲ့"

ရှိုင်းက ပြောပြောဆိုဆို ခေါင်းကို ဖြည်းဖြည်း ခါရမ်းရင်း အိမ်ဘက်သို့ ပြန်လှည့်သွားသည်။

ဩမာနှင့် ကျွန်တော် နေ့လည်ပိုင်းတွင် အဘွားနှင့်အတူ ဈေးထဲသွားကြည့်ကြ၏။ ဈေးသည်အများစုမှာ ကောက်ရိုးများပေါ်တွင်ထိုင်ပြီး ရောင်းနေကြ၏။ ဒေသထွက်ကုန်ဟင်းသီးဟင်းရွက်တွေ ရောင်းကြတာ များပါသည်။ ဩမာက ကျွန်တော်နှင့်အဘွားကို ဓာတ်ပုံရိုက်ပေးသည်။

"ကျွန်တော်လဲ လျှိုဘာသာစကားကို သင်ချင်တယ်လို့ အဘွားကိုပြော



ပေးပါ။ ဒါပေမယ့် အမေရိကမှာ အချိန်က ဘယ်လောက်ရှားတယ် ဆိုတာလဲ သူ့ကိုပြောပါ။ ကျွန်တော် ဘယ်လောက်အလုပ်များသလဲဆိုတာ"

ဩမာကို ဘာသာပြန်ခိုင်း၏။

"သူ နားလည်ပါတယ်တဲ့။ ဒါပေမယ့် လူတစ်ယောက်ဟာ သူ့ပြည်သူတွေကိုတောင် နားမလည်နိုင်လောက်အောင်တော့ အလုပ်မများသင့်ဘူးလို့ သူက ပြန်ပြောပါတယ်"

ကျွန်တော်က အဘွားကို ကြည့်လိုက်၏။ သူက ကျွန်တော့်ကို ခေါင်းညိတ်ပြ၏။

ညရောက်လာပြီ။ ဘားနတ်၊ ရှိုင်းနှင့်ကျွန်တော်တို့က အိမ်ရှေ့ ရေစည်မှရေကို ခပ်ချိုးကြ၏။ ဆပ်ပြာတိုက်ထားသော ကျွန်တော်တို့ခန္ဓာကိုယ်များသည် လရောင်အောက်တွင် ပြောင်လက်နေကြ၏။ အိမ်ထဲရောက်တော့ ညစာ အသင့်ဖြစ်ပြီ။ မည်သူမျှ ခေါင်းမဖော်နိုင်ဘဲ မြိန်ရေရှက်ရေစားကြ၏။ ရှိုင်းက သူတွေ့ချင်တဲ့သူရှိသေးတယ်ဆိုကာ ထွက်သွား၏။ ယူဆွတ်က သူ့တဲထဲပြန်ကာ ထရန်စစ်တာရေဒီယိုလေး ယူလာ၏။ ဒါက ကျွန်တော်တို့အဘိုး တစ်ချိန်က ပိုင်ခဲ့တဲ့ ပစ္စည်းပါဟုပြော၏။ ခလုတ်ကို ဟိုရွှေ့ဒီရွှေ့လုပ်ရင်း ဘီဘီစီကိုဖမ်းမိ၏။ အသံက သိပ်မကြည်။ ခပ်ဖျဖျလေးသာ ကြားရ၏။

အဘွားက ဘားနတ်နှင့် ကျွန်တော့်အတွက် နှစ်ယောက်အိပ် ကွပ်ပျစ်ကလေးနှင့် စောင်များ ယူလာပေးသည်။ ကျွန်တော့်ခန္ဓာကိုယ်မှာ ပင်ပန်းသဖြင့် ကိုက်ခဲနေသည်။ အဘွားအခန်းတွင်မှ အဘွားနှင့်ဩမာတို့ တွတ်ထိုးနေသံများ ကြားရ၏။

"ဘယ်ရီ မအိပ်တော့ဘူးလား"

ဘားနတ်က မေး၏။

"ဟုတ်တယ်"

"ဘာဖြစ်လို့ ဒီကိုပြန်လာတာလဲဟင်"

"သေတော့ မသေချာဘူးကွ။ ဒါပေမယ့် တစ်ခုခုက လှုံ့ဆော်ပေးနေသလိုပဲ။ ပြန်ဖို့ အချိန်ကျပြီလို့"

*

ဆာယစ်က သူ့အကြောင်းပြောပြသည်။ သူသည် တက္ကသိုလ်သို့တက်ချင်ပါလျက် မတက်ခဲ့ရခြင်းကို အကြီးအကျယ် မကျေမနပ်ဖြစ်မိသည် ဆို၏။ သူ့အစ်ကိုများကဲ့သို့ပင် ကျောင်းစရိတ်မရှိ၍ တက္ကသိုလ် မရောက်ခဲ့။ အမျိုးသားလူငယ်တပ်ဖွဲ့တွင် အမှုထမ်းရင်း ကျေးလက်ဖွံ့ဖြိုးရေးများကိုလုပ်နေရ၏။ နိုင်ဂျီးရီးယားတွင်လည်း အလုပ်မျိုးစုံ လာလုပ်ဖူးသည်။ အဆင်မပြေ။

"ဒီနေ့ခေတ်မှာ စာရေးစာချီရဖို့တောင် အကာပ်အရေပ်ကနိုမ္မာ။ ဒါမှမဟုတ်လာဘ်ထိုးနိုင်လွန်းကာမှ။ ဒါကြောင့် ကိုယ့်အလုပ်ပဲ ကိုယ် လုပ်ရတော့တယ်။ အလုပ်က အသေးအဖွဲပါ။ ဒါပေမယ့် ကိုယ်ပိုင်အလုပ်လေး။ဒါကတော့ ကျွန်တော်ထင်တာ ခင်ဗျားအဖေရဲ့အမှားပဲ။ သူက ပညာတတ်ရည်ထူးချွန်ပေမယ့် သူများလခစားပဲ လျှောက်လုပ်တော့ သူ့မှာ ကိုယ်ပိုင်ဘာမှမကျန်ခဲ့ဘူး။ဒါပေမယ့် အတိတ်ကအမှားတွေချည်းပဲ အပြစ်ပြောနေလို့ အပိုပါပဲ။ ကိုယ့်အလုပ်ကို အစုလုပ်ကြဖို့ပဲ ရှိတယ်။ ကျွန်တော့်အမေတွေကိုလဲ ပြောတယ်။ ကိုယ့်အား ကိုယ်ကိုးကြလို့။ ဒါပေမယ့် အမှေမှုတွေဖြစ်ကြတော့ ခုတော့ ဘယ်မလဲ၊ရှိသမျှပိုက်ဆံတွေ အကုန်ရှေ့နေတွေ စားသွားကြပြီ"

ဆာယစ်က ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

"ကျွန်တော်ကတော့ နိုင်ဂျီးရီးယားစာရေးဆရာ ခင်နွာဘက်ရှာဘီရဲ့လက်ရာတွေကို ကြိုက်တယ်။ သူက အာဖရိကရဲ့အခြေအနေကို အစစ်အမှန်တင်ပြတဲ့သူပဲ။ နိုင်ဂျီးရီးယားရယ် ကင်ညာရယ် အတူတူပါပဲ။ ဗေဒနာတွေ မျှဝေခံစားကြရတာ အတူတူပါပဲ"

*

ကျွန်တော်တို့ပြန်လာတော့ အတ္တားနှင့်ရှိုင်းသည် လူတစ်ဦးနှင့် စကားပြောနေသည်ကို တွေ့ရသည်။ ထိုသူက အနီးအနားကျောင်းမှ ကျောင်းအုပ်ဆရာကြီးဖြစ်သည်။ သူက မြို့မှသယ်ဆောင်လာသော သတင်းများကို မောက်သည်ချရင်း ကျွန်တော်တို့ မနေ့ညကကျန်သော ကြက်စွပ်ပြုတ်ရည်ကို အရသာခံသောက်နေသည်။ ရှိုင်းက အထုပ်အပိုးတွေပြင်နေသည်ကိုတွေ့၍ ဘယ်သွားမလဲ မေးကြည့်သည်။

"ကင်ဒူဘေးကိုလေ။ ကျောင်းအုပ်ကြီးကလဲ ဒီလမ်းပဲသွားမှာဆို့ ကျွန်



တော်ရယ် ဘားနတ်ရယ် အမေရယ် သူနဲ့လိုက်သွားပြီး အဘိုးကို ပြန်ခေါ်ခဲ့မယ်လေ။ အစ်ကိုလဲ လိုက်ခဲ့ပေါ့။ အဲဒီက ဆွေမျိုးတွေကို ဂါရဝပြုလို့ရတယ်"

ညမှာက အတ္တားနှင့်နေခဲ့သည်။ ဆာယစ်နှင့် ကျွန်တော်က အဝေးလဲပြီး ကျောင်းအုပ်ကြီး၏ကားဟောင်းကြီးပေါ် တက်ကြ၏။ ကင်ဒူသို့ နာရီပေါင်းများစွာသွားရ၏။ လမ်းခုလတ်တွင် ဗိတ်ုရီယာကန်ကိုပင် ဖြတ်ခဲ့ရသည်။ နေ့လည်ပိုင်းကျမှ ကင်ဒူသို့ ရောက်၏။ ကင်ဒူမြစ်ရေ၏အရောင်က ချောကလက်ရောင်ဖြစ်၏။ မြစ်ကမ်းဘေးတွင် အမျိုးသမီးများ အဝတ်လျှော်နေကြသည်။ ဆိတ်အုပ်ကြီးကလည်း တစ်သီတစ်တန်းသွားကာ အပါရောင်မြက်များကို စားနေကြသည်။ တစ်နေရာအရောက်တွင် ကီဒီယာက ရပ်လိုက်ကာ ကျောက်တုံးနှင့် တုတ်ချောင်းအုံတစ်ပုံကို လက်ညှိုးညွှန်ပြသည်။

"ဒါက အိုဘားမားရဲ့မြေပုံပေါ့။ ကျွန်မတို့ရဲ့ အဘေးလေ။ ဒီနေရာကမြေကွက်အားလုံးကို ကေအိုဘားမား-အိုဘားမားရဲ့မြေလို့ ခေါ်တယ်။ ကျွန်မတို့က ကေအိုဘားမား အိုဘားမားရဲ့ပြည်သူတွေပေါ့။ ကျွန်မတို့ရဲ့ဘေးက အလီဂိုမှာကြီးပြင်းခဲ့တယ်။ ဒါပေမယ့် လူငယ်ဘဝမှာပဲ သူ ဒီကိုပြောင်းခဲ့တယ်။ ဒီနေရာက အိုဘားမားအခြေချတဲ့နေရာပဲ။ သူ့ရဲ့ကလေးတွေအားလုံး ဒီမှာပဲ မွေးခဲ့ကြတာ"

"ဒါနဲ့ ကျွန်တော်တို့အဘိုးကျတော့ ဘာဖြစ်လို့ အလီဂိုကို ပြန်သွားတာလဲ"

"ဒါတော့ မင်းတို့အဘွားကို မေးကြည့်ပေါ့။ အမေက ထင်တာတော့ သူက ညီအစ်ကိုတွေနဲ့ အစေးမကပ်ဘူး ပြောတယ်။ တကယ်တော့ သူ့ညီအစ်ကိုတွေက တစ်ယောက်က ဒီမှာ နေနေဆဲပဲ။ သူက အသက်ကြီးပါပြီ။ ကျွန်မတို့သွားတွေ့နိုင်ကောင်း သွားတွေ့နိုင်မယ်"

ကျွန်တော်တို့ သစ်သားအိမ်တစ်အိမ် ရောက်သွားသောအခါ ဥပဓိရုပ်ကောင်းသော အမျိုးသမီးကြီးတစ်ဦးက တံမြက်စည်း လှဲနေ၏။ သူ့ဘေးတွင် ရှပ်အင်္ကျီမဝတ်ထားသော ကိုယ်ဗလာနှင့်လူတစ်ဦးက ထိုင်နေ၏။ အမျိုးသမီးကြီးက လက်ရေ့ယမ်းပြလိုက်သောအခါ ထိုလူငယ်က ထွက်သွား၏။ရှိုင်းက အမျိုးသမီးကြီးကို လက်ဆွဲနှုတ်ဆက်လိုက်သည်။ သူ့အမည်က ဘယ်လီနှာ။ လူငယ်က မတ်တပ်ရပ်ပြီး ကျွန်တော်တို့ကို နှုတ်ဆက်၏။



"ခင်ဗျားတို့ နောက်ဆုံးကျတော့ ကျွန်တော်တို့ကို လာခေါ်ကြတာကိုး"

အဘိုးက ပြောပြောဆိုဆို ရုပ်အင်္ကျီဝတ်လိုက်၏။

"ကျွန်တော်လဲ နိုင်ရိုဘီကို ပြန်ဖို့လိုနေပါပြီ"

"ဒီမှာ အဆင်မပြေဘူးလား"

"ဖျင်းစရာကောင်းတယ်ဗျ။ ရုပ်မြင်သံကြား မရှိ။ ကလပ်မရှိ။ ဒီကလူတွေက အေးအေးဆေးဆေးသမားတွေ"

"ဘီလီကော ဒီမှာ ရှိသလား"

"ရှိတယ်။ တစ်နေရာရာမှာ သွားနေတယ်ထင်တယ်"

ဟု သူကပြောကာ ကျွန်တော့်ဘက်သို့ လှည့်ကြည့်ပြီး

"ဘယ်ရီ ကျွန်တော့်အတွက် အမေရိကက ဘာယူလာသလဲ"ဟု မေးလိုက်သည်။

ကျွန်တော်က အိတ်ထဲနှိုက်ကာ ခရီးဆောင်ကက်ဆက်တစ်လုံးကို ထုတ်ပေးလိုက်သည်။ တစ်လုံးကမူ ဘားနတ်အတွက်။

"ဒါက ဆိုနီလဲ မဟုတ်ဘူး"

ဟု မကျေနပ်သလိုပြောပြီးမှ

"ရပါတယ်ကွာ။ ကျေးဇူးပါပဲ ကျေးဇူးပါပဲ"ဟု သူက ပြောလိုက်၏။

ကျွန်တော်က ဘားနတ်နှင့်သူ ယှဉ်ရပ်နေသည်ကိုကြည့်ပြီး တူလိုက်တာမှာ် အမြွှာပူးကျနေတာပဲဟု ထင်မိ၏။

အိမ်ထဲဝင်သွားတော့ ဘာလီနှာက စားဖွယ်သောက်ဖွယ်များဖြင့် ဧည့်ခံ၏။ ထိုအချိန်တွင် အခန်းထဲသို့ ရုပ်ချောချော အရပ်မြင့်မြင့် ကောင်လေးတစ်ဦးဝင်လာ၏။

"ရှိုင်း ဘာလာလုပ်တာလဲ"

"မင်းက ငါ့ကိုသိတယ် ဟုတ်လား"

ရှိုင်းက သူ့ကို ပွေ့ဖက်နှုတ်ဆက်လိုက်၏။

"အမေ့ကို လာတွေ့တာပါ။ ဒီကို ခဏခဏမလာရင် အမေက ပူညံပူညံ လုပ်တတ်တာကိုး"

"ဟောဒီမှာ ငါတို့ရဲ့ညီအစ်ကိုဝမ်းကွဲ၊ အမေရိကန်လေ"



ကျွန်တော်နှင့် သူနှင့် နှုတ်ဆက်လိုက်ကြ၏။

"မင်းက စာတိုက်မှာလုပ်နေတယ်ဆို"

ရှိုင်းက မေးလိုက်သည်။ ဘီလီက ပခုံးတွန့်ရင်း ဖြေ၏။

"လစာကတော့ ကောင်းပါတယ်။ အလုပ်လဲ များလှတယ်မဟုတ်ပါဘူး။ မှန်မှန်ပါပဲ"

ထို့နောက် ညစာစားကြသည်။

"ဘယ်ရီ ခင်ဗျားအဖေနဲ့ကျွန်တော့်အဖေက သက်တူရွယ်တူတွေ။ သိပ်လဲ ရင်းနှီးကြတယ်။ ရှိုင်းနဲ့ကျွန်တော်လဲ ကြီးလာရင် ဒီလိုပဲဖြစ်မှာပေါ့။ ခင်ဗျားအဖေကတော့ တကယ့်ကို လူတော်ကြီးဗျာ။ ကျွန်တော့်အဖေထက်တောင် သူနဲ့ ကျွန်တော်ပိုရင်းနှီးသေးတယ်။ ကျွန်တော် ပြဿနာတစ်ခုခုပေါ်ရင် အန်ကယ်ဘားရက်တဲ့ဆီပဲ ပထမဆုံး သွားတာ။ ရှိုင်းရေ မင်းကလဲ ငါ့အဖေဆီပဲ သွားတာပဲ မဟုတ်လား"

ဘီလီက လှမ်းမေးလိုက်သည်။

"ကျွန်တော်တို့မိသားစုက လူကြီးတွေက တခြားလူ့ရဲ့ သားသမီးတွေအပေါ် သိပ်ကောင်းကြတယ်။ ကိုယ့်ကလေးတွေကျတော့ ကိုယ် သိပ်ဂရုမစိုက်နိုင်ကြဘူး"

ရှိုင်းက မှတ်ချက်ချသည်။

"ဟုတ်တယ်။ ကျွန်တော်တို့ကျတော့ ဒီလိုအမှားတွေ သိပ်မလုပ်ချင်ကြတော့ဘူး။ ကိုယ့်မိသားစုအပေါ် ကိုယ်မရက်စက်ဘူး။ရှိုင်းရေ ကိုယ်တော့ အခုတည်ငြိမ်လာပါပြီ။ မိသားစုရှိလာပြီလေ။ လူဆိုတာ ကိုယ့်အကန့်အသတ်နဲ့ကိုယ်ရှိမှာပေါ့။ ကျွန်တော့်ဇနီးဆို ကျွန်တော့်ကို သိပ်စိတ်ဆိုးအောင် မလုပ်ပေးတော့ဘူး။ ခင်ဗျားကော ဘယ်လိုလဲ ဆာယစ်"

"ကျွန်တော်က အိမ်ထောင်မှုမကျသေးတာ။ ဒါပေမယ့် ကျွန်တော်ကြိုးစားပါမယ်။ အဆင်ပြေအောင် ကြိုးစားပါမယ်။ အမျိုးသားနဲ့အမျိုးသမီးပြဿနာက အာဖရိကမှာ အရေးအကြီးဆုံးပဲ။ ကျွန်တော်တို့ယောကျ်ားတွေဟာ သန်စွမ်းအောင် ကြိုးစားနိုင်ကြတယ်။ ဒါပေမယ့် ကျွန်တော်တို့စွမ်းအားက တစ်ခါတလေ မှရာမှာအသုံးချနေကြသလို ဖြစ်နေတယ်။ တစ်လင်တစ်မယားစနစ်ထက်ပိုတဲ့

သဘောတွေလေဗျာ။ ကျွန်တော်တို့အမေတွေဆိုရင် မိန်းမတွေ အများကြီးယူခဲ့ကြတယ်။ ကျွန်တော်တို့လဲ ဒီလမ်းစဉ်လိုက်ကြတာပဲ။ အကျိုးဆက်တွေကို စောင့်ကြည့်ဖို့အချိန်မပေးဘူး။ ဒီတော့ အမျိုးသမီးတွေ ဘာဖြစ်ကုန်ကြသလဲ။ သူတို့မနာလိုဝန်တိုမှုတွေ ဖြစ်လာကြတာပေါ့။ သူတို့ရဲ့ကလေးတွေကလဲ ဖခင်တွေနဲ့မရင်းနှီးကြတော့ဘူး။ ဒါဟာ·····"

ဆာယစ်က ပြောရင်း ရုတ်တရက်ရယ်ကာ ပြုံးပြသည်။

"တကယ်တော့ ကျွန်တော်က မိန်းမတစ်ယောက်တောင်မှမရသေးပါဘူး။ ဒါကြောင့် ကျွန်တော် ဆက်မပြောပြပါရစေနဲ့တော့။ အတွေ့အကြုံဆိုတာ မရှိရင် ပညာရှိဆိုတာ ဆိတ်ဆိတ်နေရတာယ်ဆိုပဲ"

ညစာစားပြီးတော့ အတော်ပင်မှောင်နေပြီ။ ကျွန်တော်တို့ ဘီလီနှင့်အတူ အပြင်ထွက်ခဲ့ကြသည်။အပြင်တွင် လပြည့်ညဖို့ ထိန်လင်းနေ၏။ဘီလီက အိမ်တစ်အိမ်၏တံခါးကိုသွားခေါက်လိုက်၏။ နဖူးတွင် အမာရွတ်နှင့်လူပုပုက တံခါးလာဖွင့်၏။ သူ့နောက်မှာက ဆံပင်ဖြူဖြူ ပိန်ပိန်ရှည်ရှည် မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးနှင့်လူက ထိုင်နေ၏။ ဆံပင်ဖြူဖြူနှင့်လူကမူ သူ့ကိုယ်သူ ညွှန်ပြကာ

"ခင်ဗျားရဲ့တူပါ"ဟုဆို၏။ ခပ်ပုပုလူက ရယ်လိုက်ကာ

"သူ့ဆံပင်က ဖြူလို့ ဒါနဲ့တောင် ခင်ဗျားကိုသူ့တူတဲ့။ ဟားဟားဟား ခင်ဗျား သူ့ရဲ့အင်္ဂလိပ်စာကို တော်တော်သဘောကျရဲ့လား"

သူတို့က သစ်သားစားပွဲတစ်လုံးဆီသို့ ခေါ်သွား၏။ တံဆိပ်မကပ်ထားသော အရက်တစ်ပုလင်းနှင့် ဖန်ခွက်သုံးခွက်တင်ထားသည်။ ဆံပင်ဖြူဖြူနှင့်လူက အရက်တွေ ငှဲ့ပေးသည်။

"ဒါက ပီစကီထက် ကောင်းတယ်။ ယောကျ်ားကို အားဖြစ်စေတယ်"

သူသောက်၍ ကျွန်တော်လည်း လိုက်သောက်လိုက်၏။ ရင်ထဲ ပူကနဲဖြစ်သွားသည်။ ဖန်ခွက်တွေ ထပ်ဖြည့်ပြန်သည်။ ဆာယစ်က လက်မြှောက်လိုက်၏။ ဆံပင်ဖြူဖြူလူက ကျွန်တော့်ဘက်လှည့်ကာ ထပ်ယူဦးမလားမေးသည်။

"အခုတော့ မယူသေးပါဘူး ကျေးဇူးပါပဲ"

"ခင်ဗျား ကျွပ်အတွက် တစ်ခုခုတော့ ပါလာလိမ့်မယ်။တီရှပ်လား ဖိနပ်လား"



"ဝမ်းနည်းပါတယ်။ အလီဗိုမှာ အကုန်ကျန်ခဲ့လို့ပါ"

ခပ်ပုပုလူကမူ ပြုံးနေပြီး ကျွန်တော့်ကို အရက် ထပ်တိုက်၏။ နောက်မှ သောက်ကြတာပေါ့ ပထမဆုံး အဘိုးနဲ့တွေ့ချင်တယ်ဟု ကျွန်တော်က ပြောရ၏။

လူနှစ်ဦးက နောက်ဖေးခန်းသို့ ခေါ်သွား၏။ ရေနံဆီမီးအိမ်အောက်တွင် ကျွန်တော့်တစ်သက်တာမြင်ဖူးသမျှတို့ထဲတွင် အသက်အကြီးဆုံး ဖြစ်ဟန်တူသူ အဘိုးအိုတစ်ဦးကို တွေ့၏။ သူ့ဆံပင်က နှင်းလိုဖြူဖွေးနေ၏။ သူ့အသားအရေက သားရေပြားလိုတွဲကျနေ၏။ သူက မလှုပ်မရှားနိုင်။ မျက်လုံးတွေက ပိတ်ထားသည်။ လက်တန်းပါသောကုလားထိုင်ပေါ်တွင် အသားမရှိတော့သော လက်များက လျော့ကျနေ၏။

ကျွန်တော်က သူအိပ်နေသည်ဟု ထင်၏။ သို့သော် ဘီလီက ရှေ့တိုးလိုက်သောအခါ သူ့ခေါင်းက အသံကြားရာသို့လှည့်လာသည်။ အသွားမရှိ၍ ဖွင့်ကပ်ထားသော ဆေးရောင်မှိန်မှိန်စာတ်ပုံထဲမှပုဂ္ဂိုလ်ကြီး။

ဘီလီက ဘယ်သူဘယ်ဝါတွေ လာပါတယ်ဟုပြောပြသောအခါ အဘိုးကြီးက ခေါင်းညိတ်ကာ လေသံလေးဖြင့် တုန်တုန်ယင်ယင် စကားပြော၏။

"ခင်ဗျားလာတာ ဝမ်းသာတယ်တဲ့။ သူက ခင်ဗျားအဘိုးရဲ့ညီပဲ။ ခင်ဗျားကို ဆုတောင်းမင်္ဂလာတွေ ချီးမြှင့်ပါတယ်တဲ့"

ဘီလီက ရှင်းပြသည်။

ကျွန်တော်ကလည်း တွေ့ရတာဝမ်းသာပါတယ်ဟုပြောသောအခါ အဘိုးကြီးက ခေါင်းညိတ်ပြ၏။

"သူက ပြောတယ်။ လူငယ်တော်တော်များများဟာ လူဖြူတွေရဲ့ နိုင်ငံမှာ ပျောက်ဆုံးကုန်ကြတယ်တဲ့။ သူ့သားတစ်ယောက်တောင် အမေရိကမှာရှိတယ်။ နှစ်ပေါင်းများစွာကြာပြီ အိမ်ပြန်မလာခဲ့ဘူး။ ဒီလူတွေဟာ သူ့ရဲ့တွေနဲ့ တူတယ်လို့ပြောတယ်။ သူတို့သေရင် ဝမ်းနည်းမယ့်သူတောင် ဘယ်သူမှမရှိဘူး။ တခြားမှာ သူတို့ကို ကြိုမယ့်သူလဲမရှိဘူး။ ဒါကြောင့် ခင်ဗျားပြန်လာတာ ကောင်းတယ်လို့ပြောတယ်"

ဘီလီက ဘာသာပြန်သည်။

အဘိုးကြီးက လက်ကို မြှောက်လိုက်သည်။ ကျွန်တော်က နူးညံ့ညင်



သာစွာ လက်ဆွဲနှုတ်ဆက်လိုက်သည်။ ထိုနောက် အဘိုးကြီးက ခေါင်းထပ်ညိတ်ပြပြီး တစ်ခုခုပြော၏။

"သူ့သားအကြောင်း ကြားခဲ့ရင် အိမ်ကိုပြန်ခဲ့ပါလို့ပြောလိုက်ပါနော်တဲ့"

နှိုင်းက ပြန်ပြောပြ၏။

ကျွန်တော်တို့ ပြန်ခဲ့ကြ၏။

"ဘယ်ရီ ပြန်ကြရအောင် ဘားနတ်က နည်းနည်းနေမကောင်းဘူး"

ဆာယစ်က လာပြော၏။ ကျွန်တော် သွားရန် ဟန်ပြင်နေစဉ် အဘိုးက ပြောပြန်သည်။

"ဘယ်ရီ ဘယ်သွားမလို့လဲ"

"အိပ်တော့မယ်လေ"

"ခင်ဗျား ကျွန်တော်တို့နဲ့ နေပါဗျာ။ ကျွန်တော်ရယ် နှိုင်းရယ်နဲ့နေပါ"

သို့သော် ဆာယစ်၊ ဘားနတ်နဲ့ကျွန်တော်တို့က ဆာလီမှာအိမ်သို့ပြန်ခဲ့ကြ၏။

"ဒီလူတွေ သိပ်မူးနေကြတယ်"

ဘားနတ်က လယ်ကွင်းကိုဖြတ်လျှောက်ရင်း ပြော၏။

နှိုင်းက"ကျွန်တော့်အစ်ကိုကြီးလို ဖြစ်မှာစိုးတယ်။ ခင်ဗျားအမေလဲ ဒီအိုင်းမှာ သိပ်နာမည်ကြီးတယ်။ အိမ်ပြန်လာရင် သူက အရက်တွေ ဝယ်လာပြီး လူတိုင်းကို တိုက်တယ်။ သူလဲ အပြင်မှာ ညှိနက်တဲ့အထိနေတယ်။ ဒီကလူတွေက အဲဒါကို ဝမ်းမြောက်ကြတယ်။ ခင်ဗျားက စရာမလှုကြီး ဖြစ်နေတာတောင် ကျွန်တော်တို့ကို မစေ့ဘူးဗျာ၊ ဘာညာပြောပြီး ညာသောက်ကြတယ်။ ဒီစကားတွေကြားရင် ခင်ဗျားအမေက သဘောကျတယ်။ ကျွန်တော် မှတ်မိသေးတယ်။ တစ်ခါက သူ့မာစီဒီးကားနဲ့ ကီဆူမှုကို သွားတာ၊ ကျွန်တော်လဲ လိုက်ခဲ့ရတယ်။ သူက သူ့ကားပေါ် လမ်းမှာတွေ့တဲ့လူတွေလျှောက်တင်ပြီး ကျွန်တော့်ကို ကားခ ကောက်ခိုင်းတယ်။ လူရှစ်ယောက်လောက် တင်ခေါ်လာတယ်။ အိမ်တိုင်ယာရောက် လိုက်ပို့ပေးတယ်။ အိမ်ရောက်ရင် သူတောင်းခဲ့တဲ့ ကားခတွေ ပြန်ပေးတယ်။ သူဘာလုပ်တာလဲဆိုတာ လူတွေက နားမလည်နိုင်ကြဘူး။ ကျွန်တော်လဲ အဲဒီတုန်းက နားမလည်ဘူး။ သူ အရက်ဆိုင်ရောက်တော့မှ သူလုပ်ခဲ့သမျှ



တွေကို သူ့မိတ်ဆွေတွေကို ပြောပြတယ်။ မာစီဒီးကားနဲ့ ဘတ်(စ်)ကားဆွဲခဲ့တဲ့အကြောင်း ပြောပြီး ရယ်လိုက်ကြတယ်။ ဒါပဲ"

ဆာယစ်က ခေတ္တ စကားပြောရပ်ကာ စကားလုံး သေသေချာချာရွေးပြီး ဆက်ပြော၏။

"ကျွန်တော့်အစ်ကိုကြီးဟာ လူကောင်းပါ။ ဒါမျိုးတွေ သူ လုပ်ခဲ့တယ်။ ခင်ဗျားကတော့ တစ်မျိုး။ ခင်ဗျားက ဘာပုဂ္ဂိုလ်ကြီးညာပုဂ္ဂိုလ်ကြီးဖြစ်ရင်တောင်မှ ဒါမျိုး မလုပ်ပါနဲ့ဗျာ။ တစ်ညလုံး မူးရူးနေ၊ ဘတ်စ်ကားသမားယောင်ဆောင်နေတဲ့လူက ကင်ညာနိုင်ငံရဲ့စီးပွားရေးစီမံကိန်းကို ရေးဆွဲတဲ့သူတဲ့လားဗျာ။ လူဆိုတာ ယုံကြည်သူအတွက် မှန်မှန်ကန်ကန်အလုပ်အကျွေးပြုရမှာပေါ့။ သူများတွေ အထင်ကြီးအောင် ဟန်ပြလျှောက်လုပ်လို့ မရဘူးလေ။ အရက်ဆိုင်က သူ့ စောစောစီးစီး ထွက်သွားရင် လူတွေက သူ့ကိုဘာပြောမလဲ။ အဲဒါ သူကြောက်တယ်။ဒါကြောင့် သူက မူးအောင်ကို တမင်သောက်တယ်"

"ဒါမျိုးက မဖြစ်သင့်ပါဘူး"

ဘားနတ်က ပြော၏။

ဆာယစ်က သူ့တူကို စိတ်မကောင်းဟန်ဖြင့် ကြည့်နေ၏။

"ဘားနတ်ရယ် ငါ ဒီလောက်ပွင့်ပွင့်လင်းလင်းမပြောချင်ပါဘူး။ မင်းအမေနဲ့ လူကြီးတွေကိုရှိသေရမယ်။ သူတို့က မင်းအတွက် လမ်းရှင်းပေးခဲ့တယ်။ ဒါကြောင့် မင်းရဲ့လမ်းက ပိုချောမွေ့လာတာပေါ့။ ဒါကိုဆင်ခြင်ပါ"

ဆာယစ်က လူငယ်၏ပခုံးကို ဖက်လိုက်သည်။ ဆာလီမှာ၏အိမ်နားသို့ ရောက်သောအခါ ကျွန်တော်က နောက်ပြန် လှည့်ကြည့်လိုက်၏။ အဘိုးကြီး၏ အိမ်ပြတင်းပေါက်မှ မီးရောင်ပျပျလေးကိုမြင်နေရသဲ။ သူ၏ မမြင်ရသောမျက်လုံးများဖြင့် အမှောင်ထဲသို့စူးစိုက်ကြည့်နေမည်ကို ကျွန်တော့်စိတ်ထဲ ခံစားမိပါသည်။

■

# အခန်း တစ်ဆယ့်ရှစ်

ရှိုင်းနှင့်အဘိုသည် ခေါင်းတွေကိုက်ပြီး အိပ်ယာမှနိုးလာကြ၏။ ကီနီယာနှင့်အတူ ကင်ဒုတွင် နောက်တစ်ရက် ထပ်နေကြသည်။ ကျွန်တော်ကတော့ ဆာယစ်တို့ ဘားနတ်တို့နှင့်အတူ ဘတ်စ်ကားနှင့်ပြန်ရန် ပြင်ဆင်သည်။

သရက်ပင်တစ်ပင်အောက်တွင် အဘွားက ဩမာ၏ ဆံပင်ကို ကျစ်ဆံမြီးကျစ်ပေးနေပြီး နိုက်တူနီက အိမ်နီးနားချင်းကလေးမလေး၏ဆံပင်ကို ဖွာ်ပြီး ထိုးပေးနေသည်။

"ပျော်ရဲ့လား"

ဩမာက မေး၏။

"ပျော်ပါတယ်"

ထိုစဉ် အဘွားဘေးတွင်ထိုင်နေသူ အသက်ဂုဝခန့် ဝပ်ပိန်ပိန်အမျိုးသမီးကြီးတစ်ဦးက ဝင်ပြော၏။

"အစ်ကိုကြည့်ရတာ နေကောင်းပုံမပေါ်ဘူးတဲ့"

ဩမာက ဘာသာပြန်ပြသည်။

အဘွားကြီးက ကျွန်တော့်ကို ပြုံးပြီး ကြည့်နေသည်။ သူ့ရှေ့သွားနှစ်ချောင်းက ကျိုးနေသည်။

"ဒါက ကျွန်မတို့အဘိုးရဲ့ ညီမလေး။ ဒေါ်စီလာလို့ ခေါ်တယ်။ ကျွန်မတို့ရဲ့ဘေးဖြစ်တဲ့ အိုဘားမားကြီးရဲ့နောက်ဆုံးကလေးပေါ့။ သူက တခြားရွာမှာနေတာ။ အစ်ကိုရောက်တယ်ကြားလို့ ဒီကိုလာတာ"

ဒေါ်စီလာနှင့်ကျွန်တော် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ သူ့အစ်ကိုကို ကင်ဒုဘေးမှာတွေ့ခဲ့ရသည့်အကြောင်းလည်း ပြောလိုက်သည်။



"သူ့အစ်ကိုက သိပ်ထိုးနေပြီ တဲ့။ သူငယ်ငယ်တုန်းကဆိုရင် ကျွန်မတို့အဘိုးနဲ့သိပ်ရုပ်တူတာပဲတဲ့။ သူတို့တောင် တစ်ခါတစ်ခါ ခွဲလို့မရဘူးလို့ ပြောတယ်"

ကျွန်တော်က မီးခြစ်ထုတ်ခြစ်ကာ စီးကရက်တစ်လိပ် သောက်လိုက်သည်။

"မီးက ဘယ်ကရသလဲ သူက မေးနေတယ်"

ဩမာက ပြောသည်။

ကျွန်တော်က မီးခြစ်ထုတ်ပြီးခြစ်ပြလိုက်သည်။

"သူက ပြောတယ်။ အရာရာဟာ အံ့ဩစရာပဲတဲ့။ သူပထမဆုံးအကြိမ် ရုပ်မြင်သံကြားကြည့်ရတုန်းက လူတွေအားလုံး ဒီသေတ္တာထဲမှာ ရောက်နေတယ်လို့ထင်တာတဲ့။ သူ့ကိုလဲ အဲဒီလူတွေကမြင်မှာပဲ ထင်ပြီး သူက စကားသွားပြောတာ။ ဟိုလူတွေက ဘာမှပြန်မပြောတော့ ရိုင်းလိုက်တာလို့တောင်ထင်မိတယ်တဲ့"

ဒေါ်စီလာက သူ့ကိုယ်သူဟာသလုပ်ကာ ရယ်နေ၏။နိုက်တူနီက တဲထဲသို့ဝင်သွားကာ ပြန်ထွက်လာသောအခါ မတ်ခွက်တစ်ခွက်ကိုင်လာ၏။ ဆာယစ်နှင့် ဘားနတ် ဘယ်လိုလဲဟု ကျွန်တော်က မေးလိုက်သည်။

"အိပ်နေကြတုန်းပဲ။ ဒါကို သောက်ကြည့်ပါဦး"

အစိမ်းရောင်အရည်ကို ကျွန်တော် နှာခေါင်းရှုံ့နမ်းကြည့်လိုက်သည်။

"ဒါက ဘာလဲ"

"ဒီကအပင်တွေကနေ လုပ်ထားတာ။ ဒါသောက်ရင် နေကောင်းသွားလိမ့်မယ်"

ကျွန်တော်က ရှုံ့မဲ့ပြီး သောက်ချလိုက်သည်။

"ဒါက မင်းအဘိုးရဲ့ဆေးနည်းပဲ။ မင်းအဘိုးက ဘာယဆေးပါရှုလို့ပြောထားသေးပဲ"

ကျွန်တော်က စီးကရက်ကိုဖွာလိုက်ကာ ဩမာကို ပြောလိုက်သည်။

"အဘွားကို အဘိုးအကြောင်း ထပ်ပြောပါဦးလို့ ပြောပေးပါဦး။ သူက ကင်ဒုမှာမွေးခဲ့ပြီး အလီဂိုကို ဘာဖြစ်လို့ပြောင်းလာသလဲဆိုတာ"

"သူကပြောတော့ သူ့လူတွေက ဒီကဆင်းသက်လာတယ်လို့ ဆိုတာပဲ"



အဘွားက ပြန်ပြောပြသည်။ ကျွန်တော်က အဘွားကို အစမှ ပြန်ပြောနိုင်းသည်။ ကျွန်တော်တို့ဘေးဖြစ်သူ အိုဘားမား ကင်ဒုကို မည်သို့လာနေခဲ့ပုံ၊ အဘိုး ဘယ်မှာအလုပ်လုပ်သလဲ။ အဘိုးကြီးရဲ့အမေက ဘာဖြစ်လို့ ထွက်သွားသလဲ။

•

ပထမဆုံးနေထိုင်သူများမှာ မိဝိရု။ သူတို့ အရင်က မည်သူနေကြသည်ကိုမူ မသိ။ မိဝိရုမှဆစ်ဂိုဟာ။ ဆစ်ဂိုဟာမှအိုဝင်နီ။ အိုဝင်နီမှကီဆိုဒီ။ ကီဆိုဒီမှ အိုကီလို။ အိုကီလိုမှအိုတွန်ဒီ၊ အိုတွန်ဒီမှအိုဆွန်ဂို၊ အိုဆွန်ဂိုမှ အိုကိုသ်။ အိုကိုသ်မှ အိုပီယို။ ဤအမျိုးသမီးများသည် တစ်ဆင့်ပြီးတစ်ဆင့် မွေးလာကြ၏။ သူတို့၏ အမည်များသည်ပင် မှေ့ပျောက်ကုန်ကြပြီ။

အိုကိုသ်သည် အလီဂိုတွင် နေ၏။ ထို့မတိုင်မီက မိသားစုများသည် အဝေးတွင် ခရီးလှည့်လည်သွားလာနေကြသည်။ ယခု ယူဂန်ဒါနိုင်ငံနေရာမှ လာကြသည်။ ကျွန်တော်တို့သည် မာဆိုင်းတို့ကဲ့သို့ ကြေည်ရာမြက်နုရာရှာ မွေလှည့်လည်နေထိုင်ကြသည်။ အလီဂိုတွင် လူတို့သည် အခြေချပြီး သီးနှံများ စိုက်ကြသည်။ အခြားလျိုလူမျိုးစုတို့သည် ကန်ဘေးတွင် အခြေချကာ ငါးဖမ်းကြသည်။ ဘန်တုစကားပြောသောအခြားမျိုးစုများသည် လျိုတို့ရောက်နေချိန်တွင် ရှိနှင့်ပြီးသားဖြစ်ကြရာ စစ်ပွဲကြီးများဖြစ်ကြရ၏။ ကျွန်တော်တို့၏ မျိုးဆက်ဘိုးဘေး အိုဝင်နီသည် စစ်သည်တော်ကောင်းကြီးအဖြစ်နာမည်ကျော်ကာ သူ့ပြည်သူများ၏ခေါင်းဆောင်ဖြစ်ခဲ့၏။ သူသည် ဘန်တုတပ်များကို နှိမ်နင်းရာတွင် ကူညီခဲ့သည်။ သို့သော် ဘန်တုတို့ကိုနေခွင့်ပြုခဲ့ကာ လျိုတို့ကို လက်ထပ်ခွင့်ပြုခဲ့၏။ ကျွန်တော်တို့ကို ထွန်ယက်စိုက်ပျိုးခြင်းနှင့်လယ်ယာမြေသစ်များအကြောင်းလည်း များစွာသင်ပေးခဲ့၏။

လူတို့ စတင်စိုက်ပျိုး၍ အခြေချလာကြသည်နှင့် အလီဂိုနယ်မြေသည် လူဦးရေ ထူထပ်လာ၏။ အိုကိုသ်၏သားဖြစ်သူ အိုပီယိုသည် ညီငယ် ဖြစ်၏။ ထို့ကြောင့် သူသည် ဘန်ဒုဘေးသို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခြင်းဖြစ်သည်။ သူ ထိုနေရာကိုပြောင်းရွှေ့သောအခါ သူ့တွင် မြေမဲ့ယာမဲ့ဖြစ်၏။ သို့သော် ကျွန်တော်တို့လူထု၏ဓလေ့ထုံးစံအတိုင်း မည်သူမဆို အသုံးမပြုသောမြေကို သုံးနိုင်၏။

၏။ ကင်ဒုသို့ပြန်လာကာ ရွာရှိအမျိုးသမီးများကို စုံစမ်း၏။ နောက်ဆုံး အကုမှ ဆိုသော ခပ်ချောချော ကောင်မလေးတစ်ယောက်ကို စိတ်တိုင်းကျ တွေ့သွား၏။ သို့သော် ကောင်မလေးကို အခြားသူတစ်ဦးက ကျွဲနွားဖြကောင်နှင့် တင်တောင်းထား၍ သူက ထိုကျွဲနွားအပြင် နောက်ထပ် ဖြကောင်ထပ်ပေးပါမည်ဟု ကောင်မလေးအမေကို ကတိပေးလိုက်ရသည်။ တကယ်တော့ အွန်ယန်ဂိုက ကျွဲနွား၁၅ ကောင် ပေးရ၏။ နောက်နေ့တွင် အတိုး၏မိတ်ဆွေများက အကုမှ လမ်းလျှောက်နေစဉ် ကောင်မလေးကိုအတင်းဖမ်းချုပ်ကာ အွန်ယန်ဂို၏တဲထဲသို့ ထည့်ပေးကြ၏။

ဤသည်မှာ ကျွန်တော်ကြားရသမျှ အတိုး၏ဇာတ်လမ်းပင်ဖြစ်သည်။

*

လှုငယ်လေး ဂေါဖနေက ရေနွေးလုံကြီး ယူလာ၍ ကျွန်တော်တို့ လက်ဆေးကာ နေ့လည်စာ စားကြ၏။ ဩမာက ကျောခင်းကာ မတ်တပ်ရပ်လိုက်သည်။ သူ၏မျက်နှာပြင်ဝယ် မကျေနပ်မှုအရိပ်အယောင်များတွေ့နေရ၏။ သူက ခေါ်စီလာနှင့် အဘွားကို တစ်စုံတစ်ရာ ပြောလိုက်၏။ အမျိုးသမီးကြီးနှစ်ဦးကလည်း သူ့ကို အရှည်ကြီး ပြန်ပြောကြ၏။

"အတိုးက အကုမှကိုအတင်းအကြပ်ယူတာပေါ့နော်လို့ ကျွန်မက မေးလိုက်တာ"

အသားတုံးတစ်ဖတ် သူ့ပန်းကန်ထဲသို့ ထွန်းနှင့် ခပ်ရင်းက ဩမာက ပြောသည်။

"သူတို့က ဘာပြန်ပြောသလဲ"

"လျှိမျိုးနွယ်စုမှာ ဒီလိုလုပ်တာ ထလေ့ထုံးစံပဲတဲ့။ ပဟာမတစ်ခါ ပစ္စည်းနဲ့တင်တောင်းလို့ အမျိုးသမီးက အင်တင်တင်ဆိုရင် ယောက်ျားရဲ့လူတွေက သူ့ကိုဖမ်းချုပ်ပြီး တဲထဲပို့ရတယ်တဲ့။ အဲဒီလိုလုပ်မှ တရားဝင်မင်္ဂလာပွဲလုပ်လို့ရတယ်ဆိုပဲ။ ကျွန်မက ဒါမျိုးတော့ မကောင်းပါဘူးလို့ပြောလိုက်တယ်"

နိုက်တူနီက ဟင်းချိုကို တစ်ခွန်းခပ်သောက်ရင်း

"ဒါက သိပ်လဲမဆိုးပါဘူးဟယ်။ ယောက်ျားက သိပ်ရမ်းကားရင် မိန်းကလေးက ကိုယ့်အိမ် ကိုယ်ပြန်လို့လဲ ရသားပဲ"



"ဒါပေမယ့် အဖေလုပ်သူက သမီးရဲ့ခင်ပွန်းကိုရွေးပေးရတာတော့ ဘယ်ဟုတ်ပါ့မလဲ။ သူ့အဖေရွေးပေးတဲ့လူကို ကောင်မလေးက ငြင်းရင်ကော ဘာဖြစ်မလဲ"

နိုက်တူနီက ပခုံးတွန့်ပြီး ပြန်ဖြေလိုက်၏။

"သူ့ဘာသာသူလဲ အရှက်ရ မိသားစုလဲ အရှက်ကွဲမှာပေါ့ဟာ"

*

ကျွန်တော်က အဘွားကို ဘယ်အရွယ်တုန်းက အတိုးကို လက်ထပ်တာလဲဟု မေးကြည့်သည်။

"အွန်ယန်ဂိုက သူ့ကို ဘယ်တုန်းက မြူးဆွယ်ဖျားယောင်းတယ်ဆိုတာ သိချင်သလားလို့ သူက ခေါ်စီလာကို မေးနေတယ်"

ဩမာက ပြောသည်။

အဘွားက မျက်လုံးတစ်ချက်ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ပြီးမှ သူလက်ထပ်တုန်းက ၁၆နှစ်ရှိပြီ။ အတိုးက သူ့အဖေရဲ့သူငယ်ချင်းပါဟုပြော၏။ အတိုးကို ယူရတဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်သလားဟု ကျွန်တော်က မေးသောအခါ အဘွားက ခေါင်းခါပြ၏။

"အတိုးကြီးကိုယူရတာ ဖြစ်ရိုးဖြစ်စဉ်ပါလို့ သူကပြောတယ်။ အဲဒီခေတ်က လက်ထပ်တာဆိုတာ ကာယကံရှင်နှစ်ယောက်ထက် ပိုတယ်။ မိသားစုတွေ ပူးပေါင်းကြတာ။ တစ်ရွာလုံးအတွက် သက်ရောက်မှုရှိတယ်။ ချစ်ခြင်းမေတ္တာကို ဘယ်သူမှထည့်မစဉ်းစားကြဘူး။ ယောက်ျားကို ချစ်ဖို့ထက် ရိုသေဖို့ပဲ လိုတယ်"

"ကျွန်မတော့ လက်ခြောက်ပါပြီရှင်"

ဩမာက ပြောသည်။

"ကျွန်မက မေးတယ်။ မချစ်ကြိုက်ဘဲနဲ့ သူများစီစဉ်ပေးလို့ လက်ထပ်ကြတာနဲ့ပတ်သက်လို့။ ယောက်ျားတွေကပဲ အရာရာခြယ်လှယ်ကြတာမျိုးတွေပေါ့။ မိန်းမကိုရိုက်တာနှက်တာမျိုးတွေ။ အဘွားက ပြန်ပြောတယ်။ မိန်းမတွေဟာ အရိုက်ခံဖို့လိုအပ်တယ်တဲ့။ ဒီလိုမှမရိုက်ရင် ယောက်ျားခိုင်းတာတွေ လုပ်မှာမဟုတ်ဘူးတဲ့"

ထိုနောက် အဘွားက လျှိဘာသာဖြင့် အရှည်ကြီး ရှင်းပြသည်။



"ငါတို့မိန်းမတွေဟာ ဝန်ထုပ်ဝန်ပိုးအလေးကြီးကိုထမ်းထားကြရတယ်။ ငါးဖြစ်မှတော့ မပျံချင်ပါနဲ့။ တခြားငါးတွေလိုပဲ လိုက်ကူးရုံပေါ့။ ဒီနေ့ခေတ် အယူအဆတွေ ငါ လက်မခံနိုင်ဘူး။ ငါကြီးပြင်းခဲ့ရတဲ့ကမ္ဘာကလဲ အရင်ကမ္ဘာလေ။ ငါမြင်ရတာတွေပဲ သိတယ်။ ငါမမြင်ရတာတွေနဲ့ပတ်သက်ပြီး ဘာမှကြောင့်ကြမှုမရှိဘူး။ အချစ်တို့ ခံစားမှုတို့ ငါမသိခဲ့ဘူး"

ကျွန်တော်က မှာပေါ်တွင် လှဲလျောင်းရင်း အဘွားပြောသည်များကို စဉ်းစားနေမိသည်။ သူသည် သူ့ခေတ် သူ့အခြေအနေကို ပြောနေခြင်း ဖြစ်၏။ ယခုခေတ်အနေနှင့်ကြည့်လျှင် ကျွန်တော့်အတိုးအွန်ယန်ဂိုသည် လူရမ်းကား တစ်ယောက်ကန်းကြီးပမာ ဖြစ်နေ၏။ သို့သော် ကျွန်တော် သူ့ကို လွတ်လပ်သူတစ်ဦးအဖြစ် စဉ်းစားကြည့်မိ၏။ သူ့ပြည်သူ၏လူ။ လူဖြူဥပဒေများကို ဆန့်ကျင်သူ။ သူရေးသောစာတစ်စောင် ဖတ်ရှုး၏။ သူ့သားကို လူဖြူများနှင့်လက်မထပ်စေချင်ဟု ပွင့်ပွင့်လင်းလင်းရေးထားသည်။ သူ၏မှတ်စလင်ယုံကြည်မှုကို ကျွန်တော် အမေရိကန်တွင်တွေ့ရသော အစ္စလာမ်များနှင့် ဆက်စပ်ကြည့်မိ၏။ ကျွန်တော်တို့ကို လူဖြူများက နှိမ်ပြီးခေါ်သောစကားလုံးများကို ကြားယောင်မိ၏။ ဦးလေးတွမ်၊ သစ္စာဖောက်၊ အိမ်ကျွန်မည်း။

ကျွန်တော်က အဘွားကို အချို့အချက်များအား ရှင်းပြသည်။ အတိုးက လူဖြူတွေနဲ့ပတ်သက်လို့ ဘယ်လိုသဘောထားခံစားမှုတွေ ရှိခဲ့ပါသလဲ။ အဘွားက သူ့ဇာတ်လမ်းကို ဆက်ခင်း၏။

*

မင်းအတိုး ဘယ်လိုသဘောထားသလဲတော့ အဘွားလဲ နားမလည်ဘူး။ ခက်တော့ခက်တယ်။ သူက သူ့ကို လူတွေကောင်းကောင်းသိတာ မနှစ်မြို့ဘူး။ သူက မင်းကိုစကားပြောရင်တောင်မှ သူ့အတွေးတွေကို မင်းသိမှာစိုးလို့ မျက်နှာတစ်ဖက်လှဲပြီးပြောတတ်တယ်။ လူဖြူတွေနဲ့ပတ်သက်လို့လဲ ဒီလိုပဲပေါ့။ တစ်နေ့ ဒီလိုပြောတယ်။ နောက်ကျတော့ ဟိုလိုပြောပြန်ရော။ လူဖြူတွေရဲ့ဩဇာအာဏာ၊ သူတို့ရဲ့စက်ကိရိယာ၊ လက်နက်ပစ္စည်း၊ ဘဝကို စည်းစနစ်တကျ ဖြတ်သန်းပုံတွေကို သူ လေးစားတယ်။ အဲဒါတော့ အဘွား သိတယ်။ လူဖြူတွေဟာ အမြဲပဲ သူတို့ကိုယ်သူတို့ တိုးတက်အောင်လုပ်နေကြတယ်။ အာဖရိကလူမျိုးတွေ



ကတော့ တစ်ခုခု အသစ်ဆိုရင် သံသယရှိနေကြပြီလို့ ပြောဖူးတယ်။ အာဖရိကလူမျိုးတွေက ထူတယ်ထုံတယ်။ တစ်ခုခုလုပ်စေချင်ရင် ရိုက်မှအသားနာမှလုပ်တတ်တယ်လို့လဲ ပြောဖူးတယ်။

ဒါပေမယ့် ဒီလိုပြောတာတွေကလွဲလို့ လူဖြူဟာ အာဖရိကန်တွေထက်သာပြီး မြင့်မြတ်စွာ မွေးဖွားလာတယ်လို့တော့ သူတစ်ခါမှမယုံဖူးပါဘူး။ တကယ်လဲ လူဖြူတွေရဲ့ဓလေ့ထုံးစံအားလုံးကို သူ လိုက်နာရှိသေတာ မဟုတ်ပါဘူး။ သူတို့ လုပ်တာကိုင်တာ အတော်များများဟာ ရူးရူးမိုက်မိုက်တွေ မတရားတာတွေလို့ သူပြောတယ်။ သူက လူဖြူရဲ့အရိုက်အနက် ဘယ်တော့မှ မခံဘူး။ ဒါကြောင့် သူ အလုပ်တွေအများကြီးမရခဲ့ဘူး။ လူဖြူအလုပ်ရှင်က စကားရိုင်းရိုင်းပြောခဲ့ရင် သူက အဲဒီသူဆီမှာမလုပ်တော့ဘူး။တစ်ခါတော့ အလုပ်ရှင်က သူ့ကို ကြိမ်နဲ့ရိုက်ဖို့လုပ်တယ်။ အတိုးက အဲဒီကြိမ်လုံးကိုဖမ်းဆွဲပြီး ချိုးပစ်ခဲ့တယ်။ ဒါအတွက် သူအဖမ်းခံရတယ်။ အာဏာပိုင်တွေကိုရှင်းပြတော့ သူ့ကို ဒဏ်ပဲရိုက်ပြီး လွှတ်ပေးခဲ့တယ်။

မင်းအတိုးအလေးစားဆုံးကတော့ စွမ်းအားပဲ။ စည်းကမ်းပဲ။ ဒါကြောင့် သူလူဖြူတွေဆီက နည်းကောင်းတွေ ရအောင် ယူခဲ့တယ်။ လျှိုလူမျိုး အများစု ဓလေ့ထုံးစံတွေကိုလဲ သူထိန်းသိမ်းခဲ့တယ်။ လူကြီးသူမတွေကိုရိုသေတာ။ အာဏာပိုင်ကိုလေးစားတာ။ စည်းစနစ်ထုံးတမ်းစဉ်လာကိုထိန်းသိမ်းတာတွေ။ ဒါကြောင့် သူ ခရစ်ယာန်ဘာသာထဲ မဝင်ခဲ့တာပေါ့။ တစ်ခါတော့ သူဘာသာဝင်ခဲ့သေးတယ်။ သူ့နာမည်ကိုတောင် ဂျွန်ဆင်လို့ပြောင်းခဲ့တယ်။ ဒါပေမယ့် ရန်သူအပေါ် ကြင်နာသနားရမယ်တို့၊ ယေရှုက လူတွေရဲ့အကုသိုလ်တွေဆေးကြောပေးနိုင်မယ်ဆိုတာတို့ကို သူမယုံဘူး။ ဒါတွေက မိန်းမတွေကို နှစ်သိမ့်တာသက်သက်ပဲလို့ သူက ယူဆတယ်။ ဒါနဲ့ သူက အစ္စလာမ်ဘာသာ ပြန်ပြောင်းလိုက်တယ်။ ဒီဘာသာက သူ့ယုံကြည်မှုတွေနဲ့ ပိုနီးစပ်တယ်ထင်လို့ပဲ"

သူ့ရဲ့ခေါင်းမာမှုတချို့ကြောင့် အကုမှနဲ့ အဆေးမကပ်လှဘူး။ အဘွားသူ့ဆီလာနေတော့ သူက ကလေးနှစ်ယောက်တောင် ရနေပြီ။ ပထမကလေးက သာရာ၊ သုံးနှစ်ကြာတော့ မင်းအဖေဘားရက်ပေါ့။ အဘွားလဲ အကုမှကို သိပ်မသိဘူး။ သူနဲ့ကလေးတွေက ကန်ဒုခြံထဲမှာ ဟယ်လီမာနဲ့ အတူတူနေကြတယ်။

သူ အမေရိကမှာ ဘာတွေဖြစ်လဲ အတွားလဲ မပြောတတ်ဘူး။ နှစ်နှစ်လောက်ကြာတော့ သူ့ဆီက စာတစ်စောင်ရတယ်။ သူ "အဲန်" ဆိုတဲ့ အမေရိကန်မလေးနဲ့တွေ့ပြီး လက်ထပ်တော့မယ် တဲ့။ အဲဒါ မင်းအဘိုးက သဘောမတူဘူး။ အဘိုးက စာပြန်ရေးတယ်။ မင်းမှာ အိမ်က တာဝန်တောင်မကျေသေးဘဲနဲ့ ဘယ့်နှယ် မိန်းမ ထပ်ယူရတာလဲလို့။ အဲဒီ မင်းမိန်းမက ဒီကို လျှိုမိန်းမအနေနဲ့လိုက်လာနိုင်မလား။ မင်းမှာ ဇနီးနဲ့ကလေးရှိနေတာ အဲဒီလူဖြူမက လက်ခံပါ့မလား။ လူဖြူမတွေက ဒါမျိုး လက်ခံမယ်မထင်ဘူး။ မင်းဇနီးရဲ့အဖေကို ငါ့ရဲ့တဲကို လာပြီး ဒီကိစ္စဆွေးနွေးစေချင်တယ်။ ဒါက လူကြီးတွေကိစ္စ။ ကလေးတွေကိစ္စ မဟုတ်ဘူး ဆိုပြီး စာရေးလိုက်တယ်။ သူက မင်းရဲ့အဘိုး စတင်လေဆီကိုလဲ ဒါမျိုးစာမျိုး ရေးလိုက်တယ်။

ဒါပေမယ့် မင်းအဖေက လက်ထပ်ဖို့ကိုရှေ့တစ်လှမ်းတိုးတယ်။ မင်းမွေးပြီးမှ အကြောင်းစုံကို သူ့အဖေဆီ စာရေးပြောတယ်။ ဒါပေမယ့် အတွားတို့ အားလုံးဝမ်းသာပါတယ်။ ဒီမှာလာဖို့ဖြစ်မြောက်သွားလို့သာ မင်းကို အခုအတွား တို့ တွေ့ရတာပေါ့။

ဒါပေမယ့် မင်းရဲ့အဘိုးကတော့ သိပ်ကို စိတ်ဆိုးပြီး ဘားရက်ရဲ့ဗီဇာကိုပါ ပိတ်မယ်လို့ ခြိမ်းခြောက်ခဲ့တယ်။ သူက လူဖြူတွေနဲ့နေခဲ့ဖူးလို့ ဘားရက်ထက် လူဖြူတွေရဲ့လေ့ထုံးစံကို ပိုနားလည်တာပေါ့။

ဘားရက်မိသားစု နောက်ဆုံး ကင်ညာကိုပြန်လာတာတောင် မင်းနဲ့မင်းအမေက ဟိုမှာ နေခဲ့ရတယ်လေ။ အွန်ယန်ဂိုကို သတိပေးထားတဲ့အတိုင်းပေါ့။

ဘားရက်ပြန်ရောက်ပြီး မကြာခင်မှာပဲ လူဖြူမတစ်ယောက်က ကီဆူမူကို လာပြီး သူ့ကိုရှာတယ်။ ပထမတော့ အတွားတို့ ထင်လိုက်ကြတာ မင်းအမေ "အဲန်" လို့။

ဘားရက်ကပြောတယ်။ ဒါက နောက်တစ်ယောက် "ရုသ်" တဲ့။ သူ့ကို ဟားဗတ်မှာ တွေ့ခဲ့တယ်။ အခု သူက သူမသိဘဲ ကင်ညာကို လိုက်လာတာတဲ့။ မင်းအဘိုးက ဒါကို မယုံဘူး။ ဘားရက်က ပထမတော့ ရုသ်ကို လက်ထပ်ဖို့ အင်တင်တင်နဲ့။ နောက်ပိုင်းမှ ရုသ်ဟာ သူ့ဘဝသစ်အတွက် ပိုသင့်လျော်မယ်လို့ သူထင်သွားတယ်နဲ့တူတယ်။



ဘယ်လိုပဲ အကြောင်းပြချက်တွေရှိနေနေ ဘားရက်က ရုသ်ကို လက်ထပ်လိုက်တယ်။

ရုသ်က ကီဇီးယားကို ဒုတိယဇနီးအဖြစ် လက်မခံနိုင်ဘူး။ ဒါကြောင့် ကလေးတွေက သူတို့အမေနဲ့ သွားနေပြီး သူ့ဇနီးသစ်က နိုင်ရိုဘီမှာ နေရတာပဲ။ ဘားရက်က သြမာနဲ့ရွိုင်းကို အလည်ခေါ်လာတဲ့အခါ ရုသ်က သူနဲ့ အတူလိုက်ဖို့ ငြင်းတယ်။ ဘားရက်ကို ဒေးဗစ်နဲ့ မက်ကိုလဲ ခေါ်မခိုင်းဘူး။ အွန်ယန်ဂိုက ဘားရက်နဲ့ ဒါကိုတိုက်ရိုက်မဆွေးနွေးဘူး။ ဒါပေမယ့် သူက သူ့မိတ်ဆွေတွေကို ပြောတယ်။ တစ်နည်းနည်းနဲ့ ဘားရက် ကြားအောင်ပေါ့။

"ငါ့သားက လူကြီးဖြစ်ပြီကွ။ ဒါပေမယ့် သူ အိမ်ပြန်ရောက်ရင်တော့ သူ့ဇနီးအစား သူ့အမေကပဲ ချက်ပြုတ်ကျွေးမွေးမှာပဲ"။ တခြားလူတွေက မင်းအဖေ နိုင်ရိုဘီမှာ ဘာဖြစ်သလဲပြောကြလိမ့်မယ်။ အတွားတို့က သူ့ကို တွေ့ရခဲတယ်။ သူက နေရင်လဲ ခဏပဲ။ သူပြန်လာတိုင်း ဈေးကြီးတဲ့ လက်ဆောင်တွေ ငွေတွေ ပေးတယ်။ သူ့ကားကြီးတွေ ဝတ်ကောင်းစားလှတွေနဲ့ လူတွေက အထင်ကြီးကြတယ်။ ဒါပေမယ့် မင်းအဘိုးကတော့ စကားပြောရင် ခပ်ကြမ်းကြမ်းပဲ။ ကလေးတစ်ယောက်လို ဆက်ဆံတယ်။

အွန်ယန်ဂိုက အခုသိပ်ကိုအသက်ကြီးနေပါပြီ။ သူက တုတ်နဲ့မှ လမ်းလျှောက်လို့ရတယ်။ မျက်စိကလဲ ကန်းလုနီးပါးပဲ။ အတွားမရှိရင် သူ့ဘာသာသူ ရေတောင် မချိုးနိုင်ဘူး။ သူက ဒါကိုလဲ ရှက်တယ်။ ဒါပေမယ့် အသက်အရွယ်က သူ့ခေါင်းသာကို လျှော့ပါးမသွားစေပါဘူး။

ဒါပေမယ့် ဘားရက် သြစာအာဏာတွေကျလာတဲ့အခါ သူက ပြဿနာတွေကို မသိအောင် ကြိုးစားပြီးဖုံးဖိတယ်။ သူက လက်ဆောင်တော့ ပေးနေတုန်းပဲ။ ဒါပေမယ့် အတွားတို့က သတိပြုမိတာက ကိုယ်ပိုင်ကားနဲ့ မလာတော့ဘဲ အငှားကားနဲ့လာတာကိုပဲ။ အတွားကတော့ ပြောတယ်။ မင်းက အစိုးရနဲ့ပတ်သက်ရင် တော်တော်ခေါင်းမာတာပဲလို့။ သူက သူ့မှုတွေကို အတွားကို ပြောပြတယ်။ အတွားကတော့ သူ့ကလေးတွေအပေါ် ဒီမှုတွေ ဝိနေပြီဆိုတာပြောတယ်။ အတွား နားမလည်ပါဘူးလို့ သူကပြောတယ်။ သူ့အဖေ အတွားကို ပြောသလိုပေါ့။ ဒါကြောင့် သူ့ကို အကြံမပေးတော့ဘူး။ နားထောင်ပြီးပဲ နေတယ်။



ဒါကိုပဲ ဘားရက် လိုလားတယ်လေ။ တစ်ယောက်ယောက်က နားထောင်နေရင် သူက ကျေနပ်တယ်။

သူ့အခြေအနေတွေတိုးတက်လာတဲ့အခါ သူက အတွားတို့အတွက် ဒီအိမ်ကိုဆောက်ပေးတယ်။ ဒါပေမယ့် သူ့စိတ်လေးနေရှာတယ်။ သူ့ကလေးတွေကို အိုယွန်ဂိုက သူ့ကို ဆက်ဆံသလို ဆက်ဆံတယ်။ သူက အကြားတော့မြင့်မလျှော့ဘူး။ အရက်သောက်မယ်။ ပျော်မယ်ပါးမယ်။ ဒါပေမယ့် သူ့ရယ်သံတွေက ခြောက်ကပ်ကပ်ရယ်။ အဘိုးကြီး မသေခင် သူ အိုယန်ဂိုကို နောက်ဆုံးလာတွေ့တာ အတွား မှတ်မိနေသေးတယ်။

သူတို့ နှစ်ယောက်လုံး ကုလားထိုင်တွေပေါ်မှာ ထိုင်လို့။ မျက်နှာချင်းဆိုင်ပြီး ကိုယ့်အစား ကိုယ်စားနေကြတယ်။ စကားမပြောကြဘူး။ လအနည်းငယ်ကြာတော့ အိုယန်ဂိုလဲ ကွယ်လွန်ခဲ့တာပဲ။ ဘားရက်က ပြန်လာပြီး စီစဉ်စရာရှိတာ စီစဉ်တယ်။ အဘိုးကြီးရဲ့ပစ္စည်းပစ္စယလေးအချို့ကိုကြည့်ပြီး သူငိုချလိုက်တာ အတွား မြင်တယ်။

*

မိုးရွာတော့မယ်ဟု အတွားကပြော၍ ကျွန်တော်တို့ ဖျာတွေ ခွက်တွေ အိမ်ထဲသို့ယူပြေးကြရ၏။ အိမ်ထဲရောက်သောအခါ ကျွန်တော့်အဘိုးပစ္စည်း ဘာ ထားခဲ့သလဲဟု အတွားကို မေးလိုက်သည်။ သူက အခန်းထဲဝင်သွားကာ သားရေသေတ္တာဟောင်းကြီးထဲမှပစ္စည်းများကို မွှေနှောက်ရှာဖွေနေ၏။ မိနစ်အနည်းငယ်အကြာတွင် သူသည် သံချေးရောင်တက်နေသော နိုင်ငံကူးလက်မှတ်အရွယ် စာအုပ်လေးနှင့် အရောင်မှိုင်းစုံစက္ကူအချို့ကို ယူလာ၏။ ထိုစာအုပ်နှင့် စာရွက်များကို ထောင့်တစ်နေရာတွင် ကလစ်ဖြင့် တွဲချုပ်ထား၏။

"ဒါပဲ ကျန်တော့တယ်။ အတွား မသိမ်းနိုင်ခင် ကြွက်တွေက လက်ဦးသွားတယ်"

*

သြမာနှင့် ကျွန်တော်က စားပွဲပေါ်တွင် စာရွက်တွေကို စီကာစဉ်ကာ နေရာချလိုက်သည်။ အနီရောင်စာအုပ်၏အနောင့်က ပြုတ်နေပြီး အဖုံးပေါ်မှစာသားကိုမူ ဖတ်၍ ရသေး၏။ "ပြည်တွင်းအမှုထမ်း အိတ်ဆောင်မှတ်ပုံတင်စာအုပ်"



ဟုဖတ်ရ၏။ ၁၉၈၂က ထုတ်ပေးထားသည်။ အိုယန်ဂို၏လက်ဝဲနှင့်လက်ျာလက်မ ပုံများကို နှစ်သျှိုလင်တန်တံဆိပ်ခေါင်းပေါ်တွင် နှိပ်ထားသည်ကိုတွေ့ရ၏။ ဓာတ်ပုံကပ်ရန် နေရာကား လစ်ဟာနေ၏။ အထဲမှာ ဆက်ဖတ်ကြည့်မိသည်။

အမည် - ဟူစိန်အွန်ယန်ဂို

တိုင်းရင်းသားမှတ်ပုံတင်အမှတ်-အာန်ဒုဇလျူအယ်လ်အေအဲန်ဘီအိုင် ၀၉၇၆၇၁၇

လူမျိုးစု - ဂျလို

တာဝန်မထမ်းဆောင်မီနေရပ် - ကီစုမူ

လိင် - ကျား

အသက် - ၃၅

အရပ်၊ ကိုယ်လုံးကိုယ်ပေါက် - မြေပေ၊ အနေတော်

အသားရောင် - မည်းနက်

နှာခေါင်း - ပြား

ပါးစပ် - ကျယ်

ဆံပင် - ကောက်

သွားများ - မြေချောင်းမရှိ

ထင်ရှားသောအမှတ်အသား - မရှိ

*

စာတွေကို ဖတ်ကြည့်လိုက်သောအခါ တက္ကသိုလ်အသီးသီးသို့ ပညာသင်ထောက်ပံ့ကြေးလျှောက်သော စာများ။ ထိုတက္ကသိုလ်အချို့မှ ပြန်စာများသာ ဖြစ်၏။ ထောက်ခံစာများထဲတွင် မစ်အဲလစ်ဇဘက်မူနီ ဆိုသူ မေရီလင်းမှ စာပေပါရှု၏ထောက်ခံစာတွေ့၏။ မစ္စတာအိုဘားမားသည် ကျောင်းထွက်ခဲ့ရသည်မှာ ကြာပါပြီ။ မည်သို့ဆိုစေ သူက ဉာဏ်ကောင်းပါသည်။ အင်္ဂလိပ်စာနှင့်ဂဏန်း ပြေပြစ် ကျွမ်းကျင်ပါသည်။ ကင်ညာနိုင်ငံတွင် ကျွမ်းကျင်သော ဆရာကောင်းများ လိုနေပါသည်။ မစ္စတာအိုဘားမားသည် သူ့နိုင်ငံအတွက် တာဝန်ထမ်းဆောင်လိုစိတ်ရှိသူဖြစ်ပါ၍ သူ့ကို တစ်နှစ်မျှ ပညာသင်ထောက်ပံ့ကြေးပေးပါရန် ထောက်ခံချက်။

ငှင်းစာသည်ပင် ကျွန်တော်၏ဖြစ်တည်မှုအမြေ ဖြစ်၏။ ကျွန်တော်က

စာများကိုစီကာစဉ်ကာလုပ်ပြီး မှတ်ပုံတင်စာအုပ်ထဲတွင်ထည့်လိုက်၏။ ထို့နောက် ကျွန်တော်သည် နောက်ဖေးခြံထဲသို့ ထွက်ခဲ့၏။ မြေပုံနှစ်ခုကြားတွင် မတ်တပ်ရပ်ရင်း ပတ်ဝန်းကျင်အားလုံးသည် ကျွန်တော့်အတွက် ခံစားစရာတွေ ဖြစ်နေသည်။ ပြောင်းခင်းကြီးတွေ၊ သရက်ပင်၊ ကောင်းကင်ပြင်ကြီး၊ စိတ်ရှုပ်ပုံများက စီကာ စဉ်ကာ ပေါ်လာ၏။ အဘွား၏ဓာတ်လမ်းများက အသက်ဝင်လာသည်။ ကျွန်တော့်အတိုးသည် သူ့အမေ၏တဲရှေ့တွင် မတ်တပ်ရပ်နေသည်။ မတော်တလျော် ဘောင်းဘီပွပွကြီးနှင့် ကြယ်သီးမပါသော အင်္ကျီကို ဝတ်ထားသည်။ သူ့ဖခင်က သူ့ထံမှ လှည့်သွားကာ သူ့ညီများ၏ရယ်သံကို နားထောင်သည်။ သူ့ရုပ်သွင်က တစ်ဖက်လှည့်သွားကာ မြေနီလမ်းထဲသို့ပျောက်သွားသည်ကိုတွေ့ရသည်။ သူ့အတွက်တော့ ဘဝလမ်းကြောင်းသည် ယခုအခါပြောင်းသွားပါပြီ။

ရုပ်ပုံများက မှိန်သွား၏။ ထိုနေရာတွင် ၉နှစ်အရွယ် ကျွန်တော့်အဖေက နေရာယူလာ၏။ သူက ဆာလောင်နေသည်။ မောပန်းနေသည်။ သူ့အစ်မလက်ကို ဆွဲထားသည်။ ပျောက်ဆုံးနေသော သူ့အမေကို ရှာနေသည်။ ကောင်လေးက ငြိုး ငိုး၏။ သူ့အစ်မ၏လက်ကို လှုပ်ရမ်းခါသည်။ သူအိမ်ပြန်ချင်သည်။ သူဆော ဟစ်သည်။ အဖေ့အိမ်သို့ပြန်လာ၏။ သူ၏အမေအသစ်ကို တွေ့လိမ့်မည်။ သူသည် ကစားပွဲများတွင် သူ့ဘာသာသူ ပြန်ပျောက်သွားမည်။ သူ့ စိတ်၏တန်ခိုးကိုသင် ယူမိလာသည်။

သို့သော် စိတ်ဓာတ်ပျက်ပြားခဲ့ရသော ထိုနေ့ကို သူ မေ့မည် မဟုတ်။ ၁၂နှစ်ကြာသောအခါ သူ၏စားပွဲခုံကျဉ်းကျဉ်းလေးနှင့် ထိုင်နေသည်။ သူ့သခင်က ရုံးမှ ထွက်သွားသည်။ သူက ဘီရိုဗောင်းထဲမှ လိပ်စာစာရင်းကို ထုတ်ယူ၏။ လက်နှိပ်စက်ကို ရှေ့ရှုကာ စာတစ်စောင်ပြီး တစ်စောင် ရိုက်၏။ စာအိတ်များကို လက်နှိပ်စက်ရိုက်၏။ စာတွေကို ပုလင်းထဲထည့်ပြီး ရေမှာ မျှော၏။

စာတစ်စောင် ဟာဝိုင်ယီမှရောက်လာ၏။

သူ့ကို ရွေးလိုက်ပြီတဲ့။

ထာဝရဘုရားသခင်၏ကောင်းချီးပေးမှု။ ဘွဲ့ ရပြီ။ ရာထူးရပြီ။ အမေရိကန်နိုင်ငံ ရပြီ။ ကားရပြီ။

သူ အောင်မြင်ခဲ့၏။ သူ့ဖခင် တစ်ခါမှ မမျှော်လင့်သည်ကို သူရခဲ့၏။



ကျွန်တော်သည် မြေကြီးပေါ်ထိုင်ချကာ လက်များက မြေအဝါများကိုကိုင်လိုက်မိသည်။

အို..အဖေရယ်။

ကျွန်တော်ငိုမိသည်။ ကျွန်တော်မရုက်နိုင်ပါ။ သင့်အဖေရှေ့တွင် သင်ရှက်စရာမလိုပါ။ ကြောက်ရွံ့မှုတွင် ရှက်စရာမလိုပါ။ သူ့အဖေရှေ့တွင် ကြောက်လန့်မှုက ရှိနေ၏။ တိတ်ဆိတ်မှုသည်သာ ကျွန်တော်တို့ကို သစ္စာဖောက်သည်။ အကယ်၍ ထိုတိတ်ဆိတ်မှုအတွက်သာ မဟုတ်လျှင် သင့်အဘိုးက သင့်အဖေကို ပြောသည်။ မည်သည့်အခါမှ သူ့ဘာသာ မလွတ်မြောက်နိုင်ပါဟူ၍။ သို့မဟုတ် သူ့ဘာသာသူ တစ်ဦးတည်း ပြန်ဖန်ဆင်းရမည်။ သင့်အဖေသည်လည်း သင့်ကို အလားတူသင်ခန်းစာ သင်ပေးလိမ့်မည်။

ကျွန်တော်သည် မြေပုံနှစ်ခုကြားတွင် အကြာကြီးထိုင်ပြီးငိုမိ၏။ မျက်ရည်တွေကုန်မှ တည်ငြိမ်မှု ရလာ၏။ ကျွန်တော် ဘယ်သူလဲဆိုတာ ကျွန်တော်သဘောပေါက်ပြီ။ ဘာကိုဂရုစိုက်ရမည်ဆိုသည်ကို သိလာပြီ။အမေရိကရှိ ကျွန်တော့်ဘဝကိုမြင်လာ၏။ လူမည်းဘဝ။ လူဖြူဘဝ။ ကျွန်တော်ခံစားရသော ဝေဒနာမှာ ကျွန်တော့်အဖေဝေဒနာ ဖြစ်၏။ ကျွန်တော့်မေးခွန်းများက အစ်ကိုတို့၏ မေးခွန်းဖြစ်၏။ သူတို့၏ရုန်းကန်မှုတိုက်ပွဲမှာ ကျွန်တော်၏မွေးရာပါအခွင့်အရေး။

မိုးဖွဲဖွဲလေး စ,ရွာ၏။ သစ်ရွက်ပေါ်မှ မိုးစက်များကျလာသည်။ ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်လာသည်ကို ခံစားမိချိန်တွင် ကျွန်တော် စီးကရက်တစ်လိပ်ကို မီးညှိမည်ပြုချိန် ဖြစ်၏။ ဘားနတ်က ကျွန်တော့်ဘေးတွင် ဆောင့်ကြောင့်ထိုင်နေသည်။ ထီးဟောင်းကြီးကို မိုးလျက်။

"သူတို့က အစ်ကို အဆင်ပြေသလားသိချင်ကြလို့"

သူက ပြော၏။

"အေး အိုကေပါပဲကွယ်"

ကျွန်တော်က ပြုံးပြီး ပြောလိုက်၏။

သူက ခေါင်းညိတ်၏။ သူက ကောင်းကင်ပြင်ကိုမော့ကြည့်နေ၏။ထို့နောက် ကျွန်တော့်ဘက်ကိုလှည့်ကာ

"စီးကရက်တစ်လိပ် တိုက်ပါလား အစ်ကိုနဲ့အတူ ထိုင်သောက်မလို့"



ကျွန်တော်က စီးကရက်ကို ဘူးထဲပြန်ထည့်လိုက်၏။

"ငါလဲ ဖြတ်မလို့ကွ။ လာပါကွာ စီးကရက်သောက်မယ့်အစား လမ်းလျှောက်လိုက်ကြရအောင်"

ကျွန်တော်တို့ မတ်တပ်ရပ်ကာ ခြံဝင်းအပေါက်ဆီသို့သွားကြ၏။ထမင်းချက်တဲဘေးတွင် ရှာတိတ်လေး ဂေါ်ဖရေ မတ်တပ်ရပ်နေ၏။ သူက ကျွန်တော်တို့ကို ကြည့်ပြီး ပြုံးနေ၏။

"လာကွ မင်းလဲ ငါတို့နဲ့အတူတူ လမ်းလျှောက်"

ဘားနတ်က ကောင်လေးကို လက်ဆွဲယမ်းပြီးခေါ်လိုက်၏။ ကျွန်တော်တို့သုံးယောက်သား ဖုန်ထူသောလမ်းကို လျှောက်ကြသည်။ လမ်းတစ်လျှောက် ပေါက်နေသောအပင်များမှ သစ်ရွက်တွေ ခူးသွားကြ၏။ တောင်ကြားများကိုဖြတ်ပြီး ပြေးဆင်းသွားသောမိုးကို စောင့်ကြည့်ကြ၏။

■

## နိဂုံးချုပ်

ကျွန်တော် ကင်ညာတွင် နှစ်ပတ်ကျော် ထပ်နေခဲ့၏။ ကျွန်တော်တို့အားလုံး နိုင်ရိုဘီသို့ ပြန်လာကြကာ ညစာတွေ ပိုစားကြ ပိုငြင်းကြ ဓာတ်လမ်းတွေ ပိုပြောကြ။ အဘွားက ဩမာ၏အခန်းတွင် နေ၏။ သူတို့တွတ်ထိုးသံတွေ နားထောင်ရင်း ကျွန်တော် အိပ်ပျော်ခဲ့ရသည်။

တစ်နေ့တွင် မိသားစုဓာတ်ပုံကို ဓာတ်ပုံစတူဒီယို တစ်ခုတွင် ရိုက်ကြ၏။ အမျိုးသမီးများမှာ အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်တောက်တောက် အာဖရိကဂါဝန်တွေ တလွှားလွှားနှင့်။ အမျိုးသားများအားလုံးက အရပ် ခပ်မြင့်မြင့်တွေ။ မုတ်ဆိတ်ကျင်စွယ်ရိတ်သိမ်းပြီး သပ်သပ်ယပ်ယပ်နှင့်။ မျက်ခုံးမွေးခပ်ထူထူနှင့် အိန္ဒိယလူမျိုး ဓာတ်ပုံဆရာက ကျွန်တော်တို့ဓာတ်ပုံ သိပ်လှတယ်ဟု မှတ်ချက်ချ၏။

မြို့င်းက ဝါရှင်တန်ဒီစီသို့ ပြန်၏။ မကြာမီ အဘွားလည်း သူ့ရပ်သူ့ရွာသို့ ပြန်၏။ ဩမာနှင့်ကျွန်တော်သာ ကျန်ခဲ့တော့ ပျင်းခြောက်ခြောက်နိုင်လှသည်။ စုမှ အိပ်မက်ထဲက ထွက်လာသလို ခံစားမိ၏။ ကိုယ့်ဘဝလမ်းကြောင်းကိုယ် ဆက်ကြရဦးမည်။ တစ်နေ့တွင် ကျွန်တော်တို့ အဖေ့နောက်ဆုံးကလေး 'ဂျော့'ဆီ သွားတွေ့ရန် ဆုံးဖြတ်ခဲ့ကြ၏။

နိုက်တူနီနှင့်အတူ ကျောင်းတစ်ကျောင်းသို့ သွားကြ၏။ ကလေးများက ကျယ်ပြောလှသော မြက်ခင်းပြင်တွင် ကစားနေကြ၏။ ဆရာမနှင့် ခေတ္တစကားပြောပြီးနောက် နိုက်တူနီက ကလေးတစ်ဦးကို ကျွန်တော်တို့ဆီ ခေါ်လာသည်။ သူက ခေါင်းလုံးလုံးလေးနှင့် ရုပ်ခပ်ချောချောကောင်လေး။ နိုက်တူနီက ဩမာနှင့် ကျွန်တော့်ကို လက်ညှိုးထိုးပြ၏။

လည်း တွေ့ရ၏။ ကင်ညာစီးပွားရေးကား ယခင်ကထက် ပိုဆိုးလာ၏။ လာဘ်ပေးလာဘ်ယူပိုများလာ၏။ လမ်းပေါ်မှာ ရာဇဝတ်မှုတွေပိုထူပြောလာ၏။ အဘိုးကြီး၏အမွေမှုကား ယခုထိမပြီးသေး။ ဆာရာနှင့် ကီဇီယာတို့ကလည်း အခေါ်အပြော မရှိကြသေး။ ဘားနတ်ရော အဘိုရော ဆာယစ်ရော ပုံမှန်အလုပ် မရကြသေး။ သူတို့က ကားဟောင်းတစ်စင်းစုဝယ်ထားကာ ကားမောင်းသင်ရန် တိုင်ပင်နေကြ၏။ ဤအချိန်တွင်လည်း ကျွန်တော်တို့အငယ်ဆုံးညီလေးဂျော့ကို တွေ့ဖို့ကြိုးစားရာ မအောင်မြင်ခဲ့။ ကင်ဒုဘားတွင် ပထမအကြိမ်တွေ့ခဲ့ရသော ဘီလီကား အဆိုင်ဒီအက်စ်ရောဂါစွဲကပ်နေပြီ။ သူကတော့ တည်ငြိမ်၏။ ကျွန်တော်ကိုတွေ့၍ ဝမ်းသာသည်ဟုပြော၏။ သူနှင့်ကျွန်တော် ဓာတ်ပုံရိုက်၏။ ထိုဓာတ်ပုံပို့ပေးပါဟုပြောသည်။ ထိုဓာတ်ပုံမပို့နိုင်မီ သူကွယ်လွန်ခဲ့သည်။ထိုနှစ်က ကွယ်လွန်သူ များသည်။မီရှိုလ်အမေလည်း ထိုနှစ်တွင်ပင် ဆုံး၏။ သူ့သမီးကို လက်ထပ်မပေးနိုင်မီမှာပင် ကွယ်လွန်ရှာသည်။ ကျွန်တော်တွေ့ဖူးသမျှထဲတွင် အလွန်လှုကြီးလူကောင်းပီသသူတစ်ဦး ဖြစ်၏။ နောက်လာအနည်းငယ်အကြာတွင် အဘိုးဆုံးသည်။ ဒုတိယကမ္ဘာစစ်မြန်မာ့ကော်ကြီးဖြစ်၍ သူ့ကို စစ်သချိုင်းတွင် သင်္ဂြိုဟ်ကြ၏။ သူ့သချိုင်းမှာ ဟိုနိုလူလူကို လှမ်းမြင်ရသော တောင်ကုန်းပေါ်တွင်ရှိ၏။

ကျွန်တော်နှင့်မီရှဲလ်ကား ထိုနှစ်တွင်ပင် လက်ထပ်ဖြစ်၏။ သီကွာတော်ရဆရာတော် ဂျရမီယာအေရိုက်က လက်ထပ်ပေး၏။ ဥဂ္ဂလမ်းနှင့် ပါခဲ့လ်လမ်းထောင့်က ထရီနီတီယူနိုက်တက်ခရစ်ယာန်ဘုရားကျောင်းတွင် လက်ထပ်ခဲ့ကြသည်။ ကျော်နီလည်း လာ၏။ ဟာဗိုင်ယီနှင့်ဟာဆန်မှငယ်သူငယ်ချင်း ဂျက်မ်နှင့်စကော့တို့လာသည်။ အင်ဂျီလာ၊ ရှာလေ၊ မိုနာတို့လည်းတက်ရောက်၏။ မိုနာက ကျွန်တော့်အမေကို ဓွေးရကျိုးနပ်တဲ့သားဟု ချီးကျူး၏။ မာယာက ဩမာဘေးတွင် ရပ်နေ၏။

ကျွန်တော့်အတွက် ဂုဏ်ယူစရာအကောင်းဆုံးပုဂ္ဂိုလ်မှာကား ရွိုင်းဖြစ်၏။ ကျွန်တော်တို့က သူ့ကို လျှိုအမည်ဖြစ်သော "အဘွန်ဂို"ဟု ယခုခေါ်ကြ၏။ သူက အစ္စလာမ်ဘာသာသို့ပြောင်းသွား၏။ ဝက်သားရှယ်၊ အရက်ရှယ်၊ ဆေးလိပ်ရှယ်ကို ရှောင်၏။ သူက စာရင်းကိုင်လုပ်ငန်းပင် လုပ်နေကာ သူ့မှာ ပိုက်ဆံလုံလောက်လျှင် ကင်ညာပြန်မည်ဟု ပြောသည်။



အဘွန်ဂိုသည် ပိန်ပိန်ပါးပါး မျက်လုံးအရောင်တောက်တောက်ဖြစ်နေ၏။ သူက အမည်းရောင်အာဖရိကဝတ်စုံနှင့် ဦးထုပ်နှင့်ဖြစ်၍ အချို့ဧည့်သည်များက သူ့ကို ကျွန်တော့်အဖေဟုပင် ထင်ကြသည်။သူက ရင့်ကျက်လာကာ ကျွန်တော့်အစ်ကိုကြီးကဲ့သို့ ဖြစ်နေသည်။

လူမည်းတစ်ဦးအနေဖြင့် ဥရောပယဉ်ကျေးမှု အဆိပ်ငွေ့ဩဇာ သက်ရောက်ခြင်းမှ လွတ်မြောက်ရန် လိုကြောင်း သူက အာဘောင်အာရင်းသန်သန် ပြောနေ၏။ ဩမာကိုလည်း ဥရောပဆန်သည်ဆိုပြီး ဆူပူကြိမ်းမောင်းနေ၏။

လက်ထပ်ပွဲပြီးကာနီးတွင် ဓီဒီယိုကင်မရာမှတ်တမ်းတင်နေရာ၌ သူက ကျွန်တော့်အမေနှင့်တွတ်၏ပခုံးများကို သူ၏လက်တံရှည်ရှည်ဖြင့် ဖက်ထားသည်ကို ကျွန်တော်မြင်မိ၏။ အမျိုးသမီးနှစ်ဦး၏ ခေါင်းများမှာ သူ့ရင်ဘတ်လောက်တွင် ရောက်နေကြသည်။ သူတို့သုံးယောက်ထံ ကျွန်တော်လျှောက်သွားသည့်အခါ သူက "ဟေ့ အစ်ကို ကျွန်တော်က အမေနှစ်ယောက် ရ,ထားသလိုပဲဗျ"ဟုပြော၏။

တွတ်က သူ့ပခုံးကို ပုတ်လိုက်ပြီး

"ငါတို့လဲ သားအသစ်ရတယ်ဟေ့"ဟု ပြောလိုက်၏။ သို့သော် အဘွန်ဂိုဟု သူကြီးစားခေါ်သောအသံမှာမူသူ၏ကင်ဆပ်ပြည်နယ်လေသံနှင့်ဒို မပီကလာပီကလာဖြစ်နေ၏။ ကျွန်တော့်အမေ၏မေးစေ့က ပြေတုန်ယင်လာပြန်သည်။ အဘွန်ဂိုက သစ်သီးဖျော်ရည်တည့်ထားသောသုခွက်ကိုကိုင်မြှောက်ပြီး ဆုတောင်းလိုက်သည်။

"ကျွန်တော်တို့နဲ့အတူ ဒီမှာ မရှိကြသူတွေအတွက်"

သူက ပြောသည်။

"နောက်ပြီး ပျော်ပျော်ရွှင်ရွှင်ဇာတ်သိမ်းကြဖို့အတွက်"

ကျွန်တော်က ပြောသည်။

အဖျော်ရည်များကို အကွက်အကွက်ရိုက်ထားသော ကြမ်းပြင်ပေါ်သို့ ကျွန်တော်တို့ လောင်းချလိုက်ကြသည်။

ထိုအခိုက်အတန့်တွင် ကျွန်တော် ခံစားလိုက်ရသည်ကား အသက်ရှင်လျက် ကံအကောင်းဆုံးလူဆိုသည်မှာ ကျွန်တော်သာဖြစ်သည်ဆိုသည်ပင်တည်း။

ဟိန်းလတ်

၁-၁၂-၂၀၀၈

([illegible])

